
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၂၆၂ / ၂၀၀၃ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၃၅ / ၂၀၀၃ (၄)
ထုတ်ဝေသူ
ဦးတင့်လွင်
အမှတ် (၆၀၅)၊
ဩမ္မာလမ်း
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၃ ခုနှစ်
ဇူလိုင်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူး ယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**အာထင်ကာရ**

"ဘဝဆိုတာ သမုဒ္ဒရာကြီးလိုပါပဲ
မုန်တိုင်းလှိုင်းတံပိုးတွေ
ထန်နေတဲ့အချိန်ရှိသလို
သာယာကြည်နူးမက်မောဖွယ်ကောင်းတဲ့
အချိန်တွေလည်းရှိပါတယ် ...
ဒီဘဝသမုဒ္ဒရာကြီးထဲမှာ မင်းနဲ့ငါ
အတူတူလက်တွဲပြီး
ဖြတ်သန်းကူးခတ်သွားကြစို့နော် ..."

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၁]

'သတိုး' အိမ်မှထွက်သောအချိန်သည် ကိုးနာရီထိုးဖို့ဆယ်မိနစ်ခန့်သာ လိုပါတော့သည်။ ဆယ်မိနစ်လောက်နဲ့ ရုံးကို သူဘယ်လိုမှမရောက်နိုင်ပေ။ ကားစောင့်ရဘာရနဲ့ဆို အနည်းဆုံး နာရီဝက်နီးပါးခန့်ကြာနိုင်သည်။ ရုံးရောက်တာနဲ့အဆူခံရမှာကျိန်းသေနေပေမယ့် အမြန်ရောက်ချင်တဲ့စိတ်ကတော့ 'သတိုး' ရင်ထဲမှာရှိနေသည်။

ဒီနေ့အပြီးလုပ်ပေးရမယ့်အလုပ်စာရင်းတွေ မပြီးသေးတဲ့အတွက် ရင်ပူနေမိခြင်းပါပဲ။ စတီးသုံးဆင့်ချိုင့်ကို သေချာဆုပ်ကိုင်ကာ ပြေးမတတ်ခြေလှမ်းတွေဖြင့် ရုံးရောက်အောင် 'သတိုး' လာနေမိ၏။

ကားဂိတ်မှာကားရပ်လိုက်တာနဲ့ ဘယ်သူ့ကိုမှညှာတာနေဖို့မစဉ်းစားအားဘဲ ကားပေါ်မှအရင်ဦးအောင် တိုးထွက်ရသည်။ ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ပါပဲ။

'သတိုး' ဖိနပ်ကို နောက်ကဘယ်သူတက်နင်းလိုက်သည်မသိ။ အနားဖွာချင်နေသည့် လျှော့ရဲရဲကတ္တီပါဖိနပ်က



အကျင့်ယုတ်စွာဖြင့် ခေါင်ကနေပြုတ်ထွက်သွားတော့သည်။

"ဟာ .. သွားပြီ .. ဖိနပ်ပြုတ်သွားပြီ .. ကျွတ် .. ဟော့ .. ဘယ်သူနောက်ကနေ ဖိနပ်ကိုတက်နင်းလိုက်တာလဲကွ"

သူ အော်ပေမယ့် ဘယ်သူကမှအဖက်လုပ်ပြီး တရားခံကိုမပြောချေ။ ခပ်ဝဝမိန်းမတစ်ယောက်က သူ့အား မျက်စောင်းထိုးကာ ...

"ပြုတ်တာတောင် နည်းသေးတယ် ..ယောကျ်ားဖြစ်ပြီး ရှုတ်ဆက်တိုးချင်နေတဲ့ကောင် .. ဝမ်းသာတယ်"

ဟု ကဲ့ရဲ့ကာ ထွက်သွားသည်။ ဖိနပ်ပြုတ်ကြီးနဲ့သူ ဘယ်လိုလမ်းသွားလို့ ရနိုင်ပါတော့မလဲ။ ပတ်ဝန်းကျင်ကိုကြည့်မိတော့ ကောင်မလေးတချို့က ပြုံးစိစိဖြစ်နေလေသည်။

သူမျက်စောင်းခဲကာ ပြုတ်နေတဲ့ဖိနပ်ကိုကောက်ယူပြီး ကိုယ့်လမ်းကိုယ် ဆက်သွားရ၏။ အနီးအနားမှာ ဖိနပ်ချုပ်တဲ့ဆိုင်လည်းမရှိတဲ့အတွက် စတိုးဆိုင်တဆိုင်ဆိုင်မှ ချိတ်ဝယ်ဖို့ဆုံးဖြတ်ရသည်။

လကုန်ရက်လိုသေးတာမို့ ဖိနပ်အသစ်ဝယ်ဖို့လည်း စိတ်မကူးရဲချေ။ ပြုတ်နေတဲ့ဖိနပ်ကိုပဲ သာသာကလေးမှေးစီးဖို့ ဆုံးဖြတ်ရသည်။ ဖိနပ်ပြုတ်ကြီးကို လက်ကကိုင်ကာ မပြုတ်တဲ့ ဖိနပ်ကတော့ ခြေထောက်မှာစီးလျှက်သား ရှိနေသည်။ ရှေ့ခပ်လှမ်းလှမ်းလောက်မှာ စတိုးဆိုင်တစ်ဆိုင်ရှိတာကို သူသိသည်။

"ချိတ်တစ်ချောင်း ပေးပါဗျာ"

"ကျွန်မကိုလည်း ချိတ်တစ်ချောင်းလောက်"

သူ့နောက်နားမှကပ်ထွက်လာသော အသံကြောင့် သူ လှည့်ကြည့်ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]

[illegible]နှစ်ခုက ပြိုင်တူနီးပါးပင်ထွက်လာလေသည်။ [illegible]ခုသော ဝန်ထမ်းနှစ်ယောက်လာဆုံနေကြခြင်းဖြစ်၏။ နှစ်ယောက်စလုံးမှာ ကိုယ့်ပြဿနာနဲ့ကို ကိုယ်စီမို့ မျက်နှာတွေက ခပ်ရှုံ့ရှုံ့ဖြစ်နေကြသည်။

"ရှင် ချိတ်ဝယ်ပြီး ဘာလုပ်မလို့လဲ"

"မင်းကရော"

"ကျွန်မက ဖိနပ်ပြတ်သွားလို့"

ကိုယ့်အဖြစ်နဲ့တူနေတာမို့ 'သတိုး' ပြုံးမိသွားရသည်။

"ရှင်က… ဘာကိစ္စရယ်တာလဲ"

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ အဖြစ်ခြင်းတူနေလို့ပေါ့ဗျ"

"ဟင်း .. အဖြစ်ချင်းတူတာများ ရယ်ရတယ်လို့ .. ဒီမှာဖြင့် ရုံးနောက်ကျလို့ စိတ်ညစ်နေရတဲ့ကြားထဲ"

'ရူပါ' သည် 'သတိုး' ဆိုတဲ့ အကြောင်ကြောင်ငနဲကို နဲနဲကလေးမှကြည့်လို့မရချေ။ ကုမ္ပဏီတစ်ခုထဲမှာ လုပ်နေပေမယ့် သိပ်ပြီးခင်မင်ပတ်သက်မိကြတာမှ မဟုတ်ဘဲ။ သူ့အလုပ် သူလုပ် ကိုယ့်အလုပ်ကိုယ်လုပ်နဲ့ ခပ်ကင်းကင်းနေခဲ့ကြတာ ဖြစ်သည်။

သူကများ 'ရူပါ' နံမည်တွေဘာတွေခေါ်ပြီး နှုတ်ဆက်နေရတယ်လို့ ခင်လည်းမခင်ဘဲနဲ့ ..။ 'ရူပါ' သည် ချိတ်ဖိုးငွေတစ်ဆယ်ကို လှမ်းပေးရင်း …

'နှစ်ချောင်းနော်' ဟု ပြောလိုက်သည်။

"ဟာ .. အားနာစရာဗျာ .. ကျွန်တော့်ချိတ်ဖိုးကျွန်တော် ရှင်းပါ့မယ် .. နေ နေ ရပါတယ်"

"ရှင် ဘာတွေပြောနေတာလဲ"

"ဟို ပိုက်ဆံစိုက်ရှင်းပေးတာ အားနာလို့ပါ"

"ဘယ်သူက စိုက်ရှင်းပေးလို့လဲ .. ကျွန်မဝယ်တဲ့ နှစ်ချောင်းဖိုးပဲ ရှင်းတာ .. ဘာမှန်းလဲမသိဘူး"

'ရူပါ' က ချိတ်နှစ်ချောင်းကိုယူကာ ဆိုင်ပေါက်ဝဒေါင့်နားသို့သွားပြီး သဲကြိုးအပြတ်ကို ချိတ်နဲ့မရမကတွယ်နေမိတော့သည်။

"အသစ်တစ်ရံဝယ်လိုက်တာကမှ ပိုအဆင်ပြေအုံးမယ်နဲ့တူပါတယ် …, တော်ကြာ ချိတ်ပြုတ်ပြီး မင်းခြေထောက်ကို ထိုးနေလိမ့်မယ်"

"ရှည်လိုက်တာ ရှင် … ဒီမှာ လုပ်လို့မရတဲ့အထဲ ရှင့်အတော်စကားများတဲ့သူပဲ"

"ဟာ .. ကျွန်တော်ကစေတနာနဲ့ ပြောတဲ့ဟာကို"

"မပြောနဲ့ရှင်"

ဖိနပ်အသစ်ဝယ်ဖို့က သူပြောမှသိတာကျလို့။ ကိုယ့်အကြောင်းကိုယ်ပဲသိသည်။ လက်ထဲမှာအနည်းငယ်ကျန်တဲ့ပိုက်ဆံနဲ့ ဖိနပ်တစ်ရံဝယ်လိုက်လို့ ဖြစ်ပေမယ့် အငယ်နှစ်ယောက်အတွက် အသုံးစရိတ်လိုလာတဲ့အခါကျရင် ဘယ်လိုလုပ်မလဲ။

အစ်မကြီးဗိုလ်ပီအနစ်နာခံကာ အငယ်တွေကိုငဲ့ရပါသည်။ ကိုယ့်ကြောင့် သူတို့တတွေစိတ်မဆင်းရဲစေချင်ပါ။ ချိတ်ဖြင့်တွယ်ထားသော မခိုင့်တခိုင်လှုပ်တုပ်တုပ်ဖိနပ်ကိုပဲ ဖော့စီးကာ 'ရူပါ' ရုံးသို့လာခဲ့ရသည်။

'ရူပါ' ထွက်လာတဲ့အချိန်အထိ 'သတိုး' ဆိုတဲ့အကြောင် သူ့ဖိနပ်အစုတ်ကို ချိတ်နဲ့တွယ်လို့မပြီးသေးချေ။ 'ရူပါ' ဖိနပ်ကာ



ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ပြုတ်ဖိုသို့သာပြုတ်တာ အသစ်ကြီးနီးပါးရှိနေသေးသည်။ သူ့ဖိနပ်ကအနားတွေဖွာထွက်အောင်ပင် ရွှဲပြဲစုတ်ပြတ်နေတာကို သူမို့လို့ ကပ်စေးနဲစွာ ဆက်စီးနေသေးသည်။

'ရူပါ' ဆို လွှင့်ပစ်လိုက်မှာ။ ရုံးရောက်တာနဲ့မန်နေဂျာအခန်းသွားကာ နောက်ကျရတဲ့အကြောင်းအရင်းကို တောင်းပန်ရသည်။ 'ရူပါ' ဘက်ကတစ်ခါဘူးမျှ နောက်မကျဘူးတာကြောင့် အပြစ်မယူဘဲ ခွင့်လွှတ်ပေးပါသည်။

မန်နေဂျာအခန်းထဲကထွက်လာတော့ သူနဲ့ဆုံပါသည်။

"ဘာပြောလဲ ... ဆူသေးလား"

"ဆူတာပေါ့ ... အလုပ်ထွက်စာပါတင်ခိုင်းလိုက်တယ် ရှင်ကိုလည်း ဒီလိုပဲနေမှာ"

"ဟာ .. ဒီလောက်လေး နောက်ကျတာကို"

"ဟုတ်တယ်"

'ရူပါ' ထွက်လာတော့ သူငယ်ချင်း 'ကေသီ' ကမျက်ခုံးပင့်ကာ စပ်စုသည်။

"အလကားပါ ... လမ်းမှာဖိနပ်ပြုတ်သွားလို့ စိတ်ညစ်နေရတဲ့ကြားထဲ သူကအရစ်ရှည်နေသေးတယ် .. သူနဲ့ဘယ်တုန်းကခင်တာကျလို့ .. 'ရူပါ' တွေဘာတွေခေါ်ပြီး ကြောင်ပြနေတယ်"

"'အုန်းခင်' နဲ့ ပေါင်းမှတော့ ဒီလောက်တော့ရှိမှာပေါ့ 'ရူပါ' ရယ် .. သူတို့အုပ်စုက ဘယ်မိန်းခလေးနဲ့အဖွဲ့ကျရမလဲပဲ ချောင်းနေတာ .. သူတို့ရုပ်တွေကသာ ဒုံ့ဝမ်ပုံမလာဖြစ်နေတာ ပြောလိုက်ရင်တော့ လေကြီးမိုးကျယ်"

'ကေသီ' အလုပ်ကစာရွက်စာတမ်းတွေ စနစ်တကျစီရီကာ





ရုံးတင်ဖို့အတွက် ပြင်ဆင်ပေးရတာဖြစ်သည်။ အပြင်ထွက်ပြီး ရုံးပြင်ကန္တာရးစီမံပြေးလွှားရတဲ့ ယောကျ်ားအုပ်စုနဲ့ 'ကေသီ' က ပိုပတ်သက်ရပါသည်။

'ရူပါ' ကတော့ ကွန်ပျူတာပဲသီးသန့်ကိုင်တွယ်ရတာမို့ မန်နေဂျာကလွဲပြီး ဘယ်သူနဲ့မှသိပ်ပတ်သက်စရာ မလိုပေ။ အဲဒါကြောင့်လည်း ကုမ္ပဏီတစ်ခုထဲပေမယ့် 'သတိုး' တို့အုပ်စုနဲ့ ခင်မင်ဖြစ်တာ ဖြစ်သည်။

'ရူပါ' တို့ ကုမ္ပဏီက သွင်းကုန်ပို့ကုန်ပစ္စည်းတွေကို အေးဂျင့်ယူကာ တာဝန်ခံထုတ်ပေး ပို့ပေးတာဖြစ်သည်။ လိုအပ်တဲ့စာရွက်စာတမ်းတွေကတော့ ပြည့်ပြည့်စုံစုံပါရမှာပေါ့လေ။ ရုံးပြင်ထွက်ပြီးလုပ်ရတဲ့ကိစ္စတွေက များနေတာကြောင့် ကုမ္ပဏီမှာ ယောကျ်ားဝန်ထမ်းတွေက ပိုများပါသည်။

မန်နေဂျာအပါအဝင် ယောကျ်ားငါးယောက်ရှိပြီး မိန်းခလေးဆိုလို့ 'ရူပါ' နဲ့ 'ကေသီ' နှစ်ယောက်ပဲရှိလေသည်။ ရှိတဲ့နှစ်ယောက်ထဲမှ 'ကေသီ' ကို 'အုန်းခင်' က သဘောကျကာလိုက်နေသည်။ 'ကေသီ' က 'အုန်းခင်' ကို နည်းနည်း ကလေးမှကြည့်ခရေချေ။

ကြည့်ရလောက်အောင်လည်း 'အုန်းခင်' ရုပ်ကပုံမလာတဲ့အတွက် 'ကေသီ' ဒေါသဖြစ်တာ အပြစ်ဆိုလို့မရပါ။ ပြောင်ချော်ချော် 'အုန်းခင်' ကို ဘယ်မိန်းခလေးက ကြိုက်မှာတဲ့လဲ။

"ဟိုမှာ ပြန်ထွက်လာပြီ... နင့်ကို ရှိုးနေတယ် 'ရူပါ'"

"ရှိုးပစေ"

'ရူပါ' သည် ကွန်ပျူတာခလုတ်တွေကိုနှိပ်ကာ Excel ဖိုင်ကိုဖွင့်လိုက်သည်။ ရိုက်ပေးရမယ့် စာရင်းတွေက 'ရူပါ' မှာ

www.burmeseclassic.com

www.burmeseclassic.com

အများကြီးရှိနေသေး၏။ အပိုစကားတွေပြောဖို့ အချိန်မပေးနိုင်။

"ဒီမှာ ခင်ဗျားဘာလို့လိမ်ပြောရတာလဲ"

'ရူပါ' အကြည့်က ရည်ရွယ်ရန်ကောဟုအမိပွါယ်ရလေသည်။ မျက်ခုံးနှစ်ခုကိုလည်း ထိစပ်လုနီးပါးကျုံ့ထားလိုက်သည်။

"ရှင်ဘာလာဖြစ်နေတာလဲ.. ဒီမှာ ကျွန်မအလုပ်လုပ်နေတာမတွေ့ဘူးလား"

"အလုပ်လုပ်တာက လုပ်တာပဲ... လိမ်တာကလိမ်တာပဲ"

"ရှင်ဘာလို့ အာချောင်ပြီး ကျွန်မကိုလာမေးသလဲ"

"ဒါကတော့ အခြေအနေသိချင်လို့ပေါ့ဗျ"

"အခုသိရပြီမဟုတ်လား.. ပြီးပြီပေါ့"

ရုပ်ကလေးလှသလောက် ရန်လိုစိတ်ပုတ်လှသော မိန်းမမျိုးဒီတစ်ခါပဲ 'သတိုး' တွေ့ဖူးသည်။ ဝန်ထမ်းအချင်းချင်းဖေးမကူညီရိုင်းပင်းမလား အောင်းမေ့သည် ဂုံးအဆင်းမှာ ဘီးကိုဆီစွတ်ပြီး လွှတ်တဲ့သူမျိုးနဲ့ လာတွေ့နေရတာပဲ။

သူ့အပေါ် သူမဘာကြောင့် အသလွှတ်ရန်လိုနေရသလဲမသိ။ သူမနဲ့လည်းပြဿနာတစ်ခါမှ မဖြစ်ဖူးတာသေချာသည်။ သေချာတွေးကြည့်ရင်တော့ သူမ စိတ်ပုတ်တာပေါ်လွင်နေသည်။

"စိတ်ပုတ်မ"

လွှတ်ခနဲထွက်သွားသော စိတ်ထဲကအတွေးကို 'သတိုး' မထိန်းချုပ်နိုင်လိုက်ပေ။

"ဘာပြောတယ် .. လူကိုများ စိတ်ပုတ်မတဲ့ ယောကျ်ားကြီးတန်မယ့် ကြည့်စမ်း.. ရှင့်လို ကပ်စေးနဲကော်တရာ ပုံမလာပန်းမလာ လူ့ဂွစာ အခြောက်မကြီး မဟုတ်ဘူးသိရဲ့လား"

"ခင်ဗျား ကျွန်တော့်ကို မစော်ကားနဲ့နော်"



"ရှင်ဘာလို့ ကျွန်မကို အရင်ပြောသလဲ"

"မပြောဘူး ပါးစပ်ကသူ့အလိုလို ထွက်သွားတာ"

"အော် ပါးစပ်ကပဲ သူ့အလိုလို ထွက်ရမယ်လို့ ယုံချင်စရာ.. လိမ်ကလည်းပြောတတ်သေးတယ်"

ထဖိုက်ကြတော့မယ့်အတိုင်း ရန်လိုနေကြသော သူတို့နှစ်ယောက်အကြားသို့ 'ကေသီ' ပါဝင်ပါလာသည်။ ဘေးချင်းကပ်ရက်ဆိုတော့ တစ်ခုခုဆိုသူမပါစက်ကွင်းမလွှတ်နိုင်မှန်းသိ၍ ဝင်ဖျန်ဖြေပေးခြင်းဖြစ်မည်။ ခပ်ဝေးဝေးမှာသာရှိနေရင် ဇိမ်ရှိရှိနဲ့ လက်ပိုက်ပြီး ထိုင်ကြည့်နေမယ့် သူမျိုးကများ ..။

"တော်ပါတော့ 'ရူပါ' ရယ် .. ဝန်ထမ်းအချင်းချင်း ရန်မဖြစ်ကြစမ်းပါနဲ့... ရှင်ကလည်းရှင်ပဲ... ဘာမှမဟုတ်တာကိုပြဿနာလာရှာနေတယ်.. မန်နေဂျာ ဘာမှမပြောဘူးဆို ပြီးပြီပေါ့"

"ချောက်တွန်းတာကို မကျေနပ်တာဗျ"

"မကျေနပ်ရင် လဲသေလိုက်ပေါ့"

ဖျန်ဖြေနေတဲ့ကြားထဲကပင် ရန်လိုသံတွေတတွတ်တွတ်နဲ့ထွက်နေပါသေးသည်။ 'သတိုး' ကျောခိုင်းကာ ကိုယ့်စားပွဲဆီကိုယ်လျှောက်လာခဲ့လိုက်သည်။ နေ့တိုင်းတွေ့မြင်နေရပေမယ့်စကားမပြောဖြစ်ခဲ့ကြတာကြောင့် သူမစိတ်ထားဘယ်လိုရှိတယ်ဆိုတာ မသိခဲ့ရ။ ခုမှပဲ သိတော့သည်။

"ပုံစံကို ကြည့်စမ်း တကယ့်ဂွစာပုံ .. ဝတ်ထားတဲ့ဒူဆိုးကလည်း စားပွဲခင်းကြီးကြနေတာပဲ၊ ဘိုးတော်ဘုရားရဲ့ ဘကြီးဖြစ်ရမယ်"

သူမစကားကြောင့် 'သတိုး' ရင်ထဲအောင့်သွားရသည်။ ပုဆိုးအသစ်ဝယ်ရင် ပိုက်ဆံအပိုကုန်မှာစိုးသောကြောင့် ကျန်နေ



www.burmeseclassic.com

www.burmeseclassic.com

သေးတဲ့အဖေ့ပုဆိုး အဘိုးပုဆိုးတွေကိုသာ သူနေ့ဝတ်မိသည်။ဒီနေ့ သူ့ဝတ်လာတဲ့ပုဆိုးက အဘိုးကျန်ခဲ့တဲ့ ပုဆိုးဖြစ်သည်။ လူကြီးဆင်မို့ အကွက်ကျဲကျဲနဲ့ စားပွဲခင်းနဲ့တူနေရတာမဆန်း။

ထပ်ပြီးပြဿနာမတက်ချင်တာကြောင့် မကြားဟန်ဘဲ ဆောင်နေရပါသည်။

" 'ကေသီ' ... တအောင့်နေကြရင် ပန်းဆိုးတန်းရုံးသွားရမယ်နော်.. လိုက်ခဲ့မယ်မဟုတ်လား"

"ဘာလို့လိုက်ရမှာလဲ.. ယူသွားရမယ့်စာရင်းဖိုင်ကို ငါ လုပ်ထားပေးပြီးပြီပဲဥစ္စာ... ကိုယ့်ကိစ္စကိုယ်သွားပေါ့"

"တို့က 'ကေသီ' နဲ့သွားရရင် ပိုပျော်မလားလို့လေ"

" 'အုန်းခင်' နော်.. ဒုံးဖင်လိုမီးရှို့လိုက်မယ်အောင်းမေ့စကားကို ကောင်းကောင်းပြော"

သူတို့ရန်ပွဲပြီးပြန်တော့ 'အုန်းခင်' တို့အလှည့်ရောက်လာပြန်သည်။ 'အုန်းခင်' မို့လို့ 'ကေသီ' ဆိုတဲ့ ပုပြတ်ပြတ်ဂျပုမ ကို တစ္ဆေတလမ်းကြိုက်နေတာ။ 'သတိုး' သာဆို စိတ်ကူးယဉ်ဖို့ နေနေသာသာ လှည့်ကြည့်မိမှာတောင်မဟုတ်။ 'အုန်းခင်' ဖက်က ပြုလဲလေ ဂျပုမ 'ကေသီ' က မာန်ပိုဝင့်ထည်ပြလေပါပဲ။

"ဟော့ကောင် အပြင်သွားမယ်ကွာ... ရုံးထဲမှာနေရတာစိတ်ရှုပ်တယ်.. ဘာအလုပ်တွေရှိလဲ"

'အုန်းခင်' က ခေါင်းခါပြသည်။

"ငါ့အလုပ်က နေ့ခင်းမှရှိတာကွ... အပြင်မထွက်ချင်ပါဘူးကွာ.. အထဲမှာနေရတာက ငါ့အတွက်ပိုအကျိုးရှိတယ် 'သတိုး' ရ.. သိတယ်မှလား"

"မင်းအထဲမှာနေချင်တယ်ဆို ငါလုပ်မယ့်စာရင်းတွေ ငါ့အစားမင်း လုပ်ပေးမလား.. မင်းထွက်ရမယ့်ကိစ္စ မင်းကိုယ်စားငါသွားပေးမယ်"

"ကောင်းသားပဲ... လုပ်မယ်ကွာ"

'သတိုး' သည် အပြင်ထွက်ဖို့အတွက် ထိုင်နေရာမှထလိုက်စဉ် ဖိနပ်ကိုသတိထားမိသွားရသည်။

" 'အုန်းခင်' လာအုံး... ပြောစရာရှိသေးတယ်"

မေးဆတ်ကာဖြင့် 'အုန်းခင်' သူ့အနားရောက်လာသည်။

"မင်းဖိနပ်ခဏချွတ်ပြစမ်းကွာ.. "

"ဟာ ဘာလုပ်မလို့လဲ... မင်းကိုက်စားမလို့လား"

'အုန်းခင်' ချွတ်လိုက်သော ဖိနပ်ကို သူအမြန်ကောက်စီးလိုက်ရင်း ...

"ကျေးဇူးပဲကွာ .. ငါ့ဖိနပ်ပြတ်မလိုဖြစ်နေလို့ မင်းဖိနပ်ခဏယူစီးတာ... ရုံးခန်းထဲမှာဆိုတော့ ဖိနပ်မရှိလဲ မင်းဘာမှမဖြစ်ဘူး.. ဟုတ်တယ်မဟုတ်လား"

" 'သတိုး' မလုပ်နဲ့ကွာ မင်းလူလည်လုပ်ပြီ"

'အုန်းခင်' တားနေသည့်ကြားမှ လိုအပ်တဲ့ဖိုင်တချို့ကို ဆွဲထုတ်ယူကာ သူအမြန်ပြေးထွက်ခဲ့လိုက်သည်။ စိတ်ပုတ်မရဲ့ ကဲ့ရဲ့သလိုအကြည့်မျိုးကိုလည်း လျှပ်တပြက် သူတွေ့လိုက်ရပါသေးသည်။

www.burmeseclassic.com

“ကျွန်မတစ်ယောက်ထဲ သွားလို့ကောမဖြစ်ဘူးလား ဆရာ...”

“မဖြစ်ဘူး.. ရုံးကိစ္စကျတော့ ‘သတိုး’ က ပိုပြီးကျွမ်းကျင်တယ်.. စကားပြောတာလည်း ပြေပြစ်တယ် ဒါကြောင့်မို့ ‘သတိုး’ နဲ့တွဲပြီးလွှတ်တာ... ‘အုန်းခင်’ နဲ့ဆိုရင်တောင် လည်တယ်တယ် ဖြစ်နေအုံးမယ်”

မန်နေဂျာစကားကို သူမဘက်ကဒီ့ထက်ပိုပြီး ငြင်းဆန်လို့မကောင်းတော့ချေ။ ခိုင်းတဲ့အတိုင်းလုပ်ရုံသာ ရှိတော့၏။ ခါတိုင်းတုန်းက ပြင်ပရုံးကိစ္စတွေဆို ယောကျ်ားလေးတွေသာ ထွက်လုပ်ရပေမယ့် ခုမှသူဌေးက စည်းကမ်းအသစ်ထုတ်ကာ ယောကျ်ားနဲ့မိန်းမ တွဲထွက်နေရပါသည်။

ဘာလို့အဲသလိုလုပ်ရသလဲဆိုတော့ သူတို့ယောကျ်ားတွေ အပြင်တစ်ခါထွက်တိုင်း မနက်ကတည်းကထွက်သွားလိုက်တာ ညနေရုံးဆင်းခါနီးမှ ပြန်ပေါ်လာတတ်သောကြောင့် ဖြစ်ပါသည်။

မန်နေဂျာကလည်း ခိုင်းတဲ့ကိစ္စအဆင်ပြေရင်ပြီးတာပဲ



သဘောထားကာ တစ်နေကုန်ပျောက်နေတာကို အပြစ်ပြောတာ မဟုတ်။ သူဌေးဆီကိုလည်း တင်ပြပြောပြတတ်သူ မဟုတ်ပါ။ ဖြစ်ချင်တော့ ဘီယာဆိုင်တစ်ဆိုင်မှာ ‘ကျော်ကို’ နဲ့ ‘အုန်းခင်’ ဘီယာသောက်နေတာကို ပက်ပင်းမြင်လေသည်။ အလုပ်ချိန်မှာ မို့ သူဌေးဒေါပွကာ စည်းကမ်းချက်အသစ် ထပ်ထုတ်လိုက်ခြင်း ဖြစ်သည်။

‘ရူပါ’ တို့ကကျတော့ အလုပ်ကိစ္စပြီးတာနဲ့ ရုံးပြန်ကာ နေတတ်သူတွေမို့ သူဌေးက သဘောကျလေသည်။ သူဌေး သဘောကျတာမှန်ပေမယ့် အပင်ပမ်းကြီး ပင်ပမ်းရသူတွေမှာတော့ ‘ဘောသိ’ နဲ့ ‘ရူပါ’ ပဲ ဖြစ်သည်။ အပြင်တစ်ခါထွက်ရတိုင်း သက်သက်သာသာနေခဲ့ရတဲ့ အရင်ရက်တွေကိုသာ ပြန်တမ်းတနေမိပါသည်။

“ကားယူသွားလို့ ရတယ်နော် .. ဒီနေ့ဆီဖြည့်ရက် ..”

အပြင်တစ်ခါခိုင်းတိုင်း ကားခကျသင့်သလောက်ကိုကုမ္ပဏီကပဲထုတ်ပေးပါသည်။ အဲ့ဒီတုန်းက ‘ရူပါ’ တို့ ရုံးခန်းအတွက် သုံးဖို့ကားတစ်စီးသပ်သပ် ဝယ်မပေးရသေးပါ။ ခုမှ ဝယ်ပေးတာ တစ်ပတ်ပင်မပြည့်သေးချေ။ သူဌေးက လုပ်ငန်းခွဲတွေများတဲ့ အတွက် လုပ်ငန်းတစ်နေနေရာမှ အမြတ်ပေါ်မှ လိုအပ်တဲ့တစ်နေရာကို ဖြည့်ဆည်းပေးတာဖြစ်သည်။

ဝယ်ပေးတဲ့ကားက ‘ဒ’ နံပါတ် SE ကားဖြစ်သည်။ အရောင် ကနီညိုရောင် ခပ်မွဲမွဲထဲကပါပဲ။ ‘အုန်းခင်’ ယူမောင်းသွားတုန်းက တော့ ရွှံ့မဲ့ပြီး ပြန်လာတာကို တွေ့ရသည်။ ဘာပြဿနာဖြစ်ခဲ့နိုး တော့ ‘ရူပါ’ လည်းမသိ။

“ဆရာ... ‘သတိုး’ က ကားမောင်းကျွမ်း[illegible]င်ရဲ့လား

www.burmeseclassic.com

မသိဘူး.. တော်ကြာ သူမောင်းတဲ့ကားစီးပြီး အန္တရာယ်ဖြစ်မှာ စိုးရတယ်”

“ကျွမ်းကျင်ပါတယ်.. သူ့မှာ လိုင်စင်လည်းရှိတယ်.. ဆရာ လိုက်စီးဖူးပါတယ်.. စိတ်ပူစရာမရှိပါဘူး..”

“ဟုတ်ကဲ့ပါ..”

မကျေလည်တဲ့စိတ်ကို မြိုသိပ်ရင်း မန်နေဂျာရုံးခန်းတွင်းမှ ပြန်ထွက်ခဲ့ရသည်။ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို ‘ကေသီ’ က အဆင်သင့်ပြင်ဆင်ထားပေးသည်။

“ဘယ်လိုလဲ နင်ပြောတာ အဆင်ပြေသလား..”

“ဟင့်အင်း.. အူကြောင်နဲ့ပဲ သွားရမယ်တဲ့.. စိတ်ညစ်လိုက်တာ”

‘ရူပါ’ သည် စာရွက်စာတမ်းတွေ ထည့်ထားသည့်ဖိုင်ကို သေချာပြန်စီစစ်ပြီးမှ အပြင်ထွက်ဖို့ နေရာမှထသည်။ ‘သတိုး’ က သူ့စားပွဲမှာ ထိုင်နေတာကို တွေ့ရပါသည်။

“သွားမယ်...သွားမယ်.. ဆီစာအုပ်ပါယူလာခဲ့.. ကားဆီဖြည့်ရမယ်တဲ့”

“ပိုက်ဆံကရော..”

“‘ကေသီ’ ဆီကထုတ်လေ”

ဆီဖြည့်ရမည်ဆိုသဖြင့် ‘ကေသီ’ က ကုန်ကျတဲ့ဆီဖိုးကို တွက်ချက်ရေနေလေသည်။ ပြီးလျှင် ကုန်ကျငွေကို စာရင်းဖိုင်ထဲ ထည့်မှတ်ရမှာ ဖြစ်၏။

ရုံးခန်းပြင်ပရောက်တာနဲ့ ‘ရူပါ’ မေးချင်တာကို ‘သတိုး’ အား ဖွင့်မေးလိုက်မိသည်။

“ရှင်ကားကော သေချာမောင်းတတ်ရဲ့လား.. တော်ကြာနေ





ရှင်မကျွမ်းကျင်တာနဲ့ ကျွန်မသေနေလိမ့်မယ်”

“ကျွမ်းမကျွမ်း ခင်ဗျားလိုက်စီးကြည့်မှ သိမှာပေါ့.. အပိုတွေ ပြောမနေနဲ့.. ကားပေါ်မြန်မြန်တက်”

နောက်ဖက်ခန်းမှ တက်ထိုင်လို့ မကောင်းတာကြောင့် မကျေမနပ်နဲ့ပင် သူ့နံဘေးရှေ့ခန်းမှာ ‘ရူပါ’ ဝင်ထိုင်လိုက်ရသည်။ ကားအင်ဂျင်စက်ပိုင်းက ကောင်းမကောင်းတော့မသိ။ ကားအတွင်းပိုင်းကတော့ ကုလားထိုင်က လှုပ်ရွဲ့ကာ စုတ်ပြတ်နေသည်။ ကက်ဆက်လည်းမပါပေ။

“ကားကလည်း စုတ်လိုက်တာ... ထိုင်ရတာတောင် ဇိမ်မရှိဘူး.. လှုပ်တိလှုပ်လဲ့နဲ့”

“ခင်ဗျားကလည်း ဒီလိုကားစုတ်မျိုး ခင်ဗျားမှာတောင် ရှိလို့လား.. ကိုယ့်မှာဖြင့် မရှိဘဲနဲ့ကဲ့ရဲ့နေရသေးတယ်”

‘ရူပါ’ အတွေးနဲ့ ‘ရူပါ’ ပြောတာကို သူကဝင်ပါနေသေးသည်။ သူ့အပူပါတာလိုက်လို့။

“ရှင့်ကို ဘယ်သူက အရေးလုပ်ပြီး ပြောနေလို့လဲ..ကျွန်မပါးစပ်နဲ့ ကျွန်မပြောနေတာ ရှင်ဝင်ပါစရာမလိုဘူး”

“ဟင်.. လူနှစ်ယောက်ထဲရှိတာ ကျွန်တော့်ကို မပြောဘူးဆိုတော့ ခင်ဗျားတစ်ယောက်ပဲ ပြောနေတာပေါ့.. ဒုက္ခပဲ.. တစ်ယောက်တည်းစကားပြောနေရတယ်လို့ ဦးနှောက်ပဲ”

“ဦးနှောက်မကလို့ ကုန်းကောက်ပဲဖြစ်ဖြစ် ရှင်နဲ့မဆိုင်ဘူး ပါးစပ်ပိတ်နေ.. ယောကျာ်းတန်မဲ့ ဆိတ်အီးပေါက်သလို ပလွှတ်ပလွှတ်ဖြစ်နေတာ သိပ်ရှက်ဖို့ကောင်းတယ်”

“ဩော်.. ဆိတ်အီးပေါက်ရင် ပလွှတ်ပလွှတ်ဖြစ်တာလည်း မင်းသိသကိုး.. ကြည့်ရတာ ဆိတ်ဖင်နားသေချာ[illegible]ထောင်


www.burmeseclassic.com

www.burmeseclassic.com

ဖူးတယ်နဲ့ တူပါတယ်"

'သတိုး' သည် အလကားနေအလကား ကဂျိကကျောင်ကျ ပြီး အပြစ်လိုက်ပြောတတ်သော 'ရှုပါ' ကိုကြည့်ပြီး အမြင်ကတ် နေမိသည်။

သူမအခြေအနေ အဆင့်အတန်းက မိုးမြင့်ကြယ်လောက် ဆိုလည်း ထားပါတော့။ သာမန်ဘဝနဲ့များ ကြီးကျယ်စွာ ဟိုပြော ဒီပြောဖြစ်နေတာ ကောင်းသလား။ အားလုံးအပေါ် အမြင်ရှင်းရှင်း နဲ့ပဲ မြင်စေချင်ပါသည်။

'ရှုပါ' တစ်ယောက် နှုတ်ခမ်းကိုထော်ကာ မကျေမနပ် ငြိမ်သက်နေလေသည်။ သူမကို ပြောတော့ နာတတ်သတဲ့လား။ နှုတ်ပိတ်နေသော 'ရှုပါ' ကိုကြည့်ပြီး 'သတိုး' ကျေနပ်စွာဖြင့် ကားကိုမောင်းလာဆဲ ရုတ်တရက် တွန့်ကာဆုတ်ကာဖြင့် ကား စက်သေသွားတော့သည်။

ဒုက္ခဘဲ... ကားစက်ကတော့ဒုက္ခပေးပြီ။

"ကားဘာလို့ ရပ်သွားတာလဲ... ဆက်မောင်းလေ နောက် ကကားတွေ ဟွန်းတီးကုန်ပြီ"

ဟု 'ရှုပါ' လေသံမာမာကိုကြားတော့ သူပိုစိတ်တိုသွားရ တော့သည်။

"မောင်းလို့မှ မရတော့တာ... ဘယ်လိုလုပ်ဆက်မောင်းလို့ရ မှာလဲ"

"ဒါဖြင့် ရှင်ဘာလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ... မင်းဆင်းတွန်းရမှာပေါ့"

"ကျွန်မဆင်းတွန်းရမယ်"

"ဟုတ်တယ်"



"လုံးဝမတွန်းနိုင်ဘူး.. ရှင်ယောကျ်ားတန်မဲ့ ရှင်ဖါသာ ရှင်တွန်းပေါ့"

သူမနဲ့ အခြေအတင် စကားများနေချိန်မှာပဲ အနောက်က ကားတွေကနေ အော်သံဟစ်သံတွေနဲ့အတူ တတီတီဟွန်းတီးသံ တွေပါ ဆူညံပွက်လောထကုန်ရတော့သည်။

ကားပျက်တာကလည်း တကယ့်ကို ရှုပ်ထွေးပွေလီသော မြို့လယ်ခေါင် အနော်ရထာလမ်းမကြီးပေါ်မှာ ဖြစ်သည်။ ရုံး ချိန်ဖြစ်တာကြောင့် အပြိုင်အဆိုင် အလုအယက်သွားနေချိန်လည်း ဖြစ်ပြန်သည်။

"ဒီအတိုင်းရပ်ထားလို့တော့ မဖြစ်ဘူး..လမ်းဘေးခဏကပ် ရပ်ထားမှပဲ ဖြစ်မယ်.. ခဏလောက်ဝိုင်းတွန်းပေးကွာ"

စေတနာမရှိပေမယ့် လူတကာအဆိုအဆဲက အမြန်လွတ် အောင် ဆင်းတွန်းပေးဖို့ 'ရှုပါ' ဆုံးဖြတ်ရသည်။ လူစည်ကားတဲ့ မြို့လယ်ခေါင်ကြီးမှာ မိန်းမပျိုလေးတစ်ယောက် ဖင်ကုန်းမတတ် ကားဆင်းတွန်းနေရတာ ဘယ်လောက်တောင် ရှက်ဖို့ကောင်း လိုက်သလဲ။ အရှက်လွန်နေတဲ့ မျက်နှာနီနီကို အောက်ငုံ့ထား ကားကိုလမ်းဘေးရွေ့သွားအောင် အားစိုက်ပြီး 'ရှုပါ' တွန်းနေ မိသည်။

သူလည်း တအားကုန်တွန်းနေတာပါပဲ။ နံဘေးကလည်း ပွတ်ကာသီကာဖြင့် ကားကြီးကားငယ်အသွယ်သွယ် ဖြတ်သန်း သွားနေတာမို့ လန့်လည်းလန့်နေမိသည်။

"တွန်းပါကွ.. မင်းသမီးလို မထိတထိလုပ်မနေစမ်း

"အော်မနေနဲ့ ဒီမှာတွန်းနေတာ မမြင်ဘူးလား

ကူတွန်းပေးနေလို့ ကားရွေ့နေတာပေါ့ ရှင်တစ်ယောက်

www.burmeseclassic.com



ဖြစ်မလား”

တစ်ခွန်းမခံ ပြန်အော်ပြောတဲ့ သူမအား ဂရုစိုက်မနေနိုင်တော့ဘဲ လွတ်နေတဲ့ ကားလမ်းဘေးတစ်နေရာစီ ကားကို အဆင်ပြေအောင် ရွှေ့ရသည်။

ပြေးရင်းတွန်းရင်းနဲ့ သူတက်ထရက် ပုဆိုးအောက်နားက တစ်ထွာခန့် ပြဲသွားပါသေးသည်။

“ဟူး.. မောလိုက်တာ”

ဟု သူညည်းနေစဉ် သူ့နံဘေးကို သူမရောက်လာပါသည်။

“မောတာကို စာဖွဲ့မနေနဲ့.. ကားစက်ကို အရင်ကောင်းအောင်ပြန်ပြင်... အလုပ်တွေက တန်းစီနေတာ တော်ကြာမမှီဘဲ နေလိမ့်မယ်”

“မမှီလည်း မတတ်နိုင်ဘူးကွာ... ကားကပျက်သွားတာ ဘယ်တတ်နိုင်မလဲ.. ပြီးတော့ ငါလည်းမပြင်တတ်ဘူး”

“ဒါဆို.. ဘာဆက်လုပ်ကြမလဲ”

“ဝပ်ရှော့ဆရာသွားခေါ်ရမှာပေါ့.. ‘အုန်းခင်’ တုန်းကလည်း ဒီလိုပဲလုပ်ရတာဥစ္စာ”

“ရှင် ယောကျ်ားကြီးဖြစ်ပြီး ကားမပြင်တတ်ဘူးလား”

“အခု မင်းဘေးက ဖြတ်သွားတဲ့ ယောကျ်ားတွေကို မေးကြည့်ကြည့် ကားပြင်တတ်သလားဆိုတာ...တစ်ရာမှာငါးယောက် ပြင်တတ်ဖို့ဆိုတာ ခပ်ရှားရှားပဲ အောင်းမေ့ထား”

“အဲဒီ ခပ်ရှားရှား ငါးယောက်ထဲမှာ ရှင်မပါဘူးမလား”

“မပါဘူးကွာ... ဘာဖြစ်လဲ”

“ဘာမှမဖြစ်ဘူး... ဝပ်ရှော့ဆရာ သွားခေါ်ချည်”

သူ့အား မျက်စောင်းထိုးကာ သူမတစ်ဖက်သို့ ချာကနဲလှည့်လိုက်လေသည်။ မောဟိုက်ပင်ပမ်းနေချိန်မို့ ‘သတိုး’ ဒေါသဖြစ်မိတာ အံဆန်းတော့မဟုတ်။ လူတစ်ကိုယ်လုံး ချွေးတွေနဲ့ရွှဲနစ်နေရသည်။

ဒီကြားထဲ ဘယ်မှာမှန်းမသိသည့် ဝပ်ရှော့ဆရာကို ရှာရပြန်အုံးမယ်ဆိုတာတော့ သူဒေါသမထွက်လို့ ဘယ်သူဒေါသထွက်မလဲပြော။

“ဝပ်ရှော့ဆရာ မင်းသွားရှာလိုက်ခေါ်လိုက်ပါလား.. ကားကိုစိတ်မချလို့ ငါစောင့်နေလိုက်မယ်”

“ကျွန်မ စောင့်နေပေးမှာပေါ့.. ရှင့်ဟာရှင်သွားရှာချည်”

“မင်းတော်တော် ရေသာခိုတတ်ပါလား”

“ဘာရေသာခိုတာလဲ.. ရှင်သာယောကျ်ားဖြစ်ပြီး မိန်းမတစ်ယောက်ကို ကပ်သတ်နေတာ”

“ဟော့.. ဒီအချိန်မှာ ယောကျ်ားတွေ မိန်းမတွေ ခွဲခြားမနေနဲ့ အားလုံးတန်းတူပဲ လုပ်ရမယ်”

“မလုပ်နိုင်ဘူး”

“မင်းကွာ...”

‘သတိုး’ သည် အံတကြိတ်ကြိတ်နှင့် သူမအနားမှ ထွက်ခဲ့လိုက်ပါသည်။ ခေါင်းအတော်မာတဲ့ မိန်းမစားမျိုးပါလား။ ကိုယ်ချင်းစာစိတ်လည်း နည်းနည်းလေးမှ မရှိပေ။ နေရာတကာ ထိုက်ပြီး တွက်ကပ်နေသဖြင့် ‘သတိုး’ ရင်ထဲ ဆွဲထိုးချင်စိတ်ကို ဆါက်နေရသည်။

ကျော့ခိုင်းထွက်သွားသော ‘သတိုး’ ကိုကြည့်ပြီး ‘ရွှေ’ သည်း မဲ့လိုက်မိသည်။ ကားပြင်ဆရာ သွားရှာရမှာ မိန်းမတစ်ယောက်ရဲ့ အလုပ်လား။ ကားကိုစတိုင်နဲ့မောင်းတတ်ရင် ပျက်





www.burmeseclassic.com

www.burmeseclassic.com

တဲ့အခါ ပြင်တတ်ဖို့လည်း သူလုံ့လထုတ်ရမှာမဟုတ်လား။ 'ရူပါ' ကပဲ သူ့တပည့်လို သွားရှာခေါ်ခဲ့ပေးရမဲ့ အချိုးမျိုးကတော့ ဆောရီးပါပဲ။

ခပ်လှမ်းလှမ်းကို ရောက်သွားသော သူ့ကိုကြည့်ရင်း 'ရူပါ' အံ့သြသွားရသည်။ ပုဆိုးအောက်နားကြီး ကွဲနေတာ မသိဘူးလားမသိ။ လမ်းသွားတိုင်း သူ့ခြေထောက်တစ်ဖက်လုံးက ထွက်ထွက်လာသဖြင့် ရယ်စရာတော့ ကောင်းနေရပါသည်။

ကားတွန်းရင်း ပုဆိုးပြဲသွားတာ ဖြစ်ရမည်။ သူ့ပုဆိုးကလည်း ဘယ်နှစ်ခုနှစ်ထဲက ဆွေးမြေ့နေတဲ့ ပုဆိုးလဲမှမသိတာ ပုဆိုးဝတ်တာတောင် အဆွေးအမြေ့ကိုဝတ်တဲ့ ကပ်စေးနဲကော်တရာနဲ့မှ လာတွေ့နေရသည်။

အင်္ကျီဆိုရင်လည်း ခပ်နွမ်းနွမ်းထဲကသာ ဝတ်ဆင်နေတာကို တွေ့မြင်နေခဲ့ရသည်။ ဖိနပ်ကလည်း ဟိုတစ်ခါ ပြတ်သွားတဲ့ဖိနပ်ကို ခေါင်ပြန်ချုပ်ပြီး စီးထားတာမှန်း သူမသိသည်။ သူများကိုသာ ပြောနေတာ သူမလည်း ပြတ်သွားတဲ့သဲကြိုးကို ပြန်ချုပ်ပြီး စီးထားတာပဲ မဟုတ်လား။

အဝတ်အစားကတော့ သူ့လောက် ဒိတ်မအောက် မဆွေးမြေ့တာသေချာပါသည်။ သူနဲ့ 'ရူပါ' ယှဉ်ရင် သူက 'ရူပါ့' ထက် ပိုမွဲသောသူ ဖြစ်ရပါမည်။ 'ရူပါ့' အတွေးတွေက တမျှော်တခေါ်ရှည်ထွက်ကုန်ရ၏။ သူမနဲ့ ဘာဆိုင်လို့ သူနဲ့ဘဝချင်း နှိုင်းယှဉ်ကြည့်ရမှာပါလိမ့်။ မဆိုင်လိုက်တာ။ သူ့အကြောင်းကို ခေါင်းထဲက ထုတ်ပြစ်ရင်း ပတ်ဝန်းကျင်ကိုပဲ ငေးကြည့်နေမိတော့သည်။

ဘယ်အချိန် သူမအနား သူပြန်ရောက်လာသလဲ မသိလိုက်။





ကားရှေ့ဘောနတ်အဖုံးကို မှီရပ်နေသည့် 'ရူပါ့' အား တွန်းထုတ်လိုက်မှပဲ သိတော့သည်။

"ဖယ်..ဖယ်... ဓိမ်နဲ့ရပ်နေဖို့ အချိန်မရှိဘူး"

ချွေးတရွှဲရွှဲ မျက်နှာနီနီက ဒေါသဖြစ်နေသယောင်ရှိသည်။ ပင်ပမ်းလို့ 'ရူပါ့' အားလာမဲ့နေမှန်းလည်း သိပါသည်။ ခပ်လှမ်းလှမ်းတစ်နေရာမှာသာ ရပ်ရင်း ကားပြင်ပြီးသည့်အထိ သူမ စောင့်ကြည့်နေလိုက်၏။

"ပြီးပြီ တက်တော့.. သူ့ကိုယ်သူ ဘာများအောင်းမေ့နေလည်း မသိဘူး... လက်ကလေးပိုက်လို့ အိုက်တင်နဲ့"

ကားတံခါးကို ဆောင့်ပိတ်ကာ စက်ကိုနှိုးနေသည်။

"ဒုက္ခပဲ... ကိုယ့်လက်နဲ့ကိုယ်ပိုက်တာတောင် သူ့ဆီမှာ ပါမစ်တင်ရမလို ဖြစ်နေပြီ.. ယောကျ်ားကြီးတန်မဲ့ နေရာတကာ လိုက်ပြောနေတယ်"

ဟု ခပ်ဆတ်ဆတ်ကလေး သူမပြန်ပက်လိုက်၏။

"ပြောရမှာပဲ ငါက ပင်ပမ်းတော့ အသံထွက်တာမဆန်းဘူး အပြောမခံချင်ရင်... မင်းလည်း အပင်ပမ်းခံပြပေါ့"

"ရှင်က ပင်ပမ်းလို့ပြောတာမဟုတ်ဘူး.. ပုဆိုးကွဲသွားလို့ ရှက်လို့ပြီး အသံထွက်နေတာမှန်း ကျွန်မသိတယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့.. ရှင့်လို ကော်တရာအတွက်တော့ ပုဆိုးဖြဲတာလောက်ကိုလည်း ရင်ထုမနာ ဖြစ်ချင်ဖြစ်မယ်"

'သတိုး' ရင်ထဲ ရှက်သွားမိသည်။သူမအမြင်မှာ သူ့အား ကောကြားကပ်စေးနဲတဲ့ ကုပ်ကုပ်ဆပ ဟု မှတ်ယူထားပုံရသေးသည်။ သူ့အခြေအနေ သူ့ဘဝကို သူမမှ မသိသေးဘဲ။ ထင်ရာမြင်ရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြောဖို့မကောင်းပေ။

"လူတစ်ယောက်ဘဝအခြေအနေကို သေချာမသိဘဲနဲ့ မင်းရမ်းသမ်းမကဲ့ရဲ့နဲ့ .. ငါကပ်ဖေးနဲ့တဲ့ကောင်စားမျိုး မဟုတ်ဘူး"

ဟု သူ့စကားကို သူမက မျက်ခုံးပင့်ကာ မယုံသလိုပြုံးနေလေသည်။

"ကျွန်မပြောတာ မှားမမှား... ရှင့်စီးထားတဲ့ဖိနပ်ကသက်သေခံနေတယ်လေ"

"မင်းစီးထားတဲ့ဖိနပ်ကရော အသစ်မို့လို့လား.. အင်လုပ်ပြီးစီးထားမှန်းသိသာတယ်"

"ဘာဖြစ်လဲ အင်... ရှင့်လောက်မစွဲမပြဲရင် ပြီးတာပဲ"

ဟင်းကနဲ အသံကျယ်ကျယ်ထွက်ကာ သူနှုတ်ပိတ်သွားတော့သည်။ သူမဖက်ကလည်း လေကြောရှည်ပြီး ဘာစကားမှဆက်မပြောရဲတော့။ တစ်ခွန်းပြောတာနဲ့ ဘုဘောက်ကျနေအုံးမှာဖြစ်တဲ့အတွက် ပါးစပ်ပိတ်ထားတာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မည်။

ရုံးအလုပ်တွေလုပ်တော့လည်း လူချင်းကပ်ရက်ရှိနေပေမယ့် စကားမပြောဖြစ်ကြပေ။ မျက်နှာကိုယ်ဆီပုတ်ကာ ခပ်တင်းတင်းနေမိကြပါသည်။

# အခန်း [၂]

" 'ရူပါ'... 'ဖြူပြာ' ကျူရှင်ဆရာမရဲ့မောင်က သမီးကို သဘောကျလို့တဲ့ကွယ်.. 'ဖြူပြာ' ကတစ်ဆင့် သမီးအကြောင်းတွေမေးနေတယ်.. သူတို့တစ်အိမ်လုံးကလည်း သမီးနဲ့ဆို သဘောကျတယ်တဲ့"

စားလက်စထမင်းပင် သီးမလိုဖြစ်သွားရသည်။ ဘယ်ကဘယ်လိုဇာတ်လမ်းတွေ ပေါ်ပေါက်လာရလဲမသိ။ 'ဖြူပြာ' တစ်ယောက်ကျူရှင် ကောင်းကောင်းမတက်ဘဲ အောင်သွယ်တော်လုပ်နေတာနဲ့ စာမေးပွဲကျကိန်းမြင်နေမိပါသည်။

"သမီးကဖြင့် သူ့ကျူရှင်ဆရာမအိမ်ကို တစ်ခါလားရောက်ဖူးပါတယ်.. ဘယ်လိုလုပ်ပြီး သူ့မောင်က ကြိုက်သွားရတာတုန်း.. မဖြစ်နိုင်တာ မေမေရယ်.. 'ဖြူပြာ' လျှောက်နောက်နေတာ ဖြစ်လိမ့်မယ်"

"မနောက်ပါဘူး.. တကယ်အတည်ပြောပြနေတာပါ— ဟိုတစ်နေ့ကတောင် 'မောင်သန်းလွင်' ကိုယ်တိုင် 'ဖြူပြာ' ကိုကားမောင်းပြီး အိမ်အပြန်လိုက်ပို့ပေးသေးတယ်.. 'ဖြူပြာ' ပြောတာတော့ သမီးကိုလာကြည့်တာတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း လူကိုများလာကြည့်ရတယ်လို့.. နာမည်ကလည်း 'သန်းလွင်' တဲ့ ... တုံးလိုက်တာ မရမ်းပင်လို ချဉ်စုပ်စုပ်ဖြစ်နေရင်တော့ ဒုက္ခပဲ"

မတွေ့ရသေးပေမယ့် ဘာကြောင့်မှန်းမသိဘဲ သူမဖက်က ကြိုအမြင်ကတ် မုန်းတီးနေမိသည်။ စပ်ဟပ်ပြီးမှ လင်တစ်ယောက် ရမယ့်ကိစ္စမျိုးကို သူမဖက်က တကယ် Feel အောက်ပါသည်။ ဒီအတိုင်းနေလို့မှ မရဘူးဆိုရင်လည်း ရှိပါစေတော့။

"မငြင်းနဲ့.. နည်းနည်းပါးပါးတော့ တီးခေါက်ကြည့်ရမှာပဲ 'မောင်သန်းလွင်' တို့က ဒဆွဂုဏ်မျိုးဂုဏ်လည်းရှိတယ်... ငွေကြေးလည်းချမ်းသာတယ်... ပြီးတော့ သူကိုယ်တိုင်လည်း သင်္ဘောသားဆိုတော့ ကိုယ်ပိုင်ဝင်ငွေကလည်း ဆိုးမှာမဟုတ်ဘူး.. စဉ်းစားရွေးချယ်ရမယ့် သားမက်မျိုးထဲမှာ'မောင်သန်းလွင်' က ထိပ်ဆုံးက ပါနေတယ်"

"သိလှချည်လား.. မေမေအိမ်ထဲမှာနေပြီး ဒီအကြောင်းတွေ ဘယ်လိုလုပ်ပြီး သိနေသလဲ"

စားပြီးသားပန်းကန်ကိုယူကာ လက်ဆေးဘေစင်မှာ ဆပ်ပြာဝတ်နဲ့ပွတ်တိုက်ဆေးနေရင်း သူမ သိချင်တာဆက်မေးသည်။

" 'ဖြူပြာ' ပြောပြတာလေ.. ပြီးတော့ လမ်းထိပ်တိုက်က ပွဲစား 'မမြ' ကိုလည်း နည်းနည်းအစ်အောက် မေးမြန်းကြည့်ထားတာ"

"မေမေနဲ့တော့ ခက်ပါတယ်.. ပွဲစား 'မမြ' သိမှတော့ တစ်ရပ်ကွက်လုံးလည်း သိပြီပေါ့...တကယ်ဟုတ်မဟုတ်ဖြင့် မသေချာသေးဘဲနဲ့ လျှောက်မေးကြည့်နေတယ်"

သူမ တကယ် စိတ်ရှုပ်သွားရသည်။ယောကျ်ားရမှ သူ





ဘဝက တင့်တယ်ပြည့်စုံမှာတဲ့လား။ အခုလည်း မချမ်းသာပေမယ့်စိတ်ချမ်းသာစွာဖြင့် ထမင်းနှစ်နပ်တော့ မှန်မှန်စားနေရတာပဲဟာ။ စည်းစိမ်ချမ်းသာရှိပြီး စိတ်မပျော်ရွှင်ရတဲ့ဘဝမျိုးကို သူမ မုန်းသည်။ ဘဝကို စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ပဲဖြတ်သန်းချင်ပါသည်။

"ဘာလို့တကယ်မဟုတ်ရမှာလဲ သမီးရယ်.. သမီးသာ သဘောတူရင် သူတို့ဖက်က စေ့စပ်လိုက်ဖို့အဆင်သင့်ပဲတဲ့"

"မေမေ့ကို သူတို့ကိုယ်တိုင် ပြောသလား"

" 'မောင်သန်းလွင်' ကိုယ်တိုင်... အိမ်ကိုလာရင်းနဲ့ပြောသွားတာ"

"ကျွတ်.. မရမ်းပင်နဲ့တော့ ခက်ပါတယ်..သူနဲ့ဖြင့်စကားတောင်မပြောဘူးဘဲနဲ့များ စေ့စပ်ဖို့အထိ အဆင့်တွေကျော်ချင်နေတယ်.. မဖြစ်ဘူး နောက်တစ်ခါသူတို့ဖက်က တခုခုပြောလာရင် သမီးနဲ့အရင်တွေ့ကြည့်လိုက်ပါလို့ မေမေ ပြောပေး.. သမီးသူ့ကို အကဲခတ်ကြည့် ကြည့်မယ်"

"ငြင်းဖို့တော့ မစဉ်းစားနဲ့နော် 'ရူပါ' .. သမီးအကြီးဆုံးတစ်ယောက်အနေနဲ့ အရာအားလုံးကိုငဲ့ဖို့သတ္တိရှိရမယ်.. အမေတို့ဘဝက သမီးအပေါ်မှာပဲ မှီခိုရပ်တည်နေရတာ"

သူမဘဝကြီးတစ်ခုလုံးကို အဆုံးခံပြီး မိသားစုအတွက် ငဲ့လိုက်ရမှာလား။ အခုလည်း သူမ တတ်စွမ်းသရွေ့တော့ အားလုံးစိတ်ချမ်းသာ ပြည့်စုံအောင် ထောက်ပံ့လုပ်ကျွေးနေတာပဲ မဟုတ်လား။ သမီးအကြီးဖြစ်ရတဲ့ဘဝက မလွယ်လှပါလား။

"သမီးစဉ်းစားပါအုံးမယ် မေမေရယ်.. ဖွတ်ကြီးတော့အစိမ်းမချင်ပါနဲ့.. အားလုံးအတွက်သမီးအိမ်ထောင်ပြုလိုက်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ထင်ထားသလို မဖြစ်လာတဲ့အခါကျရင် သမီးပဲဒုက္ခရောက်ရမှာ.. 'မရမ်းပင်' ကို သမီးအကဲခတ်ကြည့်ပါအုံးမယ်"

"ဘာ.. 'မရမ်းပင်' လဲ... 'မောင်သန်းလွင်' ပါကွယ်"

"ထားပါတော့ "

'ရူပါ' ထမင်းစားပြီး အိမ်ရှေ့ခန်းထွက်လာတော့ 'ဖြူဖြူ' ကျူရှင်မှ ပြန်ရောက်လာတာနဲ့ ကြုံနေသည်။ 'ကျော်စွာ' ကတော့ လမ်းထိပ်က သူဘော်ဒါတွေနဲ့ ဘောလုံးကန်နေလိမ့်မည်။

"မမကြီး... 'ကျော်စွာ' လမ်းထိပ်မှာဘောလုံးကန်ရင်း ရန်ဖြစ်နေတယ်.. 'ဖြူဖြူ' ခေါ်တာလည်း မလာဘူး"

အနားယူမယ်ပင် မကြုံရသေး ပြဿနာက တက်လာပြီ။ 'ကျော်စွာ' အတွက်စိတ်ပူမိတာမို့ ဖိနပ်အမြန်ကောက်စွပ်ရင်း လမ်းထိပ်ထွက်ဖို့ ပြင်ရသည်။

"မေမေလည်း လိုက်ခဲ့မယ်လေ..."

"နေ နေ ရတယ် ... သမီးပဲသွားလိုက်မယ်"

" 'ဖြူဖြူ' လည်း လိုက်ခဲ့မယ်"

'ဖြူဖြူ' လက်ကိုဆွဲကာ သွက်သွက်လက်လက်ပင် လမ်းထိပ်ရှိဘောလုံးကွင်းသို့ လာခဲ့မိသည်။ 'ရူပါ' ရောက်သွားတဲ့အချိန်မှာ 'ကျော်စွာ' နဲ့ကောင်လေးတစ်ယောက် မြေကြီးမှာထိုးကြိတ် နပမ်းလုံးနေလေသည်။

ဖြန်ဖြေမယ့်သူမရှိဘဲ ညာသံပေးကာ မြှောက်ပေးနေတဲ့ အသံတွေသာ ဆူညံလျှက်ရှိ၏။

"ဟဲ့ .. 'ကျော်စွာ' တော်တော့... လူချင်းခွဲပါဟဲ့ ငါပြောနေတာ ကြားလား"

အော်ရင်းဟစ်ရင်းနဲ့ပင် လူချင်း မရမကခွဲပစ်ရပါသည်။





ခုမှပင် ကျန်တဲ့ကောင်လေးတချို့က ဝင်ဆွဲဖော်ရတော့သည်။

"နင်တို့ကလည်း အတူတူတော့ကစားတတ်တယ်.. ရန်ဖြစ်တဲ့အခါကျတော့ ဖြန်ဖြေဖေါ်မရဘူး.. မြှောက်ပေးနေကြသေးတယ်"

အကုန်လုံးကိုသိမ်းကြုံးရမ်းကာ 'ရူပါ' အော်ဟစ်ပစ်လိုက်သည်။ 'ရူပါ' သာရောက်မလာရင် ဘယ်အချိန်ထိအောင် သတ်ပုတ်နေကြမလဲမသိ။

"ကျွန်တော်တို့လည်း တားတာပဲဗျ.. ဒီကောင်က ဇွတ်ထိုးတာ.. အစ်မကိုထိလို့တဲ့"

"မင်းတို့ရန်ဖြစ်တာ ငါနဲ့ဘာဆိုင်လို့လဲ"

" ဆိုင်တယ်.. 'မိုးကြီး' က အစ်မကိုကြိုက်လို့ဆိုပြီး 'ကျော်စွာ' ကို ယောက်ဖခေါ်တာကနေ စဖြစ်ကြတာ"

ဒုက္ခ... 'ရူပါ' ဘဝလည်း မလွယ်ပါလား။ အိမ်မှာနေတဲ့ အမေနဲ့ညီမကလည်း စပ်ဟပ်ပြီး ယောကျာ်းပေးစားနေလို့ စိတ်ရှုပ်ရတဲ့ကြားထဲ အပြင်ထွက်တဲ့မောင်ငယ်နဲ့ ပတ်သက်ပြီးလည်း စိတ်ရှုပ်စရာကြုံရသည်။

လူငယ်အချင်းချင်း ရန်ဖြစ်ကြတာ 'ရူပါ' နဲ့ဆိုင်စရာလား။ 'ရူပါ' ကြောင့်ဆိုတော့ မိန်းခလေးတန်မယ့် သိက္ခာကျလှသည်။

" 'မိုးကြီး' ဆိုတာ ဘယ်သူလဲ"

"သူလေ.. "

ဆံပင်စုတ်ဖွားနဲ့ အကျႌရင်ဘတ်ကြယ်သီးတွေ ပြုတ်ထွက်နေသော ဖရိုဖရဲကောင်လေးက မှုန်တေတေနဲ့ 'ရူပါ' ကို ရှိုက်ကြည့်နေပါသည်။ 'ရူပါ' သူ့အနားတိုးကပ်သွားလိုက်ကာ ...

"မင်းက ငါ့ကို ကြိုက်တယ်ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်"

"မင်းအသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ကိုး"

"ဟိုး... ချာတိတ်ပဲရှိသေးတာပဲ.. ချာတိတ်အရွယ်နဲ့များကွာ... မင်းမို့လို့ ငါ့ကို စိတ်ကူးယဉ်နေတယ် မင်းမှတ်ထား မင်းထက်ငါ ငါးနှစ်ပိုကြီးတယ်"

"အသက်ကြီးတာ ငယ်တာ အချစ်မှာကန့်သတ်ချက်မရှိဘူး... ငါးနှစ်မကလို့ နှစ်ငါးဆယ်ပဲကြီးကြီး ကျွန်တော် ချစ်ချင်,ချစ်မှာပဲ"

"ချစ်လေ.. တခြားသူကို သွားချစ် ရတယ်.. ငါ့ကိုတော့မချစ်နဲ့ ကိုယ့်မောင်နဲ့ရွယ်တူလောက်ကို ငါဖီလင်မလာဘူး..နားရွက်ဆွဲခေါင်းခေါက်ပဲ လုပ်ချင်တယ်အောင်းမေ့... ဒါ ငါအပြတ်ပြောတာ.. နောက် မင်းပါးစပ် မသရမ်းမိစေနဲ့ ... အသရေဖျက်မှုနဲ့ ရဲစခန်းတိုင်မယ် အောင်းမေ့ထား"

မျက်နှာတည်တည်ပုတ်ပုတ်ဖြင့် 'ကျော်စွာ' ကို ဆွဲခေါ်ကာ အိမ်ပြန်လာခဲ့ကြသည်။ 'ကျော်စွာ' မျက်နှာတပြင်လုံးလည်း ဖူးယောင်နေသည်။ မေမေမြင်ရင်တော့ဖြင့် စိတ်ကောင်းနိုင်မှာ မဟုတ်ပေ။ ရန်ရှာလာသော 'ကျော်စွာ' ကိုပဲ စိတ်တိုမိပါသည်။

"နင်ကလည်း အပြင်ထွက်ပြီး ပြဿနာအတော်ရှာတဲ့ကောင်ပဲ.. ကိုယ့်အိမ်မှာ မိန်းမသားတွေပဲ ရှိတယ်ဆိုတာသိရဲ့သားနဲ့ အိမ်စောင့်မယ်မစဉ်းစားဘူး... နင့်အရှုပ်ထုပ်ကိုပဲ ပြန်ရှင်းပေးနေရတယ်"

" 'မမကြီး' ကို ထိလို့ ကျွန်တော်ရန်ဖြစ်တာပဲ"

"နောက်မဖြစ်နဲ့.. ဖြစ်လာတဲ့အခါကျတော့ ငါပဲလိုက်ရှင်းနေရတာ ငါ့မှာ အပျိုလေးတန်မယ့် ယောကျ်ားအုပ်စုထဲဝင်ကျဲနေရတာ ဘယ်လောက်သိက္ခာကျသလဲ... ငါပြောတာကြားလား"

'ကျော်စွာ' တစ်ယောက်ရှုပုတ်ပုတ်မျက်နှာထားဖြင့် ငြိမ်သက်နေသည်။ ပြောလက်စနဲ့ 'ဖြူပြာ' ကိုပါ ဆုံးမရအုံးမည်။

" 'ဖြူပြာ' လည်းအတူတူပဲ.. ဆယ်တန်းမို့လို့ စာကိုရှေတစိုက်နဲ့ ကြိုးစားမလားအောင်းမေ့တယ်... အပိုအလုပ်တွေလုပ်နေတယ်.."

" 'ဖြူပြာ' ဘာလုပ်လို့လဲ.. ကျူရှင်မှန်မှန်တက်ပြီး စာကျက်နေတာပဲဟာ"

"ကျူရှင်တက်တာအကြောင်းပြပြီး နင့် ဆရာမမောင်နဲ့ ငါ့ကို အောင်သွယ်နေတာကော ထည့်မပြောတော့ဘူးလား"

"အောင်သွယ်တာမဟုတ်ပါဘူး.. သူကိုယ်၌ကိုက မမကြီးကိုတမ်းတမ်းစွဲဖြစ်ပြီး ဖွဲလန်းနေတာ .. 'ဖြူပြာ' ဘာမှတောင် ပြောရသေးဘူး"

"မလိမ်နဲ့ .. ငါ့ကိုတမ်းတမ်းစွဲဖြစ်တယ်ဆိုရအောင် သူနဲ့ငါဘယ်မှာမှ ဆုံဖူးတာမဟုတ်ဘူး"

"မဆုံဖူးပေမယ့် ဓါတ်ပုံထဲမှာ မြင်ဖူးသွားတာကိုး.."

"ဟင် .. ငါ့ဓါတ်ပုံက သူ့ဆီဘယ်လိုလုပ် ရောက်ရတာလဲ"

'ဖြူပြာ' တစ်ယောက်သည်တစ်ခါတော့ မျက်စိကလည်လည်နဲ့ အပြစ်ရှိသလို 'ရှုပ်' အားကြည့်နေပါသည်။

"ဟဲ့.. ငါမေးနေတာဖြေလေ"

"ဆရာမကို ပြချင်တာနဲ့ ယူသွားတာ... အဲဒီမှာ သူပါရောက်လာပြီး အတင်းကာရောဝင်ကြည့်ရင်းနဲ့ 'မမကြီး' ကိုတွေ့သွားတာ"



www.burmeseclassic.com

www.burmeseclassic.com

"စာသွားသင်တာ အေးအေးဆေးဆေးမှမသင်ဘဲ... နင်ရှုပ်တာနဲ့ငါမှာသောကဝင်နေရပြီ 'ဖြူပြာ' ရဲ့.. မေမေက အဲဒီလူနဲ့ အတင်းကာရောကို သဘောတူနေပြီ"

'ဖြူပြာ' မျက်နှာက အပြုံးကြီးပြုံးသွားလေသည်။ သူ့ဆန္ဒတစ်ခုပြည့်ဝသွားလို့ ပျော်ရွှင်နေတဲ့ပုံအတိုင်းပါ။

" 'ကိုသန်းလွင်' က တော်ပါတယ်... ပိုက်ဆံလည်း အရှာကောင်းတယ် သဘောလည်းပြည့်ဝတယ်... ဆွေမျိုးအသိုင်းအဝိုင်းကလည်းကောင်းတယ်ဆိုတော့ 'မမကြီး' အတွက် ငြင်းစရာမရှိပါဘူး ... 'ဖြူပြာ' လည်း သဘောတူတယ် ... 'ကျော်စွာ' ကောပဲ"

တစ်အိမ်လုံး 'မရမ်းပင်' ကို ထောက်ခံနှစ်သက်နေကြတာပါလား။ ကာယကံရှင်ဖြစ်တဲ့ သူမ တစ်ယောက်ထဲသာ ဘိတ်ချီးမှသိခွင့်ရတဲ့ ဘဝဖြစ်သည်။ ငြင်းပယ်ဖို့အတွက် ပါးစပ်မဟရဲအောင်ပင် အားလုံးကတက်ညီလက်ညီ သဘောတူနေကြ၏။

အဲဒီလောက်အောင်ပဲ 'မရမ်းပင်' က လိုချင်စဖွယ်တန်ဖိုးရှိနေသလားလေ။

"ပိုက်ဆံရှိတာ တစ်ခုထဲနဲ့တော့ နင်တို့လူကို ငါမယူနိုင်ပါဘူး.. စိတ်ဓာတ်ရေးရာ ကြည့်ရအုံးမယ်.. ပြီးတော့ ငါကြိုက်မကြိုက်ဆိုတာက အဓိကကျသေးတယ်လေ"

"ဒါကတော့ 'မမကြီး' သူ့ကိုတွေ့ပြီး လေ့လာရမှာပေါ့... 'ကိုသန်းလွင်' က ပြောတယ်... 'မမကြီး' နဲ့ကိစ္စ လူကြီးချင်းပြောဆိုပြီးလို့အဆင်ပြေတာနဲ့ မြေကွက်ရှာပြီးတိုက်ဆောက်တော့မယ်တဲ့...အဲဒီတိုက်မှာ 'ဖြူပြာ' တို့ကိုပါ ခေါ်ထားမှာတဲ့... 'ဖြူပြာ' တို့နေတဲ့ ခုတိုက်ခန်းကို ပြန်ရောင်းပြီး မေမေ သုံးချင်တာသုံးလို့ချင်တာလှူတဲ့... ပြန်မရောင်းဘူးဆိုရင်လည်း နှစ်ချုပ်နဲ့ငှားထားလိုက်တဲ့"

"အမယ်လေး... တွက်ကိန်းကတော့ ဟုတ်နေတာပဲ... ဘာမှတောင်မဟုတ်သေးဘူး ... နားမလည်တဲ့သူတွေကို စည်းစိမ်နဲ့မျှားယောင်းနေပြီ... နေရာတကာ ဆရာလုပ်ဝင်စီစဉ်နေရအောင် သူက ဘာကောင်မို့လို့လဲ... ပြောလိုက်စမ်း 'ဖြူပြာ'... 'ရှုပါ' ဆိုတဲ့မိန်းမနဲ့အရင်စကားပြောကြည့်ပြီးမှ အစီအစဉ်တွေကိုဆွဲလို့... သူစဉ်းစားတာတွေဖြစ် မဖြစ်ဆိုတာလည်း စောင့်ကြည့်ပါအုံးလို့ ပြောလိုက်"

" 'မမကြီး' က ငြင်းမလို့လား"

"ငြင်းသင့်ရင် ငြင်းမှာပေါ့.. လက်ခံဖြစ်ဖို့ကတော့ စိတ်ကူးထဲမှာတောင် မရှိသေးဘူး"

" 'ဖြူပြာ' ကတော့ အားလုံးအဆင်ပြေဖို့အတွက် 'မမကြီး' ကို 'ကိုသန်းလွင်' နဲ့ သဘောတူတယ်"

"ကျွန်တော်လည်း သဘောတူတယ်... 'ကိုသန်းလွင်' နဲ့ ယူမှ ကျွန်တော်တို့ဘဝ ပြည့်စုံမှာ ... ဒီအတိုင်းနေလို့ကတော့ ဒုံရင်းကနေကို တက်မှာမဟုတ်ဘူး"

'ရှုပါ' သည် ဝဲတက်လာသော မျက်ရည်စတွေကို မျက်တောင်ဖြင့်ပုတ်ခတ် သိမ်းဆည်းပစ်ရလေသည်။ သူမရဲ့ခံစားချက်ကိုတော့ ထည့်မတွက်ပေးကြဘဲ သူတို့ဘဝကောင်းကောင်းနေ ကောင်းကောင်းစားရရေးအတွက် တောင်းဆိုနေလိုက်ကြတာ ကိုယ့်အစ်မကြီး မချစ်တဲ့သူနဲ့တစ်သက်လုံး ပေါင်းသင်းရလို့ စိတ်ဆင်းရဲနေမလားဆိုတဲ့ အတွေးမျိုး သူတို့အတွေးထဲမှာ ဘာလို့မရှိကြပါသလဲ။







www.burmeseclassic.com

www.burmeseclassic.com



သူမ မှာကျတော့ သမီးအကြီးဆုံးမို့ အိမ်၏တာဝန်ကိစ္စ အားလုံးကို တစ်ယောက်ထဲနဲ့ တာဝန်ယူဖြေရှင်းပေးလိုက်ရတာ 'ဖြူပြာ' နဲ့ 'ကျော်စွာ' အတွက် သူမရဲ့လွတ်လပ်ခွင့်တွေ ပျော်ရွှင်မှုတွေကို အဆုံးရှုံးခံခဲ့ပါသည်။ သူမ တက္ကသိုလ်ပထမနှစ်မှာ ဖေဖေဆုံးသွားတဲ့အတွက် ယိုင်လဲချင်သောအိမ်၏ စီးပွားရေးကို အထောက်အကူရအောင်လို့ဆိုပြီး အဝေးသင်ပြောင်းကာ သူမ အလုပ်ဝင်လုပ်ခဲ့သည်။

မေမေ့ကို ဖေဖေရှိစဉ်ကအတိုင်း အိမ်မှာပဲအေးအေးသက်သာ နေနိုင်းခဲ့ပါသည်။ သူမရတဲ့လခမှန်သမျှကို မေမေ့အား အကုန်ပေးခဲ့သည်။ ဒီကြားထဲ မလောက်ငလို့သိမ်းထားတဲ့ လက်ဝတ်လက်စားတချို့ ထုခွဲရောင်းချခဲ့ရတာလည်း ရှိသေး၏။ ငွေရေးကြေးရေးမပြေလည်တာတွေကို 'ဖြူပြာ' နဲ့ 'ကျော်စွာ' အား အသိမပေးခဲ့ကြပါ။ သူတို့လေးတွေစိတ်ထဲမှာ အားငယ်စိတ် ဝင်သွားမှာ စိုးသောကြောင့်ဖြစ်သည်။

အဝေးသင်တက်ရင်းနဲ့ပင် ကိုယ်လက်လှမ်းမှီတဲ့ သင်တန်းတချို့တလေကိုလည်း အလုပ်ချိန်နှင့်လွဲကာ တက်ရပြန်သေးသည်။ ဒါမှ လစာကောင်းကောင်းနဲ့ အလုပ်သစ်ပြောင်းလို့ ရမှာဖြစ်သည်။ ကြိုးစားရန်းကန်ရင်းနဲ့ပင် သူမ ဘွဲ့ရခဲ့ရသည်။

လစာကောင်းသော အလုပ်မှာလည်း ရပ်တည်နေနိုင်ခဲ့ပါပြီ။ ခုဆို သူမဝင်ငွေတစ်ခုထဲနဲ့ တစ်မိသားစုလုံး စားသောက်နေကြတာဖြစ်သည်။ ဒီကြားထဲ 'ဖြူပြာ' က ဆယ်တန်းတစ်နှစ်ကျလိုက်သေးတာကြောင့် ကျူရှင်စရိတ်ပိုကုန်ဖို့ ဖြစ်လာရလေသည်။

'ကျော်စွာ' က ကိုးတန်း။ အရွယ်တွေကြီးလာပေမယ့် အသိဉာဏ်တွေကြီးမလာတဲ့အတွက် 'ရုပ်' ပဲပိုပြီး ပင်ပမ်းရပါသည်။ ချစ်တဲ့စိတ်နဲ့အနစ်နာခံကာ မပြောခဲ့လေသမျှ သူမ ဘဝအားသူတို့စိတ်တိုင်းကျ ချယ်လှယ်ဖို့ဖြစ်လာခဲ့သည်။ အိမ်ထောင်ရေးကိစ္စကိုတော့ သူမ စိတ်သဘောအတိုင်းပဲ ဆုံးဖြတ်ပါမည်။

"ဟိုမှာ မေမေထွက်စောင့်နေတယ်...သူငယ်ချင်း အချင်းချင်း ကစားရင်းရန်ဖြစ်တယ်လို့ပဲ ပြော ကြားလား..."

'ကျော်စွာ' ခေါင်းညိမ့်ပြလေသည်။

" 'ဖြူပြာ' ကိုလည်းပြောမယ်.. ဒီတစ်ပတ် ငါရုံးပိတ်တဲ့ တနင်္ဂနွေနေ့မှာ 'ကိုသန်းလွင်' နဲ့ တွေ့ချင်တယ်... အိမ်ကို မချိန်းနဲ့ တစ်နေရာရာမှာ ချိန်းမယ်"

"ဘယ်နေရာမှာ ချိန်းမှာလဲ.. ကန်တော်ကြီးလား အင်းယားကန်စောင်းလား..."

မဲ့တက်သွားသော သူမနှုတ်ခမ်းက တော်တော်နဲ့ပြန်ချလို့မရခဲ့။ အဖြေတစ်ခုခု ပြန်ပေးရမှာမို့သာ ပြောလိုက်ရသည်။

"လမ်းထိပ်က ကြံရည်ဆိုင်မှာ... ညနေငါးနာရီလောက် စောင့်နေလို့ ပြောလိုက်"





www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃]

'သတိုး' သည် သူ့နံဘေးက ခပ်တည်တည်ပါလာသော 'ရှုပ်' အားခိုး, ခိုးကြည့်ရင်း အကဲခတ်နေမိသည်။ သူမကိုထားခဲ့ပြီး ကိုယ်ရေးကိုယ်တာကိစ္စ 'သတိုး' မှာ လုပ်စရာရှိသည်။ ထားခဲ့ဖို့အတွက် အကြောင်းပြချက် စဉ်းစားရခက်နေတာဖြစ်၏။ လမ်းလျှောက်ရင်းနဲ့ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ခိုးအကဲခတ်မိပြန်သည်။

"ရှင်ဘာဖြစ်နေတာလဲ.. လူကိုကြည့်, ကြည့်ပြီး ဘာကြံစည်နေသလဲ မသိဘူး"

သူမက လှမ်းနေတဲ့ခြေလှမ်းကိုရပ်ကာ သူ့ဖက်လှည့်ပြောသည်။ ကြာလာပြီဆိုတော့လည်း သူမ ရိပ်မိသွားတာ အဆန်းတော့ မဟုတ်ချေ။

"ခင်ဗျားကို ကြံစည်တာမဟုတ်ပါဘူး... ကျွန်တော့်ကိစ္စနဲ့ကျွန်တော် ရှိနေတာ"

"ဘာကိစ္စလဲ"

"ဟာ.. ဒါတော့ဘယ်ပြောလို့ ဖြစ်မလဲဗျ"

"ရှင့်ပုံကြည့်ရတာ မအီမလယ်နဲ့... ဇကန္တ ရှင် အီးပါချင်နေတာ မဟုတ်လား"

"ခင်ဗျားပဲပါ.. မဆိုင်တာတွေလျှောက်ပြောနေတယ်.."

"ဒါဖြင့် ဘာလဲ"

"ဘာဖြစ်ဖြစ်ပေါ့ဗျာ.. ဒီမှာ ကျွန်တော်ဝင်စရာတစ်နေရာရှိတယ်... အဲ့ဒါ ကုန်သွယ်ရေးရုံးကို ခင်ဗျားတစ်ယောက်ထဲအရင်သွားနှင့်လိုက် သိပ်မကြာဘူး အနောက်က ကျွန်တော်လိုက်ခဲ့မယ်"

"ရှင်လူလည်မလုပ်နဲ့... ရုံးမှာလုပ်ရမယ့်အလုပ်တွေကအများကြီး ကျွန်မတစ်ယောက်ထဲနဲ့ ဘယ်လိုမှမလုပ်နိုင်ဘူး... ရှင်ပါ အတူတူလိုက်ခဲ့"

"မလိုက်ဘူးလို့ ပြောနေတာမဟုတ်ဘူးလေ... လိုက်ခဲ့မယ် မင်းအရင်သွားနှင့်လိုက်လို့ ပြောနေတာ"

"ရှင်ပေါ်မလာတော့ ဘယ်လိုလုပ်မလဲ"

"ဟာ... လာမှာပါ... မင်းတော်တော်လက်ပေါက်ကပ်တဲ့ မိန်းမပဲ"

"ကပ် ကပ်ပဲ ... ရှင့်ကို မယုံဘူး"

'သတိုး' စိတ်ညစ်သွားရသည်။ဗွတီးဗွကျနိုင်လှတဲ့ မိန်းမပါလား။ မယုံဘူးဆိုတာ တစ်ခုထဲနဲ့ သူ့အနားကမခွာနိုင်လုပ်နေတာ သူ့ကို ဒုက္ခပေးတာဖြစ်သည်။

သူ့ကိစ္စကလည်း ကြုံတုန်းတစ်ခါတည်းလုပ်သွားမှ အဆင်ပြေမှာ။ ရုံးပြန်ရောက်ရင် ပြန်ထွက်ဖို့က လွယ်တာမဟုတ်၍ ဘယ်လိုမှ အဆင်ပြေနိုင်မယ်မထင်။

"မင်းသွားမှာလား မသွားဘူးလား"

www.burmeseclassic.com

"အမယ်... လူကိုများချိန်းခြောက်တဲ့ပုံစံနဲ့ လာပြောနေတယ် ရှင်မပါဘဲ တစ်ယောက်ထဲမသွားနိုင်ဘူး မှတ်ထား"

'ကျွတ်' ကနဲမြည်အောင် သူစိတ်ပျက်စွာ စုပ်သပ်လိုက် ရင်း...

"ဒါဆိုလဲ... ဒီမှာ ခဏစောင့်နေ... ငါခုချက်ချင်း ပြန်ရောက် လာမယ်"

ဟု ပြောကာ သူမ အနားမှ ထွက်ခဲ့လိုက်ပါသည်။

"လုပ်ပြန်ပြီ... လမ်းလယ်ခေါင်မှာ အူကြောင်ကြောင်နဲ့ ရပ် နေရအုံးမယ်"

လို့ မကျေမနပ်ပြောတဲ့ သူမအသံကို ကြားပေမယ့် မကြား ဟန်ဆောင်လိုက်ရ၏။

'ရှုပ်' မှာလည်း ခြေလှမ်းကျဲနဲ့ထွက်သွားသော 'သတိုး' ကိုကြည့်ကာ တွေ့ရာခဲလုံးကြီးကြီးနဲ့ ကောက်ထုပစ်လိုက်ဖို့အထိ စိတ်ကူးမိပါသည်။ လူကိုထားသွားလိုက်တာ တကယ့်ကိုပြီး လွယ်စီးလွယ်။ သူမကလည်း သူထားသွားတဲ့နေရာမှာ ကျောက် ရုပ်လိုရပ်နေမယ့် သူမျိုးမှ မဟုတ်တာဘဲ။

စိတ်တိုပုတ်ပွစွာဖြင့် သူ့နောက်ကိုလိုက်ကြည့်ဖို့ ဆုံးဖြတ် လိုက်သည်။ တစ်ဖက်လမ်းကို ဖြတ်ကူးသွားသော သူ့နောက်ကို အမှီလိုက်ရလေ၏။ ဆိုင်တစ်ခုအတွင်းသို့ ဝင်ရောက်သွားတာမို့ ဘာဆိုင်လဲသိရအောင် ဆိုင်းဘုတ်ကို သူမ မော့ကြည့်မိပါသည်။

'အမိန့်ရအပေါင်ဆိုင်' ဆိုပါလား။ အော် ... သူပစ္စည်းလာ ပေါင်တာ လူသိမှာစိုးလို့ သူမအား အရင်သွားခိုင်းနေတာကိုး။ ပစ္စည်းပေါင်တာများ ရှက်စရာမှတ်လို့။ သူမလည်း အဆင်မပြေ တဲ့အခါကျရင် မေမေ မသိအောင် အပေါင်ဆိုင်သွားခဲ့ရတာပဲဥစ္စာ။



ကိုယ့်ပစ္စည်းနဲ့ကိုယ် ရှက်စရာတော့မရှိပါဘူး။

အတွင်းမှာ သစ်သားဆိုင်းဘုတ် ခပ်ကြီးကြီးတစ်ခု ...င်ထားသေးတာကြောင့် လူတစ်ကိုယ်လုံးမမြင်ရဘဲ ဆိုင်း ...တ်အောက်ခြေလွတ်နေသော နေရာမှ သူ့ခြေထောက်ကိုသာ ...င်ရလေသည်။ သူ ပြန်ထွက်လာတဲ့အချိန်မှာ သူမကဆိုင် ...ါက်ဝကို ကျောပေးရပ်နေလိုက်သည်။

"မင်း အတော်စပ်စုတာပဲ"

"ဘာစပ်စုလို့လဲ... ရှင့်ကို လျှောက်ရှာရင်းနဲ့ ဒီနေရာကို ...ာက်လာရတာ".

"ဩော်... တိုက်တိုက်ဆိုင်ဆိုင်ပေါ့လေ"

ခါးထောက်ကာ မကျေမနပ်ဖြစ်နေသော သူ့ပုံစံက ရယ်စ ...ကောင်းနေခဲ့သည်။ မျက်ခုံးထူထူနှစ်ခုက တွန့်ရှုံ့ကာ မျက်လုံး ... ဒေါသအငွေ့နဲ့ရှက်ရိပ်တွေပါ ရှိနေ၏။

"ရှင့် ကြည့်ရတာ... ရှက်နေသလိုပဲ"

"မရှက်ပါဘူး... ဘာလို့ရှက်ရမှာလဲ"

မရှက်ပါဘူး ပြောပေမယ့် သူ့မျက်နှာဘာကြောင့် ပိုနီမြန်း ...ားရပါသလဲ။ ဘဝတူလိုဖြစ်သွားတာကြောင့် သူမရင်ထဲ အမြင် ...တ်စိတ်ထက် ခင်မင်စိတ်က လှစ်ကနဲပိုပေါ်လာသလိုရှိသည်။

"အေးပေါ့နော်...ပစ္စည်းပေါင်တာ ဘာရှက်စရာရှိလဲနော့"

"မင်းက... ငါ့ကို လှောင်တာပေါ့လေ"

"မလှောင်ပါဘူး... အတည်ပြောတာ ပေါင်လို့ရတဲ့ဝိုက်... ...တ ရှင့်အတွက်ဖိနပ်တစ်ရံတော့ ဝယ်ဖို့စိတ်ကူးထား... ...တ်လား"

"မဝယ်ပါဘူး... ဖိနပ်က လခထုတ်မှဝယ်တော့မယ်... အခု

www.burmeseclassic.com



အတွက် ဆေးဖိုးလိုလို့ ပေါင်လိုက်တာ"

"ရှင်က အမေနဲ့နှစ်ယောက်ထဲ နေတဲ့သူလား"

"ဟင့်အင်း... ကျွန်တော့်အောက်မှာ ညီနဲ့ညီမရှိသေးတယ် ကျွန်တော်က သားအကြီးဆုံးဆိုတော့ အစစအရာရာ တာဝန်ယူရတာပေါ့"

သူလည်း သူမလို ဘဝမျိုးနဲ့ပါလား။ အကြီးဆိုတဲ့စိတ်ဓာတ်နဲ့ အရာအားလုံးကို ငဲ့ညှာစိတ်မွေးကာ အပင်ပမ်းခံရှာကျွေးနေတဲ့ သူတစ်ယောက်ပဲ ဖြစ်ပါလိမ့်မည်။ သူမ ဘဝနဲ့တူနေတာမို့ ကိုယ်ချင်းစာကာ စကားတွေဆက်ပြောနေဖြစ်သည်။

"ကျွန်မလည်း ရှင့်လိုပဲ.. အစ်မအကြီးဆုံးဖြစ်နေတော့ အားလုံးအတွက် ပူပင်သောကပိုဖြစ်ရတယ်... ကိုယ့်အတွက်ထက် အငယ်တွေကို ပိုဦးစားပေးမိတယ်... ဒါပေမယ့် အငယ်တွေက ပြန်မသိတတ်ကြပါဘူး"

"အတူတူပါပဲဗျာ... သည်းခံခွင့်လွှတ်ရတာ ထုံးစံလို ဖြစ်နေပြီ"

မျှော်လင့်မထားဘဲ သူမနဲ့ဆက်ဆံရေး ပြေလည်မှုရသွားတဲ့အတွက်သူ့ ရင်ထဲ ငြိမ်းချမ်းကျေနပ်ရပါသည်။ ဘဘောက်ကျနေတဲ့ဆက်ဆံမှုမျိုးနဲ့ ဆက်ဆံနေရတာ ဘယ်လောက်စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသလဲ။ ခုလိုဆိုတော့လည်း သူမပုံစံက ခင်မင်စရာကောင်းနေရသည်။

"ကျွန်တော် ရုံးကအပြန် အမေ့အတွက်ဆေးဝယ်ပြီး အိမ်ပြန်ပို့ပေးလိုက်အုံးမယ်နော်... 'မရူပါ' ရုံးပြန်ရောက်တဲ့အခါကျ မန်နေဂျာကို ကြည့်ပြောထားပေးပါလား"

"ရုံးကအပြန်မဟုတ်လဲ အခုသွားပေးလည်း ရပါတယ်

ကျွန်မတစ်ယောက်ထဲ ရုံးကိစ္စတွေလုပ်ထားနှင့်မယ်... ပြီးတော့မှ ရှင် ရုံးပြန်လိုက်ခဲ့လေ"

"ဖြစ်ရဲ့လား ... စောစောကတော့ တစ်ယောက်ထဲမဖြစ်ဘူးဆို"

"အဲဒါ ရှင့်ကို တမင်ဂွပြောတာ... လူမှုရေးကိစ္စရှိရင်တော့ ကျွန်မနားလည်မှုရှိပါတယ်"

"ဒါဆိုလဲ... ကျေးဇူးပဲဗျာ"

သူ ထွက်သွားတော့ **'ရူပါ' တစ်ယောက်**တည်း ရုံးသို့ လာခဲ့ရသည်။ လုပ်စရာရှိ**တာတွေလုပ်**ပြီး လက်ခံပြန်ယူရမယ့် အရွက်တချို့ကို စောင့်နေစဉ် သူပြန်ရောက်လာသည်။ ဖော့ဘူးတစ်ဘူး သူမဆီ ကမ်းပေးလာတော့...

"ဘာကြီးလဲ"

"ရေခဲမုန့်... 'မရူပါ' အတွက်ဝယ်လာတာ"

"ရပါတယ်... ပိုက်ဆံအပိုကုန်တဲ့ အလုပ်တွေမလုပ်စမ်းပါနဲ့ ရှင့်မှာလည်း ပိုက်ဆံရှိတာမဟုတ်ဘဲနဲ့"

"ဒီလောက်ကတော့ ရှိပါတယ်ဗျာ ...ပြီးတော့ ကျွန်တော်က ကပ်စေးနဲတဲ့သူ မဟုတ်ပါဘူး"

"ကျွန်မပြောတာကို မှတ်ထားတာပေါ့လေ"

"မဟုတ်ပါဘူး... အမှန်ကို သိစေချင်လို့ပြောပြတာ"

သူ့လက်ထဲက ရေခဲမုန့်ဖော့ဘူးကို လှမ်းယူကာ အားနာနာနဲ့ပဲ စားလိုက်ရပါသည်။ ရုံးပြန်ရောက်တော့ပြုံးချိုစွာအတူတွဲဝင်လာသည့် 'ရူပါ' တို့နှစ်ယောက်ကိုအတွေ့ 'အုန်းခင်' က အံ့အားသင့်သွားသည်။

"ဘာဂွင်တည့်လာကြသလဲ မသိဘူးဟေ့... ထူးထူးခြား



www.burmeseclassic.com

www.burmeseclassic.com

ခြေး ပြုံးရွှင်နေကြတယ်.."

'ရူပါ' က သူ့နေရာသူလျှောက်သွားပေမယ့် 'သတိုး' ကတော့ 'အုန်းခင်' အနားလာရတာမို့ ရှင်းပြရလေသည်။

"ဘာမှမဟုတ်ပါဘူးကွာ.. ဝန်ထမ်းအချင်းချင်း မငြ… လည်ဖြစ်နေတာကို ညှိယူလိုက်တဲ့ သဘောပါ"

"မင်းဘယ်လို ညှိလိုက်သလဲ"

"ဒီလိုပဲလေ.."

'ရူပါ' က သူ့စကားကို ပြုံးနေလေသည်။

"မင်းနည်းလမ်းလေး ငါ့ကိုလည်း ပြောပြစမ်းပါကွာ… ငါ မှာလည်း ညှိစရာရှိနေလို့ပါ… ငါ့ကိုစွမပြေလည်တာ မင်းလည်း သိသားနဲ့"

"ဘယ်သူနဲ့ ညှိမှာလဲ"

"ဟိုမှာလေ"

'အုန်းခင်' က 'ကေသီ' ကို လက်ညှိုးထိုးပြသည်။ မဲ့… သွားသော 'ကေသီ' မျက်နှာထားက ကြောက်စရာ။

"သေချင်းဆိုး'အုန်းခင်' နော်.. ပေါက်ကရတွေလျှောက် ပြောနဲ့…နင်နဲ့ငါဘာညှိစရာ ရှိသလဲ"

"မပြေလည်တာတွေကိုပေါ့ဟာ"

"ဘယ်တော့မှ မပြေလည်ဘူး… နင့်လိုပြောင်ချော်ချော် ရှော့လိုပိန်ရှည်ရှည်ကောင်ကို ငါက စိတ်ဝင်စားမှာတဲ့လား"

"အဲဒီလိုတော့ ပစ်ပစ်ခါခါမပြောနဲ့ဟာ.. ပြောင်ချော်ချော် ငါးရှဉ့်မှာလည်း အသည်းရှိပါတယ်"

"နင့်အသည်းက ဘာလုပ်လို့ရမှာလဲ… ချက်စားလို့ ရတာ လည်းမဟုတ်ဘူး.."





"ချက်စားလို့မရပေမယ့်… နင်ချစ်ကြည့်လို့တော့ ရပါတယ် ဟာ…နင်ချစ်ကြည့်လိုက်မှ ငါ့အသည်းရဲ့တန်ဖိုးကို သိမှာ"

"အေး… ငါသိတာက ဒါပဲ"

'ကေသီ'သည် အခန်းထောင့်မှာ ချိတ်ထားသော ဖုန်သုတ် သည့်ကြက်မွှေးကို ပြေးယူကာ 'အုန်းခင်' ရဲ့ကျောပြင်ကို သုံးလေး ချက်ဆင့်ရိုက်ပစ်လိုက်သည်။ အရှက်မရှိတဲ့ကောင်၊ လူကြားသူ ကြားထဲလည်း နားမလည်ဘဲပြောချင်ရာ ရွတ်ရွတ်ပြောနေတာ သည် 'ကေသီ' အရှက်ကို ခွဲနေတာနဲ့မတူပေဘူးလား။

သူ့လုပ်ရပ်တွေက နဂိုရှိတဲ့ခင်မင်တဲ့သံယောဇဉ်တွေကို တောင် ပျက်ပြားစေနိုင်သည်။ အရွယ်နှင့်မလိုက် အသကုန်ပေါ နေတာ ဘယ်လောက်အမြင်ကတ်ဖို့ ကောင်းလိုက်သလဲ။ ချစ်ချင် တဲ့စိတ်ကူး 'ကေသီ' ရင်ထဲဘယ်လိုလုပ်ပြီးရောက်လာတော့မှာလဲ။

"တော်တော့ဟာ… ဒီမှာနာလှပြီ… နင်မကြိုက်ရင် နောက် ငါမပြောတော့ပါဘူး 'ကေသီ' ရ"

'အုန်းခင်' က တုတ်ကိုလက်နဲ့ဆွဲဆုပ်ကိုင်ထားလေသည်။

"နင့်စကားနဲ့နင်နော်… ထပ်ပြောရင် နင်နဲ့ငါနဲ့အတွေ့ပဲ"

"အေးပါ.."

"ပြောလိုက်ရင် ဒါပဲ… ရုပ်ကိုက တစ်စက်မှသိက္ခာမရှိဘူး"

"နင့်ရုပ်ကရော"

"ငါ့ရုပ်က… နင့်ထက်သိက္ခာရှိတယ် မှတ်ထား"

'ကေသီ' လှည့်ထွက်လာတော့ 'အုန်းခင်' ရဲ့ မကျေမနပ် ဆူဆောင့်ဆောင့်အသံ ထပ်ထွက်လာသည်။

"ဥပမိရုပ်နဲ့ ဖူးသီးပုပ်ကများ လေကျယ်နေတယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



'ကောသီ' ရဲ့ ဘာဆိုတဲ့အသံ အတော်ကျယ်လောင်သွားပါသည်။ 'ကောသီ' ကိုများ ဗူးသီးပုပ်ရုပ်တဲ့။

" 'ကောသီ' ...ဟိုမှာ မန်နေဂျာထွက်လာပြီ တော်တော့"

ဟု 'ရူပါ' ရဲ့အသံခပ်တိုးတိုးကိုကြားမှ ဒေါသကိုလျှော့ကာ ကိုယ့်စားပွဲကိုယ်ပြန်လာရသည်။

" 'ကောသီ' ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး..."

"ဆရာက ရန်ဖြစ်နေတယ်အောင်းမေ့လို့... ဝန်ထမ်းအချင်းချင်းပြဿနာတက်တာ မကြားချင်ဘူးနော်... စည်းစည်းလုံးလုံးပဲ ရှိရမယ် ကြားလား"

"ဟုတ်ကဲ့"

မန်နေဂျာထွက်သွားတော့ 'ကောသီ' နဲ့ 'အုန်းခင်' ရန်ဆက်မဖြစ်ပေမယ့် တစ်ယောက်ကိုတစ်ယောက် မျက်စောင်းကိုယ်ဆီ ပြိုင်ထိုးနေကြလေသည်။ 'အုန်းခင်' ကလည်း ယောကျ်ားတန်မယ့် တည်တည်ကြည်ကြည်မရှိဘဲ အချိန်တိုင်းမျက်နှာပြောင်နိုင်သောသူဖြစ်၏။

ခပ်တည်တည်နေတဲ့ 'ရူပါ' လိုလူမျိုးကိုတောင် ရရင်ရသလို မျက်စပစ်လျှာထုတ်ပြတာတွေ ဘာတွေလုပ်ပြတာမို့ မမြင်ဟန်ဆောင်နေရသည်။

" 'ရူပါ' နော်... 'သတိုး' ကိုလည်း တည်တယ်ဆိုပြီး အရောသွားမဝင်နဲ့... 'အုန်းခင်' နဲ့ပေါင်းမှတော့ အဲဒီကောင်လို စိတ်မျိုးပဲရှိမှာပဲ... 'အုန်းခင်' လို ရုပ်မပြောင်ပေမယ့် ရုပ်တည်ကြီးနဲ့ အကြံကြီးကြံမယ့်သူမျိုး"

ဟု 'ကောသီ' ရဲ့အတင်းအုပ်သံကို 'သတိုး' ကြားရပါသည်။ ဘာမှလည်းမဆိုင်ဘဲနဲ့ 'ကောသီ' တစ်ယောက်သူ့အား စွပ်စွဲနေပါလား။ 'အုန်းခင်' နဲ့ဖြစ်တဲ့ကိစ္စ သူမြှောက်ပေးတာမှ မဟုတ်ဘဲ။

"သူများကို အားနာစရာ 'ကောသီ' ရယ်... 'သတိုး' က နင့်ကို ဘယ်နှစ်ခါများ မကောင်းကြံဖူးလို့လဲ ပြော"

"သူမကြံပေမယ့် 'အုန်းခင်' ကိုမြှောက်ပေးတဲ့ထဲမှာ သူလည်းပါတယ်...'ကျော်ကို' လည်းပါတယ်... 'မင်းဆွေ' လည်းအတူတူပဲ... အို... ငါတို့ရုံးမှာရှိတဲ့ယောကျ်ားတွေ တစ်ယောက်မှကို မကောင်းဘူး... ကျက်သရေတုံးတွေ"

သည်းမခံချင်တော့သဖြင့် 'သတိုး' အသံထွက်သွားရသည်။

"ခင်ဗျားစကားလွန်နေပြီ 'ကောသီ'...ခင်ဗျားဖါသာ 'အုန်းခင်' နဲ့မတဲ့တိုင်း လူတကာကိုရန်လုပ်မနေနဲ့ ... 'အုန်းခင်' ကိစ္စ ကျွန်တော်နဲ့မဆိုင်ဘူး.. မြှောက်ပေးစရာလည်း မလိုဘူး... အနေသာကြီးဆိုတာ ခင်ဗျားနားလည်ထား... ကျွန်တော့်မှာ ကိုယ့်ကိစ္စနဲ့ကိုယ် ယားလို့တောင် မကုတ်အားဘူးအောင်းမေ့"

"ယားလို့မကုတ်အားပေမယ့်... ရန်ထောင်ဖို့ကျတော့ ရှင်အချိန်ရတယ် မဟုတ်လား"

"ရန်ထောင်တာ မဟုတ်ဘူး.. ခင်ဗျားသိအောင်ပြောပြနေတာ"

"မပြောပြနဲ့ မသိချင်ဘူး... မကောင်းတာက မကောင်းတာပဲ.."

"ခင်ဗျားနော်"

'သတိုး' ရဲ့အံကြိတ်သံက ဒေါသကိုအနိုင်နိုင်အောင့်ချုပ်ထားရတဲ့ပုံပင်။ 'ကောသီ' ကလည်း ဆတ်ကနဲ နံမှလှည့်ပြလိုက်ကာ

www.burmeseclassic.com


"ရှင်ဘာလုပ်ချင်သလဲ... အံကြိတ်ပြီး ကြိမ်းဝါးတိုင်း 'ကေသီ' တို့က ကြောက်လိမ့်မယ်မထင်နဲ့"

"မင်းတကယ် မကြောက်ဖူးပေါ့"

"ဝေးသေး"

'သတိုး' သည် 'ကေသီ' လို ပုကွကွမိန်းမတစ်ယောက်အား အရှုံးမပေးချင်သဖြင့် နိုင်ရာကိုကိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

"မင်းစကားအတိုင်း မန်နေဂျာနဲ့သွားတိုင်မယ်"

ဟု သူပြောတော့ 'ကေသီ' မျက်လုံးပြူးကျယ်သွားရ၏။

"ကျွန်မဘာပြောလဲ"

"ဒီရုံးမှာရှိတဲ့ယောကျ်ားတွေမှန်သမျှ မကောင်းဘူးဆို... ကျက်သရေတုံးတွေဆို"

"အဲ့ဒါ ရှင်တို့ကိုပြောတာပဲ... မန်နေဂျာနဲ့မဆိုင်ဘူး"

"ဆိုင်ဆိုင် မဆိုင်ဆိုင် သွားပြောရမှာပဲ"

ကြီးကျယ်လှသော 'ကေသီ' ကို ကြည့်မရအမြင်ကတ်လာသောကြောင့် တကယ်ပဲမန်နေဂျာနဲ့သွားတိုင်ဖို့ 'သတိုး' ဆုံးဖြတ်လိုက်သည်။ ယောကျ်ားတန်မဲ့အတိုင်အတောထူတယ်လို့ ဝေဖန်လည်း ဂရုမစိုက်ချေ။

မန်နေဂျာရဲ့စည်းကမ်းရှိမှုနဲ့ပြတ်သားမှုကို အားလုံးသိနေပြီးသားမို့ 'ကေသီ' တစ်ယောက် သူစကားပြောမဆင်ခြင်မှုအတွက် နောင်တရနေလောက်ပါပြီ။

"တော်ပါတော့ 'သတိုး' ရယ်... ကြားထဲက 'ရူပါ' ပဲတောင်းပန်ပါတယ်... လုပ်မနေပါနဲ့ အလကားသက်သက် အကုန်လုံးဆူခံထိနေလိမ့်မယ် 'ကေသီ' ကလည်း စိတ်လျှော့မှာပေါ့... အလုပ်ချိန်မှာ ရန်ဖြစ်တာမကောင်းပါဘူးဟယ်"

သူ့ဒေါသက 'ရူပါ' ရဲ့ဖျောင်းဖြမှုအောက်မှာ ငြိမ်သက်သေဝပ်သွားရသည်။ 'ကေသီ' ကလည်းသူ့စားပွဲမှာ သူပြန်ထိုင်ကာ အလုပ်ပြန်လုပ်ဖို့ ပြင်နေသည်။

"ဟော့ကောင်.. သွားတိုင်မယ်ဆို သွားလေကွာ ဘာလို့ပြန်ထိုင်နေရတာလဲ.. ဒါမှ 'ကေသီ' မှတ်မှာ"

'အုန်းခင်' ရဲ့မြှောက်ပင့်သံကို သူ ခေါင်းခါလိုက်သည်။

"တော်ပြီ.. မင်းအလုပ်မင်းလုပ်တော့... မင်းအာချောင်လို့ဖြစ်တဲ့ပြဿနာ ထပ်ဖြစ်ရင် မင်းကိုပဲငါထိုးတော့မှာ"

ဟု လေသံ့မာနဲ့ပြောလိုက်တော့ 'အုန်းခင်' ငြိမ်သက်သွားလေသည်။ 'ရူပါ' ကို လှမ်းကြည့်မိတော့ သူ့အား အပြုံးနဲ့စိုက်ကြည့်နေတာတွေ့ရသဖြင့် သူ့ရင်ထဲတစ်မျိုးကြီးဖြစ်သွားရတာ ဘာရယ်မဟုတ်ပြန်ပြုံးပြရင်း မျက်နှာလွှဲလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒုက္ခပဲ.. ကားယူလာရင်ပျက်မှာစိုးပြီး ဒီအတိုင်း လာမိပါတယ်.. ဖိနပ်က ပြတ်ပြီ"

သူ့ ညည်းတွားသံကိုကြားပြီး 'ရူပါ' က အပြစ်တင်လေသည်။

"ဖြစ်မှာပေါ့... ဖိနပ်အသစ်မှ မဝယ်တဲ့ဟာကို လခထုတ်ကတည်းက ဖိနပ်တစ်ရံဝယ်လိုက်အုံးလို့ သတိပေးရဲ့သားနဲ့... ရတယ် ရတယ်လုပ်နေတာ...ကောင်းတယ် ဒီအတိုင်းနေခဲ့တော့"

သူမ စကားနားမထောင်ရကောင်းလားဆိုပြီး 'ရူပါ' တစ်ယောက်ဒေါသထွက်နေတာပဲ ဖြစ်ရပါမည်။ ဖိနပ်အသစ်တစ်ရံဝယ်ဖို့ ဆုံးဖြတ်ထားပေမယ့် တခြားကိစ္စတွေနဲ့သူရှုပ်နေတာကြောင့် ဖိနပ်ဆိုင်ကိုခြေဦးမလှည့်မိတာပါ။ ခုတော့ မဝယ်လို့မရတော့ချေ။ ပြတ်သွားတဲ့ဖိနပ်ကလည်း ပြန်ချုပ်စီးလို့မရတော့တဲ့အရွယ်မို့ ပစ်လိုက်မှပဲရတော့မည်။

"ခဏနေပါအုံး 'ရူပါ' ရယ်... အခုပဲဝယ်တော့မှာပါ... 'ရူပါ' ပြောကတည်းကလည်း ဝယ်မလို့ပါ.. ကိုယ့်ဖါသာရှုပ်နေတာနဲ့ ဝ





မဝယ်ဖြစ်တာ.."

"ခုမှတော့ မဝယ်လို့ဘယ်ရတော့မလဲ... ဝယ်ရတော့မှာပေါ့... ဖိနပ်ဆိုင်မြန်မြန်ရှာ တော်ကြာ ချိန်းထားတဲ့လူနဲ့လွဲနေအုံးမယ်"

အလုပ်ကလည်းဒီနေ့မှ အရေးတကြီးဖြစ်နေတာမို့ အမီသွားမှကို ဖြစ်မည်။ ရောက်နေတဲ့နေရာကလည်း ခြံကြီးဝင်းကြီးတွေနဲ့နေတဲ့ ဆိတ်ငြိမ်ရပ်ကွက်လိုနေရာမျိုးဖြစ်နေတာကြောင့် သူအခက်တွေ့နေရ၏။ 'ရူပါ့' မျက်နှာထားက စိတ်ပျက်မှုကြောင့်တင်းမာနေသည်။ နာရီကိုလည်း တကြည့်ကြည့်လုပ်ပြနေသည်။

သေးသွယ်လှပသော မျက်ခုံးတန်းလေးနှစ်ခုက အတွန့်ချိုးကာ အရည်လဲ့သောမျက်လုံးရွဲကြီးတွေက ရူးရှပြင်းထန်နေသည်။ နှုတ်ခမ်းဖူးဖူးဝိုင်းဝိုင်းလေးကလည်း ဘာတွေမှန်းမသိရေရွတ်နေတာတွေ့တာမို့ 'သတိုး' ပြုံးမိသွားရသည်။ လှတဲ့သူများကျတော့လည်း စိတ်ဆိုးတာတောင် အလှမပျက်ပါလား။

"ဘာရယ်နေတာလဲ... အချိန်ကိုလည်းကြည့်အုံး... ဆယ်ငါးမိနစ်လောက်ပဲ လိုတော့တယ်... ဒီလမ်းထဲကနေ လမ်းထိပ်ကိုပြန်ရောက်ဖို့က ဆယ်မိနစ်လောက်ကြာမယ် အသွားအပြန်ဆိုမိနစ်နှစ်ဆယ်... ဘယ်လိုမှမမှီဘူး ဒါတောင်ဖိနပ်ဆိုင်ရှာရမယ့်အချိန် ထည့်တွက်ထားတာ မဟုတ်ဘူး"

"ဒါဆို... ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"ဒီအတိုင်းပဲ လိုက်ခဲ့တော့ပေါ့"

"ဟာ"

"ဟာမနေနဲ့... စာရင်းကိစ္စတွေရှင်းပဲပြောတတ်တာလေ ကျွန်မမှ မပြောတတ်ဘဲ... ပြီးတော့ အဲဒီ M.D ကရော ဘယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ရှင်လည်းသိရဲ့သားနဲ့ ... 'ကျော်ကို' တို့တောင်လက်မြှောက်ပြီး ပြန်လာရတာ"

သူမ ပြောတာလည်း ဟုတ်နေတာကြောင့် သူ ခေါင်းညိမ့် လိုက်ရသည်။ မတတ်နိုင်ပါဘူး။ ဝန်ထမ်းဘဝမှာကိုယ်ရေးကိုယ်တာကိစ္စထက် အလုပ်ကိစ္စကပိုအရေးကြီးတာကြောင့် ပြတ်နေတဲ့ ဖိနပ်စုတ်ကိုချွတ်ခဲ့ကာ ခြေဗလာဖြင့် သူဒီအတိုင်း လျှောက်လာခဲ့ရသည်။ ချိန်းထားတဲ့အချိန်ထက် နောက်ကျပြီးမှရောက်လာတယ်လို့ အပြောမခံနိုင်ပေ။

အချိန်ကိုတန်ဖိုးထားတဲ့သူတွေထဲမှာ သူလည်းအပါအဝင် ဖြစ်သည်။ 'ရူပါ' က သူ့ကိုကြည့်ကာ စိတ်မသက်မသာဖြစ်နေဟန် ရလေသည်။

"ရှင်နဲ့တော့ခက်ပါတယ်... အရာရာကိုကပ်စေးနဲနေလို့ မပြီးသေးဘူးဆိုတာ ရှင်အခုလက်တွေ့သိရပြီမှလား... ကြည့်ပါအုံး လူမြင်လို့တောင် မကောင်းဘူး... ရက်စရာကြီး"

"မရှက်ပါဘူး... ကိုယ့်အကြောင်းနဲ့ကိုယ်ပဲဟာ 'ရူပါ' ရှက် နေရင် ကျွန်တော့်အနားမှာမနေနဲ့... ခပ်လှမ်းလှမ်းကပဲ လိုက်ခဲ့ လေ"

"ကျွန်မကဘာမှမဖြစ်ဘူး... ရှင့်အတွက်ပြောနေတာ"

"ဖြစ်ပြီးမှတော့ ဘာမှမတတ်နိုင်တော့ဘူး... အဆင်ပြေ အောင်ကြည့်လုပ်ရမှာပဲ... ဖိနပ်ပြတ်ကြီးကို မရမကဟန်မပျက် စီးနေရတာထက်စာရင် ခုလိုခြေဗလာနဲ့ သွားတာကမှ ပိုတော ငါ လွတ်လပ်သေးတယ်"

"လွတ်လပ်ရင်လည်း အမြဲတမ်းဒီလိုပဲနေတော့... ဖိနပ် အသစ်ဝယ်မနေနဲ့တော့ပေါ့"





နှစ်ယောက်သားတွတ်ထိုးငြင်းခုန်ရင်းနဲ့ ချိန်းထားတဲ့ ကုမ္ပဏီခြံဝင်းအတွင်းသို့ ရောက်လာကြပါသည်။ ခြံကကျယ်ဝန်း သားနားသလို ခြံအတွင်းရှိနှစ်ထပ်တိုက်ကြီးကလည်း ဟိုးထ အောင် ခမ်းနားလှပလေသည်။ 'ရူပါ' က တိုက်ကြီးကိုကြည့်ကာ သားရေကျပြနေသည်။

"ကောင်းလိုက်တဲ့တိုက်ကြီးနော်... အဲလိုတိုက်ကြီးနဲ့နေရ ရင် 'ရူပါ' တော့ သေပျော်ပါပြီ... ရေလည်မိုက်တယ်"

"ကုသိုလ်ကံဆိုတာ ပြောလို့ရမလား 'ရူပါ' ရ... တစ်နေ့ ဒီလိုနေရရင် နေရမှာပေါ့"

"မနေနိုင်ပါဘူး... မဖြစ်နိုင်တာကြီးကို 'ရူပါ' ကစိတ်ကူး မယဉ်တတ်ဘူး"

"ကျွန်တော်ကတော့ ယဉ်တယ်... စိတ်ကူးယဉ်တာ ပိုက် ဆံပေးရတာမှ မဟုတ်ဘဲ"

"ရှင့်စိတ်နဲ့ 'ရူပါ' စိတ်နဲ့တူမှမတူဘဲ... ယဉ်ပေါ့"

မှန်တံခါးကိုတွန်းဖွင့်ပြီး ဝင်လိုက်တာနဲ့တပြိုင်နက် အပြင် လောကနဲ့ဆန့်ကျင်စွာ အေးမြသွားရလေသည်။ တူညီဝတ်စုံဝတ် ထားသော ဝန်ထမ်းကောင်မလေးတစ်ယောက်က သူတို့ဆီ လျှောက်လာကာ...

"အစ်ကို ဖိနပ်စီးလို့ရပါတယ်"

ဟု လာပြောသည်။ သူ ရှက်သွားပေမယ့် မျက်နှာထားကို တည်လိုက်ရင်း ခေါင်းခါပြလိုက်သည်။

"ဖိနပ်ပြတ်သွားလို့ မစီးတာ... ကိစ္စမရှိဘူး"

"သြော်"

ဝန်ထမ်းကောင်မလေး သဘောပေါက်သွားကာ အခန်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခန်းကိုလက်ညှိုးညွှန်ပြသည်။

"M.D တော့မရှိဘူး… ဒါပေမယ့် G.M ကလက်ခံပြီး တွေ့မယ်တဲ့… ဟိုအခန်းပဲ အစ်ကို"

G.M ဆိုတာ အသက်ကြီးကြီး ယောကျ်ားတစ်ယောက် မဟုတ်။ သူတို့ထက်အသက်အနည်းငယ်သာကြီးမည့် မိန်းမတစ်ယောက်ဖြစ်နေခဲ့သည်။ မဟာနဖူးနဲ့ကျက်သရေရှိစွာ ဆံပင်တွေကို နောက်လှန်ဖြီးပြီး ဆံတုံးထုံးထားသည်။ ပါးလွှာသော မှန်ဘောင်အနက်ရောင်မိန်းမအကျီအောက်မှ ကြိုးမပါတဲ့ဘော်လီက အနည်းငယ်တော့ ပိုဟိုက်ပါသည်။

"ထိုင်ကြပါ… 'K' အေးဂျင့်က မဟုတ်လား… ကုန်ပစ္စည်းတွေထုတ်ရမှာအတွက် ပက်ကင်စာရင်းတွေလာယူတာလား"

"မဟုတ်ဘူးခင်ဗျ… ဈေးအရင်လာညှိတာပါ… ပထမတစ်နေ့က M.D နဲ့စကားပြော ဈေးညှိတာ အဆင်မပြေလို့ ကျွန်တော်တို့က နောက်တစ်ခေါက်လာပြန်ညှိတာပါ"

"ဟုတ်ပါတယ်.. မင်းတို့ပြောတဲ့ဈေးနဲ့ကျသင့်ငွေကို တို့ဖက်က ပြန်ကိုက်ကြည့်ပြီးသွားပြီ… အားလုံး OK ပဲ… ဒါ့ကြောင့် ဒီနေ့ပြန်ချိန်းလိုက်တာ"

"ဟာ ဝမ်းသာပါတယ်ဗျာ"

"ဒါပေမယ့်… တို့လိုချင်တာက တစ်ပတ်အတွင်းနော်… တစ်ပတ်အတွင်းရမှဖြစ်မှာ ဒီ့ထက်ပိုနောက်ကျလို့ မဖြစ်ဘူး"

'ရူပါ' သူ့မျက်နှာကို ကြည့်ကာ မေးဆတ်ပြသည်။ တစ်ပတ်ဆိုတဲ့အချိန်အတွင်းမှာ ပြေးလွှားလှုပ်ရှားရမယ့်အဆင့်တွေက နည်းတာမဟုတ်။ မဖြစ်နိုင်ဘူးလို့လဲ မငြင်းလိုက်ချင်တာကြောင့် သူ ခေါင်းညိမ့်ပြလိုက်မိပါသည်။ သူတို့ ကုမ္ပဏီရေရှည်အကျိုးအတွက် သူတို့ကြိုးစားပေးရမှာပေါ့။





"စာရွက်စာတမ်းတွေကတော့ စုံပါတယ်… လိုတာမရှိစေဘူး… မင်းတို့ဖက်က မြန်ဖို့ပဲလိုတာ"

"စိတ်ချပါ… ကျွန်တော်တို့အစွမ်းကုန် ကြိုးစားပေးပါ့မယ်"

"ကတိပေးပြီးရင် တို့က တည်မှုကြိုက်တာနော်… မင်းတို့ကုမ္ပဏီနဲ့ရေရှည်လက်တွဲ သွားချင်လို့ပြောတာ"

"ဟုတ်ကဲ့ပါ"

လိုအပ်တဲ့စာရွက်စာတမ်းတွေကို သူပဲ စစ်ဆေးယူရလေသည်။ 'ရူပါ' က ဒီကိစ္စတွေသိပ်ပြီး နားမလည်ချေ။ နားလည်ရအောင်လည်း သူ့လုပ်ငန်းပိုင်းနဲ့ဆိုင်တဲ့ ကိစ္စမျိုးမှမဟုတ်ဘဲလေ။

"ပြည့်စုံပါပြီ… ကျွန်တော်တို့ကို ခွင့်ပြုပါအုံး"

"အအေးတော့ သောက်သွားအုံးလေ"

စားပွဲပေါ်တင်ထားသော အအေးဖန်ခွက်ကိုယူကာသောက်နေရင်း အခန်းတွင်းကို မျက်လုံးကစားကာ လျှောက်ကြည့်နေမိပါသည်။ မိုးပြာရောင်ပစ္စည်းပစ္စယတွေ အတော်များများစားစားရှိနေတာကို သတိပြုမိသည်။ ပန်းအိုးမှာထိုးထားတဲ့ ပန်းပွင့်လေးတွေကအစ သူ မမြင်ဘူးသည့် အပြာနုရောင်ပန်းပွင့်လေးတွေဖြစ်နေပါသည်။

"မင်းပြန်ရင် ဒီအတိုင်းပြန်မှာလား … ကားလည်းမပါဘူး ဟုတ်လား"

ဟု G.M ရဲ့ မထင်မှတ်တဲ့မေးခွန်းကြောင့် သူ ချက်ချင်းပြန်ပြောရမှန်းမသိဘဲ ခေါင်းညိမ့်ပြလိုက်သည်။

"ရော့… တို့ကဒ် မင်းတို့ကို ပေးဖို့မေ့နေတယ်"

ကဒ်မှာ 'မိုးပြာပြာ' လို့ ရေးထားတဲ့နာမည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပါပဲ... ကျွန်တော်တို့ကို ခွင့်ပြုပါအုံး"

"မင်းအတွက် ဖိနပ်တစ်ရံ အပြင်မှာချထားပေးထားတယ်... စီးသွားလိုက်... အသစ်စက်စက်ကြီးတော့မဟုတ်ဘူးပေါ့ကွာ... တို့ဦးလေးရဲ့ဖိနပ်ကို ယူပေးလိုက်တာ"

"ရပါတယ်ဗျာ... လမ်းထိပ်ရောက်မှ ကျွန်တော်ဝယ်စီးလိုက်ပါ့မယ်"

"ဟေ့... အားနာမနေနဲ့... အပြင်မှာနေဒီလောက်ပူနေတာ ကတ္တရာလမ်းမဆို ပူကျွတ်နေမှာ ... မင်းသေသွားမှာပေါ့.. စီးသွား စီးသွား"

ဆက်ငြင်းနေလို့မကောင်းတာကြောင့် သူ လက်ခံလိုက်ရသည်။ 'ရူပါ' မျက်နှာကခပ်ပုတ်ပုတ် ဖြစ်နေပါသည်။ အသစ်နီးပါးရှိသော အောက်တွံပါအညိုရောင်ဖိနပ်က သူခြေထောက်နဲ့ လိုက်ဖက်လှ၏။

"ပိုက်ဆံအကုန်အကျတော့ သက်သာသွားပြီကွာ... ဒီလိုမှန်းသိရင် ဟိုတစ်နေ့ကတည်းက လာလိုက်ပါတယ်... ဖိနပ်တစ်ရံရံတာနည်းတဲ့ ကုသိုလ်မဟုတ်ဘူး"

"ဟွန်း... အရှက်မရှိ သူများအလကားပေးလိုက်တဲ့ ဖိနပ်ကိုစီးပြီး လေလုံးထွားပြနေတယ်... ကျွန်မသာ ရှင့်နေရာမှာဆို မိန်းမတစ်ယောက်က သနားလို့ပေးလိုက်တဲ့ဖိနပ်ကို သိက္ခာအကျခံပြီး မစီးဘူးသိရဲ့လား"

"မစီးဘဲနေရင် ကိုယ်ပဲအရှုံးဖြစ်သွားမှာပေါ့... 'ရူပါ' ရဲ့"

"ရှင်တော်တော်ပြောတတ်တဲ့သူပဲ...အချောင်လိုချင်ရင် လိုချင်တယ်ပေါ့... ရှုံးတာတွေ မြတ်တာတွေ ထည့်ပြောနေစရာ မလိုပါဘူး"



ဒေါသထွက်စိတ်တိုနေသော သူမကိုကြည့်ပြီး 'သတိုး' ရင်ထဲနားမလည် ဖြစ်နေခဲ့ရသည်။

"နေပါအုံး... 'ရူပါ' က ကျွန်တော်ဖိနပ်ရလာတာကို ဘာဖြစ်လို့မကျေမနပ် ဖြစ်နေရတာလဲ... ဘာလဲ မနာလိုလို့လား"

"အနေသာကြီး... ဘာမှမနာလိုစရာမရှိဘူး ... စကားကို ဆင်ခြင်ပြောနော်"

" 'မိုးပြာပြာ' က စေတနာနဲ့ပေးလိုက်တာ... 'ရူပါ' မြင်သားနဲ့ဟာ"

"တော်ပါတော့... ရှင့်ဖိနပ်ကိစ္စဒီမှာပဲရပ်တော့... ကျွန်မကို ဘာမှလာမပြောနဲ့တော့... နေပူလို့အိုက်ရတဲ့ကြားထဲ လေကြော တော်တော်ရှည်တယ်"

'ရူပါ' ရင်ထဲဘယ်လိုဖြစ်မှန်းမသိဘဲ 'သတိုး' အားစိတ်တိုနေမိသည်။ ဖိနပ်လိုချင်တာကနည်းနည်း ဖိနပ်ပေးတဲ့သူကို ငမ်းချင်တာကများများဆိုတာ မသိဘူးအောင်းမေ့နေသည်။ 'မိုးပြာပြာ' ရဲ့ဝတ်ပုံစားပုံမှာ သူ့မျက်လုံးစိုက်နေတာ ရက်ဖို့ပင်ကောင်း၏။

'သတိုး' ရဲ့ပုဇွန်ထုပ်မျက်လုံး ငမ်းကြောထပုံကို ခုမှပဲ 'ရူပါ' သက်တွေ့မြင်ဖူးပါတော့သည်။

"အခုဘယ်သွားမှာလဲ... ဆိပ်ကမ်းရုံးသွားမှာလား"

"မသွားဘူး... ရုံးပြန်ပြီးပဲ အနားယူတော့မယ်... နေပူမိတာ ခေါင်းတောင်ကိုက်လာပြီ"

"ရုံးပြန်လို့မဖြစ်သေးဘူးလေ... အလုပ်ကိစ္စမှ မပြတ်သေးဘာ"

"မပြတ်သေးရင် ရှင်တစ်ယောက်ထဲပဲသွားတော့... ကျွန်မ မလိုက်ဘူး"

www.burmeseclassic.com

"မင်းဘယ်လိုဖြစ်နေတာလဲ 'ရူပါ' ရာ... အလုပ်ချိန်မှာ အလုပ်ကိုလေးစားရမှာ ငါတို့တွေရဲ့တာဝန်ပဲ"

"ဒါတွေမသိဘူး... အလုပ်ချိန်မှာအလုပ်ကိုစိတ်မဝင်စားဘဲ ရှင် ငမ်းကြောယနေတာကိုပဲ ကျွန်မသိတယ်"

"ဘာပြောတယ် "

"ကြားတဲ့အတိုင်းပဲ... ရှင့်မျက်လုံး ရယ်ကလယ် ဘယ်နေရာမှာလိုက်နေသလဲဆိုတာ ရှင်အသိဆုံးပဲ"

ကြည့်စမ်း...။ ဘေးနားကနေပြီး သူ့အခြေအနေအားလုံးကိုအကဲခတ်ခိုးကြည့်နေခဲ့တာပါလား။ ကိုယ့်မျက်စိနဲ့ကိုယ် ကြည့်တာတောင်မှ မလွတ်မလပ်ရှိလိုက်တဲ့ဘဝ။ 'ရူပါ' တောင်သတိထားမိတယ်ဆိုတော့ 'မိုးပြာပြာ' လည်း ရိပ်မိမှာပါပဲ။ သူ အခုမှ ရှက်ရွံ့ အားနာသွားမိသည်။

"အလုပ်ဆက်လုပ်မှာလား ..ရုံးပြန်မှာလား"

"ရုံးပြန်မယ်လို့ ပြောပြီးပြီမဲ့.. ရှင်ဆက်လုပ်ချင်နေရင် တစ်ယောက်ထဲသွားလုပ်လို့ရတယ်"

"ခိုင်းလိုက်တဲ့အထဲမှာ... မင်းလည်းပါတယ်လေ"

'ရူပါ' သည်လှမ်းနေတဲ့ခြေလှမ်းကို တိကနဲရပ်ပစ်လိုက်သည်။ မသွားတော့ပါဘူးလို့ ပြောနေတဲ့ဟာကို သူဘာထပ်ရှည်နေရပြန်တာလဲ။ သူမ စိတ်ကပြတ်သည်။ ဒါဆိုဒါပဲ အပြောင်းအလဲမရှိ။

"ခု ကျွန်မ Taxi ငှားပြီးပြန်မယ်...ရှင်လိုက်မှာလား မလိုက်ဘူးလား တစ်ခါထဲအပြတ်ပြော"

"မင်းမလိုက်ဘူးဆိုမှတော့ ငါလည်းဘယ်အပင်ပမ်းခံတော့မလဲ... အတူတူပြန်မှာပေါ့"



"ဒါဖြင့်လည်း ပြီးရော... လာတဲ့ Taxi သာငှားလိုက်"

Taxi ငှားဖို့စောင့်နေရင်း မထင်မှတ်ဘဲ 'မမကြီး' လို့ အော်ခေါ်တဲ့အသံကို ကြားလိုက်ရပါသည်။

" 'ကျော်စွာ'... နင်ဒီနေရာကို ဘာကိစ္စရောက်နေရတာလဲ ကျောင်းမတက်ဘူးလား"

"ဒီနေ့ကျောင်းမှာ ဆရာကန်တော့ပွဲရှိလို့ အစောကြီးပြန်ရတယ်လေ... အခုဆရာမကို လိုက်ပို့တာ... သူငယ်ချင်းကားနဲ့ ပဲပြန်တော့မလို့... 'မမကြီး' ကရော"

"ငါက အလုပ်ကိစ္စနဲ့လာတာ"

'ကျော်စွာ' သည် 'ရူပါ' အားမယုံသလို မျက်လုံးမျိုးနဲ့ စေ့စေ့စိုက်ကြည့်ကာ ဘာမဆိုင်ညာမဆိုင် 'သတိုး' ကိုပါ ပြုံးပြီးအကဲခတ်သလိုကြည့်နေသည်။ ယောကျ်ားတစ်ယောက်နဲ့ အတူတွဲတွေ့တာကို မကြည့်ဖြူဘူးနဲ့တူပါသည်။

"သွားတော့လေ... ဟိုမှာ နင့်သူငယ်ချင်းစောင့်နေတယ်"

" 'မမကြီး' နော်... မေမေစီစဉ်တာကို ခေါင်းထဲမှာထည့်ထား... ပုံမလာတဲ့အဘိုးကြီးဒီဇိုင်းကို စိတ်ကူးယဉ်မနေနဲ့... လူ့ရွံ စာရင်းဝင်သွားမယ်"

"ကလေးက ကလေးလို နေစမ်း... သွား...သွား ပြန်တော့"

'ကျော်စွာ' အားဖွတ်မောင်းထုတ်လိုက်ရသည်။ မျက်နှာပျက်နေသည့် 'သတိုး' ကိုကြည့်ကာ 'ရူပါ' အားနာသွားမိပါသည်။ ဘာမဆိုင်ညာမဆိုင် သူ့အပြောခံထိတာ...။

"ကျွန်တော်နဲ့တွဲသွားတာကို ကြည်ဖြူပုံမရဘူး... 'ရူပါ' အိမ်က စည်းကမ်းတင်းကြပ်တယ်နဲ့တူတယ်"

"အလကားပါ... မေမေတောင်ဘာမှမပြောဘူး...သူထင်

www.burmeseclassic.com

ရှည်နေတာ… မောင်အငယ်ဆုံးဖြစ်ပြီး သူပဲ ဆရာလုပ်ချင်နေတယ် ပြောချင်ရာပြော 'ရူပါ' ကအကြီး ဂရုစိုက်နေစရာမလိုဘူး"

"ကျွန်တော့်ပုံစံက မွဲမှန်းသိသာနေတော့ သူ့အစ်မနဲ့တွဲတာ သဘောမကျဘူးနဲ့တူပါတယ်… အိမ်ကညီနဲ့ညီမလည်း ဒီလိုပဲ… ကျွန်တော့်ကို မိန်းမယူရင် ချမ်းသာတဲ့မိန်းမကိုပဲ ယူပါတဲ့… ဒါမှ သူတို့မျက်နှာ ရှိ ,မတဲ့… ကလေးအတွေးတွေနဲ့ လျှောက်ပြော နေတယ်"

သူ့အပြောအရဆို သူ့ညီနဲ့ညီမက 'ရူပါ' နဲ့သူနဲ့အတူ ယှဉ်တွဲပြီးတွေ့ရင်လည်း 'ကျော်စွာ' လိုပဲ မကျေမနပ်ဖြစ်မယ်နဲ့ တူပါသည်။ သူ့ဖက်မှာလည်း 'ရူပါ' လိုမျိုး သူ့အမေသဘော ကျပြီး စပ်ဟပ်ထားတဲ့မိန်းမမျိုး ရှိမနေဘူးလို့မပြောနိုင်။ တချို့က အူတူတူတိုက်ဂေါ်မျိုးကိုမှ သားမက်တော်ချင်တဲ့မိဘမျိုးတွေ အများသားလား။

'ရူပါ' ကတော့ 'သတိုး' ဝတ်ပုံစားပုံကိုကြည့်ကာ မသိမသာလေး နှာခေါင်းရှုံ့မိပါတော့သည်။



# အခန်း [၅]

"ဒီဖဲပြားတပ်ထားတဲ့ အင်္ကျီလေးဝတ်သွားပါလား 'မမကြီး' ရဲ့ … ဒါမှပိုနုသွားမှာ"

'မရမ်းပင်' နဲ့ချိန်းထားတဲ့ဆီမသွားခင် ဘေးကနေ 'ဖြူပြာ' ဝင်ပူနေခြင်းဖြစ်သည်။ ကာယကံရှင်ထက်သူ့က ပိုပြီးတော့ကို ကြွတက်နေတာ အမြင်ကတ်စရာကောင်းလှပါသည်။ 'ရူပါ' မှာ လည်း ချိန်းထားမိလို့သာသွားရသည် စိတ်ထဲမှာတော့ သွားချင် စိတ်ကို နည်းနည်းကလေးမှမရှိပေ။ ပထမတစ်ခါချိန်းတုန်းက လည်း 'ရူပါ' ပဲ မသွားဖြစ်ခဲ့တာပါ။

သည်တစ်ခါတော့ မေမေပါ, ပါလာသဖြင့်မသွားလို့မရ တော့ချေ။ စိတ်မပါပေမယ့် ပြင်ရဆင်ရသည်။

"ခေါင်းကို ကော်ရည်ဖြန်းသွားလိုက်အုံးလေ… တော်ကြာ လေတိုက်လို့ ဆံပင်တွေပွကုန်အုံးမယ်"

"နင်ဘေးကနေ တချိန်လုံးညှော်နေတာပဲ 'ဖြူပြာ' ရယ် ပါးစပ်ကိုပိတ်ထားစမ်းပါ…ဟိုဟာလုပ် ဒီဟာလုပ်ဆိုပြီး ငါ့ကို

www.burmeseclassic.com



ဆရာလာမလုပ်နဲ့ ... စိတ်တိုရင်အရင်တစ်ခါလို ငါမသွားဘဲနေ လိုက်မှာ"

'ရူပါ' ဟောက်လိုက်တော့ 'ဖြူပြာ'တစ်ယောက် မျက်နှာ သေနဲ့ ငြိမ်သက်သွားပါသည်။

"နင်တို့လူကို လက်ခံဖို့သွားတာမဟုတ်ဘူး... သွားကြည့်ရုံ ပဲကြည့်တာ... မဖြစ်နိုင်တာတွေကို သိပ်ပြီးမျှော်လင့်မနေနဲ့... ငါ က နင်တို့ညွှန်ကြားတိုင်းလုပ်ရမယ့် စက်ရုပ်မဟုတ်ဘူး ... ငါ့အိမ် ထောင်ရေး ငါ့ဖာသာဆုံးဖြတ်မယ်"

"ဒီစကားကို 'ဖြူပြာ' ကိုမပြောနဲ့ ...မေမေကိုသွားပြော... 'မမကြီး' သတ္တိရှိတယ်ဆိုရင် ... ချိန်းထားတဲ့ဆီ မသွားဘဲနေပြ လိုက်လေ"

'ဖြူပြာ့' လေသံကလည်း မာဆတ်ဆတ်နဲ့ပါလား။ သူ့လူနဲ့ မေမေသဘောတူတယ်ဆိုပြီး အပိုင်ချိတဲ့အချိုးမျိုးနဲ့တော့ 'ရူပါ' ကိုလာလုပ်လို့ဘယ်ရပါ့မလဲ။သူက ညီမ၊ ညီမက ညီမနေရာမှာပဲ ရှိရမည်။

" 'ရူပါ' မသွားသေးဘူးလား... ချိန်းတဲ့အချိန်ကို တိတိကျ ကျသွားမှပေါ့ကွယ်... အချိန်လေးစားတာဟာ ဂုဏ်တစ်ရပ်ပဲ"

ဟုအခန်းထဲ မေမေဝင်လာကာ သတိပေးလေသည်။

"သွားမှာပါ... ဒီမှာသမီးကို သူ့ဆရာလာလုပ်နေလို့ ဆူနေ တာ... သမီးကိစ္စ သမီးဦးနှောက်နဲ့သမီးစဉ်စားဆုံးဖြတ်မှာပေါ့ နေရာတကာဝင်ပါနေတာကို မကြိုက်ဘူး... အငယ်ကအငယ်နေရာ မှာပဲနေတာကောင်းတယ်... ခုသူလုပ်နေတဲ့အချိုးက သူ့ကိုပဲပြန် ကြောက်နေရမယ့်ပုံ"

" 'ဖြူပြာ' ကသူ့အစ်မကို ကောင်းစားစေချင်လွန်းလို့ ပြောတာဖြစ်မှာပါသမီးရယ်... အစ်မကြီးကြီးပီပီ ခွင့်လွှတ်စိတ်မွေး စမ်းပါကွယ်"

"အဲဒီ့အစ်မကြီးနေရာရောက်နေလို့လည်း ဘဝကြီးတစ်ခု လုံးပါ ဆုံးတော့မယ်... လောကကြီးကမညီမျှပါဘူး"

ဒေါသသံတုန်တုန်ဖြင့် ပြောချင်ရာပြောပြီး 'ရူပါ' ထွက်ခဲ့ လိုက်သည်။ သူမဖက်က ဘယ်လိုပဲပြောပြော နောက်ဆုံးတော့ သူတို့တတွေရဲ့ ဆန္ဒအားလုံးကို ဖြည့်ဆည်းလိုက်လျောပေးရ တာပါပဲ။ လမ်းထိပ်ကကြံရည်ဆိုင်မှာ 'သန်းလွင်' ဆိုတဲ့လူထိုင် နေပါသည်။

ပန်းနုရောင်ကော်တွန်ဘလောက်စ်အင်္ကျီကို အနက်ရောင် ပျော့အိအိထမီနဲ့တွဲဝတ်ထားသော 'ရူပါ' အားမျက်လုံးကျွတ်မ တတ် ငေးစိုက်ကာကြည့်နေခဲ့သည်။ 'ရူပါ' မျက်နှာရှုပုတ်ပုတ် လေးကလည်း ညနေစောင်းနေရောင်ခြည်အောက်မှာ လှပနေပြန် တာပါပဲ။

သူ့ရှေ့မှ ခွေးခြေပုကို ဆောင့်ဆွဲယူကာ ခုံမှာဝင်ထိုင်မိ သည်။ သူက 'ရူပါ' အား ညှသလိုလိုအပြုံးမျက်နှာနဲ့ ကြည့်နေခဲ့ ပါသည်။ ဘာစကားမှတော့ မပြောသေးချေ။ သူ မပြောတော့'ရူပါ' က်ကပဲစပြောရတော့သည်။

"ရှင်ပြောစရာရှိတာပြောလေ 'မရမ်းပင်'ရဲ့... ကျွန်မ ကို ထိုင်ကြည့်နေလို့ ဘာမှမထူးဘူး"

"ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

သူမ စိတ်လောကြီးကာ မှားသွားမှန်း ခုမှရိပ်မိတော့သည်။ ယောကျ်ားတစ်ယောက်အား ပေါ်တင်ကြီး မစော်ကားသင့်မှန်း သူမ သဘောပေါက်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com


"ရှင်ဘာပြောမလဲပဲသိချင်တယ်... ကျွန်မနဲ့တွေ့တုန်း ရှင်ပြောချင်တာ ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်နော်"

သူ ခေါင်းတညိတ်ညိမ့်ဖြင့် ကြံရည်ကိုတစ်ချက်စုပ်သောက်ကာ စားပွဲပေါ်တင်ထားသော မြေပဲကျော်ထုပ်ထဲမှ မြေပဲကို ခိစ်နဲ့ယူစားနေသေးသည်။ ကြံရည်သောက်တာများ ဘီယာသောက်သလို မြေပဲကြော်တွေဘာတွေနဲ့ အမြည်းလုပ်နေတာ ဘာပေါ်နေတာလဲ မပြောတတ်။

စကားပြောဖို့အရေးကိုလည်း ဟန်လုပ်အိုင်တင်ထုတ်နေတာသည် သူမ အတွက် စိတ်မရှည်စရာကောင်းနေခဲ့သည်။ 'မရမ်းပင်' ပုံစံက ဖြူဖြူနုနုနဲ့ လူဘော်ကြော့ပုံစံမှန်းသိသာနေသည်။ သူ့အကြောင်းမသိရသေးပေမယ့် သူ့မျက်နှာကိုကြည့်တာနဲ့တင် အကဲခတ်လို့ရနေသည်။

မျက်လုံးမှေးကျဉ်းကျဉ်း နှုတ်ခမ်းပါးပါးက အလိုရမ္မက်ကြီးပြီး တစ်ကိုယ်ကောင်းဆန်မှုအား ပြသနေသလိုပင်။ ကြည့်ရင်း ကြည့်ရင်း 'ရူပါ့' ရင်ထဲစိတ်ပျက်မှုက ကြီးစိုးလာရသည်။

"ကိုယ့်ဖက်ကသဘောထားကို 'ရူပါ' သိပြီးသားပါနော်"

"မသိဘူး"

"အန်တီနဲ့ 'ဖြူဖြူ' ... မပြောပြဘူးလား"

"ပြောတော့ပြောနေတာပဲ... ဒါပေမယ့် ကျွန်မစိတ်မဝင်စားလို့ ရေရေရာရာ ဘာမှမသိဘူး"

"ဟာဗျာ... ကိုယ့်က 'ရူပါ'အားလုံးသိနေပြီထင်တာ ...ခုချိန်းထားတာတောင် စေ့စပ်ဖို့ရက်ညှိမယ်ပဲအောင်းမေ့တာ"

"အမယ်လေး... အဲဒီ့အဆင့်တွေရောက်ဖို့ အဝေးကြီးလိုသေးတယ်... ရှင့်ကိုမမြင်ဘူးသေးလို့ မြင်ဖူးအောင် ခုမှ ကျွန်မတာ

ကြည့်တာ"

ရင်ပူနေရတဲ့အဖြစ်မို့ ကြံရည်တစ်ငုံလောက် စုပ်သောက်လိုက်ရသည်။ ရေခဲများသော ကြံရည်ရဲ့အရသာက အချိုပေါ့နေသည်။ ကြံရည်သောက်တာတောင် မချိုမြိန်တဲ့ဘဝပါလား ဟုစိတ်ပျက်စွာတွေးမိသေးသည်။

"အချိန်မဆွဲပါနဲ့တော့ 'ရူပါ' ရယ်... ကိုယ်ဒီတစ်ခေါက် သဘောမတက်ခင်ကိစ္စအားလုံးပြီးသွားချင်လို့ပါ... 'ရူပါ' ခေါင်းတစ်ချက်ညိမ့်တာနဲ့ အားလုံး OK ပဲ"

"မအိုကေပါနဲ့... ကျွန်မဘာကိုမှ မစဉ်းစားရသေးဘူး"

"မြန်မြန်လေးစဉ်းစားစမ်းပါကွာ"

"နေပါအုံး... ရှင်ကဘာလို့လောနေတာလဲ... အိမ်ထောင်ပြုတာ ဈေးဝယ်သလို လွယ်လွယ်ကူကူဝယ်လို့ရတယ် မှတ်နေလို့လား"

" 'ရူပါ့' ကို ကိုယ်ချစ်လို့ပါကွာ... ချစ်တော့စိတ်မချဘူး ကြောင့် အမြန်လက်ထပ်ချင်နေတာ"

'ရူပါ' မဲ့ပြုံး ပြုံးလိုက်မိသည်။ သူ့ လိုအင်ဆန္ဒအမြန်ပြည့်ချင်ရင် ပြည့်ချင်တယ်လို့မပြောဘဲ စိတ်မချဘူးတွေ ဘာတွေလုပ်နေတာ ရယ်ပစ်ဖို့ပဲကောင်းတော့သည်။ ချစ်တယ်ဆိုတဲ့ စကားပြောတာများ မြေပဲလေးတဝါးဝါးနဲ့ အတော့်ကိုလေးနက်အရေးအားပုံ ပေါက်နေပါလား... 'ရူပါ့' စိတ်နဲ့သူ့ပုံစံလုံးဝကို ကိုက်ညီမှု မရှိပါဘူး။

" 'ရူပါ' ဘာကိုပြုံးတာလဲ... အမြန်ခေါင်းညိမ့်လိုက်ရမှာကို 'ရူပါ' က ရှက်နေလို့လား"

"ရှင်က ပဲစားပြီး အသည်းစကားတွေပြောနေလို့ ရယ်ချင်

www.burmeseclassic.com

တာပါ… ရှင်ပြောတဲ့အချစ်စကားက မြေပဲလေးတဝါးဝါးနဲ့ အာတော်လေးနက်မယ့်ပုံပဲ”

သူ့မျက်နှာတစ်မျိုးပြောင်းကာ တည်တည်ကြည်ကြည် ပုံစံဖမ်းလိုက်လေသည်။ ဩော်… တတ်လည်းတတ်နိုင်ပါရဲ့ 'မရမ်းပင်' ရယ်… မူယာမာယာများတဲ့ ယောကျ်ားမျိုးကို 'ရူပါ' က အထင်မကြီးတတ်ဘူးဆိုတာ ရှင်သိထားဖို့ကောင်းပါတယ်။

“ကိုယ်အတည်ပြောနေတာပါကွာ… 'ရူပါ့'ကို တန်ဖိုးထားပြီးချစ်ပါတယ်… ချစ်လို့လည်းလူကြီးတွေနဲ့ လာတောင်းရမ်းဖို့အထိ စီစဉ်နေတာပါ”

“ကဲပါ… ကျွန်မစဉ်းစားအုံးမယ်… စဉ်စားပြီးရင် မေမေတို့ကတစ်ဆင့်ပဲ အကြောင်းပြန်လိုက်မယ်…ကျွန်မကိုခွင့်ပြုအုံး”

ကိုယ်သောက်တဲ့ကြံရည်ဖိုးငါးဆယ်ကို စားပွဲပေါ်တင်ကာ 'ရူပါ' ထွက်ခဲ့လိုက်သည်။ စိတ်ထဲမှာတော့ ဒီလူနဲ့ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သေချာနေရသည်။ 'ရူပါ' သူ့ကိုကြည့်ပြီး ရင်ခုန်မလာပါ။ စိတ်လှုပ်ရှားမှုလည်းမဖြစ်ပါ။ ရင်ခုန်ဖို့နေနေသာသာ ရင်ခုန်သံရပ်မသွားတာပင် ကံကောင်းဟု ယူဆနေရ၏။

မျက်နှာတည်တည်နဲ့ အိမ်ပြန်ရောက်လာသော 'ရူပါ့' အား မေမေတို့က သတင်းစာရှင်းလင်းပွဲလုပ်နေကြတော့သည်။ 'ရူပါ' နံဘေးမှာဝိုင်းထိုင်ကာ သူတို့မေးချင်တာတွေ တစ်ယောက်တစ်ပေါက်မေးနေကြတာဖြစ်သည်။

“သမီးကိုတွေ့တော့ ဘာပြောသလဲ”

“ဘာမှမပြောဘူး… ငမ်းကြောထပြီးစိုက်ကြည့်နေတယ်”

“ 'မမကြီး' တို့အဆင်ပြေတယ်မှလား… စေ့စပ်ပွဲကို ဘယ်တော့လုပ်မယ် ပြောလိုက်သလဲ”



“ဘာမှအဆင်မပြေဘူး… စဉ်းစားအုံးမယ်ပြောပြီး ငါထပြန်လာခဲ့တာ… သူ့ကိုကြည့်ပြီး နှလုံးခုန်သံရပ်သွားမှာစိုးလို့အမြန်လစ်ရတာ ရှင်းရဲ့လား”

'ဖြူပြာ' က သူထင်ထားသလို မဖြစ်သဖြင့် မျက်စောင်းထိုးလေသည်။

“ 'ကိုသန်းလွင်' ပုံစံကသဘောကောင်းပုံပါပဲ 'မမကြီး' ရဲ့ကျွန်တော့်ကိုတောင် ဟိုတစ်ခါလာတုန်းက မုန့်ဖိုးတစ်ထောင်ပေးသွားသေးတယ်… ခုခေတ်ကြီးမှာ ရင်ခုန်တာကိုမကြည့်နဲ့ ငွေကိုကြည့် ဒါမှစိတ်ချမ်းသာရမှာ”

“နင့်မုန့်ဖိုးရတာလေးတစ်ခုထဲနဲ့ ကိုယ့်အစ်မကို သူစိမ်းသက်ထဲထည့်ချင်နေပြီလား 'ကျော်စွာ' …သူ မပေးခင်ကတည်းက ငါပဲတစ်သက်လုံး နင့်ကို မုန့်ဖိုးပေးခဲ့တာပါ… ခုမှထပေါ်လာတဲ့သူကို ဖင်လျက်ပြမနေနဲ့”

အဆင်မပြေခဲ့ဘူးဆိုတာ သေချာသိသွားသဖြင့် မေမေ့မျက်နှာတင်းမာလာရသည်။ မေမေမျှော်လင့်ထားတဲ့အတိုင်းတော့ သူမ ဖက်က ဘယ်လိုဖြည့်ဆွမ်းပေးနိုင်ပါ့မလဲ။ သူမတစ်ကိုယ်ကောင်းဆန်ခြင်းမဟုတ်ပါ။ လုံးဝကို မနှစ်သက် မကြည်ဖြူနိုင်သောကြောင့်ဖြစ်သည်။

“အချိန်ဆွဲလို့မရဘူး 'ဖြူပြာ'… 'မောင်သန်းလွင်' ဒီတစ်ခေါက်သင်္ဘောပြန်မတက်ခင် စေ့စပ်သွားမှပဲဖြစ်မှာ… 'မစောမြ' ကိုယ်တိုင်က သူ့သားကိုစိတ်ပူပြီး လောနေတာ”

“ 'မစောမြ' ဆိုတာက…”

“တစ်နေ့ ညည်းယောက္ခမဖြစ်မယ့်သူလေ”

“မေမေနဲ့ 'မရမ်းပင်' ရဲ့အမေနဲ့တွေ့ပြီးသွားပြီဟုတ်လား”

www.burmeseclassic.com

"နှစ်ခါ သုံးခါတောင်မကတော့ဘူး"

သူမတော့ ဒုက္ခလှလှတွေ့ရတော့မယ်နဲ့တူသည်။ သူမ ရုံးသွားနေတဲ့အချိန်တွေမှာ မေမေတို့တတွေ ခရီးအတော်ပေါက်နေကြပြီပဲ။ အဲသလောက်ခရီးပေါက်နေလို့လည်း 'မရမ်းပင်' က အပိုင်တွက်ပြီး စေ့စပ်မယ်ရက်ကို လာညှိတာနေမှာပေါ့။ မဖြစ်နိုင်ပါဘူး။

"မေမေတို့နဲ့တော့ စိတ်ညစ်ပါတယ်... သမီးသဘောကို မမေးဘဲ စိတ်ထင်ရာဇွတ်လုပ်နေကြတယ်... မေမေတို့လူကို သမီးမကြိုက်ဘူး... ပုံစံကယောကျ်ားတန်မယ့် တင်စီးမယ့်ပုံ"

"ပုံစံကိုမကြည့်နဲ့... မိဘဆွေမျိုးအသိုင်းအဝိုင်းကိုကြည့် ငွေပေါမှ စိတ်ထဲရှိတာဖြစ်မှာ"

"သမီးတို့ဘဝက အခုလက်ရှိ စုတ်ပြတ်သပ်နေလို့လား မေမေ ... သင့်တင့်ရုံတော့ နေနိုင်တာပဲ မဟုတ်လား"

"သင့်တင့်ရုံနဲ့ လူ့ဘဝသက်တမ်းတလျှောက်လုံး ဒီအတိုင်းနေသွားလို့ ဖြစ်မလား... အိုမယ့် နာမယ့်အချိန်ကျရင် ကုန်ကျမယ့်ငွေကြေးကဘယ်မှာလဲ... ဒီခေတ် ဆေးရုံဆေးခနဲ့ စရိတ်လည်း ညည်းမသိတာမဟုတ်ဘူး... အရှည်ကိုတွေးစမ်းပါ 'ရူပါ' ရယ် အမေတစ်ယောက်အနေနဲ့ ဒီထက်လည်း ပိုပြောလို့ မကောင်းတော့ဘူး"

သမီးကြီးဖြစ်ရတဲ့ဘဝကို 'ရူပါ' ဝမ်းနည်းလာသည်။ အားလုံးအတွက် လွတ်လပ်ငြိမ်းချမ်းနေတဲ့ 'ရူပါ့' ဘဝအား အိမ်ထောင်ဆိုတဲ့ ဘဝအကျဉ်းထောင်ထဲကို ထည့်ပစ်လိုက်ရမှာလား။ နှလုံးသား လှုပ်ရှားမှုကလေးတောင် မရှိရတော့ဘူးတဲ့လား။

"အဲဒီလူနဲ့စေ့စပ်လိုက်တာနဲ့... 'ရူပါ' တို့ဖက်က ဘာအခွင့်



အရေးတွေများ ရဖို့ရှိသလဲ"

ဟုမေးလိုက်တော့ မေမေ့ မျက်နှာပြုံးလာသည်။ 'ဖြူဖြူ' ပုံစံကလည်း ပြန်တက်ကြွလာတဲ့ပုံပင်။

"ရွှေငါးကျပ်သားနဲ့ ငွေဆယ်သိန်းတင်တောင်းမယ်တဲ့... ဒါကစေ့စပ်ပွဲအတွက်-သီးသန့်ပေးတာ... လက်ထပ်တဲ့အခါကျရင် သမီးတို့နေကဲ့တိုက်အသစ်အပြင် ငွေသိန်းငါးဆယ်လက်ဖွဲ့မယ်တဲ့လေ"

သူမ နှုတ်ခမ်းကို ပြုံးထော့ထော့မဲ့ကာ...

"သူတို့ပေးမယ့်ပိုက်ဆံတွေကို မေမေလိုချင်နေလို့ 'ရူပါ့' ကို အမြန်ခေါင်းညိမ့်ခိုင်းနေတာလားဟင်"

"ညည်းစကားကဘာလဲ... ငါ့ကိုစော်ကားတာလား.. ငွေသိပ်ငမ်းနေတဲ့ အမေလို့ ပြောလိုက်တာလား"

"မဟုတ်ပါဘူး... ရိုးရိုးသားသားမေးကြည့်တာပါ"

"အေး... အပွင့်လင်းဆုံးပြောရရင် ညည်းဘဝကောင်းစားဖို့လည်းပါတယ်... သူတို့ပေးမယ့်ငွေကို မက်တာလဲပါတယ်... ငွေမက်တယ်ဆိုတာကလည်း ညည်းမောင်နဲ့ညီမဘဝ အဆင့်မြင့်မြင့်လေး ဖြစ်စေချင်လို့ပဲ"

"'ရူပါ' အမြန်ဆုံးစဉ်းစားပါမယ်...ဒီကြားထဲ'ကိုသန်းလွင်' နဲ့ထပ်တွေ့ဖို့မစီစဉ်ပါနဲ့တော့... သူတို့ဖက်က လောလာရင်လည်း မေမေပဲကြည့်ကောင်းအောင်ပြောထားပါ... 'ရူပါ့' ကို ထပ်ပြီး မလောပါနဲ့တော့"

"ဘာလဲ... 'မကြီး' က ရည်းစားရှိနေလို့ အင်တင်တင် လုပ်နေတာလား"

'ကျော်စွာ' ရဲ့လေသံက မကျေမနပ်သံပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"နင့်လေသံကို ပြန်ပြင်စမ်း 'ကျော်စွာ'...ငါနင့်အစ်မ ငါ့ကိုခ ငါဘယ်လိုပဲလုပ်လုပ် နင်ပြောပိုင်ခွင့်မရှိဘူး... နင်တို့အတွ အတွက် လူကိုအမြဲနှိုးလာမပေးနဲ့ ... လေသံတောင်မမာပါနဲ့"

"'မမကြီး' ကိုလူမွဲနဲ့ ညားသွားမှာစိုးလို့ စေတနာနဲ့ သတိ ပေးတာဗျ... ကျွန်တော့်အတွက်မဟုတ်ဘူး"

"နင်ငါ့ကို မအော်နဲ့... လူပါးမဝနဲ့ဟဲ့... ကဲဟယ်...ကဲဟယ်"

'ရူပါ' သည် 'ကျော်စွာ' ဆံပင်တွေကို ဆောင့်ကာဆောင့် ကာဆွဲရင်း ပခုံးတို့လက်မောင်းတို့ကိုလည်း ထုရိုက်မိသေးသည်။ 'ကျော်စွာ' က ဘာမှပြန်မလုပ်ဘဲ ပေတေကာ စိုက်ကြည့်လျက်ရှိ၏။ အဲဒီလို မိုက်ရိုင်းစွာပြန်ကြည့်နေတာကိုပဲ 'ရူပါ' မှာအသည်း တွေယားပြီး ဒေါသပိုထွက်ရတာဖြစ်သည်။

"တော်ကြစမ်း... တော်ကြစမ်း အမေတစ်ယောက်လုံးရှိနေ တာ ဒီလောက်ထိဖြစ်ရလား... 'ကျော်စွာ' ကလည်း ကိုယ့်အစ်မ ကို ပြန်မပြောနဲ့လေ... 'ရူပါ' ကလည်း ကိုယ့်မောင်ဆိုတာ သတိရ အုံး... ဖြစ်နေလိုက်ကြတာ သူစိမ်းတွေကျနေတာပဲ... နင်တို့ကို ငါတကယ်အံ့သြတယ်"

'ရူပါ' တို့နှစ်ယောက်ကြား မေမေဝင်ပါလာမှ ရန်ပွဲက အဆုံးသတ်သွားသည်။ 'ကျော်စွာ' က 'ရူပါ' ဆွဲဆောင့်ထားသဖြင့် ထောင်ထပွစွနေသည့် သူ့ဆံပင်တွေကို လက်ဖြင့်ပြန်သပ်နေ သည်။

"နေပါအုံး 'ရူပါ'...'ကျော်စွာ' ပြောတာဟုတ်လား... ညည်း မှာ ရည်းစားရှိနေပြီလား ... ဘယ်ကကောင်လဲ ဘာလုပ်တာလဲ ပြောစမ်း"

"မရှိဘူး... ရုံးကိစ္စနဲ့တွဲသွားတာကို သူမြင်ပြီးပြောတာ...

'ရူပါ' တို့အလုပ်က ယောကျ်ားနဲ့မိန်းမ နှစ်ယောက်အတူတွဲပြီး လုပ်ရတယ်လို့ မေမေ့ကို 'ရူပါ' ပြောဖူးသားပဲ... ဒီကောင်ကြောင် နေတာ"

"အေးနော်... ကိုယ့်စကားနဲ့ကိုယ် တည်အောင်ကြိုးစား... ရှုပ်ရှုပ်ယှက်ယှက်တွေ အသံမကြားချင်ဘူး"

"မေမေ 'ရူပါ' ပြောတာကို မယုံဘူးလား"

"ဒါတွေမပြောနဲ့တော့...ညည်းကို 'မောင်သန်းလွင်' နဲ့ပဲ သဘောတူတယ်... သူနဲ့အမြန်ဆုံးနီးစပ်ဖို့ပဲစဉ်းစား... ကျန်တာ မလိုချင်ဘူး"

သူဖြစ်ချင်တာကို အမိန့်ပေးပြီး မေမေထွက်သွားခဲ့သည်။ အငယ်နှစ်ယောက်ရှေ့မှာ မျက်နှာငယ်မျက်ရည်ဝဲစွာဖြင့် 'ရူပါ' ကျန်နေခဲ့ရပါသည်။

"မေမေပြောတာကို နားထောင်လိုက်ပါ 'မမကြီး' ရယ်... မေမေက 'မမကြီး' အတွက်ပြောတာပါ"

'ဖြူပြာ' ရဲ့နှစ်သိမ့်သံက သူမ နားထဲ အောက်ကလီအာ ဝင်လာသည်။ သူစလို့ ဖြစ်လာတဲ့ဇာတ်လမ်း သူမဖြစ်စေချင်ဘဲ နေပါ့မလား။ စေတနာကောင်းနဲ့ နှစ်သိမ့်တဲ့အချိုးမျိုး ဟန်ဆောင် ပြီးလာလုပ်နေလို့ ဘာထူးမှာလဲ။ သူမရင်ထဲနာနေသည်။ အငယ် နှစ်ယောက်အပေါ် ဒေါသဖုံးပေါက်ကွဲချင်နေသည်။ အတ္တကြီးလှ တဲ့ သူတို့နှစ်ယောက်အား ဒဏ်ခတ်ချင်မိပါသည်။

"နင်လဲအရွယ်ရောက်နေပြီပဲ 'ဖြူပြာ'... 'ကိုသန်းလွင်' ကို နင်ယူလိုက်လဲဖြစ်တာပဲဟာ... နင့်ဘဝကောင်းစားတော့ ငါလည်း နိုင်လို့ရတာပေါ့... အခုနင်တို့ဝန်တွေကို ထမ်းနေရတာ... ငါလဲ နေလုပြီ... ငါ့အစားနင်ယူလိုက်ပါလား"

www.burmeseclassic.com

ဟု ခပ်အေးအေးပြောလိုက်တော့ ‘ဖြူပြာ’ မျက်နှာမဲပုတ်သွားသည်။ သူ့ကျတော့ ဒေါသထွက်တတ်လှပါလား…။

“ ‘မမကြီး’ ဘယ်လိုပြောလိုက်တာလဲ… အစ်မအကြီးဆုံးဖြစ်ပြီး အငယ်တွေနဲ့အပြိုင် ကတ်ဖဲ့တိုက်နေတယ်…‘ကိုသန်းလွင်’က ‘ဖြူပြာ’ ကို မကြိုက်လို့ ကြိုက်ရင်ခုချက်ချင်းကောက်ယူလိုက်တယ်မှတ်ထား… ‘မမကြီး’ လိုချစ်တာတွေ ရင်နှစ်တာတွေ မသိဘူး… ကိုယ့်မိသားစုအတွက်ပဲ ကိုယ်သိတယ် ”

“ဟင်း… လေပြောကတော့ အံ့မခန်းပဲ… စောင့်ကြည့်လိုက်ပါအုံးမယ်… နင်မိသားစုအပေါ် သိတတ် မတတ်ဆိုတာ”

“ကြည့်ပေါ့”

သူမ ဖက်က အစစအရာရာ စေတနာထား ချစ်ခင်လိုက်လျောခဲ့တဲ့ညီမရဲ့ စကားသံလေသံတွေက ကက်ကက်လန်လှသည်။ အဲဒီအတွက် သူမ စိတ်ထဲခံစားရသည်။ ကိုယ်ကောင်းသလောက် ကိုယ့်အပေါ်ပြန်မကောင်းတာ ဘာကြောင့်များနည်း။ ဒီအဖေအမေကပဲ မွေးထားတဲ့ သားသမီးချင်းအတူတူ သူတို့စိတ်ဓါတ်တွေက ဘာကြောင့်များ တကိုယ်ကောင်းဆန်နေကြပါ သနည်း။

‘ရူပါ’ပဲ မှားနေသလား။သူတို့ပဲ မှားနေကြသလားမသိပါ။

✍ ✍ ✍



မျက်နှာမှိုင်တွေနေသော ‘ရူပါ’ ကိုကြည့်ပြီး ‘သတိုး’ ရင်ထဲဘာများဖြစ်နေသလဲဆိုတာ သိချင်နေရပါသည်။ ခါတိုင်း သွက်လက်ဖျတ်လတ်နေခဲ့သော သူမ အမူအယာတွေသည် ဒီနေ့တွင်မှ ရုတ်တရက် ဘာလို့ပြောင်းလဲသွားရတာလဲ မသိချေ။ အပြင်ထွက်တဲ့လုပ်ငန်းပိုင်းကိုလည်း ‘ကေသီ’ တို့နဲ့ လွှဲလိုက်လေသည်။

သူမ မပါတော့ သူလည်းအလိုလိုနေရစ်ခဲ့သလို ဖြစ်နေရပါသည်။ ‘ကေသီ’ နဲ့ ‘အုန်းခင်’ အတူတူထွက်သွားပြီး သိမ်မကြာခင် မန်နေဂျာနဲ့အတူ ‘ကျော်ကို’ လိုက်သွားခဲ့ရသည်။ ‘ဝင်းဆွေ’က မန်နေဂျာမရှိတာနဲ့ ဒီနားခဏဆိုပြီး လမ်းထွက်သွားပါသည်။ ရုံးခန်းတွင်းမှာ သူနဲ့သူမ သာကျန်နေရသည်။ အလုပ်အပ်တဲ့သူလည်း ရောက်မလာတဲ့အတွက် လူရှင်းနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ က မော်နီတာကိုစိုက်ကြည့်ကာ မျက်လုံးသေကြီးနဲ့ ငြိမ်သက်နေခဲ့တာ ကြာလှပြီကော။ သူမ ဘာတွေများစဉ်းစားနေပါ သနည်း။ သူမစားပွဲနဲ့ ဘေးချင်းကပ်ရက် 'ကေသီ' စားပွဲမှာ သူ ဝင်ထိုင်လိုက်ရင်း...

" 'ရူပါ' မျက်နှာက သုန်မှုန်နေတာပဲ... ဘာဖြစ်လို့လဲ"

ဟုမေးကြည့်မိလိုက်သည်။ ဖျတ်ကနဲလှမ်းကြည့်လာသော မျက်လုံးတွေက ဝမ်းနည်းနာကျင်သလို မျက်ရည်ကြည်တွေဝဲနေ ခဲ့သည်။ ဘာစကားမှတော့ ပြန်မပြော။

"မင်းပုံစံကြည့်ရတာ ငိုချင်နေတယ်နဲ့တူတယ်... ဘယ်သူနဲ့ အဆင်မပြေဖြစ်လို့လဲပြောလေ... ငါကူညီနိုင်တာဆို ကူညီပါ့ မယ်"

သူမ ခေါင်းကိုခပ်ဖြည်းဖြည်းချင်း ယမ်းခါလေသည်။

"ကျွန်မကိုယ်ရေးကိုယ်တာပါ... ရှင်ကူညီလို့မရပါဘူး... ကျွန်မခေါင်းတွေပူနေပြီ... ဘာလုပ်ရင်ကောင်းမလဲမသိဘူး"

"အိမ်နဲ့အဆင်မပြေတာလား"

"အဲဒါလည်းပါတယ်"

"မင်းဘဲနဲ့ အိမ်ကမိသားစုနဲ့ ပြဿနာတက်ကြလို့လား"

"ကျွတ်... ဘာတွေလျှောက်မေးနေမှန်းမသိဘူး... ဘာဘဲလဲ ကျွန်မမှာ ဘာဘဲမှမရှိဘူး... ဘဲဆိုစိတ်ကုန်လွန်းလို့ တိရိစ္ဆာန် ဘဲတောင် ဝယ်ချက်မစားဘူးအောင်းမေ့"

"ဒါဆိုဘာဖြစ်တာလဲ"

"အို... ရှင်အတော်စပ်စုနိုင်တာပဲ... ဒီမှာဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိလို့ သေချင်နေရတဲ့ကြားထဲ သူကတမျောင့်"

စေတနာနဲ့ မေးမိတာသူ့အမှားပဲ ဖြစ်တော့သည်။ ကိုယ့် အပေါ်ကို ဂရုတစိုက်မေးမနေတဲ့ သူ့လို လူတစ်ယောက်ကို အော် ဆဲါက်စရာလား။ သူ့ မျက်နှာတင်းသွားတော့ သူမ လေသံ ပြန် ပျော့ပျောင်းလာသည်။

"ရှင်ဘာဖြစ်လို့ ဒီလောက်စိတ်ဝင်တစားဖြစ်နေရတာလဲ ကျွန်သိပ်စိတ်ညစ်နေတာရှင့်"

ဟု သူမပြောတော့...

"မင်းမှာရှိတဲ့အခက်အခဲ ကူညီနိုင်ရင် ကူညီချင်လို့ ငါက စေတနာနဲ့မေးတာ... ငွေရေးကြေးရေးဆိုလည်း အားမနာနဲ့ပြော ငါတတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

"ရှင့်စေတနာကိုတော့ ကျေးဇူးတင်ပါတယ်... ဒါပေမယ့် အပေါင်ဆိုင်မှာထားထားတဲ့ ရှင့်ပစ္စည်းကိုရော ပြန်ရွေးပြီးရဲ့လား"

"မရွေးရသေးဘူး... ပိုက်ဆံလိုရင်နောက်ထပ်ပေါင်စရာ ရှိပါသေးတယ်ဗျာ... မင်းလိုတဲ့ငွေပမာဏကိုသာပြော"

"ရှင်ဘာလို့ ကျွန်မအပေါ် ဒီလောက်စေတနာထားနေရတာ လဲ"

ငေးငေးကြီးစိုက်ကြည့်ကာ မေးလိုက်သော သူမ ရဲ့လေသံ ပျော့ပျော့လေးကို နားထောင်ပြီး 'သတိုး' ရင်ထဲဘာဖြစ်မှန်းမသိ တုန်ရီလှုပ်ရှားသွားခဲ့ရသည်။

"ဘဝချင်းတူနေလို့ပေါ့ဗျာ... အကြီးတွေရဲ့ခံစားချက်ကို ကျွန်တော်တို့လိုဘဝတူချင်းတွေပဲသိတယ်... 'ရူပါ' ကျွန်တော့်ကို အားနာစရာမလိုဘူးနော်... လိုအပ်တဲ့အကူအညီမှန်သမျှ ပွင့်ပွင့် လင်းလင်းတိုင်ပင်လို့ရပါတယ်"

'ရူပါ' သည် မထင်မှတ်ဘဲ သူ့ရဲ့ စာနာနားလည်မှုတွေကို တွေ့လိုက်ရသဖြင့် ရင်ထဲတသိမ့်သိမ့်ခုန်ကာ ဟင်းလင်း ပွင့်သလို

www.burmeseclassic.com

ဖြစ်သွားရ၏။ ခုချိန်မှာ 'ရှုပါ'အတွက် အလိုအပ်ဆုံးက ကြင်နာနှစ်သိမ့်မှုပဲဖြစ်သည်။ ဖေးမမယ့်သူမရှိဘဲ သူမ တစ်ယောက်ထဲ ကြိတ်ခံစားနေရတာ ဘယ်လောက်ကြေကွဲဖွယ်ကောင်းလိုက်သလဲ။ သူမရင်ထဲကခံစားချက်တွေကို ပေါ့သွားအောင်လို့ ဖွင့်ထုတ်ပြောပြချင်ပေမယ့် ဘယ်သူ့ကိုပြောရမှန်းမသိ ဖြစ်နေခဲ့သည်။

ခံစားချက်ခြင်းတူမှလည်း ပြောလို့ကောင်းတဲ့အရာမျိုး မဟုတ်လား။ အခု ဖွင့်ပြောရမယ့်သူ သူမ တွေ့ခဲ့ရပြီ။ အဲဒီသူက 'သတိုး' ပဲဖြစ်ပါသည်။

"ကျွန်မကို မေမေဘို့က သူတို့ သဘောတူတဲ့သူနဲ့ အမြန်ဆုံးပေးစားချင်နေကြတာ... စေ့စပ်ဖို့တောင် မြန်မြန်ရက်ရွေးခိုင်းနေပြီ ...မေမေတို့သဘောတူတဲ့ 'သန်းလွင်' ဆိုတဲ့လူကို ကျွန်မကြည့်လို့မရဘူး... စိတ်လည်းမဝင်စားဘူး...ဒါပေမယ့် တစ်မိသားစုလုံးက ဖွတ်သဘောတူနေတော့ လက်မခံချင်လည်း လက်ခံရမယ့်ပုံပဲ... ဘယ်လောက်ငြင်းငြင်း အိမ်ကလူတွေနဲ့ ပြဿနာတက်ရတာပဲအဖတ်တင်တယ်...ကျွန်မဖက်က သူတို့စိတ်ချမ်းသာအောင် ကြိုးစားရန်းကန်ရှာဖွေကျေးမွေးခဲ့သလောက် ကျွန်မပေါ်ကျတော့ ပြန်မငဲ့ဘူး... သူတို့ဖြစ်ချင်တာကိုပဲ အတင်းကာရောခေါင်းညိမ့် ခိုင်းနေတယ်လေ... မေမေတို့ကို ကျွန်မစိတ်နာတယ်... ရင်ထဲမှာ ဝမ်းနည်းနေတယ်... ကျွန်မခံစားချက်ကို သူတို့နားလည်မပေးကြဘူး"

သူမ နဲ့အတူတူ သူ ပါရောပြီး ရင်မောသွားမိသည်။မိသားစုအရေးကိစ္စဆိုတော့ သူဘယ်လိုကူညီပေးလို့ရမှာတဲ့လဲ... အကြံဉာဏ်လည်းဝင်မပေးရဲချေ။ ကိုယ့်ကြောင့်ဆိုတာမျိုးဖြစ်လာမှာကြောက်ပါသည်။ သူ့ရင်ထဲမှာ အဖြစ်ချင်ဆုံးဆန္ဒက သူမ စိတ်





ချမ်းသာဖို့အတွက်ပဲဖြစ်သည်။

" 'ရှုပါ' က ဘယ်လိုဖြစ်စေချင်လို့လဲ"

"အဲဒီကိစ္စကြီး ပျက်သွားစေချင်တာ"

"အိမ်ကလူတွေနဲ့ ညှိကြည့်ပေါ့ 'ရှုပါ' ရယ်... 'ရှုပါ' ဆန္ဒမပါဘဲ သူတို့အတင်းကာရော လုပ်ကြမယ်မထင်ပါဘူး... အဓိကက 'ရှုပါ' လေ"

"မဟုတ်ဘူး... သူတို့ကအဓိကဖြစ်နေတာ... ကျွန်မသဘောမတူတာကိုဘဲ သူတို့ရန်လုပ်လို့မဆုံးဘူး... 'သန်းလွင်'တို့ဘက်ကလည်း ပစ္စည်းဥစ္စာမက်လုံးပေးပြီး စည်းရုံးရေးကောင်းတယ်လေ"

ငွေဆိုတဲ့အရာဟာ မိသားစုတစ်စုရဲ့ စည်းလုံးချစ်ခင်မှုတွေကို ဖြိုဖျက်နိုင်တဲ့အရာတစ်ခုပဲဆိုတာ သူသဘောပေါက်သွားရသည်။ သူမ မိသားစုဖက်ကလည်း သမီးအကြီးဆုံးဖြစ်တဲ့ 'ရှုပါ' ကို အမျှော်လင့်ကြီးမျှော်လင့်ထားမှာပေါ့လေ။ သူ့ ကိုယ်တောင်အမေတို့ မျှော်လင့်နေကြသေးတာပဲဟာ။

"ရှင်ပါရောပြီး ဦးနှောက်ခြောက်သွားပြီ မဟုတ်လား"

" 'ရှုပါ' အတွက်စိတ်မောသွားတာပါ... မိသားစုကိစ္စဆိုတော့ အကြံဉာဏ်လည်း မပေးတတ်ဘူး"

သနားညှာတာသောစိတ်ဖြင့် 'ရှုပါ' အား သူစိုက်ကြည့်နေမိပါသည်။ ဒီအချိန်မှာ ရုံးခန်းမှန်တံခါးကို တွန်းဖွင့်ဝင်လာသူတစ်ယောက်ကြောင့် သူတို့နှစ်ဦးလှမ်းကြည့်ဖြစ်သည်။နာမည်နဲ့လိုက်အောင် မိုးပြာနုရောင်ဝမ်းဆက်ဖြင့် 'မိုးပြာပြာ' က အေးချမ်းစွာ လှပနေလေသည်။

"လမ်းကြုံတာနဲ့ တို့ကိစ္စတွေ အဆင်ပြေ မပြေ ဝင်မေးကြည့်



www.burmeseclassic.com

www.burmeseclassic.com


တာ... ပြောထားတာ့်ရက် ထုတ်လို့ ရမှရပါ့မလားလို့လေ"

ထိုင်ပါလို့ ပြောစရာမလိုဘဲ သူ့ ရှေ့ကခုံကို ဆွဲယူထိုင်လေသည်။

"ရနိုင်ပါတယ်... ကျွန်တော်တို့ ရုံးကလူတွေလည်း အစ်မကိစ္စကိုပဲ ဦးစားပေးလုပ်ပေးနေကြပါတယ်... အဆင်ပြေတာနဲ့ ကျွန်တော်တို့ အကြောင်းကြားပေးမှာပါ"

"အင်းလေ... ဒါဆိုလဲပြီးတာပဲ... ဒါနဲ့မင်းကို မေးစရာရှိသေးတယ်... မင်းနာမည် 'သတိုး' နော် ဘယ်မှာနေတာလဲ"

"စမ်းချောင်းဘက်မှာပါ"

"စမ်းချောင်း... နေတာကြာပြီလား... တို့ထင်တာနဲ့လွဲနေလို့လေ"

'မိုးဦး' က မျက်လုံးစွေစောင်းကာ သူ့အား အကဲခတ်လေသည်။ သူနဲ့ 'မိုးပြာပြာ' နဲ့ဘယ်လိုပတ်သက်မှုတွေရှိသလဲဆိုတာသိချင်ပုံရ၏။ သူ့အတွေးထဲမှာလည်း 'မိုးပြာပြာ' အမေးတွေနဲ့ ပတ်သက်ပြီး ချာချာလည်နေရ၏။ ဘာမှကိုမဆီမဆိုင် ဖြစ်နေခဲ့တာပဲ မဟုတ်လား။

"ကြာတော့ကြာပါပြီ... လေးငါးနှစ်လောက်ရှိပြီ"

"ဒါဆိုအရင်တုန်းက ဘယ်မြို့မှာနေဖူးသလဲ"

"မော်လမြိုင်မှာ"

"ထင်တော့ထင်သားပဲ ... ဒါဆို 'ဦးခင်အောင်' 'ဒေါ်သိန်းရီ' တို့ရဲ့သားမဟုတ်လား... မင်းအောက်မှာ အငယ်နှစ်ယောက်ရှိသေးတယ်လေ... နာမည်တွေတော့ တို့ မမှတ်မိတော့ဘူး... မင်းမျက်နှာကိုပဲ မှတ်မိနေရတာ"

"အစ်မ... ကျွန်တော်တို့မိသားစုကိုသိတယ်"

"တို့သိတာတင်မဟုတ်ပါဘူး... မင်းလည်းတို့မိသားစုကို သိပါတယ်... 'အန်တီဝင်း' ဆိုရင် မင်းမှတ်မိလောက်ပြီပေါ့... တို့က 'အန်တီဝင်း' ရဲ့ သမီး 'ဘလူး' 'Blue' လေ"

"ဩော်"

သူ မှတ်မိပါပြီ။ 'မော်လမြိုင်' မှာတုန်းက သူတို့မိသားစုနဲ့ ခြံခြင်းကပ်ရက်နေခဲ့ကြတဲ့ 'အန်တီဝင်း' နှင့်မေမေတို့နဲ့ သိပ်ရင်းနှီးခဲ့ကြတာပဲ။ 'အန်တီဝင်း' တစ်ယောက် မေမေ့ဆီ စကားတွေ တတွတ်တွတ်ပြောပြီး လာ,လာငိုနေတာကို သူမှတ်မိနေရသည်။

'အန်တီဝင်း' ရဲ့ခင်ပွန်းနှင့်သမီးဖြစ်သူ'ဘလူး'တို့ ရန်ကုန်မှာသီးခြားနေကြသည်။ယောက်ျားမတွေနဲ့ မတည့်တဲ့ 'အန်တီဝင်း' က ရန်ကုန်သို့လိုက်မနေဘဲ 'မော်လမြိုင်' မှာပဲ အိမ်ဖော်တွေခေါ်ကာ တစ်ကိုယ်တည်းနေသည်။ သမီးနဲ့ဝေးနေတဲ့ 'အန်တီဝင်း' က သူတို့မောင်နှမသုံးယောက်အား အတော်ချစ်ခင်ပါသည်။

မေမေ့ကိုလည်း ညီအစ်မအရင်းလိုကို သံယောဇဉ်ရှိလေသည်။ ဖေဖေ စက်လှေမှောက်ပြီး ဆုံးသွားတဲ့အခါကျတော့ သူတို့မိသားစု 'မော်လမြိုင်' ကခြံနဲ့အိမ်ကိုရောင်းကာ မေမေ့ဆွေမျိုးတစ်ချို့တလေရှိတဲ့ ရန်ကုန်သို့ပြောင်းလာခဲ့ကြတာဖြစ်သည်။ သူတို့ပြောင်းတော့ မေမေနဲ့ 'အန်တီဝင်း' ဖက်ငိုနေတာကို ခုထက်ထိ သူ မြင်ယောင် မိပါသေးသည်၊

'အန်တီဝင်း' နဲ့ဒီလောက်ရင်းနှီးခင်မင်ပေမယ့်'အန်တီဝင်း' ရဲ့သမီး 'ဘလူး' နဲ့တော့ မရင်းနှီးပါ။ 'ဘလူး' ခဏတစ်ဖြုတ် 'မော်လမြိုင်' သို့အလည်လာတဲ့အချိန်တွေမှသာ မြင်ဖူးခဲ့ရှိသည်။ 'မိုးပြာပြာ' က 'ဘလူး' ဖြစ်နေလိမ့်မည်ဟု သူဘယ်တွေးထင်

www.burmeseclassic.com

နေမိမှာလဲ။ 'ဘလူး' ကို သူဦးနှောက်ထဲမှာ မေ့နေခဲ့တာကြာလှပြီပဲ။

သူ့ဖက်ကတောင် တရင်းတနီးမသိလိုက်တဲ့ 'ဘလူး'က သူ့တို့အား နုထက်ထိ မှတ်မိသိနေတယ်ဆိုတော့ အံ့သြစရာတော့ကောင်းပါသည်။

"မင်းကို တို့သိနေလို့ မင်းအံ့သြတယ်မဟုတ်လား... တို့ရှင်းပြမယ်... မေမေ့ ဆီမှာ မင်းတို့မိသားစုဓါတ်ပုံရှိတယ်... ခုထက်ထိ သတိတရထုတ်ကြည့်ပြီး မင်းတို့အကြောင်းပြောနေတုန်းပဲ ...တွေ့လည်းသိပ်တွေ့ချင်နေတယ် မင်းကငယ်ရုပ်မပျောက်တော့ တို့မှတ်မိတာမဆန်းပါဘူးနော်... ဒါတောင် သေချာအောင်လို့ မေမေ့ဆီက ဓါတ်ပုံပြန်တောင်းယူကြည့်ရသေးတယ်"

ဝမ်းသာရိပ်မြူးနေသော 'မိုးပြာပြာ' ရဲ့မျက်နှာက ရွှင်မြူးနေလေသည်။ သူလည်း မေမေ့အတွက်ဝမ်းသာရသည်။ 'အန်တီဝင်း' ကို မေမေ တမ်းတရေရွတ်နေတာ ခဏခဏ သူကြားနေရသောကြောင့်ဖြစ်သည်။

"မေမေကလည်း 'အန်တီဝင်း' ကိုအရမ်းတွေ့ချင်နေတာ 'မော်လမြိုင်'ကိုတောင် လှမ်းစုံစမ်းသေးတယ်... ပြောင်းသွားပြီပြောလို့ စိတ်လျှော့လိုက်တာ... ဒါတောင် တစ်ခါတစ်ခါ 'အန်တီဝင်း' ကို တွေ့ချင်လိုက်တာလို့ တဖွဖွပြောနေသေးတာ"

" 'အန်တီသီရိ' ကျန်းမာရေးကောင်းတယ်မဟုတ်လား"

"သိပ်မကောင်းဘူး... ဆီးချိုဖြစ်နေတာကြာပြီ...လူလည်းပိန်ပိန်လေးပဲရှိတော့တယ်... မေမေ့ အခြေအနေကို သိပ်ပြီးအားမရပါဘူးဗျာ"

"ဟယ်... စိတ်မကောင်းလိုက်တာ... တို့မေမေသိလည်း



စိတ်ထိခိုက်မှာ... ဒီလိုလုပ် မင်းဘယ်အချိန်ရုံးဆင်းမှာလဲပြော"

"ငါးနာရီဆို ပြန်လို့ရပါပြီ"

"ဒါဆို... ငါးနာရီကျရင် မေမေနဲ့အတူ မင်းကိုတို့ပြန်လာခေါ်မယ်... မင်းတို့အိမ်ကို တစ်ခါထဲလိုက်ခဲ့မလို့"

"ရပါတယ်... ကျွန်တော်စောင့်နေပါမယ်"

နှုတ်ဆက်ပြီး ပြန်သွားသော 'မိုးပြာပြာ' အား ဘာရယ်မဟုတ် သူ စိုက်ငေးကြည့်နေမိသည်။

"မျက်လုံးကြီးလည်း ကျွတ်ထွက်သွားပါအုံးမယ်... ညနေကျရင် ကြည့်ဖို့ချန်ထားစမ်းပါအုံး 'သတိုး' ရဲ့"

ဟု 'ရူပါ' ရဲ့ခပ်စူးစူးလေသံကလေးကိုကြားမှ 'ရူပါ' အား သတိရတော့သည်။ 'ရူပါ' ပြောသလိုမျိုး 'မိုးပြာပြာ'အား သူငမ်းနေခြင်းမဟုတ်ပါ။ မိတ်ဆွေဟောင်းကို မမျှော်လင့်ဘဲ ပြန်တွေ့ရတာမို့ အံ့သြနေမိခြင်းဖြစ်သည်။ မေမေလည်း အတော်ဝမ်းသာအံ့သြမှာပင်။

" 'မိုးပြာပြာ' ကကျွန်တော့်ထက် လေးငါးနှစ်လောက်ကြီးတယ်ဗျ... စိတ်ဝင်စားလို့ကြည့်နေတာ မဟုတ်ပါဘူး"

"အပိုတွေပြောမနေနဲ့... လေးငါးနှစ်ကြီးတာလောက်များ ရှင်ကစာဖွဲ့မယ့်သူမျိုးမှမဟုတ်တာ... ရှင့်မျက်လုံးတွေကြည့်တာနဲ့ ကျွန်မရိပ်မိပါတယ်နော်... ငယ်ကျွမ်းဆွေဇာတ်ပြန်ခင်းတော့မယ်မှလား"

"မဟုတ်တာဗျာ...'မိုးပြာပြာ' နဲ့ကျွန်တော်နဲ့က ငယ်ကျွမ်းဆွေဖြစ်ဖို့နေနေသာသာ ခင်တောင်သိပ်မခင်ဖူးဘူးဗျ... ဒါကြောင့် သူကိုမမှတ်မိတာပေါ့"

"ခုတော့ မှတ်မိယုံတင်မဟုတ်ဘူး...အကျွမ်းတဝင်ဖြစ်လို့

www.burmeseclassic.com

ကို ရနေပြီလေ… 'မိုးပြာပြာ'က ရှင့်အတွက် မက်လို့ကောင်းတဲ့ အိမ်မက်ဖြစ်မှာသေချာတယ်… ရှင်နဲ့သူနဲ့ ရှေ့လျှောက်ဇာတ်လမ်း ဖြစ်တော့မယ်ဆိုတာ ကျွန်မသိနေတယ်"

"မဖြစ်ပါဘူး…. ဘာလို့ဖြစ်ရမှာလဲ"

"သြော် … ဖြစ်ပါမယ်ဆိုမှပဲ… မယုံရင်စောင့်ကြည့်"

"မင်းက… ဓွတ်ကြီးပါလား 'ရူပါ'ရ"

စိတ်တိုသလို 'သတိုး' အသံကျယ်သွားတော့ 'ရူပါ' က ပခုံးတွန့်ပြလေသည်။ **သူမ နဲ့**ဘာဆိုင်လို့အတင်းကာရောကြီး စွပ်စွဲပြနေရတာလဲ။ သူငြင်း**နေမှတော့** အသာကလေးငြိမ်နေလိုက်ပါတော့လား။ သူမ အနားမှခွာကာ ကိုယ့်စားပွဲရှိရာဆီ ပြန်လာပြီး ရုံးတင်ရမည့် စာရွက်စာတမ်းတွေကို ပြန်စစ်ဆေးနေလိုက်မိသည်။

အပြင်က ပြန်ရောက်လာသော 'ဝင်းဆွေ' ကသူတို့နှစ်ယောက်ကိုကြည့်ပြီး စပ်ဖြဲဖြဲပြောသည်။

"ဘယ်လိုလဲ အဆင်မပြေကြသေးဘူးလား…ရှောင်ပေးတဲ့ သူက ရှောင်ပေးတာတောင် ပြန်အဆင်မပြေဘူးဆိုတာတော့ မ မိုက်ဘူးနော်… 'သတိုး' ညံ့လို့ပဲဖြစ်ရမယ်"

"ဟေ့ကောင်… အရေးထဲမင်းက ဘာဝင် စားနေတာလဲ… ငါနဲ့ 'ရူပါ' ကဘာဖြစ်နေကြလို့လဲ"

"စိတ်ကောက်နေကြတယ်မဟုတ်လား… လျှို့မနေပါနဲ့ 'သတိုး' ရာ ငါတို့အကုန်လုံးသိတယ်… 'ရူပါ' ကလည်း စိတ်လျှော့ လိုက်စမ်းပါဟာ… ချစ်ချစ်ခင်ခင်နေတာ အကောင်းဆုံးပါပဲ"

'ရူပါ' သည် မဆီမဆိုင် 'သတိုး' နဲ့ဘာလိုလို အစွပ်စွဲခံနေ ရသည့်အတွက် စိတ်ထဲတင်းလာရသည်။ မကြည်လင်သည့် စိတ်



ကလည်း နဂိုခံရှိနေတာမို့ 'ဝင်းဆွေ' ကိုသာ အပြစ်ပုံချမိပါတော့သည်။

" 'ဝင်းဆွေ' နော် နင်အာမချောင်နဲ့… ဘာ ချစ်ချစ်ခင်ခင် နေရမှာလဲ… သူနဲ့ငါနဲ့ ဘာမှမဆိုင်ဘူး… သူ့မှာသူဟာနဲ့သူရှိပြီးသား… ငါနဲ့အထင်လာမလွဲနဲ့ မကြိုက်ဘူး"

"ငါပြောတာမှားနေလို့လား 'ရူပါ' ရ"

"လွဲနေတာဟဲ့… မယုံရင်မေးကြည့် ခပ်စောစောကသာ ရောက်လာရင် နင့်ပါးစပ်က ဒါမျိုးလေသံတောင် ထွက်မှာမဟုတ်ဘူး… သူ့ ချစ်ချစ်အခုပဲ ပြန်သွားတာ"

'ဝင်းဆွေ' တစ်ယောက်မျက်လုံးပြူးကြီးနဲ့ 'သတိုး' ဖက် လှည့်သွားသည်။

"ဟေ့ကောင်… ပြူးကြောင်ကြောင်လာမကြည့်နဲ့… 'ရူပါ' လျှောက်ပြောနေတာ ငါနဲ့ဘာမှမဆိုင်ဘူး"

"ဘာမဆိုင်ရမှာလဲ ဆိုင်လို့ပဲ **ည**နေလာခေါ်မယ်မဟုတ်လား… ဟဲ့ 'ဝင်းဆွေ' ငါပြောတာမယုံရင်စောင့်ကြည့် သူ့အသည်းညနေရုံးဆင်းတာနဲ့ သူ့ကိုလာကြိုမှာ နာမည်က 'မိုးပြာပြာ'တဲ့"

အရွဲ့တိုက်နေသော 'ရူပါ'အား 'သတိုး' အမြင်ကတ်လာရသည်။ အသည်းယားလာရသည်။ သူမ နဲ့ဘာဆိုင်လို့ ဒီလောက် အသည်းအသန်ပို့ပေး ကြော်ငြာပေးနေရတာလဲ။ တကယ်ဟုတ်တော့ကော သူမအလုပ်လား။

" 'မိုးပြာပြာ' ဆိုတာ ငါတို့ကို အလုပ်အပ်ထားတဲ့ကုမ္ပဏီ ပိုင်ရှင်မဟုတ်လား… ရေလည်မိုက်တယ်လို့ 'အုန်းခင်'ကပြောတာ ပြောတာပဲ… မင်းချစ်ချစ်ကသူလား… ဒါဆို ဂွတ်တာပေါ့"

"ဘာကို ဂွတ်ရမှာလဲ…"

www.burmeseclassic.com

www.burmeseclassic.com

"ကုမ္ပဏီပိုင်ရှင် မမလှလှဆိုတော့... မင်းအတွက်ဂွတ်တာကိုပြောတာလေ"

"သွားစမ်းပါကွာ... သူ့ဟာသူ ဘာပဲဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး"

ရှုံ့မဲ့စွာငြင်းနေသော 'သတိုး'အား 'ရူပါ' က နောက်တစ်ချက် ဝင်ပင့်ပြန်သေး၏။

"ဆိုင်လားမဆိုင်လား သူစီးထားတဲ့ ဖိနပ်ကိုသာကြည့် ... အဲဒါ 'မိုးပြာပြာ' ပေးထားတဲ့ဖိနပ်"

"ဟာ... လက်ဆောင်တွေဘာတွေပေးတဲ့အဆင့်ထိတောင်ရောက်နေပြီပေါ့... ခြေကျွမ်းသွက်လှချည်လား 'သတိုး' ရ"

"မင်းငါ့ကိုကြီးပဲမပြောနဲ့... 'ရူပါ့'အကြောင်းကိုရော သိရဲ့လား"

"ဘာလဲ..."

'သတိုး' ဆီ 'ရူပါ့' မျက်စောင်းက အရင်ခုန်ပျံဝဲကာ ရောက်လာလေသည်။

"မရှည်နဲ့နော်... ကိုယ့်ကိစ္စပဲပြော သူများအကြောင်းကိုလျှောက်ဖွနေစရာမလိုဘူး... ယောကျ်ားဖြစ်ပြီး သိက္ခာရှိရှိနေ"

"ဖွတာမှမဟုတ်တာ... မှန်ကန်တဲ့သတင်းမို့ ပြောပြမှာပဲဟာ"

"မပြောနဲ့..."

"ဟေ့ကောင် 'သတိုး' ... မင်းသိတယ်ဆိုတာပြောကွာ ဘာမှပိတ်နေစရာမလိုဘူး... မင်းအကြောင်းလည်း သူအော်ချက်လုပ်တာပဲဟာ"

"ပြောမှာပါ... သူလည်း သူဌေးတစ်ယောက်နဲ့ယူတော့မယ်တဲ့... သူ့အိမ်က အမြန်ဆုံးကို စီစဉ်နေတာတဲ့ကွာ"



"ဘယ်သူကယူမယ်ပြောလို့လဲ... အပိုစကားတွေလျှောက်ပြောတယ်... ရှင်မှတ်ထား 'ရူပါ' လိုမိန်းမက ရှင့်လိုငွေမမက်ဘူးဆိုတာပဲ... ရှင်သာငွေရှိတဲ့ 'မိုးပြာပြာ' ကို တွေ့တာနဲ့ အသေအလဲဖားစိန်လုပ်နေတာ... ကျွန်မက မနှစ်သက်ရင်မယူဘူး... ငွေထက် စိတ်ချမ်းသာဖို့က အရေးကြီးတယ်"

"ငါလည်းမင်းလိုပဲ..."

"မယုံဘူး... ကျွန်မပြောလို့ လူကြားကောင်းအောင်လိုက်မပြောနဲ့... ရှင့်စိတ်ဓါတ်ကို ကျွန်မ သိပြီးသား"

သူနဲ့သူမ ရဲ့မျက်လုံးကိုယ်စီက ရန်လိုမကျေနပ်မှုတွေနဲ့တောက်ပြောင်ကာ လက်လက်ထနေလေသည်။ နှစ်ယောက်စလုံး စိတ်ခံစားမှုကို ဦးစားပေးထားခြင်း၊ ငွေမမက်တာခြင်းက တူညီနေကြပါသည်။

'ဝင်းဆွေ' သည်လည်း သူစကားဆက်ရှည်နေရင် 'ရူပါ' နဲ့ 'သတိုး'တို့စကားအခြေအတင်တွေ အကြီးအကျယ်ဖြစ်ကုန်မှာ စိုးတာကြောင့် ခေါင်းရှောင်နေလိုက်ဖို့ ဆုံးဖြတ်မိသည်။

'သတိုး' က'ရူပါ့'အား ရှုတင်းတင်းကြည့်နေသလို 'ရူပါ' ကလည်း ကွန်ပျူတာကီးဘုတ်ကို တဂျောင်းဂျောင်းနဲ့ တမင်အသံမြည်မြည်အောင် ဆောင့်ရိုက်ရင်း မကျေနပ်ကြောင်းပြသနေပါသည်။

ရုံးဆင်းချိန်ရောက်တော့ 'မိုးပြာပြာ' မလာသေးခင် 'သတိုး' အား သရော်တော်တော်မျက်လုံးမျိုးနဲ့ 'ရူပါ' က ခဏ ခဏစိုက်ကြည့်တတ်လေသည်။ 'ရူပါ' အကြည့်ကိုမြင်ပြီး လေလုံးသွားထားသည့် 'သတိုး' မှာ 'မိုးပြာပြာ' ရဲ့ကားပေါ် တက်လိုက်သွားရှိုးဖင်ကျိန်းနေရ၏။

www.burmeseclassic.com

ပြောထားတဲ့စကားအတိုင်း ရုံးဆင်းချိန်လောက်မှာ 'မိုးပြာပြာ' ရောက်လာလေသည်။ သူအလုပ်တွေကို အပြီးသတ်သိမ်းဆည်းလုပ်နေစဉ် သူမက ပြန်ဖို့အရင် အဆင်သင့်ဖြစ်နေခဲ့သည်။ 'ကေသီ' ကို ပြောသလိုလိုနဲ့ သူ့အား ခနဲ့လေတော့သည်။

"တချို့ကပြောတယ် ငွေမမက်ဖူးလေးပါဘူးပေါ့နော်... ပြီးတဲ့အခါကျတော့လည်း ငွေရှိတဲ့သူနောက်ကိုလိုက်ချင်လို့ မစီးဖူးတဲ့ ကားကောင်းကြီးပေါ်ကို အကြွားငင်ပြီးတက်စီးကြည့်ချင်တော့... ဖင်ကလေးကိုလိမ်ပြီး ပျာယာကိုခတ်နေတာပဲ... မျက်စိကိုနောက်တယ်"

သူမ ပြောတာကို 'ကေသီ' ကဘောမပေါက်ပေ။

"ဟဲ့... နင်ဘယ်သူကို ပြောနေတာလဲ... နင့်စကားကလည်း အဆက်အစပ်မရှိ"

"လူကြွားကြီးတစ်ယောက်ကိုပေါ့နော်... နင်မသိသေးရင် အပြင်ရောက်မှ နင့်ကို ငါပြောပြမယ်"

အိတ်ကလေးကောက်လွယ်ကာ စတိုင်လ်ကျော့ကျော့နဲ့ ထွက်သွားသော သူမ ကိုကြည့်ပြီး သူ့ရင်ထဲ ကိုင်ဆောင့်ပစ်လိုက်ချင်သည်။ 'မိုးပြာပြာ' က ကားပေါ်မှာ ထိုင်စောင့်နေလို့တော်သေးတာပေါ့။

"ဟိတ်... ကောင်းကောင်းသွားနော်... တော်ကြာအပျော်လွန်ပြီး ကားပေါ်မှာသေးတွေ ထွက်ကျနေအုံးမယ်"

ဟု လျှာတစ်လစ်ထုတ်ကာ မသွားခင်လေးထပ်ရိနေသော သူမအား ...

"မင်း... မနာလိုဖြစ်နေတာမဟုတ်လား... ကုသိုလ်ကံချင်း မတူဘူးလေကွာ... မတူရင်မတုစမ်းပါနဲ့ သနားတယ်"



လို့ ပြန်ပက်လိုက်တဲ့ သူ့စကားကို မျက်နှာတွေမဲပုတ်အောင် သူမ ဒေါသတွေထွက်သွားရင်း အခန်းတံခါးကို ဆောင့်ပိတ်ထွက်သွားလေတော့သည်။ သူအလှည့်ကျတော့ နှာတတ်လိုက်တာ။ လှမ်းနေတဲ့ ခြေလှမ်းတွေကိုက ကတ္တရာလမ်းမ ကွဲထွက်မတတ် ပြင်းထန်ဆောင့်အောင့်လို့နေလေသည်။

www.burmeseclassic.com



## အခန်း [၅]

"ဟဲ့... နင်နဲ့ 'သတိုး'နဲ့ ဘာဖြစ်ကြတာလဲ ... မခေါ်တာကြာလှပြီ... အပြင်အတူတူမထွက်တာလဲ ကြာနေပြီ မဟုတ်လား... မန်နေဂျာကြီးတောင် သိနေသလိုလိုပဲ"

သူမ မေ့ထားခဲ့သော အကြောင်းတွေကို 'ကေသီ' ကအစ ပြန်ဖော်နေလေသည်။ ဘာကြောင့်မှန်းမသိဘဲ 'သတိုး' နဲ့ မခေါ် မပြောဖြစ်တာ ဆယ်ရက်ကျော်ခန့်ရှိသွားပါပြီ။သူမ ရင်ထဲ'သတိုး' နဲ့ပတ်သက်ပြီး စနောက်ချင်တဲ့ စိတ်ကလွဲပြီး မနာလိုအူပုတ်ခြင်း မရှိတာ သူမ သာအသိဆုံးဖြစ်သည်။ 'သတိုး' ရဲ့ မနာလိုဖြစ်နေ တာ ကုသိုလ်ကံခြင်း မတူဘူးဆိုတဲ့ လှောင်ပြောင်စကားတွေကို သူမ အနာကြီးနာမိသည်။

ရက်လည်းရက်မိသည်။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး နိုင်တဲ့အခါ ပြန်တွယ်လိုက်မဟဲ့ဆိုတဲ့အကျင့်ကို သူမ မုန်းမိသည်

ဒါကြောင့် သူနဲ့မဆက်ဆံဘဲ ခပ်ပြတ်ပြတ် နေနေမိတာပေါ့...သူ့ ရဲ့ အရှက်မရှိခိုးကြောင် ခိုးဝှက်မျက်လုံးတွေကို အမှတ်တမဲ့မြင်နေ မိသားပဲ။ ပြောတုန်းကပြောပြီး ခုမှ အပြစ်မရှိသလို ပြန်ခေါ်လို့ ရကြေးလား။

"ဘာမှမဖြစ်ပါဘူး... မပြောချင်လို့မပြောတာပေါ့... အရင် တုန်းကရော သူနဲ့ငါနဲ့ ဘယ်လောက်ပတ်သက်တာကျနေတာပဲ"

ဟု သူမ ပြန်ပြောတော့ 'ကေသီ' ကမဲ့ကာမျက်စောင်းထိုး လေသည်။

"အမယ်...မသိတဲ့လူတွေမှမဟုတ်ဘဲ 'ရူပါ' ရယ်... နင်တို့ အခြေအနေကို ကြည့်တာနဲ့ အကဲခတ်လို့ရပါတယ်နော်...အရင် တုန်းက အဆင်ပြေတယ်... အခုနောက်ပိုင်းမပြေတော့ဘူး.. အဲဒါ ပြဿနာတစ်ခုခုကြောင့်ပေါ့... အဲဒီပြဿနာကို သိချင်တာ"

"နင်သိချင် သူ့သွားမေးကြည့်ပေါ့... ငါကတော့ ပြောစရာ ရှိလို့ မပြောဘူး"

" 'သတိုး' ကို 'အုန်းခင်' မေးနေပါတယ်နော်... ပြီးရင်သိ မှာပါ"

"ဘာလဲ....နင်နဲ့ 'အုန်းခင်' က ဇာတ်လမ်းဖြစ်နေပြီပေါ့ ဟုတ်လား... ထင်တော့ထင်သားပဲ... အခုနောက်ပိုင်းအပြင်ထွက် တယ်ဆို... နင်တို့နှစ်ယောက်လုံးတက်ကြွနေတာ.. ခုမှပဲ အဖြေသိ တော့တယ်"

'ကေသီ' က ငြင်းဆန်စကားမဆိုဘဲ၊ စပ်ဖြဲဖြဲလုပ်တာ သူ့ တက်ချောင်းတွေကို သူ့ ဖါသာ အသလွတ် လိမ်ချိုးနေလေသည်။ ကြည့်ရကတည်းက မရိုးသားမှန်း သိသာနေပါသည်။

"ဟိုဟာလေ... သွားရင်းလာရင်းနဲ့ ခင်သွားတာပါဟယ်

www.burmeseclassic.com

ဘာမှတော့မဖြစ်သေးပါဘူး... သူကတော့ တွေ့လိုက်တိုင်း မုန်း ချင်ပြီးအလုံးဆော့ထုတာပေါ့ဟယ်... ငါကမူပြီး တင်းထားလိုက် တယ်... နှင်မို့ဆို ငါ့ကိုလွယ်လွယ်ရတဲ့မိန်းမလို့ ထင်သွားမှာ မိုး ရတယ်"

"တင်းထားတဲ့ရုပ်ကလည်း မပြောလိုက်ချင်ဘူး... ဒါနဲ့ မျှား 'အုန်းခင်' ကို 'ဒိုးဖင်' လို့ မီးရှို့လိုက်မယ်လေး ဘာသေးများလုပ် နေသေးတယ်... အံ့ပါရဲ့ 'ကေသီ' ရယ် ... နှင်မို့လို 'အုန်းခင်' လိုကောင်မျိုးကိုကြိုက်တယ်... အမြဲတမ်းရူးပေါပေါ ဖြစ်နေတဲ့ သူကိုများ"

"အဲဒါ သဘောကောင်းတာပါဟယ်... ငါဘာပဲလုပ်လုပ် ပြောပြော သူစိတ်ဆိုးတယ်ဆိုတာမှ မရှိတာဘဲ ...အမြဲတမ်းသည်း ခံခွင့်လွှတ်တတ်တယ်... အဲဒါကို ငါကကြိုက်တာ"

'ကေသီ' တစ်ယောက်ခုတော့လည်း 'အုန်းခင်' အပေါ် အပြစ်မမြင်နိုင်တော့ပါကလား။ ဟိုကောင်ကလည်း 'ကေသီ' နဲ့ တွေ့တိုင်းဘယ်လောက်တောင် ချွဲနေသလဲမှ မသိဘဲ။ 'အုန်းခင်' ကို လှမ်းကြည့်မိတော့ 'သတိုး' အနားကပ်ပြီး တွတ်ထိုးနေတာကို တွေ့လိုက်ရပြန်သည်။

" 'သတိုး' မင်းကလည်းကွာ ယောကျ်ားဖြစ်ပြီး ပြန်မှုနေ သေးတယ်... ချော့သင့်တာချော့မှပေါ့ကွ မင်းပြန်ခေါ်မှ 'ရူပါ' က ပြန်ကြည်မှာပေါ့... အလကားသက်သက်တော့မင်းကို သူကစခေါ် မလား... မင်းကပြန်ရောမှပေါ့"

'သတိုး' သည် နေရင်းထိုင်ရင်း အောင်သွယ်လုပ်ပေးနေ သော 'အုန်းခင်' ကြောင့် ခေါင်းနောက်သွားရသည်။ သူမ နဲ့မခေါ် ရတော့ကော ဘာဖြစ်သလဲ။ သူ့ရင်ထဲ ခဏတဖြုတ်လောက် ကသိ





ကလိ ဖြစ်တာကလွဲပြီး ပုံမှန်အတိုင်းနေတတ်နေတာပဲဟာ။

"သွားစမ်းပါကွာ... ဒီမှာအလုပ်တွေရှုပ်လို့ စိတ်ညစ်နေရ တဲ့ကြားထဲ မင်းကဝင်ညှော်နေသေးတယ်... ထား,ထားလိုက် သူ စိတ်နဲ့သူ ဒီအတိုင်းပဲရှိပစေ"

ဟု ပြောလိုက်သောသူ့စကားကို 'အုန်းခင်' ကထပ်ကွန့် ပြန်သည်။

"ဘာ ဒီအတိုင်းရှိရမှာလဲကွ... မင်းတို့နှစ်ယောက်အဆင်ပြေ သင့်နေတာကြာပြီ... ငါနဲ့ 'ကေသီ' တောင်အဆင်ပြေတော့မယ် မင်းနဲ့ 'ရူပါ' နဲ့ဆာ လိုက်ပါတယ်ကွာ"

"ဟော့ကောင်... မင်းစကားကဘာလဲ"

"မင်း 'ရူပါ' ကိုချော့ပြီး... ဘာညာဖွင့်ပြောလိုက်ပေါ့ကွာ"

'အုန်းခင်' ရဲ့အသံကျယ်သွားတာကြောင့် မလှမ်းမကမ်း သူမ ဆီအကြည့်ရောက်သွားရသည်။ ဖျတ်ကနဲ ခပ်ရူးရူးလှမ်းကြည့် သော သူမအကြည့်နဲ့တိုးနေတာမို့ သူ့ရင်ထဲဗရမ်းဗတာတုန်ရီ သွားရပါသည်။ မသိဟန်ဆောင်ကာ အကြည့်ကိုလွှဲရင်း...

"မင်း မဟုတ်တာတွေမပြောနဲ့ကွာ... 'ရူပါ' ကြားသွား ရင်မကောင်းဘူး"

"မင်းက 'ရူပါ' ကို ကြောက်နေတာလား"

"မကြောက်ပါဘူး..."

"မကြောက်ရင်ဖွင့်ပြောလေကွာ"

"ဘာကိုပြောရမှာလဲ..."

"မင်းရင်ထဲမှာရှိတာကိုပေါ့"

"ငါ့ရင်ထဲမှာရှိတာ..."

သူ့ ရင်ထဲမှာ သူမနဲ့ပတ်သက်ပြီး ဘာများရှိနေပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

သူမကို တစ်ခါတရံ အရမ်းကြီးသတိရမိတာကိုပြောတာလား။ သူမ ပြန်တဲ့အခါဘာရယ်မဟုတ် အနောက်က တိတ်တဆိတ်လိုက်ချောင်းကြည့်မိတာကိုပြောတာလား။ ဒါမှမဟုတ် သူမနာမည်ကို တရေးနိုးထယောင်မိတာကိုပြောတာလား။ သူမ နဲ့ ဖုတ်သက်တဲ့ သူ့ရင်ထဲက ခံစားချက်အစစ်အမှန်ကို သူအမိပွါယ် မဖော်တတ်ချေ။ သို့သော် သူ့ရင်ထဲမှာ သူမက နေရာတစ်နေရာ ဝင်ယူပြီး ချယ်လှယ်နေသည်ဆိုတာကိုတော့ ဝန်ခံပါရစေ။

"လတုံးရ... 'ရူပါ' ကို မင်းချစ်နေပြီမှလား..."

"ဟာ..."

"ဟာ မလုပ်နဲ့ ဖွင့်မပြောရင် မင်းငတ်သွားမယ်အောင်းမေ့"

"မဟုတ်တာကွာ"

'အုန်းခင်' သည် သူ့ပခုံးစွန်းကို ခပ်ပြင်းပြင်းရိုက်ကာ 'ရူပါ'တို့ဆီ အသံပြဲနဲ့အော်ပြော၏။ ဘာပြောမယ်မှန်းမသိတာမို့ သူ မတားနိုင်ပေ။

" 'ရူပါ' ရေ... 'သတိုး' တော့ နင်ခပ်စိမ်းစိမ်းလုပ်နေလို့ ကြွေနေပြီတဲ့ဟာ... အရင်လို အခြေအနေပြန်ရောက်ချင်တယ် တဲ့... နင်ဘယ်လိုစီစဉ်ပေးမှာလဲ"

'ရူပါ' ရင်ထဲထိတ်ကနဲလှုပ်ရှားသွားရကာ 'သတိုး' အား စူးစိုက်ကြည့်မိသည်။ သူက 'အုန်းခင်' ကိုလှမ်းဆွဲနေလေသည်။

"ဟေ့ကောင်...မင်းကွာ"

"တားမနေနဲ့... မင်းပွင့်ပွင့်လင်းလင်းမရှိလို့ ငါအော်ပြောနေရတာ"

'ကေသီ' ကလည်း 'ရူပါ' အား ဝင်ပင့်ပေးသည်။

"တစ်ခုခုပြန်ပြောလိုက်လေ 'ရူပါ' ရဲ့... နင်တင်းနေရင်



သူပိုကြောက်နေရုံပဲရှိမှာပေါ့"

"လာပြန်ပြီ... သူ့ဟာသူ ပေါ်ချောင်ပြီး အရက်မရှိလျှောက်ပြောတာကို ငါက ဘာလုပ်ပေးရမှာလဲ... နင်နဲ့ 'အုန်းခင်' ကြားထဲက တော်တော်ပွဲစားလုပ်ချင်နေကြတယ်"

"ပွဲစားလုပ်တာမှ မဟုတ်တာဘဲ... ဟိုက နင့်ကိုတကယ်စွဲနေလို့ စွဲနေတယ်ပြောတာပဲဟာ"

"မစွဲဘူး... သူ စွဲနေတဲ့သူ ငါသိတယ်... 'မိုးပြာပြာ' တဲ့"

'ရူပါ' စကားကို ကြားပြီး 'သတိုး' ကလည်း မနေပါ။

"မဟုတ်တာတွေလျှောက်မပြောနဲ့ 'ရူပါ'... 'မိုးပြာပြာ' နဲ့ ငါနဲ့ ဘာမှမဆိုင်ဘူး"

"အို... ရှင့်ကို အဖက်လုပ်ပြီး ဘယ်သူကမှမပြောဘူး... 'ကေသီ' ကိုရှင်းပြနေတာ"

"မင်းရှင်းပြတာက မဟုတ်တာကိုပြောနေတာပဲ 'မိုးပြာပြာ' နဲ့ ငါနဲ့မစွပ်စွဲနဲ့ မကြိုက်ဘူး... ငါ့မှာကြိုက်တဲ့သူရှိတယ်"

"လာမလိမ်နဲ့... ရှင်ပြောတိုင်းမယုံဘူး"

"မင်းယုံအောင်တော့ လက်တွေ့မပြနိုင်ဘူး... 'မိုးပြာပြာ' မဟုတ်ဘူးဆိုတာတော့ သေချာတယ်"

'ရူပါ' ကမျက်စောင်းထိုးကာ ဘာစကားမှမပြောတော့ဘဲ တစ်ဖက်လှည့်သွားခဲ့သည်။ပြောစရာစကားမရှိတော့ပေမယ့် 'သတိုး' မှာ ခိုးလို့ခုလုဖြစ်ကျန်နေခဲ့ရပါသည်။ 'အုန်းခင်'က သူတို့နှစ်ယောက်အခြေအနေကို မကျေနပ်ဘဲ ရုံးဆင်းတဲ့အခါကျတော့ အကွက်ဆင်ပါတော့သည်။

" 'သတိုး'... ငါနဲ့ကေသီ အင်းယားစောင်းမှာ မုန့်သွားစားမလို့လိုက်ခဲ့ကွာ ... မန်နေဂျာဆီက ကားတောင်းထားတယ်—


www.burmeseclassic.com

www.burmeseclassic.com

အပြန်ကျ မင်းအိမ်ထိပြန်လိုက်ပို့ပေးမယ်"

"မင်းတို့နှစ်ယောက်ကဲဖို့အတွက် မန်နေဂျာက ကားပေးလိုက်မယ်... မဖြစ်နိုင်တာ"

"ခိုင်းတဲ့ကိစ္စလည်းပါတာပေါ့ကွာ... ပြီးမှ ကန်ဘောင်သွားမှာ... အလုပ်ကိစ္စကို ခေါင်းထဲမထည့်နဲ့ ခဏလေးနဲ့ပြီးတယ်... အဓိက,က ကန်ဘောင်မှာပျော်နိုင်ဖို့ပဲ"

"မလိုက်ဘူးကွာ... မင်းတို့နှစ်ယောက်ပဲပျော်စမ်းပါကွာ ငါပါရင် လူပိုဖြစ်နေမယ်... ပြီးတော့ ငါ့အနေနဲ့လည်းတစ်ယောက်ထဲကြောင်တယ်"

'အုန်းခင်' ကစိတ်ရှုပ်သွားသလို ခေါင်းကိုကုတ်လိုက်ပြီး သူ့အနား ခပ်တိုးတိုးကပ်ပြောသည်။

" 'ရှုပါ' လည်းပါမှာကွ... မင်းတစ်ယောက်ထဲမကြောင်ပါဘူး... 'ကေသီ' ကလည်း 'ရှုပါ' ကိုမရရအောင်ခေါ်လိမ့်မယ်"

'ရှုပါ' ပါမယ်ဆိုတော့ သူစိတ်ထဲဘာမှန်းမသိဘဲ လိုက်သွားချင်စိတ်ဖြစ်သွားရသည်။ သူမ ရှိတဲ့အရပ်မှာ သူရှိနေချင်တာ သူ့ခံစားချက်ရဲ့တောင်းဆိုမှုသာတည်း။

"လိုက်မယ်ကွာ... အကြာကြီးမနေရင်ပြီးတာပဲ"

ဟု သူပြောလိုက်တော့ 'အုန်းခင်' က သူ့ပခုံးစွန်းကို ခပ်ပြင်းပြင်းတစ်ချက်ထိုးကာ ထွက်သွားလေသည်။ ညနေရုံးမဆင်းခင် သူတို့လေးယောက်သား အတူတူထွက်လာကြပါသည်။ ရုံးမှာကျန်ခဲ့တဲ့နှစ်ယောက်က ပြုံးစိစိနဲ့အခြေအနေတွေကို သဘောပေါက်သလို ခေါင်းတညိမ့်ညိမ့်လုပ်ပြနေကြသည်။

မန်နေဂျာခိုင်းလိုက်တဲ့ အလုပ်ကိစ္စက ခဏကလေးနှင့်ပြီးစီးသွားတာမို့ ကန်ဘောင်သို့ ခပ်စောစောပဲရောက်ခဲ့ကြသည်။



'အုန်းခင်' နဲ့ 'ကေသီ' က အကြော်စားဖို့စိတ်မဝင်စားနိုင်အားဘဲ ကန်ဘောင်မှာ လမ်းလျှောက်ဖို့တက်ကြွစွာ ထွက်သွားကြ၏။ သူတို့နှစ်ယောက်အား တမင်ရှောင်ပေးသွားသည့်သဘောနဲ့အတူ လိုက်ခဲ့ဖို့ပင် ဟန်ဆောင်ပန်ဆောင်မခေါ်တော့ဘဲ လှည့်မကြည့်စတမ်းထွက်သွားကြသဖြင့် သူနဲ့ 'ရှုပါ' တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြောင်နေမိကြပါသည်။

"မင်းဘာလုပ်မှာလဲ 'ရှုပါ' ... အကြော်စားမလား"

"မစားချင်ပါဘူး... ရှင့်မျက်နှာကိုမြင်နေရရင် ဘာအစားမှ ဝင်မှာမဟုတ်ဘူး"

"ဒါဆိုလဲ... မကြည့်ဘဲစားလေဗျာ"

"မစားချင်ဘူး... ကျွတ် 'ကေသီ' အစုတ်ပလုတ်မ ကိုလည်း မပြောချင်ဘူး ခေါ်တုန်းကတော့သူ... ခုကျတော့ အဖက်တောင် မလုပ်ဘူး"

" 'အုန်းခင်' လည်းအတူတူပဲ... ကျွန်တော့်ကို ခုကျတော့ အဖက်တောင်မလုပ်ဘူး"

"ရှင် ကျွန်မပြောတာလိုက်မပြောနဲ့"

"ကဲပါ... အလကားသက်သက် ကျွန်တော့်ကို ရန်လိုမနေပါနဲ့... အေးအေးဆေးဆေးကန်ဘောင်မှာပဲ လမ်းလျှောက်ရအောင်ဗျာ"

တစ်ယောက်ထဲ ကျန်နေရမယ့်အဖြစ်ကို သူမ မနှစ်သက်သလို မှုန်တေတေရုပ်နဲ့ သူ့နံဘေးမှာ ခပ်ခွာခွာပါလာလေသည်။ လူချင်းနီးကပ်သလိုရှိနေပေမယ့် တစ်ယောက်နဲ့တစ်ယောက်စကား မပြောဖြစ်ကြချေ။ ရုတ်တရက်သူ့ကို ကျော်ဖြတ်ပြေးကာ ကန်ဘောင်အုတ်တံတိုင်း သံမံတလင်းမှာထိုင်ချလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုင်ခုံတွေက ညနေစောင်းမို့ လူပြည့်နေပါသည်။

ဘာဖြစ်မှန်းမသိတာမို့ သူကပါ ရောယောင်ပြီး သူမ နံဘေးကပ်ထိုင်ကာ မေးမိ၏။

"ဘာဖြစ်လို့လဲ... မင်းဘာဖြစ်သွားတာလဲ"

"ရှင်ဘာလို့ ကျွန်မနံဘေးလာကပ်ထိုင်ရတာလဲ... သွားသွား ခပ်ဝေးဝေးသွားနေ"

သူ့အား အတင်းကာရောနှင်လွှတ်ရင်း သူမ စလင်းဘက်ထဲမှ ထီးကိုအမြန်အဆန်ထုတ်ပြီး နေမပူဘဲ ဖွင့်ဆောင်းလိုက်ပါသည်။ သူမ လုပ်တဲ့အပြုအမူကို နည်းနည်းကလေးမှ သူ နားမလည်နိုင်တော့ပေ။ ဘာထပေါက်သွားရတာလဲ။

"ရှင် ဘာ့စိုက်ကြည့်နေတာလဲ... သွားတော့လေ ကျွတ်... ဒုက္ခပဲ"

ဟု သူမ ထပ်နှင်လွှတ်ပြန်သည်။

"နေရင်းထိုင်ရင်း မင်းဘာဖြစ်သွားရတာလဲ... ထီးကရော ဘာလို့ဖွင့်ဆောင်းရတာလဲ... နေဖြင့်မပူဘဲနဲ့"

သူမသည် ထီးကိုအသာနောက်လှန်ကာ သူ့ကိုကျော်ပြီး အနောက်တစ်နေရာသို့ အသာချောင်းကြည့်လိုက်ပြီးမှ မျက်မှောင် မျက်နှာပျက်နဲ့ ခပ်ကျိတ်ကျိတ်ပြောပြန်သည်။

"ရှင် ဒီအနားကသွားမလား မသွားဘူးလားပြော"

"ဘာဖြစ်လို့သွားစေချင်တာလဲ... မင်းပုံစံကြည့်ရတာ တစ်ခုခုပဲ"

'သတိုး' က သူမ ဖြစ်နေရတဲ့အခက်အခဲအား ကူညီချင်လို့ ကို အနားကမခွာဘဲ ကပ်မေးနေမိတာဖြစ်သည်။

"ကဲ... မရတော့ဘူးလာတော့... ရှင့်ကြောင့် ပြဿနာတွေ



တော့တက်ကုန်တော့မှာပဲ"

မထင်မှတ်ဘဲ 'သတိုး' လက်မောင်းကို သူမ ကခပ်တင်းတင်းဆွဲကိုင်ကာ ထီးအမိုးအောက်ထဲ သူ့အားဝင်စေလိုက်ပါသည်။ သူမ လုပ်ရပ်က သူ့အတွက် အံ့ဩစေရလွန်းသာမကပဲ ရင်ခုန်သံတွေပါမြန်စေသည်။ ထီးအမိုးတစ်ခုအောက်မှာ သူမနဲ့အတူ မျက်နှာချင်းနီးကပ်စွာ လူချင်းပူးကပ်စွာနေရလိမ့်မည်ဟု သူ ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့ဘူးချေ။

သူမက မျက်နှာပျက်ပျက်နဲ့ ခေါင်းငုံ့ငြိမ်သက်နေလေသည်။

"'အုန်းခင်' တို့စုံတွဲကို မင်းအားကျနေပြီနဲ့တူတယ်"

"မရူးနဲ့... ကျွန်မမှာပြဿနာရှိလို့ ဒါမျိုးလုပ်လိုက်ရတာ တစ်မျိုးတွေးပြီး စိတ်ကူးလျှောက်ယဉ်ဖို့တော့ မစဉ်းစားနဲ့ ... လက်ဝါးကို ကြည့်ထား"

"ဒါဆို... ငါ့ကို ထီးအောက်ထဲဘာလို့ အတင်းကာရော ဆွဲသွင်းသေးလဲ"

"ရှင့်ကိုမြင်ရင်... မှတ်မိသွားမှာစိုးလို့"

"ဘယ်သူကလဲ"

"ကျွန်မ မောင်က"

"မှတ်မိတော့ဘာဖြစ်သလဲ... မင်းမောင်နဲ့ ငါနဲ့ ဘယ်တုန်းက ပတ်သက်ဖူးလို့လဲ"

စကားပြောတဲ့အခါမှာ သူမက နီးကပ်နေတဲ့မျက်နှာချင်းကာ ခေါင်းကို ငုံ့စောင်းထားသည်။ ခေါင်းအရွေ့ ထီးကာ... နည်းငယ်တော့ လှုပ်လိုက်စောင်းလိုက်ဖြစ်နေပါသည်။ ဖြတ်သွားဖြတ်လာပတ်ဝန်းကျင်ရှိ လူတွေစိတ်ထဲ တစ်မျိုးမြင်ဆောင်း

www.burmeseclassic.com



မြင်နိုင်ပေမယ့် သူတို့နှစ်ယောက်မှာတော့ စကားအခြေအတင် ဖြစ် ကောင်းဆဲပါ။

"ရှင်နဲ့ မပတ်သက်ဖူးပေမယ့် ကျွန်မနဲ့အတူတွဲပြီး တွေ့ ဖူးတော့ ရှင့်ကို မှတ်မိနေနိုင်တယ်... တော်ကြာ ရှင့်မျက်နှာကို မြင်ပြီး မယုံသင်္ကာဖြစ်မှာစိုးလို့"

"ဘာမယုံသင်္ကာလဲ"

"ကျွတ်.. ရှင်နဲ့အတူတွဲပြီး တွေ့လိုက်ရင် ပြဿနာ မိုးမီး လောင်တော့မှာ... ရှင်နဲ့မပတ်သက်ရဘူးလို့ အိမ်ကအပြတ်ပြော ထားတယ်"

"ဟာ... ဘလိုင်းကြီးပြဿနာရှာနေပါလား... ဘာမှလည်း မဆိုင်ဘဲနဲ့"

"မဆိုင်ပေမယ့်မရဘူး... ကျွန်မကို စိတ်မချလို့ စည်းကမ်း ထုတ်လိုက်တာ... နားမထောင်ရင် ချက်ချင်းဟိုလူနဲ့ ပေးစားမယ် တဲ့"

"ယူလိုက်ပေါ့"

"ရှင်နော်..."

သူမက မျက်စောင်းပြင်းပြင်းထိုးကာ သူရဲ့လက်မောင်းကို လည်း ခပ်နာနာကလေးလိမ်ဆွဲသည်။ ထီးအမိုးတစ်ခုအောက်မှာ သူမနဲ့ နီးနီးကပ်ကပ်စကားများရန်ဖြစ်ရတာသည် စိတ်တိုမှုထက် ကျေနပ်ကြည်နူးမှုက ပိုနေသလိုရှိ၏။ 'သတိုး' စိတ်ထဲ ရှိန်းရှိ လိုက်မောကာ တုန်တုန်ရီရီကြီး ခံစားနေရတော့သည်။ သူမက တော့ ပြဿနာတက်မှာစိုးကြောက်နေသူမို့ သူ့လိုခံစားချက်မျိုး ခံစားမိမယ့်ပုံမပေါ်။

"ကျော်သွားပြီနဲ့တူတယ်... ထီးဖယ်လိုက်တော့"



"နေပါအုံး... ကျွန်မ ကျောမလုံသေးဘူး"

သူတို့ပြောနေစဉ်မှာပဲ အနောက်ကနေ ထီးကိုလှန်ဆွဲ သူတာခံလိုက်ရသည်။ သူမ မျက်နှာက ချက်ချင်းငိုချလိုက်တော့ ခလို နီရဲပျက်ယွင်းလျက်ရှိ၏။

"'မမကြီး' ရယ် ရှက်ဖို့ကောင်းလိုက်တာ... မေမေ ဒီလောက် ခာထားရဲ့နဲ့ အပြင်မှာ ထင်တိုင်းကျဲနေတယ်"

"မဟုတ်ဘူး... နင်ပြောသလိုမဟုတ်ဘူး 'ကျော်စွာ'... စိတ် ထင်ရာစွတ်ရွတ်ပြောမနေနဲ့"

"မုန်လာဥလုပ်မနေပါနဲ့ဗျာ... ထီးကြီးလှုပ်ရှုနေတာက သက်သေခံနေပါတယ်... ကဲချင်တိုင်းကဲနေတာ ပတ်ဝန်းကျင်ကို ောင် သတိမထားမိနိုင်တော့ဘူးပေါ့လေ... 'ဖြူပြာ' သိရင်လည်း က်မှာ"

"ညီလေး ... မင်းထင်သလို မဟုတ်ဘူး... ထီးလှုပ်နေတာ က ကိုယ်နဲ့သူနဲ့..."

"မပြောနဲ့ဗျာ... ခင်ဗျားကြီးဘာမှဝင်ရှင်းပြနေစရာမလိုဘူး ျွန်တော့်အစ်မကို ခင်ဗျားမြူဆွယ်ထားလို့ ပြောမရဆိုမရဖြစ်နေ ာ... အဓိကတရားခံက ခင်ဗျားပဲ"

'ကျော်စွာ' တစ်ယောက်စကားလည်းဆုံးရော လျင်မြန်လှ သာ အရှိန်ဖြင့် 'သတိုး' ရဲ့ဝမ်းဗိုက်ကို သူ့ခေါင်းဖြင့် အပြေး င်ဆောင့်ပစ်လေသည်။ 'အင့်' ကနဲနေအောင် အသက်ရှူရပ်မ တ် 'သတိုး' ပြင်းပြနာကျင်စွာ ခံစားလိုက်ရသည်။ ရပ်နေရာ က်ကိုဖိနှိပ်ကာ ရှုံ့ရှုံ့မဲ့မဲ့ထိုင်ချမိသည်။ 'ကျော်စွာ' ရဲ့ နောက်ထပ် ာက်ထပ်ရောက်လာသည့် လက်သီးချက်တွေကိုလည်း ရှော ာက်တိမ်းကာယိမ်းကာ ရှောင်တိမ်းနေရသေး၏။

www.burmeseclassic.com

www.burmeseclassic.com

ပြန်လုပ်လိုက်ဖို့ဆိုတဲ့အတွေး မရောက်နိုင်အောင် 'ရှုပါ' ရဲ့ မျက်နှာက သူ့အား အသနားခံနေသလိုရှိလေသည်။

"ဟဲ့... တော်ပါတော့ 'ကျော်စွာ' ရယ်... သူ့မှာဘာအပြစ်မှ ရှိတာမဟုတ်ဘူးဟဲ့... နင်စွတ်လုပ်မနေနဲ့... လူတွေလည်းအုံလာ ပြီ... ငါအရမ်းရှက်တယ်"

"ရှက်တတ်ရင် 'မမကြီး' ဒီနေရာကိုတောင် ရောက်မလာ ဘူးဗျသိရဲ့လား... ခုမှ ဘာမှလာပြောမနေနဲ့တော့... ဒီလူ့ကိုမှတ် လောက်အောင်ဆုံးမရမယ်"

'ကျော်စွာ' သည် 'သတိုး'ကို ထပ်ပြီးထိုးဖို့ ကန်ဖို့အတွက် တားနေသည့် 'ရှုပါ' အားခပ်ကြမ်းကြမ်း တွန်းဖယ်ထုတ်ပစ်သည်။ ဘေးနားမှာ ဝိုင်းအုံကြည့်နေသည့် သူတွေကလည်း ဘယ်သူ ဘယ်သူကို ဝင်ဖျန်ဖြေဆွဲရမလဲဆိုတာ သိပုံမရချေ။ ပြဿနာ ကြားထဲ အချောင်ညှပ်ပါမှာ စိုးပုံရ၏။

ဘာမှပြန်မလုပ်ဘဲ သည်းခံရှောင်ရှားနေတဲ့ 'သတိုး'ကို သနားအားနာလာရတာကြောင့် 'ရှုပါ'သည် မဆင်မခြင် မုန်းတီး နေသော 'ကျော်စွာ'ကိုပဲ လက်ထဲမှာ ဆုပ်ကိုင်ထားဆဲဖြစ်သော ထီးနဲ့ဆင့်ကာဆင့်ကာ ရိုက်ပစ်လိုက်မိသည်။

"ကဲဟယ်...ဒီလောက်ပြောမရ ဆိုမရဖြစ်နေတဲ့ကောင်... မှတ်ထား...မှတ်ထား"

" 'မမကြီး'... 'မမကြီး' လူထိလို့နာတာလား...ကျွန်တော် ကိုမရိုက်နဲ့"

"မရိုက်စေချင်ရင် နင်လက်မသရမ်းနဲ့တော့ပေါ့...နင့်ထက် အကြီးကို နင်ထိုးစရာလား... ဟိုကနင့်ကို ပြန်မလုပ်ချင်လို့ သိ ရဲ့လား"





"လုပ်လေ... သူထိုးကိုယ်ထိုးပေါ့...ဘာမှမကြောက်ဘူး"

လေကျယ်လှသော 'ရှုပါ'ရဲ့မောင်ကို 'သတိုး' အမြင်ကတ်ကတ်ရှိလာရတာကြောင့် ထိုင်နေရာမှ ဆတ်ကနဲထလိုက်ကာ လက်ဝါးစောင်းနဲ့ ခေါင်းကို နဘန်ကျင်းပေးလိုက်သည်။ လူပိန် လေးမို့ ခေါင်းလည်ကာ ခြေသုံးလေးလှမ်းမျှ ယိုင်နဲ့ကာ ပြုတ်ကျ မလိုဖြစ်သွားသည်။

'အုန်းခင်' နဲ့ 'ကေသီ' လည်းခုမှပဲ လူအုပ်ကြားထဲမှ ထိုးထွက်ကာ သူတို့အနားရောက်လာကြသည်။

"ဘာဖြစ်တာလဲ... ဒီကောင်ဘယ်ကကောင်လဲ"

'အုန်းခင်'က 'ကျော်စွာ' ပခုံးကို ဆောင့်တွန်းထည့်ကာ ထိုးတော့မည့်ဟန်နဲ့ သူ့အားလှည့်မေးသည်။

" 'အုန်းခင်' မလုပ်နဲ့... သူက ငါ့မောင်လေး"

ဟု 'ရှုပါ' ရဲ့သတိပေးသံကိုကြားတော့မှ အခြေအနေကို စောင့်ကြည့်တဲ့သဘောနဲ့ ရပ်နေလေသည်။

"ဟယ်...'မမကြီး'... 'ကျော်စွာ' နင်ဘယ်သူနဲ့ ပြဿနာ ဖြစ်နေတာလဲ"

"ဟိုလူနဲ့"

'သတိုး' ကိုကြည့်သော ကောင်းမလေးရဲ့ မျက်လုံးက ဘယ်သူဆိုတာ သိရှိတဲ့ပုံမရပါ။ အစိမ်းသက်သက်သာဖြစ်နေ သည်။

" 'မမကြီး' ကဒီကို ဘယ်လိုလုပ်ပြီးရောက်နေရတာလဲ... 'ဖြူပြာ'တို့က ဆရာမနဲ့မုန့်လာစားကြတာ... 'ကိုသန်းလွင်' လိုက် ပို့တာလေ"

'သန်းလွင်' ဆိုတဲ့လူကို 'သတိုး' မြင်ဖူးတယ်ရှိအောင်

www.burmeseclassic.com



လှမ်းကြည့်မိသည်။ ကိုယ်နဲ့ မပတ်သက်ပေမယ့် ရင်ထဲမှာတော့ ဘယ်ဘဝက ရေစက်ကြောင့်မှန်းမသိဘဲ မြင်တာနဲ့ ဆွဲထိုးချင်စိတ်ပေါက်နေရသည်။ ဝိုင်းအုံကြည့်နေတဲ့ လူအုပ်ကလည်း ကျဲပါးသွားပြီမို့ ကာယကံရှင်တွေဖြစ်တဲ့ သူတို့အုပ်စာသာ ကျန်နေခဲ့ပါသည်။

"ငါက 'ကေသီ' တို့နဲ့လိုက်လာတာ"

"ဒါဆိုလဲ... 'ဖြူဖြာ' တို့နဲ့ပဲ အတူတူပြန်လိုက်ခဲ့တော့လေ... 'ဖြူဖြာ'တို့လည်း တအောင့်လောက်နေပြန်တော့မှာ"

'သန်းလွင်' ဆိုတဲ့လူနဲ့ မပတ်သက်ချင်သဖြင့် 'ရူပါ' ခေါင်းခါငြင်းဆန်လိုက်သည်။

"ရတယ်...'ကေသီ'တို့ကိုပဲ ပြန်လိုက်ပို့ခိုင်းလိုက်တော့မယ် ငါတို့မှာလဲ ကားပါတယ်"

"မရဘူး... ကျွန်တော်တို့နဲ့ပဲ'မမကြီး' ပြန်လိုက်ခဲ့ 'ဖြူဖြာ' 'မမကြီး' ကိုထားခဲ့လို့ မဖြစ်ဘူး... 'မမကြီး' အကြောင်းငါသိတယ်"

'ကျော်စွာ' စကားကြောင့် 'သန်းလွင်' ကဝင်စပ်စုသည်။

" 'ရူပါ'ကဘာလို့ ကိုယ်တို့နဲ့မလိုက်ချင်ရတာလဲ...'ရူပါ' မှာ ဘာအလုပ်တွေရှိသေးလို့လဲ"

"အလုပ်ကတော့ မရှိတော့ပါဘူး... ဒါပေမယ့်"

"ဒါပေမယ့်တွေ ဘာတွေလုပ်မနေပါနဲ့ 'ရူပါ' ရယ်... ကိုယ်တို့နဲ့ပဲ လိုက်ခဲ့လိုက်ပါ"

"ဟုတ်သားပဲကွယ်... 'မမ' တို့နဲ့ပဲလိုက်ခဲ့ပါ... 'ဖြူဖြာ' တို့လည်းပါနေတဲ့ဟာ"

'ဖြူဖြာ'ရဲ့ဆရာမကိုယ်တိုင် တကူးတကဝင်ခေါ်နေတာကြောင့် 'ရူပါ' သူတို့နဲ့အတူ ပြန်လိုက်သွားဖို့ ခေါင်းညိမ့်သ



ဘောတူလိုက်ရသည်။ 'သတိုး' ကို လှမ်းကြည့်မိတော့ နားလည်သလို မျက်လုံးမျိုးနဲ့ ပြန်ကြည့်နေခဲ့ပါသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



'ရန်ကင်းစင်တာ' အောက်ဘက်ရှိ စီးတီးမတ်မှာ 'သတိုး' နဲ့ 'မိုးပြာပြာ' ရောက်ရှိနေကြသည်။ မေမေ့အတွက် စားစရာတချို့ဝယ်ပေးချင်တယ်ဆိုသဖြင့် သူမနဲ့အတူ 'သတိုး' က အဖော်လိုက်ခဲ့ပေးရခြင်းဖြစ်၏။ 'မိုးပြာပြာ' ရဲ့မိခင် 'အန်တီဝင်း' က မေမေနဲ့အတူတူ အိမ်မှာကျန်နေရစ်ခဲ့ပါသည်။

ပစ္စည်းတွေထည့်ဖို့ တွန်းယူလာသည့် စတီးလှည်းကလေးက အပြည့်နီးပါးကို 'မိုးပြာပြာ' က စင်ပေါ်ကအရာတွေကို အမျိုးစုံအောင် ဟိုဆွဲဒီဆွဲထည့်နေလေသည်။ တော်ပြီလို့ ပြောရလောက်အောင်လည်း တွန်းလှည်းထဲက ပစ္စည်းတွေက သူတို့အတွက် အကုန်လုံးဟုတ်ချင်မှ ဟုတ်မှာပေါ့။

"'သတိုး' ရေ... အန်တီအတွက်လိုချင်တာတွေလည်း ကိုယ့်ဖါသာယူလိုက်နော် တို့ဝယ်တာကျန်ခဲ့မှာစိုးလို့ အားနာမနေနဲ့"

"မေမေ့အတွက်က ဘာမှ သိပ်မလိုပါဘူး..."

"ဘယ်ဟုတ်မလဲ... ယူ...ယူ ကြိုက်တာယူ"

'မိုးပြာပြာ' ကိုယ်တိုင်စိတ်တိုင်းကျ ရွေးယူလို့ပြီးမှ ငွေရှင်းကောင်တာသို့ လာခဲ့ကြပါသည်။ ပစ္စည်းတန်ဘိုးငွေရှင်းတော့ သုံးသောင်းကျော်လောက်ကျနေသဖြင့် သူလန့်သွားရသည်။ စားစရာတွေရဲ့ တန်ဖိုးက နည်းနည်းနောနောမဟုတ်ပါလား။

"ဒီပစ္စည်းတွေကို ကားထဲမှာအရင်ထား,ထားလိုက်မယ်... ပြီးတော့မှ အပေါ်ပြန်တက်ကြမယ်..."

သူမ စကားအတိုင်းနှခံကာ ပစ္စည်းထုပ်တွေကို ကားပေါ်အရင်ထားပြီးမှ အဝတ်အထည်တွေရောင်းတဲ့ အပေါ်ထပ်ဆီသို့ နှစ်ယောက်သား အတူတူတက်ခဲ့ကြပါသည်။

"မင်းကို ပုဆိုးဆယ်ထည်လောက် လက်ဆောင်ပေးချင်လို့ 'သတိုး' ရ ... မင်းရုပ်ရည်နဲ့ မင်းဝတ်ပုံစားပုံနဲ့က နည်းနည်းကလေးမှ မလိုက်ဘူး... အဖိုးကြီးပေါက်စဖြစ်နေတယ်"

"ဟာ...နေပါစေ ရတယ် 'မမိုးပြာ' မဝယ်ပါနဲ့... ကျွန်တော်ကိုယ်တိုင်က ဒီအဆင်ကျဲကြီးတွေကို ကြိုက်လို့ဝတ်နေ၈ာပါ"

"မလိမ်ပါနဲ့ 'သတိုး' ရယ်... တို့အားလုံးသိပါတယ်— အဲ့သလိုသိလာတဲ့အတွက်လည်း မင်းကိုပိုအထင်ကြီးရတယ်— အနစ်နာခံတတ်တဲ့မင်းရဲ့ စိတ်ဓါတ်ကို တို့လေးစားပါတယ်— မေမေကိုယ်တိုင်က မင်းကိုလိမ္မာတယ်လို့ ချီးကျူးနေတာ"

'သတိုး' ဘာစကားမှ ဆက်မပြောတတ်တော့ချေ။ ရင်ထဲမှာတော့ 'မိုးပြာပြာ' ဝယ်ပေးတဲ့ ပုဆိုးတွေကို လက်ခံယူရမှာ ရှက်ရွံ့အားနာနေမိသည်။ မယူပြန်ရင်လည်း မေမေက အပြစ်တင်နေမှာ သေချာသည်။ 'မိုးပြာပြာ' တို့သားအမိကို မေမေက ကိုယ့်အိမ်သားတွေလိုကို စိတ်ထဲမှာမှတ်ယူထားတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မေမေ့အလှည့်တုန်းက အားပေးကူညီခဲ့သလို သူတို့ပြန်ကူညီတဲ့ အခါမှာလည်း မေမေကကျေကျေနပ်နပ်ကြီး သဘောကျနှစ်သက် နေခဲ့ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ယောကျ်ားလေးဖြစ်တဲ့ 'သတိုး' ရင်ထဲ မှာတော့ အားအနာကြီး နာနေမိပါသည်။ ဖြစ်နိုင်ရင် 'မိုးပြာပြာ' တို့ပေးတဲ့ အကူအညီတွေကို မယူချင်ပါဘူးလေ။

သူရွေးချယ်စရာမလိုဘဲ ... သူမ စိတ်ကြိုက်အဆင်တွေကို 'မိုးပြာပြာ' က ရွေးချယ်ဝယ်ယူနေလေသည်။ ညီနဲ့ညီမဖြစ်တဲ့ 'ကိုမိုး' နဲ့ 'ပိုး'အတွက်ပါ ဝယ်နေပြန်သဖြင့် 'သတိုး' တားလိုက် ရသည်။

"တော်ပါတော့ 'မမိုးပြာ' ရယ် ... ကျွန်တော်တို့မိသားစု အတွက် ဒီလောက်ထိမလိုပါဘူး...မေမေ့အတွက်ပဲလိုပါတယ်"

"အတူတူပဲပေါ့... 'သတိုး' ရယ် မင်းတို့မောင်နှမတွေက တို့ရဲ့မောင်နှမပဲပေါ့... အားနာနေတာဟာ တို့ရဲ့စေတနာကိုစော် ကားနေတာနဲ့အတူတူပဲ"

သူ ဆက်ပြောနေရင် 'မိုးပြာပြာ' အားစော်ကားသလိုဖြစ် မှာစိုးပြီး ငြိမ်နေလိုက်ရပါသည်။ 'မိုးပြာပြာ' ငွေရှင်းနေစဉ် ဆိုင် အတွင်းသို့ စုံတွဲတစ်တွဲဝင်လာခဲ့သည်။ သူ့ရင်ထဲ ဆောင့်ခုန်သွား ရကာ မျက်လုံးအကြည့်က မကျေမနပ်ဖြစ်သွားမိသည်။ 'ရူပါ' လည်း သူကိုမြင်တော့ နှုတ်ခမ်းက မဲ့သလိုဖြစ်သွားတာတွေ့လိုက် ရပါသည်။

'သန်းလွင်' ဆိုတဲ့လူက ပုဆိုးတွေကိုသာ သဲသဲမဲမဲ စိတ်ဝင် တစားရွေးချယ်နေလေသည်။ 'ရူပါ' နဲ့ သူနဲ့ ပစ္စည်းတွေလျှောက် ကြည့်နေသလိုလိုမျိုးနဲ့ လူချင်းနီးကပ်နေတာကို သတိထားမိ



ပုံမရချေ။ သူကစပြီး အသံတိုးတိတ်တိတ်နဲ့ ရန်လိုလိုက်ပါသည်။

"လူလည်မကြီး... ပြောတော့ဖြင့် မိုးလားကဲလား...ခုကျ တော့ စုံတွဲခုတ်လာတယ်"

လှမ်းကြည့်လာသော 'ရူပါ့'အကြည့်မှာ ဒေါသအခိုးတွေ လျှံတက်နေသလားမှတ်ရသည်။

"နာဘူးကြီး... မျက်နှာကိုက မြူးကြွရူးထနေတဲ့ရုပ်နဲ့ သိပ်နန့်နေတယ်... ကျွန်မက မဖြစ်လို့လိုက်လာရတာမှတ်ထား"

"မလာမဖြစ်ရင်လည်း မလာနဲ့ပေါ့... လာပြီးမှတော့ ခင်ဗျားရှတာပေါ်လွင်နေပြီ ... ငွေတော်တော်မက်တဲ့မိန်းမ"

သူပြောပြီးတာနဲ့ သူမ အနားမှခွာကာ အခြားတစ်နေရာသို့ လျှောက်လာခဲ့လိုက်သည်။ ဆိုင်အပြင်ထိတော့ သူမ လိုက်လာရဲ ခယ်မထင်ပေ။ 'မိုးပြာပြာ'ကလည်း သူဝယ်ထားတဲ့အကျီတစ် ထည်အစွန်းရာပါနေသဖြင့် ဆိုင်ကပြန်လဲပေးတာကို စောင့်ယူ နေသဖြင့် သူ့အား ဂရုမပြုမိချေ။

ဖန်ထည်ပစ္စည်းတွေရောင်းသော ဘေးဖက်ဆိုင်ခန်းထဲသို့ လွတ်ရာလွတ်ကြောင်းရှောင်တဲ့ သဘောအနေနဲ့ လှမ်းဝင်ကာ ပစ္စည်းတွေကို ဝယ်ဖို့စိတ်ကူးမရှိဘဲ ဟိုကိုင်ဒီကိုင်သူလျှောက် ကြည့်နေမိပါသည်။

"ရှင်စကားပြောမရိုင်းနဲ့နော် 'သတိုး'... ကျွန်မက ဘာနန့် နေလို့လဲ... ကျွန်မဖက်ကအခြေအနေကို မသိဘဲစွတ်မပြောနဲ့— ရှင်သာငြင်းတုန်းက သေအောင်ငြင်းပြီး ခုပက်ပင်းမိလို့ ရှုပ်ထ အိဖြစ်နေတာ"

ဟု တိုးကပ်ကပ် သူမရဲ့ ဒေါသရန်လိုသံကြောင့် မျက်နှာ ကျို့ကာ မကျေမနပ် သူ စိုက်ကြည့်ပစ်လိုက်သည်။ သူ့ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com

မကျေနပ်မှုကို သူမ လာဆွနေသလိုပါပဲ… မတွေ့ချင်တော့လို့ လွတ်ရာလွတ်ကြောင်းထွက်လာပါတယ်။ မရမကကို နှောင့်ယှက်နေပြန်တော့တာပါလား…

"မင်းသွားတော့… ဟိုမှာမင်းဘဲကြီး မင်းကိုမတွေ့လို့ စိတ်ပူနေလိမ့်မယ်… ငါ့အနားလာလို့ အကျိုးမရှိဘူး… အကျိုးရှိတဲ့သူ့အနားသွားကပ်နေ"

"ကျွန်မကို အဲဒီလူနဲ့ တွဲမပြောနဲ့နော်… ကျွန်မ မကြိုက်ဘူး"

"မကြိုက်ရင်… မတွဲနဲ့ပေါ့ကွ"

"ကျွန်မကိုတော့ပြောတယ်.. ရှင်ကျတော့ 'မိုးပြာပြာ'နဲ့ တွဲပြီး ဘာလို့မဟုတ်ဘူးလို့ ရုံးမှာငြင်းသလဲ… ရှင်ငြင်းတော့ ကျွန်မကပဲ အပိုပြောသလိုဖြစ်နေပြီ"

"မဟုတ်မှ…မဟုတ်တာ"

သူတို့နှစ်ယောက်အနားသို့ ဆိုင်မှဝန်ထမ်းကောင်မလေး တစ်ယောက်ရောက်လာသဖြင့် စကားတွေကို ရပ်ပစ်လိုက်ကြသည်။ ပြိုင်တူဆိုသလိုပင် ပြထားသော ဖန်ထည်ပစ္စည်းတွေကို နှစ်ယောက်သား အိုင်တင်နဲ့ ကိုင်ကြည့်မိကြပါသည်။ ကောင်မလေး အခြားတဘက်သို့ထွက်သွားတာနဲ့ တပြိုင်နက် မထင်မှတ်ဘဲ သူ့လက်ထဲမှာ ကိုင်ထားသော ဖန်လင်ဗန်းလှလှကြီးအား 'ရူပါ' က တမင်ပုတ်ချပစ်လိုက်လေသည်။

ခွမ်းကနဲအသံနဲ့အတူ ဖန်ကွဲစတွေ ခြေနင်းကြွေပြားပေါ်မှာ အစိတ်စိတ်အမွှာမွှာ ပြန့်ကျဲသွားရလေသည်။ မထင်မှတ်တာမို့ ဖန်လင်ပန်းအား သူ ဖမ်းချိန်မရလိုက်ပါ။

'မှတ်ထား' ဆိုတဲ့ 'ရူပါ' ရဲ့အသံသဲ့သဲ့ကို သာကြားပြီး လူကတော့ လေလိုလျင်မြန်လှတဲ့အရှိန်နှုန်းနဲ့ သူ့အနားကအပြေး





ထွက်သွားခဲ့ပါပြီ။ သူ့အားတမင်သက်သက် ပညာပြနိုပ်စက်သွားတာ။

"အစ်ကိုက သေချာမှမကိုင်ကြည့်ဘဲ… ပစ္စည်းအကောင်းစားရှင့်.. ပြင်သစ်ကလာတာ တစ်သောင်းခုနှစ်ထောင်တောင်"

"တစ်သောင်းခုနှစ်ထောင်…."

"ဟုတ်တယ်.. ကွဲသွားတာနမြောစရာကြီး"

သူ့မှာဒီလောက်ပိုက်ဆံဘယ်ပါလိမ့်မလဲ။ သူမ အပေါ်ကိုသာ ဒေါသတွေပုံကျနေဖြစ်သည်။ ဆိုင်ထဲမှခြေလှမ်းကျဲကျဲနဲ့ ထွက်သွားဖို့ပြင်သောသူ့အား ဝန်ထမ်းကောင်မလေးက သူ့လက်မောင်းကိုခပ်တင်းတင်း ဆွဲကိုင်ဆုပ်ကာထားသည်။

"ဒီလိုလစ်မပြေးနဲ့လေ.. ပစ္စည်းတန်ဖိုးလျော်သွားအုံးမှပေါ့"

"ငါ.. လုပ်တာမှမဟုတ်ဘဲ"

"ရှင်.. ဖြောင်လိမ်လို့မရဘူးနော်.. အဲဒီလင်ဗန်းကို ရှင်ကိုင်ကြည့်နေတာ ကျွန်မတွေ့တယ်… လျော်ရင်လျော်နော်… မလျော်ရင် လုံခြုံရေးဝန်ထမ်းခေါ်ပြီး အချုပ်ထဲပို့ပစ်မှာအောင်းမေ့"

'သတိုး' အံကိုကြိတ်ကာ အသက်ခပ်ပြင်းပြင်းရှုလိုက်မိသည်။ ဆိုင်ပြင်ကိုလှမ်းကြည့်တော့ မချိုမချဉ်မျက်နှာထားနဲ့ သူ့ကိုလက်ပြကာထွက်သွားသော 'ရူပါ' ကိုတွေ့လိုက်ရသည်။

"'သတိုး' ဘာဖြစ်လို့လဲ… ဘာပြဿနာတက်နေတာလဲ"

ဟု 'မိုးပြာပြာ' က အခုမှအထုပ်တွေပွေ့ကာလျက် တစ်ဖက် ဆိုင်ခန်းမှ ရောက်လာသည်။

"ကျွန်မတို့ဆိုင်က ဖန်လင်ဗန်းကို သူကိုင်ကြည့်ပြီး ကွဲသွားတာ မလျော်ဘူးလုပ်နေလို့ ပြဿနာတက်နေတာ အစ်မ… မလျော်ရင်ကျွန်မတို့က လုံခြုံရေးဝန်ထမ်းခေါ်ရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား 'သတိုး' "

'ရှုပါ' မရှိတော့တာမို့ သူ ခေါင်းသာညိမ့်ပြလိုက်ရသည်။

"ပစ္စည်းတန်ဖိုးဘယ်လောက်လဲပြော… တို့ပေးမယ်"

ငွေရှင်းပြီးတာနဲ့ သူတို့နှစ်ယောက် အိမ်ပြန်လာခဲ့ကြပါသည်။ မျက်နှာပျက်ယွင်းနေသောသူ့အား 'မိုးပြာပြာ' မေးသည်။

"မင်းဘယ်သူ့ကို ဒေါသဖြစ်နေတာလဲ 'သတိုး' ရဲ့…ကိစ္စကရှင်းပြီးသွားပြီပဲဟာ"

"ပစ္စည်းတန်ဖိုးကို ကျွန်တော်ပြန်ဆပ်ပါ့မယ် 'မမိုးပြာ'… ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

မလိုဘူးပြောလည်း 'သတိုး' ဖက်က ဇွတ်ငြင်းဆန်နေမှာကို ကြိုသိနေသဖြင့် 'မိုးပြာ' ဘာမှမပြောတော့ပါ။ 'သတိုး' ရဲ့မာနနဲ့သိက္ခာကို 'မိုးပြာ' သဘောကျပါသည်။

ငွေမရှိပေမယ့် ယောကျ်ားတစ်ယောက်ရဲ့မာနတော့ 'သတိုး' မှာအပြည့်ရှိလေသည်။ သူ့အပေါ်အရေးပေးလှသော 'မိုးပြာ' ကိုတောင်မှ သိက္ခာရှိရှိမှန်တန်းပဲ ဆက်ဆံတာ လက်တွေ့သိနေခဲ့ရပြီးပြီပဲ။ လူကြီးတွေရဲ့ခင်မင်မှုကို ပြောမနိုင်လို့ 'မိုးပြာ' တို့ဝယ်ပေးတဲ့လက်ဆောင်ပစ္စည်းတွေကို ယူနေရပေမယ့် သူ မယူချင်တာအားနာနေတာက သူ့မျက်နှာမှာအထင်သား ပေါ်နေခဲ့သည်။

ခုခေတ် ပေါ့ပျက်ပျက် တချို့ယောကျ်ားတွေရဲ့ ရေသာခိုချင်တဲ့စိတ်ဓာတ်မျိုး 'သတိုး' မှာမရှိတာမို့ 'မိုးပြာ' သဘောကျမိပါသည်။

" 'မမိုးပြာ' သမီးလေးနဲ့ကော အဆက်အသွယ်ရရဲ့လား"

"ရပါတယ်… ဒီနှစ်ကုန်လောက်တောင် သမီးကပြန်လာမယ်ပြောနေတယ်… တို့နဲ့နေချင်တယ်တဲ့လေ … သူ့အဖေရဲ့စရိုက်ကိုမကြိုက်ဖူးနဲ့တူပါတယ်"

" 'မမိုးပြာ' နဲ့ 'မမိုးပြာ' အမျိုးသားက ကွာရှင်းပြီးသားလား… ကျွန်တော့်ကိုတစ်မျိုးမထင်နဲ့နော် … 'အန်တီဝင်း' နဲ့က အမြဲတမ်းအဆက်အသွယ်ရှိနေလို့လေ"

'မိုးပြာ' တို့အိမ်တွင်းရေးကိစ္စတွေကို 'သတိုး' တို့မိသားစုဆီမှာ မေမေဖွင့်ပြောပြ ပြီးပြီနဲ့တူပါသည်။ 'မိုးပြာ' ဖက်ကလည်း လိမ်ညာနေစရာ မရှိပါဘူး။

"စာချုပ်စာတမ်းနဲ့ကို ကွာရှင်းပြီးသားပါ.. သူကတော့မပြတ်နိုင်လို့ မေမေနဲ့အမြဲမပြတ်ဆက်သွယ် စုံစမ်းနေတာပေါ့လေ သမီးကလည်း ရှိသေးတယ်ဆိုတော့ လုံးဝခပ်ကင်းကင်းကြီးတော့နေလိုက်လို့ မရဘူးဖြစ်နေတယ်"

" 'မမိုးပြာ' တို့နှစ်ယောက်က ချစ်လို့ယူခဲ့ကြတာ မဟုတ်ဘူးလား"

"ချစ်လို့ယူခဲ့ကြတာပဲ.. ချစ်လွန်းလို့ပဲ ကွဲသွားခဲ့ကြတာ… ယောကျ်ားကို တို့က တို့တစ်ယောက်တည်းပဲ အပိုင်ချစ်ချင်တာချင်တာ … ဒါပေမယ့် သူ့ မိဘမောင်နှမတွေက သူတို့ ဩဇာခံစေချင်ကြတာဆိုတော့ တို့နဲ့လုံးဝမဖြစ်ဘူး … ရသလောက်တော့တို့လည်း သည်းခံအောင့်အီးနေကြည့်တာပဲ …လုံးဝလက်တွဲမဖြစ်နိုင်တော့ဘူးဆိုမှ လမ်းခွဲလိုက်ကြတာ … သမီးကတော့ ဓာပင်ပေါ့"

'မမိုးပြာ' ရဲ့အသံက လိုက်ကာတုန်ရီနေသည်။ သူ့ရင်လည်း သူ့ခံစားချက်နဲ့သူ ရှိနေမှာပေါ့လေ။ 'မမိုးပြာ' အကြောင်းကြည့်ရခြင်းက မေမေ့ရဲ့စိတ်ကူးယဉ် စကားတွေကြောင့်ဖြစ်သည်။ 'သတိုး' အား 'မမိုးပြာ' နဲ့ နီးစပ်စေချင်တဲ့ အကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ပေးစားချင်တဲ့အကြောင်းတွေ ခဏခဏပြောလွန်းတာကြောင့် 'မမိုးပြာ' ရဲ့ရင်ထဲက ခံစားချက်ကို ဖွင့်မေးကြည့်ခြင်းဖြစ်သည်။

"မမိုးပြာ' တို့နှစ်ယောက် ပြန်မညှိကြတော့ဘူးလား..."

"မညှိချင်တော့ဘူး... တို့က သူ့ကိုအပြတ်ပြောလိုက်ပြီး သား... တို့ကိုချစ်ရင် တို့နဲ့မြန်မာပြည်မှာပဲနေလို့ သူမှ မနေဘဲ... သူ့မိဘတွေရှိတဲ့ ဩစတေးလျကို လိုက်သွားမှတော့ အဖြေက ရှင်းနေပြီလေ... အလကားပါ ဘိုရူးတွေ... မြန်မာပြည်မှာကြီးပွား အောင်လုပ်မစားတတ်လို့ တခွေလုံးတမျိုးလုံး ဟိုမှာအလုပ်သမား ဝင်လုပ်နေကြတာ... လုံးဝအထင်မကြီးဘူး"

" 'မမိုးပြာ' က အရွယ်ရှိသေးတဲ့မိန်းမတစ်ယောက်ပဲ... အိမ်ထောင်မပြုတော့ဘူးလား"

ကားမောင်းနေရင်း သူ့ ဖက်လှည့်ကြည့်လာသော'မမိုးပြာ' ရဲ့မျက်လုံးအကြည့်က တစ်မျိုးလေးဖြစ်နေခဲ့သည်။

"မပြောတတ်သေးဘူးလေ... တို့စိတ်နဲ့ကိုက်မယ့်လူတစ် ယောက်ထပ်တွေ့မယ်ဆိုရင်တော့ ယူဖြစ်ချင်ယူဖြစ်မှာပေါ့"

မယူဘူးလို့ ယတိပြတ်အဖြေစကားမပြောတဲ့အတွက် သူ ကြိတ်ပြီး သက်ပြင်းချလိုက်မိပါသည်။ သူ့ နှလုံးခုန်သံရဲ့ စည်း ချက်သံတိုင်းက 'ရူပါ' လို့တစာစာအော်မြည်နေတာကို သိနေ သောကြောင့် စိတ်ပူပင်နေရခြင်း ဖြစ်သည်တည်း။



## အခန်း [၄]

"မေမေ့ကိုကြည့်ရတာ အရင်ကထက် ပိုပြီးလန်း ဆန်းလာသလိုပဲနော်.. ကျန်းမာရေးတော်တော်ကောင်းလာပြီ"

ဟု ပြောတုန်းက သူ့စိတ်ထဲချမ်းမြေ့နေခဲ့ပါသည်။ ဒီစကား ကြောင့် သူ အကျဉ်းအကြပ်ထဲရောက်သွားရလိမ့်မည်ဟု နည်း နည်းကလေးမှ မတွေးခဲ့ဘူးပေ။ သူဖွင့်ပေးသော လမ်းကြောင်း အတိုင်း မေမေက အသာကလေးဝင်လာလေသည်။

"စိတ်ချမ်းသာတာကိုး သားရဲ့... မေမေ့သားသမီးတွေက လိမ္မာတော့ မေမေ့မှာသောကဆိုတာ မရှိသလောက်ဘဲ... သားကြီး ကဆို ပိုပြီးတော့တောင် လိမ္မာသေးတယ်"

"မေမေက ကျွန်တော့်ကို မြှောက်ပြောနေတာပဲ"

"မြှောက်ပြောစရာလား သားရယ်... သားကရော မေမေ့စကား မလိမ္မာဘူးလား ပြော"

"ကျွန်တော်က သားအကြီးဆုံးဖြစ်နေတော့ အစစအရာရာ

www.burmeseclassic.com



တာဝန်ယူငွဲ့ညှာလုပ်ပေးရမယ်ဆိုတာ ခေါင်းထဲမှာဆွဲနေပြီးသား ပါ... အထူးသဖြင့် အငယ်နှစ်ယောက်ကို ပိုညှာပေးရမှာပေါ့"

"သားစိတ်ဓာတ်ကို သဘောကျလို့ 'အဝင်း' က 'ဘလူး' နဲ့သားကို ပေးစားဖို့ခဏခဏပြောနေတာပေါ့... 'ဘလူး' နဲ့ကိစ္စကို အချိန်မဆွဲချင်တော့ဘူးတဲ့ကွယ်...မြန်မြန်ပဲလုပ်စေချင်တယ်တဲ့... မေမေကိုယ်တိုင်ကလည်း ဖြစ်စေချင်လှပြီ... မေမေ့ကျန်းမာရေး ကောင်းနေတုန်း စီစဉ်လိုက်တော့မယ်ကွယ်"

"မဖြစ်ပါဘူးမေမေရယ်... 'ဘလူး' မှာသမီးတစ်ယောက် ရှိသေးတယ်မလေ... သူ့ယောက်ျားကလည်း ကွဲသာကွဲတယ် ဟို ကိုလိုက်လာဖို့ ခေါ်ခေါ်နေတာဆိုတော့ တစ်နေ့သူတို့အိမ်ထောင် ရေးပြန်ပေါင်းဖြစ်ရင် ဘယ်လိုလုပ်မလဲ... ဇာတ်ရှုပ်ထဲကျွန်တော် ဝင်မပါချင်ဘူး မေမေရယ်"

"'ဘလူး' စိတ်ကပြတ်ပါတယ်ကွယ်... ဘာဇာတ်ရှုပ်မှ ဖြစ်လာစရာကို မရှိဘူး... 'ဘလူး' နဲ့သားနဲ့ ယူပြီးရင် မေမေတို့ တစ်မိသားစုလုံး 'ဘလူး' တို့ တိုက်ကြီးပေါ် အဆင်သင့်တက် နေလိုက်ရုံပဲ... 'အဝင်း' ကလည်း သူတစ်ယောက်ထဲအဖော်မရှိ ဘူးဆိုပြီး လာနေဖို့ခေါ်ခေါ်နေတာ ကြာပြီ"

မျှော်လင့်ချက်ကြီးလှသော မေမေ့စကားကိုကြားပြီး သူ အရှက်ကြီး ရှက်သွားရတော့သည်။ 'မမိုးပြာ' ကို သူမချစ်ပါ။ သူ တို့ရဲ့စည်းစိမ်တွေကိုလည်း မမက်မောလှပါ။ မိသားစုဆန္ဒကို လိုက်လျောတာတစ်ခုထဲနဲ့ လူပြောသူပြောခံရမယ့်ဘဝမျိုး သူ ရောက်မခံနိုင်ပါဘူး။ ပတ်ဝန်းကျင်ကတော့ သူတို့စိတ်ထင်ရာ ကဲ့ရဲ့ အတင်းတုတ်ကြမှာ ကေန်မလွဲတည်း။

ချီးမွမ်းခုနှစ်ရက်၊ ကဲ့ရဲ့ခုနှစ်ရက်ဆိုပေမယ့် ကဲ့ရဲ့တဲ့ခုနှ



ရက်ဒဏ်ကို သူ မခံစားနိုင်ဘဲ ရှက်ပြီးအရင်အသက်ထွက်သွားခဲ့ ရင်ဘယ်လိုလုပ်မလဲ။ မချစ်ဘဲနဲ့ ခလေးတစ်ယောက်အမေအား ပြောင်ကျကျယူရဲတဲ့သတ္တိမျိုး သူ့မှာ ပါမလာခဲ့ဘူးနဲ့တူသည်။

"မဖြစ်ပါဘူး မေမေရယ်.. 'ဘလူး' ကို ကျွန်တော် မချစ်ဘူး သူ့ဖက်ကလည်း ကျွန်တော့်ကို မောင်အရင်းတစ်ယောက် လိုပဲ ဆက်ဆံတာပါ"

"'ဘလူး' က... လက်ခံရင် သား မငြင်းဘူးမှလား"

မျှော်လင့်ချက်ဖြင့် မေမေ့မျက်လုံးတွေက လက်ဖြာနေခဲ့ သည်။

"ငြင်းမှာ မေမေ... ကျွန်တော့်မှာ ချစ်သူရှိနေပြီ...ကျွန်တော် ချစ်တဲ့သူနဲ့လက်တွဲချင်တယ်"

"သားချစ်တဲ့သူက 'ဘလူး' တို့လောက် ပြည့်စုံလို့လား"

"သာမန်ပါပဲ"

"သာမန်ဘဝနှစ်ခုပေါင်းစပ်ရင် သာမန်ထက်နိမ့်တဲ့ဘဝ အခြေအနေမျိုးရောက်သွားရုံပဲ ရှိလိမ့်မယ်... သားကိုမှီခိုမျှော်လင့် နေရတဲ့ မေမေတို့ဘဝကို ထည့်မတွက်တော့ဘူးလား"

"ငွေမက်တာတစ်ခုထဲနဲ့ 'ဘလူး' ကိုယူရမှာ ကျွန်တော်ရှက် တယ်မေမေ"

"ရှက်တာက ခဏပါကွယ်... နောက်ပိုင်းသားဘဝဟာ မျက်လုံးပြည့်စုံလွန်းလို့ 'ဘလူး' ကို ရွေးချယ်ခဲ့တာ မှန်လှ ချည်ရဲ့ ဖြစ်နေမယ်"

မေမေ့ဆန္ဒကတအားကို ပြင်းပြလှသည်။ သူငြင်းပယ... ...ာ်တိုးကာ မရမကပြောမယ့်ပုံရှိ၏။ သူတို့စကားဝိုင်းကို 'ဟိုနိုး' ... ဝင်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်သူငယ်ချင်းတွေကို အပြတ်ကြွားထားပြီးပြီနော် 'ကိုကြီး' … 'ဘလူး' နဲ့မြန်မြန်လက်ထပ်လိုက်ပါဗျာ… နောက်ဆုံး ပေါ်ကားကြီးတွေစီးပြီး ဒီရပ်ကွက်ထဲ တဝူးဝူးလုပ်ပြ ချင်လို့ပါ"

"မင်းစီးချင်ရင် မင်းဖါသာကြိုးစားပေါ့ 'ကိုမိုး' ရ … သူများအားကိုးတာ ငါမကြိုက်ဘူး"

အဝေးသင်တက္ကသိုလ်တက်နေတဲ့ 'ကိုမိုး' သည်လည်း မိသားစုကို ပြန်ပြီးသိတတ်သော သူတစ်ယောက် မဟုတ်ပါ။ ပိုက်ဆံမရှိရတဲ့အထဲ ရည်းစားတွေမှိုလိုပေါက်ထားကာ အမေ့ဆီက ရသမျှငွေညှစ်ပြီး ပေါ့ပျက်ပျက်နေတတ်သော သူတစ်ယောက် ဖြစ်ပြန်သည်။ ရတဲ့အလုပ်ဝင်လုပ်ပြီး အိမ်ကိုပြန်ထောက်ပံ့မယ် ဆိုတဲ့အတွေးမျိုး ဒီကောင့်ဦးနှောက်ထဲ ရှိမနေပေ။ တစ်ခုခုဆို အမေနဲ့ 'သတိုး' ဆီသာ အရှက်မရှိအပူကပ်တတ်သည်။

အရင်ချိန်တွေတုန်းက ခွင့်လွှတ်စိတ်မွေးနိုင်ခဲ့ပေမယ့် ခုနေအခါမှာတော့ 'သတိုး' စိတ်ထဲအချဉ်ပေါက်နေမိသည်။

" 'ကိုကြီး' ကလည်း လေသံတွေတင်းလိုက်တာ… ကျွန်တော်တို့မှာ အားကိုးစရာဆိုလို့ 'ကိုကြီး' တစ်ယောက်ထဲပဲ ရှိတဲ့ဥစ္စာ 'ပိုး' ဆိုအိမ်မှာတောင် မနေတော့ဘူး… 'အန်တီဝင်း' တို့အိမ်မှာပဲ လိုက်နေ,နေတာ ကြည့်ပါလား"

" 'ပိုး' ကိုလည်း ကျွန်တော်ပြောမလို့မေမေ … ဘာလို့ 'အန်တီဝင်း' တို့အိမ်မှာ အရှက်မရှိလိုက်နေရတာလဲ … ဘယ်လောက်ပဲခင်ခင် ကိုယ့်အိမ်ကိုပစ်ပြီး လိုက်နေစရာမလိုဘူး…မေမေ့ကို သူပြုစုရမယ်…သမီးမိန်းခလေးဖြစ်ပြီး အလိုက်ကန်းဆိုးကို နားမလည်ဘူး"

ညီမအငယ်ဆုံးဖြစ်သည့် 'ပိုး' သည်လည်းပဲ တကိုယ်



ကောင်းဆန်စွာ အနေအထိုင်အစားအသောက်ပြည့်စုံလှသော 'အန်တီဝင်း' တို့အိမ်မှာ စည်းစိမ်အပြည့်နဲ့လိုက်နေလေသည်။

ဟိုကဘယ်လောက်ပဲ လာနေပါခေါ်ခေါ် 'ပိုး' တစ်ယောက် နားလည်စွာ ငြင်းဆန်ဖို့သင့်သည်။ ရောဂါသည်အမေကိုလဲ ညှာတာထောက်ထားတတ်ရမှာပေါ့။ ခုတော့ လုပ်ပုံကိုင်ပုံတွေက တစ်စက်ကလေးမှ အချိုးမပြေချေ။

"မေမေကိုယ်တိုင်ထည့်လိုက်တာပါကွယ်… ညီမလေးကို ပြောမနေပါနဲ့… 'အဝင်း' တို့အိမ်မှာက လူနည်းတော့ 'ပိုး' ရောက်လာမှ စိုစိုပြေပြေဖြစ်ပြီး မပျင်းရတာတဲ့ကွယ်… နောက်လည်း နေမယ့်အတူတူ ခုသွားနေတော့လည်း ဘာမှမထူးပါဘူး … မေမေ့အတွက် လိုအပ်တာခိုင်းဖို့ ကောင်မလေးတစ်ယောက်ပို့ပေးမယ်တဲ့"

"ဟာဗျာ… အလုပ်မဟုတ်တာ… 'ပိုး' တစ်ယောက်လုံး ရှိနေတဲ့ဟာ… ဘယ်သူ့မှခိုင်းဖို့ခေါ်နေစရာကို မလိုဘူး… သူ့ကိုပဲ အရင်လို ပြန်လုပ်ခိုင်း"

" 'သတိုး' မင်းဘာမှပြောမနေနဲ့တော့… ကိစ္စအားလုံးကို မေမေပဲစီစဉ်မယ် မင်းလိုက်နာဖို့သာ စဉ်းစား… မေမေတို့မိသားစုရဲ့ကောင်းခြင်းဆိုးခြင်းဟာ မင်းအပေါ်မှာမူတည်နေတယ်ဆိုတာကို မင်းခေါင်းထဲထည့်ထားဖို့ပဲ လိုတယ်…မင်းအသက်အရွယ်လည်းငယ်မှ မငယ်တော့ဘဲ… အကောင်းဆုံးဖြစ်အောင် စဉ်းစားတွေးခေါ်တတ်မှာပါ"

မျက်နှာချိုကာ တစ်ဖက်လှည့်သွားသော မေမေ့ပုံစံက သူ့အားမကျေနပ်ဘူးဆိုတာကို ပြသနေပါသည်။ သူ့စိတ်ထဲမှာစ် ထွေးလေးလံနေရ၏။ စိတ်ပြေရာပြေကြောင်းအနေနဲ့ ဦးတည်ချက်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ သူ အပြင်ထွက်ခဲ့လိုက်ပါသည်။ လမ်းထိပ်ရောက်တော့ ကြုံရာလိုင်းကားတစ်စီးပေါ်တက်စီးကာ ဆင်းချင်တဲ့နေရာမှာ ဆင်းလိုက်သည်။ သူ ဘယ်ကိုသွားနေတာလဲဆိုတာ မသိ။ သူ့အဖြစ်က အိမ်မက်ထဲ လမ်းလျှောက်တဲ့သူတစ်ယောက်နဲ့တူနေခဲ့ပါသည်။

မှုန်ပြပြခါတ်မီးတိုင်အောက်က အုတ်ခုံမှာ ပြီးစလွယ်ထိုင်ချလိုက်ရင်း ပတ်ဝန်းကျင်ကိုလျှောက်ကြည့်နေဖြစ်ပါသည်။ သည်နေရာကို သူရောက်ဖူးနေသလိုပါပဲ။ ဟော... ဟိုလမ်းချိုးထိပ်က မြင်နေရတဲ့တိုက်ကြီးကိုလည်း သူမှတ်မိနေရ၏။ စိတ်ညစ်မှုက ကြီးစိုးသဖြင့် လက်ရှိအခြေအနေကို သူ ခဏမေ့သွားရကာ စိတ်ထဲကသွားချင်တဲ့နေရာဆီ မထင်မှတ်ဘဲ ရောက်လာခဲ့တာ ဖြစ်ပေမည်။

သတိုး' စိတ်ညစ်နေသလိုပဲ 'ရူပါ' မှာလည်း စိတ်ညစ်နေရပါသည်။ ဟိုတစ်ခေါက် အင်းယားကန်ဘောင်မှာ ပြဿနာတက်ပြီးကတည်းက မေမေတို့ဖက်က စည်းကမ်းတွေပိုတင်းကြပ်ကာ သူတို့ဖြစ်ချင်တာတွေ ဖွတ်စီစဉ်ဖန်တီးနေတော့တာ ဖြစ်သည်။ 'ရူပါ' မကျေနပ်လို့ ထွက်ပြေးလွတ်မြောက်စရာ ပြေးစရာ နေရာမရှိချေ။

ငယ်ငယ်ကတည်းက မိသားစုအပေါ်ငဲ့ညှာစိတ်ထားခဲ့ရသဖြင့် ခုချိန်မှာကိုယ်လွတ်ရုန်းထွက်သွားဖို့လည်း သတ္တိမရှိ ဖြစ်နေမိသည်။ အဲ့သလို သတ္တိမရှိဖြစ်နေတာကြောင့်ပဲ ရှေ့လာမယ့်အပတ်ထဲ 'သန်းလွင်' နဲ့စေ့စပ်ရတော့မည်။ သူမ မပျော်ပါ။ ရင်ဖွင့်စရာလူလည်း သူမ မှာမရှိခဲ့။ အူကြောင်ကြောင် 'သတိုး' နဲ့လည်း တစ်စက်ကလေးမှအဆင်မပြေချေ။



လူကိုသဝန်တိုသလို စိတ်မချသလို သူ့ဖက်ကပြောဆို ပြုမူခဲ့ပေမယ့်လည်း တကယ်တမ်းကျတော့ 'မိုးပြာပြာ' ဆိုတဲ့ သူဌေးမဆီမှာပဲ ကြွေဆင်းခယနေတာ မုန်းစရာပင်ကောင်းလှသည်။

တိုက်ဝရံတာမှရပ်ကာ တွေးချင်ရာတွေးနေခဲ့သော 'ရူပါ' တစ်ယောက် မထင်မှတ်ဘဲ လမ်းထိပ်ခါတ်တိုင်အောက်မှ မိမိတို့တိုက်ဆီမျှော်ကြည့်နေခဲ့သော လူတစ်ယောက်ကိုအတွေ့ အံ့ဩစိတ်နဲ့အတူ ရင်ခုန်သံတွေပူနွေးလာခဲ့ရသည်။ မျက်နှာကို သဲသဲကွဲကွဲမမြင်ရပေမယ့် ပုံသဏ္ဍာန်ကိုကြည့်တာနဲ့ပင် ဘယ်သူဆိုတာကို သူမ ခန့်မှန်းလို့ရနိုင်ပါသည်။

'သတိုး' ရင်ဘာကြောင့် ကျွန်မ မသိအောင် တိတ်တိတ်ကလေး လာချောင်းကြည့်နေရတာလဲကွယ်။ မေမေတို့ကို အလစ်ချောင်းကာ သူရှိတဲ့နေရာဆီ သူမ တစ်ယောက်ထဲခပ်သွက်သွက်အပြေးလာနေမိပါသည်။ သူမ ရင်ခုန်သံကို သူမ သိနေရသောကြောင့် စွန့်စားကာ လာခဲ့ခြင်းဖြစ်သည်။ သူမ တို့နှစ်ယောက်ရဲ့ခံစားချက်တွေကို ဖွင့်အန်ထုတ်ဖို့ အချိန်ရောက်ခဲ့ပြီပဲ။

သူ့အနားရောက်တော့ သူမ ခြေလှမ်းကို ရှေ့ဆက်မတိုးရဲတော့ဘဲ ရက်ရွံ့တုန်လှုပ်စွာဖြင့် ကြည့်နေမိပါသည်။ သူ့မျက်လုံးတွေက အံ့ဩကြည်နူးစိတ်နဲ့ အရည်တဖျတ်ဖျတ်လက်ခါနေလသည်။ သူမ အနီးသို့ သူလျှောက်လာကာ ....

" 'ရူပါ' .."

ဟု တိုးဖျဖျခေါ်ပါသည်။

"ရင်ကျွန်မကို လာစောင့်ကြည့်နေတာမဟုတ်လားဟင်.. တကယ်လို့သာ ကျွန်မ ရင်ရောက်နေတာမသိခဲ့ရင် ဘယ်လိုလုပ်လဲ "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မသိဘူး "

"မသိဘူးဆိုပြီး တစ်ညလုံးထိုင်ကြည့်နေမယ်မှလား... အဲဒါ ဘာကြောင့်လဲ"

'သတိုး' ကြောင်နေရသည်။ သူမ ရောက်လာလိမ့်မယ်လို့ လုံးလုံး မထင်ထားမိချေ။ သူကိုယ်၌ကလည်း စိတ်ကူးတည့်ရာ လာမိသူဖြစ်၍ သူမ အိမ်အနီးဘယ်လိုအတွေးမျိုးနဲ့ ရောက်လာခဲ့ ရသည်မသိ။ အခုပဲ အိမ်ပြန်ဖို့ သူစဉ်းစားမိစဉ် သူမ ရောက်လာ တာဖြစ်သည်။ နီးနီးနားနား သူ့အနားမှာ သူမ ရှိနေတဲ့အတွက် စိတ်ထဲချမ်းမြေ့သွားရတာတော့ သေချာပါသည်။

သူမနဲ့ဆက်ဆံရေးပြန်ပြေလည်နေရတဲ့အဖြစ်ကိုလည်း ကြည်နူးနေမိသည်။

"မေးနေတာဖြေလေ.. ရှင်ဘာကြောင့် ဒီဓါတ်တိုင်အောက် မှာ အဓိပ္ပါယ်မရှိလာထိုင်နေရတာလဲလို့.."

"စိတ်ညစ်တာနဲ့ အိမ်ကထွက်လာတာ ဒီကိုဘယ်လို ရောက် လာမှန်းမသိဘူး"

"ရှင်လိမ်မပြောနဲ့နော်"

"အတည်ပြောတာပါ"

"ဒါဆို... ရှင် ကျွန်မကိုလာစောင့်ကြည့်နေတာ မဟုတ် ဘူးပေါ့ "

"မဟုတ်ဘူး..."

မဆင်မခြင် သူ့ဆီရောက်လာမိတဲ့အဖြစ်ကို 'ရူပါ'အရှက် ကြီးရှက်သွားမိပါသည်။ သူမကတော့ အရင်တုန်းကရှိခဲ့တဲ့မ လည်မှုတွေကို မေ့ပျောက်ပြီး ဝမ်းသာရင်ခုန်တဲ့စိတ်နဲ့လာခဲ့ရ သူပါ။ သူ့စကားတွေက ရက်စက်လွန်းလှသည်။ 'ရူပါ' သိက္ခာ အား တစိုးတစ်စိမျှမကျန်အောင် စော်ကားလွန်းသူပါပဲ။

'ရူပါ' သည် ဖြစ်လာတဲ့ရှက်စိတ်ကို ဒေါသအသွင်ပြောင်း ကာ သူ့ရင်ဘတ်အား တဗုန်းဗုန်းမြည်သံထွက်အောင်ပင် ဖုံတီး သလိုအချက်များစွာ ရိုက်ပစ်ပါလိုက်သည်။ ပါးစပ်ကလည်း ရန် တွေ့မိပါသည်။

"အူကြောင်ကြီး .... လူလိမ်ကြီး နောက်ရှင်နဲ့ဘယ်တော့မှ ပတ်သက်တော့ဘူးအောင်းမေ့... ရှင့်ကို ရက်ရက်စက်စက် မုန်း တယ်... ကျွန်မရဲ့ရန်သူဟာ ရှင်ပဲ..."

ပြောရင်းဝမ်းနည်းနာကျင်ကာ မျက်ရည်ကျချင်လာရသည်။ ကိုယ့်မျက်ရည်ကို သူမြင်လို့ မဖြစ်ပေ။ သူ့ကို ကျောခိုင်းကာ ခြေလှမ်းသွက်သွက်နဲ့ သူမ လှည့်ထွက်ခဲ့လိုက်ပါသည်။ သူ့အ ပေါ်ထားတဲ့ သံယောဇဉ်ရင်ခုန်မှုတွေသည် ဒီနေ့ ဒီနေရာမှာပဲ ရပ်တန့်ပြီးဆုံးသွားခဲ့ပြီဟု မှတ်ယူလိုက်သည်။ သူ ရက်စက်တာ ထက် သူမက ပိုရက်စက်ပြနိုင်အောင် ကြိုးစားမည်။

သို့ပေမယ့် သူမ စိတ်ကူးအတွေးတွေက ခဏတဖြုတ်သာ ဖြစ်သွားရပါသည်တကား။ ဘာကြောင့်လဲဆိုတော့ 'သတိုး' က သူမ လက်ကိုမလွှတ်စတမ်း အနောက်ကနေခပ်တင်းတင်း ဆုပ် ကိုင် ဆွဲခေါ်ထားသောကြောင့်ပါ။ ကိုယ့်မျက်ရည်ကိုမြင်မှာ စိုးပြီး သူ့ဖက်ပြန်မလှည့်ဘဲ နောက်ပြန်ကြီး ရုန်းကန်အော်ဟစ်နေမိပါ သည်။ သူမတို့ ပတ်ဝန်းကျင်က ညပိုင်းဆိုတိတ်ဆိတ် လူပြတ်နေ တာကြောင့်သာ တော်တော့သည်။

"လွှတ်နော်.. ကျွန်မလက်ကိုလာဆွဲစရာမလိုဘူး— ရှင် ကျွန်မနဲ့ ဘာမှမပတ်သက်ဘူး"

"အရင်တုန်းက မပတ်သက်ပေမယ့် ခု ပတ်သက်ရတော့

www.burmeseclassic.com



မယ်ကွ... မင်းဆီ ကိုယ်ဘာကြောင့် ရောက်လာရသလဲဆိုတဲ့အဖြေ ကိုသိပြီ... မင်းကို ချစ်လို့ကွ 'ရူပါ' ရ ... မင်းကိုချစ်လွန်းလို့ သ တိတရနဲ့ ဒီနေရာကို ရောက်လာခဲ့ရတာပါကွာ"

မယုံကြည်နိုင်စွာဖြင့် သူ့ မျက်နှာကို အကြာကြီးအကဲခတ် လှည့်ကြည့်မိပါသည်။ အို.... သူ့မျက်လုံးတွေမှာ သူမ ကိုချစ်တဲ့ သံယောဇဉ်အရိပ်အငွေ့တွေ အပြည့်အသိပ်နဲ့ပါလား။ သူ့ရဲ့ 'ချစ် တယ်' ဆိုတဲ့စကားက ရင်ဘတ်ထဲက အတည်ဖြစ်လာတဲ့ ရင်တွင်းစကားမှန်း သူမ ယုံကြည်လိုက်သည်။

"ရှင်... မလိမ်နဲ့နော်... ရှင်ခုနကပြောတုန်းကတော့ တစ်မျိုး"

"အတည်ပါကွာ... မင်းကိုကိုယ်တကယ်ချစ်တာပါ... ချစ်တာ ကလိမ်စရာမှမဟုတ်ဘဲ 'ရူပါ' ရယ်... ကျဉ်းထဲကြပ်ထဲ ရောက် ကိုယ့်ရဲ့နှလုံးသားက ပွင့်ထွက်လာခဲ့တာပါ"

" 'မိုးပြာပြာ' ကရော"

"သူ့ကို ခုချိန်မှာ ခေါင်းထဲကထုတ်ထားတယ်...ကိုယ့်အ တွက် အရေးပါအရေးကြီးနေတဲ့သူက မင်းပဲ... မင်းရင်ထဲက ကိုယ် နဲ့ပတ်သက်ပြီး ဘယ်လိုခံစားရသလဲ"

"မသိဘူး..."

ခေါင်းငုံ့ကာ ပြုံးတုံ့တုံ့ဖြေလိုက်သော သူမ ကိုကြည့်ပြီ သူ့စိတ်ထဲမရိုးမရွဖြစ်ခါလာရသည်။ သူ့ရင်ခုန်သံတွေလည်း ပေါက်ကွဲထွက်နေပါပြီ။ အချစ်ကြောင့် သူ့ရဲရင့်လာသည်။ မိ ခါတ်တွေမြောက်ကြွလာသည်။ သူမ လက်ကိုဆွဲကိုင်ကာ မှော ရိပ်ကျသော နေရာသို့ခေါ်လာမိပါသည်။

"စဉ်းစားဖို့မလိုပါဘူး 'ရူပါ' ရယ်... မင်းရင်ထဲမှာ ရှိ ခံစားချက်ကိုပဲ သတ္တိရှိရှိဖွင့်ပြောရဲဖို့ပဲ လိုတယ်"

"မပြောချင်ဘူး..."

"ဘာလို့မပြောချင်ရတာလဲ"

"သွားတော့မယ်... ကြာနေရင်မေမေတို့ စိတ်ပူပြီးလိုက်ရှာ ရင်မလွယ်ဘူး"

"ချစ်တယ်လို့ ပြောသွားအုံးလေကွာ"

သူ မချင့်မရဲဖြစ်ကာ သူမ ပခုံးနှစ်ဖက်အား ခပ်တင်းတင်း ဆုပ်ကိုင် ညှစ်ပစ်လိုက်သည်။ သူမ ကကြောက်လန့်သလို ရုန်း လေသည်။

"လွှတ်ကွာ... 'ရူပါ' မကြိုက်ဘူး"

"မကြိုက်မှန်း မချစ်မှန်းသိပါတယ်... ဒါကြောင့်မို့ 'သန်း လွင်' ဆိုတဲ့ကောင်နဲ့ စုံတွဲခုတ်ခုတ်နေတာပေါ့"

"အပိုတွေမပြောနဲ့ကွာ... ရှင့်ကိုလက်ဆောင်တစ်ခု ပေးမ လို့"

"ဘာလဲ..."

"မျက်စိမှိတ်ပြီး လက်ပိုက်ထား"

သူမ ပြောတဲ့အတိုင်း သူ နေပြုမိသည်။ သိပ်မကြာခင်မှာပဲ သူ့ရဲ့ညာဖက်ပါးပြင် နွေးကနဲဖြစ်သွားကာ ပြေးထွက်သွားတဲ့ ခြေသံတစ်ခုကြားလိုက်ရလေသည်။ ကြည်နူးစိတ်နဲ့ မျက်လုံးဆို ဖွင့်အကြည့် သူမက ခပ်ဝေးဝေးရောက်နေခဲ့ပြီဖြစ်သည်။ အနမ်း တစ်ခုရှိဖူးတဲ့ သူ့ပါးပြင်ကို ကိုင်ကြည့်ရင်း သူပြုံးနေဖြစ်ပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက်ကောက်ခါငင်ကာ အလုပ်ထွက်ဖို့ စကားစလာတဲ့ သူမ ကိုကြည့်ပြီး သူ စိတ်မကောင်းဖြစ်သွားရသည်။ ကံကြမ္မာက သူတို့နှစ်ယောက်အား မြန်မြန်ဆန်ဆန်ကြီး ဘာလို့ခွဲပြစ်ရတာလဲ။ သူမ ကိုပဲအကုန်လုံးဝိုင်းကြည့်ကာ သနားသလိုရှိနေကြပါသည်။ မျက်ရည်ဝဲနေသော သူမ ရဲ့မျက်နှာကလည်း တကယ့်ကိုသနားစရာတည်း။

"စေ့စပ်တာပဲ 'ရူပါ' ရယ်.. လက်ထပ်သေးတာမှ မဟုတ်ဘဲ... ဘာကိစ္စအလုပ်ထွက်ရမှာလဲ... သူတို့လုပ်ပုံက နင်လွတ်လပ်မှုတွေမှန်သမျှကို လိုက်ပိတ်ပင်နေတဲ့အတိုင်းပဲ"

"ဟုတ်တယ်... ငါလည်းပြောတာပဲ... ဒါပေမယ့် အလုပ်ကမထွက်ရင် စေ့စပ်ပွဲမဟုတ်ဘဲ လက်ထပ်ပွဲဖြစ်သွားလိမ့်မယ်ဆိုပြီးအတင်းအကြပ်ပြောတော့ ငါဘယ်လိုငြင်းလို့ရတော့မှာလဲ"

'ကေသီ' တစ်ယောက်ဘာဆက်ပြောရမှန်း မသိအောင်ဖြစ်သွားသည်။ 'ကေသီ' တို့တတွေစိတ်ထဲမှာတော့ 'သတိုး' နဲ့သာစိတ်ချမ်းချမ်းသာသာ လက်တွဲ သွားစေချင်ပါသည်။ 'သတိုး' ကိုလည်း သနားသည်။

" 'သတိုး' ဖက်ကကော ဘယ်လိုလဲ... 'ရူပါ' ကို ဒီအတိုင်းပဲမင်း လက်ပိုက်ကြည့်နေတော့မှာလား"

ဟု 'အုန်းခင်' က အားမလိုအားမရ ဝင်မေးလေသည်။

"ဒီအတိုင်းကြည့်မနေလို့ ဘယ်လိုလုပ်ရမလဲ... ခိုးပြေးဖို့ဆိုတာကြတော့လဲ ငါတို့နှစ်ယောက်ရဲ့ဘဝကသူများတွေနဲ့ မတူဘူးလေ... ငါတို့ ကိုယ်လွတ်ရုန်းတာနဲ့ အိမ်ကလူတွေငတ်ကြမှာ"

"မင်းတို့နှစ်ယောက်ရဲ့နှလုံးသား ငတ်မှာကြတော့ကော... ထည့်မပြောတော့ဘူးလား"

"ပြောလည်း ပြော... ပြောပဲရှိမှာပေါ့... 'ရူပါ' ကို ငါ ဇွတ်ခိုးပြေးမယ်ဆိုရင်တောင် 'ရူပါ' က လိုက်မှာမဟုတ်ဘူး... သူ့မှာလည်း ငဲ့စရာတွေရှိနေတာကိုး"

သူ့ ပခုံးစွန်းကိုမှီကာ 'ရူပါ' တစ်ယောက်ငိုပါတော့သည်။ သူတို့နှစ်ယောက်ရဲ့ဘဝအခြေအနေကို အားလုံးနားလည်ကြသည့်အတွက် အဖြစ်သည်းရန်ကောဆိုပြီး ဘယ်သူကမှ ကဲ့ရဲ့စိတ်မဝင်မိကြပါ။ အားလုံးစာနာမိကြပါသည်။

"လိုအပ်တဲ့အကူအညီရှိလည်း ငါတို့ကိုလည်း ပြောပါကွာ တတ်နိုင်တဲ့ဘက်က ငါတို့အားလုံးကူညီဖို့ အသင့်ပဲ"

"ကျေးဇူးပဲ 'ဝင်းဆွေ' ရာ ... မင်းတို့တတွေရဲ့စေတနာကို ငါတို့နှစ်ယောက်လုံး အသိအမှတ်ပြုပါတယ်... လိုအပ်တဲ့အခါကျရင်တော့ မင်းတို့ကိုပဲ ပြောရမှာပါ"

" 'ရူပါ' ကို ငါပြန်လိုက်ပို့လိုက်အုံးမယ်ကွာ... မန်နေဂျာမေးရင် ကြည့်ပြောထားလိုက်ပါ"

နောက်ဆို နေ့တိုင်းနီးပါး မတွေ့ရတော့ဘဲနေတော့မှာမို့ သူတို့နှစ်ယောက်တိုင်ပင်စရာရှိတာ တိုင်ပင်မှဖြစ်မည်။ 'ရူပါ'



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်ကလည်း ရုံးဆင်းချိန်မှအိမ်ပြန်မယ်လို့ ပြောထားဝါသည်။ လက်ချင်းတွဲကာရုံးခန်းထဲမှထွက်လိုက်စဉ် 'ရှုပါ' မျက်နှာက ပျက်ယွင်းသွားသည်။

"ဒုက္ခပဲ ... ဟိုမှာ ဂြိုလ်နှစ်ကောင် ဘယ်တုန်းကပါလာသလဲမသိဘူး... ကျွတ်"

"ဘယ်သူတွေလဲ"

ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်ရင်း မေးမိခြင်းဖြစ်သည်။

"'ဖြူပြာ' နဲ့ 'ကျော်စွာ' လေ... ဟော ဟိုက အအေးဆိုင်မှာ ထိုင်နေကြတယ်... ထလာပြီတွေ့လား... ဘယ်လိုလုပ်မလဲ"

"လစ်ကြတာပေါ့... ကိုယ်တို့နှစ်ယောက်ဒီဇက်က ပတ်ပြေးရင် လွတ်နိုင်သေးတယ်... နင်မို့ဆို ထပ်တွေ့ကြဖို့ ချိန်းမရဘဲဖြစ်သွားလိမ့်မယ်"

"ကောင်းတယ်... သိပ်ရည်ချင်ကြတဲ့နှစ်ယောက် ဖတ်ဖတ်မောပါစေ"

'ရှုပါ' ကိုယ်၌ကသဘောတူသဖြင့် သူတို့ ဦးတည်ချက်ပြောင်းကာ လွတ်တဲ့တစ်နေရာရာ လစ်ပြေးဖို့ပြင်ရလေသည်။ မလွတ်မလပ်ဘဝနဲ့မို့ ကြည်ကြည်နူးနူး ခပ်ဖြည်းဖြည်းချင်း လျှောက်လှမ်းချိန်မရချေ။ ဇရွတ်ဇရက် ပြေးရလွှားရပါသည်။ 'ရှုပါ' ရဲ့ အငယ်နှစ်ယောက်ကလည်း သူတို့လစ်ပြေးတာကိုသိသည်မို့ ထပ်ချပ်မကွာ အပြေးလိုက်လာလေသည်။

"ဒီတိုင်းဆက်ပြေးနေလို့တော့ လွတ်မယ့်ပုံမရှိဘူး 'ရှုပါ' ရ ကိုယ်တို့နှစ်ယောက်ပုန်းနေမှပဲ ဖြစ်မှာ"

"ဒါဆိုလည်း ပုန်းလေ... 'ရှုပါ' လည်းမောလှပြီ"

ပုန်းစရာခိုစရာ ရှာနေရင်းနဲ့ပင် ခြေလှမ်းကိုမရပ်မနား



ပြေးနေရပါသည်။ ဖြတ်သွားဖြတ်လာ တချို့ရဲ့စူးစမ်းမှုကိုလည်း ဂရုမပြုမိနိုင်ပေ။

"သွားပြီ... စကပ်ထမီတော့ ဟတ်တက်ကွဲနေပြီ... ချွေးစိုးကတာပြိုပြိုနဲ့ အသံထွက်ပြနေတယ်"

ပြေးနေရင်း သူ ပြုံးမိသွားရသည်။ 'ရှုပါ' မျက်နှာလည်း မောပန်းနေပေမယ့် ပြုံးရွှင်နေလေသည်။

"ဒါအချစ်ရဲ့သင်္ကေတလို့ပဲ မှတ်ထား'ရှုပါ' ရ ... ကိုယ်တို့အချစ်က သူများတွေလိုမျိုး ငြိမ်းငြိမ်းချမ်းချမ်းအချစ်မျိုးမှ မဟုတ်ဘဲ"

"မောလာပြီ 'သတိုး' ရယ်... ဆက်မပြေးနိုင်တော့ဘူး... တစ်ခုခုစဉ်းစားစမ်းပါအုံး"

သူအချိန်ဆွဲနေရင် ဟိုနှစ်ယောက်လက်ထဲ 'ရှုပါ' ပြန်ဝါသွားရုံပဲ ရှိမည်။ အချိန်ယူပြီးလည်း သူ ကြာကြာမစဉ်းနိုင်ချေ။ လွတ်ရာလွတ်ကြောင်း ကြံဖန်ရတော့သည်။

"လာကွာ... "

တိုက်လမ်းကြားအဝမှာ ဆေးသုတ်ထားသည့် ရေတိုင်ကီလေးခေါင်းကြီးဆီ 'ရှုပါ' ကို ခေါ်လာခဲ့လိုက်သည်။

"ဘာလုပ်မှာလဲ 'သတိုး' ရဲ့"

"အဲဒီထဲ ဝင်ပုန်းမှပဲ ရတော့မယ်... နင့်မို့ဆို သာသနာ့ ...ကြ်နှစ်ယောက်လက်ထဲ မိသွားမှာသေချာတယ်"

"ဟယ် ... ဖြစ်ပါ့မလား... တိုင်ကီအောက်မှာ ခုံတခုထားသေးတယ်... မတော် တိုင်ကီပြုတ်ကျရင် နှစ်ယောက်စလုံးသေမှာ ဒုက္ခရောက်မှာ"

"ရောက်ရောက်ကွာ... ကဲ တက်..."

www.burmeseclassic.com

www.burmeseclassic.com

"အမြင့်ကြီး ဘယ်လိုသွားတက်မလဲ"

"ဒီလိုတက်မယ်ကွာ"

တိုင်ကီအဖုံးကို အရင်ဆွဲလှန်ဖွင့်လိုက်ပြီးမှ သူမအား ခါးဆီမှပင့်ချီမတင်ရင်း မနိုင့်တနိုင်တိုင်ကီထဲရောက်အောင် ပို့လိုက်ရသည်။ လူရှင်းသော လမ်းကြားမို့သာတော်တော့သည်။

သူ လည်း တိုက်ကီထဲ မရမကခွကျော်ဝင်ရင်း အဖုံးကိုပိတ်ကာ ပတ္တာကြားမှ နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ ချောင်းကြည့်နေဖြစ်သည်။

"ဒီဘက်ကိုချိုးကွေ့ပြီး ပျောက်သွားတာ 'ဖြူပြာ' ရ... ဘယ်ချောင်သွားကပ်နေကြလည်း မသိဘူး"

"အေးနော်... ဒီနားမှာ ရှိမှာသေချာတယ်... တောက်.. 'မမကြီး' တော်တော်ကမြင်းပြီး လူလည်ကျတယ်... ဒီလောက်ကြပ်မတ်စောင့်ကြည့်နေတဲ့ကြားထဲက ဟိုအဖိုးအိုနောက် ပါသွားရတယ်လို့ဟာ"

သူ့ ရင်ထဲ အောင့်သွားရသည်။ သူ့ကိုများ နိမ့်နိမ့်ချချ အဖိုးအိုတဲ့။ အဲဒီ အဖိုးအိုကိုပဲ သူတို့အစ်မ တမ်းတမ်းစွဲကြိုက်နေတာမဟုတ်ဘူးလား။စိတ်တိုမိတာကြောင့် ဘာရယ်မဆိုင်'ရုပ်' အား ခပ်တင်းတင်းဖက်ထားလိုက်မိသည်။

"ဘယ်လိုဖြစ်နေတာလည်း စိတ်ညစ်ရတဲ့ကြားထဲ သူက တမှောင့် ဖယ်...ဖယ်... အိုက်တယ်"

"ချစ်လို့ဖက်တာပဲကွာ... အိုက်လည်းအောင့်ခံပြီးနေပေါ့"

" 'သတိုး' နော်... မကဲနဲ့... ခါးပြတ်အောင်ဆွဲလိမ်ပစ်လိုက်မယ် ... အောင်းမေ့ထား"

"မင်းကလည်း အဖြစ်သည်းနေပြန်ပြီ ဖက်ရုံတင်မထား



ဘူး... နမ်းပါနမ်းပစ်လိုက်မယ်"

"ဟယ်... ဒီလောက်ကျဉ်းထဲကြပ်ထဲရောက်နေတာတောင်မှ အခွင့်အရေးက ယူချင်နေသေးတယ်... လူကိုများ သူလုပ်ချင်တာလုပ်လို့ရမယ်မှတ်နေသလား"

ပုန်းအောင်းနေရင်းနဲ့ပင် သူတို့နှစ်ယောက် စကားများရန်ဖြစ်နေကြပါသည်။ သူမ အနား အတင်းတိုးကပ်နေသည့် 'သတိုး' ကိုလည်း 'ရုပ်' က ဆောင့်ကာဆောင့်ကာ တွန်းထုတ်နေပြန်ပါသည်။

သူတို့နှစ်ယောက်ရဲ့ ရန်းရင်းဆန်ခတ်ဖြစ်မှုကြောင့် အခြေသိပ်မခိုင်လှသော တိုင်ကီကြီးက ယိုင်နဲ့လှုပ်ရမ်း လာရလေသည်။

" 'သတိုး' ဖယ်နော်... ဒီမှာ တိုင်ကီကြီး ယမ်းခါနေပြီ မတော်ပြုတ်ကျရင် အားလုံးအရှက်ကွဲမယ် အောင်းမေ့... ဟိုနှစ်ယောက် ရန်ကလည်း ရှိသေးတယ်"

'ရုပ်' အပြောက နောက်ကျသွားခဲ့ရပါသည်။ 'ရုပ်' တို့နှစ်ယောက်ရဲ့ တွန်းထိုးလှုပ်ရှားနေမှုကိုတောင့်ခံမထားနိုင်ရှာတဲ့တိုင်ကီအောက်ခံ ခွေးခြေပုက နေရာရွေ့ပြီး ပြိုလဲသွားတော့သည်။

ဆေးသုတ်ကာ နေပူလှမ်းထားသည့် တိုင်ကီကြီးလည်း အသံမျိုးစုံကျယ်လောင်စွာ မြည်ဟီးလျက် အောက်ခြေ သံမံတလင်းပေါ်သို့ ပြုတ်ကျသွားရပါတော့သည်။

"ဟယ်...တိုင်ကီကြီး အလိုလိုပြုတ်ကျလာတယ်အော... 'မမကြီး' တို့ ဝင်ပုန်းနေတာကြောင့်လား မသိဘူး"

"မဖြစ်နိုင်ပါဘူး 'ဖြူပြာ' ရာ... ဒီလောင်အမြင့်ကြီး ဘယ်လိုလုပ်တက်မလဲ... အဖုံးကလည်း ပိတ်ထားသေးတယ်—

www.burmeseclassic.com

ခွေးခြေမခိုင်လို့ ပြုတ်ကျတာနေမှာ"

နီးနီးကလေးမို့ 'ကျော်စွာ' တို့စကားသံတွေကို အတိုင်းသားကြားနေရပါသည်။ ဟန်ချက်ပျက်ကာ ရေတိုင်ကီထဲမှာ မှမ်းကြပ်ပိတ်လှောင်နာကျင်နေပေမယ့် 'ရူပါ' တို့နှစ်ယောက် အသံမထွက်ရဲချေ။ ရင်တထိတ်ထိတ်နဲ့ အခြေအနေကို စောင့်ကြည့်နေမိကြသည်။

ဒီအချိန်မှာပဲ ကယ်တင်ရှင်အသံကို ကြားလိုက်ရသည်။

"ဟိတ်... ဟိုနှစ်ယောက် လမ်းကြားထိပ်လာပြီး ဘာလာ ချောင်းနေတာလဲ... ငါ့တိုင်ကီကို ပြုတ်ကျအောင်လုပ်တာ နင်တို့မှတ်လား... နေအုံး...နေအုံး... ငါနဲ့တွေ့မယ်"

"ဟိုမှာ သုံးလွှာက တရုတ်ကြီးထွက်အော်နေပြီ... သူ့တိုင်ကီပြုတ်ကျတာနဲ့ ငါတို့ကို အချောင်စွတ်စွဲနေတယ်... ဘာမှလ ဆိုင်ဘူး လစ်ကြမယ်လာ"

'ဖြူပြာ' နဲ့ 'ကျော်စွာ' လွတ်ရာလွတ်ကြောင်း ထွက်ပြေး သွားကြလေသည်။

သူတို့ထွက်သွားတာနဲ့ သူမတို့နှစ်ယောက် တိုင်ကီထဲ အမြန်ထွက်ကာ လူမလာခင် အရင်ဦးအောင် ရှောင်ပြေးရပြ သည်။ နှစ်ယောက်စလုံး ချွေးသံတရွှဲရွှဲနဲ့ ညစ်ပတ်ပေတူးနေသည် ကြားထဲကပင် ရယ်ရှင်တစ်ပွဲဝင်ကြည့်ကြသေးသည်။ စကားမျ တဝကြီး ပြောဖြစ်ကြသေးသည်။

အိမ်ပြန်ရောက်တဲ့အခါကျရင် ပြဿနာအကြီးအကျ တက်မယ်ဆိုတာ သိပေမယ့် သူ့အနားမှာ နေရတဲ့အခိုက်အတ ခဏလေးအား ပြည့်ပြည့်ဝဝစိတ်ချမ်းသာအောင် နေမယ်လို့ ဖြတ်ထားတာကြောင့် ရင်ဆိုင်ရမယ့် အခြေအနေအားလုံး



ခေါင်းထဲက မေ့ဖျောက်ထားလိုက်ပါသည်။

အပျော်တွေအပြည့်ဝခံစားပြီးမှ ဝေဒနာကိုခံစားလိုက်ဖို့ သူမမှာ သတ္တိတွေ ရှိနေခဲ့သည်။

www.burmeseclassic.com

'ရူပါ' အလုပ်ကထွက်ပြီးတစ်လလောက်အကြာမှာ 'သတိုး'လည်း အလုပ်မှ ထွက်ရပါသည်။ မေမေ့စီစဉ်မှုဖြင့် ကိုယ်ပိုင်အလုပ်တစ်ခု လုပ်ဖြစ်ခဲ့သည်။ ပံ့ပိုးကူညီပေးခဲ့သူက 'အန်တီဝင်း' နဲ့ 'ဘလူး' ပဲဖြစ်သည်။ ဒီအလုပ်ကို သူလုပ်ဖြစ်ဖို့အတွက် 'ဘလူး' ဖက်က ခဏခဏကို ချော့မော့ဖျောင်းဖျအားပေးခဲ့ရသည်။ အင်တင်တင်လုပ်နေတဲ့ သူ့စိတ်ဓါတ်အား လက်ခံလာအောင် နားချရခြင်းဖြစ်၏။

သူ့ဘက်ကလည်း 'ဘလူး' တို့ရဲ့ အကူအညီကို ယူရမှာလန့်နေပါသည်။ ကျေးဇူးတရားတွေကိုထောက်ထားပြီး 'ဘလူး' နဲ့ လက်ထပ်ယူဖို့ကိစ္စအား ငြင်းရခက်နေမှာ စိုးသောကြောင့်ဖြစ်သည်။ သူဦးစီးလုပ်ရတဲ့ ရေသန့်ဗူးထုတ်လုပ်သည့် လုပ်ငန်းကို 'ဘလူး' က အနည်းအကျဉ်းလေးမျှပင် ဝင်ရောက်ကူညီလုပ်ကိုင်ပေးခြင်း မရှိခဲ့ချေ။ 'ဘလူး' မှာက သူ့အလုပ်တွေနဲ့သူ မအားနိုင်အောင် ရှိနေပါသည်။



'ဘလူး' ရဲ့မိတ်ဆွေ စက်ဘ်ပူသူဌေးက ရေသန့်ထုတ်တဲ့စက်တွေကို အကြွေးစနစ်နဲ့ အတင်းကာရောပို့ပေးသဖြင့် 'ဘလူး' မှာ သူ့ကိုအရမ်းကာရော အကူအညီပြန်တောင်းကာ ဦးစီးလုပ်ခိုင်းခြင်းဖြစ်သည်။ လုပ်ငန်းအတွက် လိုအပ်တဲ့ငွေကြေးကို 'ဘလူး' ကပဲ စိုက်ထုတ်အကုန်အကျခံပေးပါသည်။ သူ့လုပ်ငန်း ဖြစ်လာရတဲ့အတွက် 'ဘလူး' တို့ဆီက ယူရတဲ့ ငွေကြေးပမာဏအားတစ်နေ့ပြန်ဆပ်နိုင်အောင်လို့ သူက စာရင်းအတိအကျမှတ်ထားခဲ့ပါသည်။

လုပ်ငန်းအစပိုင်းမှာတော့ သူ မကျွမ်းကျင်သေးတဲ့ အခြေအနေတွေကြောင့် အခက်အခဲဖြစ်ရပေမယ့် လုပ်သက်ကြာလာတာနဲ့အမျှ အလုပ်ကပဲအဆင်ပြေအောင် ပြန်သင်ပေးသွားခဲ့သည်။ လုပ်ငန်းမှာလည်း သူပိုပျော်လာပါသည်။

'ဘလူး' နဲ့ သူ့ရဲ့ခင်မင်မှုကလည်း အရင်ကထက်စာရင် ပိုမိုရင်းနှီးနွေးထွေးမှု ရှိလာခဲ့ရသည်။ ဒါပေမယ့် မထင်မှတ်တဲ့ အဆင်မပြေမှုကလေးလည်း 'ဘလူး' နဲ့ပတ်သက်ပြီး ရှိလာသေးသည်။ 'ဘလူး' ရဲ့သမီးလေး 'Kiss' 'ကစ်(စ်)' ကြောင့်ပေါ့။

'ကစ်(စ်)' က သူ့ကိုမြင်တာနဲ့ အလိမ္မာသုံးကာ သူ့ အနားကိုးကပ်လာခဲ့ပါသည်။ကလေးရဲ့အကြံအစည်ကို မသိတာမို့သူ အလိုက်သင့် ပွေ့ပိုက်ထားမိခဲ့သည်။ ဒါကိုအခွင့်ကောင်းယူကာ သူ့လက်မောင်းအား ပြတ်မတတ်အသကုန် ကိုက်ထားလေတော့သည်။'ဘလူး' အော်လိုက်တော့မှမကျေမနပ် သူ့အနားက ခွာသွားခဲ့သည်။

'ဘလူး' နဲ့ သူနဲ့အခြေအနေကို ကလေးရိပ်မိနေပုံပါပဲ အမင်သူ့အား မကျေနပ်ကြောင်းပြလိုက်တာ… ပြီးတော့ 'ဘလူး'



www.burmeseclassic.com

www.burmeseclassic.com

ကွယ်ရာမှာ သူ့အား တိတ်တိတ်ကလေးပြောသေးသည်။

“ဒယ်ဒီက မာမီ့ဆီပြန်လာမှာ… အဲဒါကြောင့် ‘ကစ်(စ်)’ ကို အရင်လွှတ်လိုက်ပြီး မာမီ့အနားက ရန်သူတွေကို ကြိုရှင်းခိုင်းထားတာ… ရန်သူဆိုလို့ လောလောဆယ် ‘ဦး’တစ်ယောက်ပဲတွေ့သေးတယ်”

သူ ပြုံးမိပါသည်။သူ့ကြောင့်ငယ်ရွယ်လှသေးတဲ့ ‘ကစ်(စ်)’ ရဲ့ နှလုံးသား ဒဏ်ရာမရစေချင်ပေ။

“ ဦး မှာချစ်သူရှိတယ် ‘ကစ်(စ်)’ ရေ… ဦး ချစ်သူကိုပဲ ဦး ကယူမှာ… ‘ကစ်(စ်)’ မာမီနဲ့ ဦးက သူငယ်ချင်းတွေလေ… သူငယ်ချင်းကို ရန်သူလို့ မသတ်မှတ်ရဘူးကြားလား”

ကျေနပ်သွားသော ကလေးမျက်နှာကိုကြည့်ရင်း သူဝမ်းသာရပါသည်။ အခြေအနေတွေကို ‘ဘလူး’ ကို ပြောပြတော့ ငေးငိုင်သောအမူအရာဖြင့် တွေဝေငြိမ်သက်နေပါသည်။ သည်နောက်ပိုင်း သူနဲ့ ‘ဘလူး’ နဲ့ ဆက်ဆံရေးက အနည်းငယ် အေးစက်သလို ဖြစ်သွားရ၏။ လုပ်ငန်းကိစ္စတွေအကြောင်းပြပြီး တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်အောင်ရှောင်နေမိကြသည်။

ငွေသွင်းငွေထုတ်တာကိုတောင် သူကိုယ်တိုင်မသွားတော့ဘဲ ဖုန်းဆက်ကာ အကျိုးအကြောင်းပြောပြီး တခြားသူကို ခိုင်းတော့သည်။ သူတို့အနေနဲ့ ကိုယ့်အကြောင်းနဲ့ကိုယ်ရှိနေလို့ ခပ်ကင်းကင်းနေကြပေမယ့် လူကြီးတွေမျက်စိထဲမှာတော့ မတင့်တယ်စရာဖြစ်နေရတော့သည်။ ‘အန်တီဝင်း’ ပူတာထက် မေမေကပိုပူသည်။

“ဒီအတိုင်းနေလို့တော့မဖြစ်ဘူး… မင်းတို့ကိစ္စကို ‘အဝင်း’ ကိုပြောပြီး အမြန်ဆုံး စီစဉ်မှပဲ ဖြစ်တော့မယ်… ကြာရင် ခဏ



ကုန်ကြလိမ့်မယ်”

ဟု မေမေ့စကားကိုကြားရတော့ သူစိတ်ပျက်စွာ ဝင်တားမိ၏။

“ ‘ဘလူး’ နဲ့ ကျွန်တော်နဲ့ကိစ္စက မဖြစ်နိုင်ပါဘူးလို့ မေမေ့ကို ကျွန်တော်ပြောပြီးသားပဲ… ကြားထဲမှာ ရှင်းမရတဲ့ ပြဿနာတွေ အများကြီးရှိတယ်… ‘ဘလူး’ လည်း သူ့ရှေ့ရေးကို စဉ်စားနေတယ်… အဲသလို စဉ်စားနေတဲ့အချိန်မှာ ဖိအား မပေးသင့်ဘူး မေမေ”

“အို… မင့်းစကားကို နားမထောင်နိုင်ဘူး… မင်းပြောနေတာက မင်းအတွက် မင်းပြောနေတာ… ဘာမဟုတ်တဲ့ ကောင်မကိုစွဲလန်းပြီး မင်းရူးနေလို့ ငါတို့ဝင်ပူနေရတာ…မင်းကို ‘ဘလူး’ နဲ့ပဲ သဘောတူတယ်… ‘ဘလူး’ နဲ့ပဲ ယူရမယ်… ဒါပဲ”

“ကျွန်တော်မယူတော့… မေမေဘာတတ်နိုင်မလဲဗျာ”

“ဘာမတတ်နိုင်ရမှာလဲ… တတ်နိုင်တယ်ဟဲ့… တတ်နိုင်တယ်”

ဒေါသတွေဆူပွက်ပေါက်ကွဲကာ သူ့အားအနားမှာရှိသော ထွေးကန်နဲ့ ပစ်ပေါက်လေသည်။ ‘ဒေါင်’ ကနဲနေအောင် သူ့ဂျိုးအောင်းကို မှန်လျှက် ခေါင်းဘုထွက်သွားရသည်။ နာကျင်စွာခံစားရင်း သူငိုချင်လာရသည်။ ယောကျ်ားပေမယ့် သူ့မှာလည်း ခံစားတတ်တဲ့နှလုံးသားရှိလေသည်။ တစ်သက်လုံး သူ တစ်ယောက်ထဲကိုပဲ ပိုချအနိုင်ယူနေတော့မှာလား။ မေမေ့မှာ ‘ကိုမိုး’ နဲ့ ‘မိုး’ ဆိုတဲ့ သားသမီးနှစ်ယောက် ရှိနေပါသေးသည်။

သူတို့တွေကိုလည်း အပူမျှပေးပါအုံးတော့လား မေမေ နဲ့ ပြဿနာတက်နေစဉ် ‘မိုး’ ရောက်လာပါသည်။ ‘မိုး’ လက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

အထုပ်အပိုးတွေ အပြည့်အသိပ်နဲ့ ဖြစ်၏။

"မေမေ့အတွက် စတိုးဆိုင်က လိုအပ်တဲ့ မုန့်တို့အားဆေးတို့ဝယ်လာတာ... 'ပိုး'အတွက်လည်း အင်္ကျီတွေဝယ်ခဲ့သေးတယ် 'အန်တီဝင်း' မုန့်ဘိုးပေးလိုက်လို့ ထောလာတယ်လေ"

သူ 'ပိုး' အား မကျေမနပ်စောင်းငဲ့ကာ ကြည့်လိုက်သည်။ အိမ်တွင်းရေးအခြေအနေကို နားမလည်ဘဲ သူ စိတ်ချမ်းသာရင် ပြီးရောသဘောထားကာ သုန်းဖြုန်းနေတာ မရှက်ဖူးလားမသိ။ အိမ်မှာလာပြန်နေဖို့ အခွန်းတစ်ရာမက ခေါ်ပေမယ့်လည်း ဂရုမစိုက်ချေ။ အရှက်မရှိတဲ့ တစ်ကိုယ်ကောင်းမပါဘဲ။

"ဒီမှာ... နောက် 'အဝင်း' ဆီက ဘာမုန့်ဘိုးမှ ရဖို့လည်း မမျှော်လင့်နဲ့တော့ ညည်းကို့စိတ်ကူးယဉ်သလို ဖြစ်မှာမဟုတ်ဘူး စိတ်ချ... ညည်းအစ်ကိုက 'ဘလူး' ကို မယူဘူးတဲ့... ဒီမှာ အပြတ်ငြင်းနေတယ်"

"ဟာ... ဘာလဲ... 'ဘလူး' ကဖြင့် ဘာမှမပြောဘဲနဲ့... 'ကိုကြီး' ကဘာဖြစ်နေတာလဲ... 'ကိုကြီး' ကို 'ဘလူး' နဲ့ သဘောတူတယ်... တခြားမိန်းမကိုယူရင် အဲဒီယူတဲ့ မိန်းမပါး တပြန်းပြန်းနဲ့ ပုတ်သွားအောင် ရိုက်ပစ်မယ်အောင်းမေ့"

"ငါ့မိန်းမကို နင်ကိုယ်ထိလက်ရောက်စော်ကားလို့ရမလား ငါကထိုင်ကြည့်နေမယ့်ကောင်မှမဟုတ်ဘဲ... နင့်ကိုဆောင့်ကန်ပစ်မှာပေါ့"

သူ တမင်ပြောပစ်တာဖြစ်သည်။အစ်ကိုကြီးဖြစ်တဲ့ သူ့ အပေါ် အငယ်တစ်ယောက်အနေနဲ့ သူဘာမှဝင်ချယ်လှယ်နေစရာမလို ပေ။ ဂါရဝတရားဆိုတာ ရှိရအုံးမှာပေါ့။

"သူ့စိမ်းမိန်းမအတွက်နဲ့ 'ကိုကြီး' က 'ပိုး' တို့ကို အနိုင်



ကျင့်ဖို့စိတ်ကူးနေတယ်ပေါ့လေ.. ပြောတော့ဖြင့် မိသားစုအတွက် အနစ်နာခံမယ်လေးဘာလေးနဲ့... ခု 'ကိုကြီး' ဖြစ်နေတဲ့ပုံကို ကြည့်ပါအုံး... ရှက်ဖို့ကောင်းကောင်းတယ်"

"ရှက်ရင် နင်ငါနဲ့ မပတ်သက်ပဲနေပေါ့ဟာ... 'ဘလူး' တို့အိမ်မှာသွားနေစရာကို အကြောင်းမရှိဘူး... အစစအရာရာ ငါ့ခေါင်းပေါ်ကြီးပဲ ပုံချဖို့စိတ်မကူးနဲ့ နင်တို့လည်း အနစ်နာခံဖို့ စဉ်းစားစမ်းပါအုံး... မိသားစုအတွက် နင့်မှာ ငဲ့ညှာစိတ်ရှိရင် ရတဲ့အလုပ်တစ်ခုဝင်လုပ်ပြီး အိမ်ကိုပြန်ထောက်ပံ့လေ... ဘာမှ မလုပ်ဘဲနဲ့တော့ အိမ်မှာ ဟိုပြောဒီပြောလာမလုပ်နဲ့"

"တော်ကြစမ်း...မောင်နှမတွေဖြစ်ပြီး ပြောဆိုနေလိုက်တာ သားပတ်ဝန်းကျင်တောင် ကြားလို့မကောင်းဘူး... 'ပိုး' ကိုလည်း ပြောမယ်... 'ဘလူး' တို့အိမ်မှာ သွားမနေနဲ့တော့... အမေ့ကိုပြုစုမယ်ဆိုပြီး အိမ်မှာပဲပြန်လာနေ"

"မနေဘူး... ဟိုအိမ်မှာပဲပျော်တယ်... ဒီအိမ်မှာနေရတာ စိတ်မချမ်းသာဘူး... 'ပိုး' ခုပဲပြန်တော့မယ်"

"ဟဲ့... ငါပြောတာကို နားမထောင်ဘူးလား... ဒ်မှာပဲ နေဆိုတာ"

"အမေ့သားကြီးတောင်မှ ပြောစကားနားမထောင်ဘဲ သူလုပ်ချင်တာလုပ်ဖို့ စဉ်းစားသေးတာပဲ ... 'ပိုး' ကလုပ်ချင်တာလုပ်တာ မဟုတ်ဘူး... 'အန်တီဝင်း' တို့အိမ်မှာပဲ ကောင်းကောင်းမွန်မွန် နေတာ 'ပိုး' ကိုပြန်မခေါ်နဲ့"

စိတ်ထဲရှိတဲ့အတိုင်း ပက်ကနဲပြောကာ 'ပိုး' တစ်ယောက် ပြန်သွားခဲ့ပါသည်။ မေမေဒေါသဖြစ်ကာ မကျေမနပ်[illegible] မယ့် ဘာတတ်နိုင်မှာကျလို့။ 'ပိုး' မှမရှိတော့တဲ့ဟာ 'ပိုး' ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းပြီးပြန်တော့ 'ကိုမိုး' ရဲ့အလှည့်ဖြစ်သည်။ မျက်နှာချို သွေးကာ သူ့ဘော်ဒါနှစ်ယောက်နဲ့အတူ အပြင်ကပြန်ရောက်လာခဲ့သည်။စိတ်ရှုပ်နေချိန်မို့ သူ့မျက်နှာထားက တင်းနေမိပါသည်။

" 'ကိုကြီး' ကျွန်တော့်သူငယ်ချင်းဒုက္ခရောက်နေလို့ အကူအညီပေးပါဗျာ... 'ကိုကြီး' ကူညီမှဖြစ်မှာမို့ပါ... ကျွန်တော်ကတော့ 'ကိုကြီး' ကိုပဲအားကိုးပြီး ခေါ်လာခဲ့တာ"

"ဘာဖြစ်လာတာလဲကွာ... ဒီမှာပြဿနာတက်နေရတဲ့ကြားထဲကို"

"ငွေသုံးသိန်းလောက် အရေးပေါ်လိုနေလို့ 'ကိုကြီး' ဆီကခဏလာဆွဲတာ... တစ်ပတ်ပဲကြာမှာပါဗျာ... 'ကိုကြီး' ထုတ်ချေးလိုက်စမ်းပါ"

"ဟ... ငွေသုံးသိန်းငါ့လက်ထဲမှာ ချက်ချင်းဘယ်ရှိမှာလဲကွ ငါဒီလောက်မချမ်းသာပါဘူးကွာ ...မင်းကတော့လုပ်လာပြန်ပြီ"

မေမေက သူ့ကိုကြည့်ကာ ခေါင်းရှောင်သလို ထိုင်နေရာမှထွက်သွားလေသည်။ တကယ်ဆို လူကြီးတစ်ယောက်အနေနဲ့ ပြေရာပြေကြောင်း ဝင်ပြောပေးဖို့ကောင်းသည်မဟုတ်လား... အခုတော့...

"စက်ရုံကြီးတောင် အုပ်ချုပ်နေတဲ့သူပဲဗျာ... 'ကိုကြီး' ကလည်း ငွေသုံးသိန်းလောက်ကို စကားထဲထည့်ပြောနေရသေးတယ်... ကျွန်တော့်သူငယ်ချင်းကို ကျွန်တော် တာဝန်ယူပါတယ်"

"မင်းသူငယ်ချင်းကို မယုံလို့မဟုတ်ဘူး... ငါ့မှာတကယ်မရှိလို့ ပြောနေတာ ငါ့တာဝန်ယူရတဲ့အခြေအနေကို မင်းနားလည်နေရဲ့သားနဲ့ကွာ... မင်းမို့လို့ မစဉ်းစားမဆင်ခြင်လုပ်လာတယ်"

သူ့မျက်နှာပျက်ယွင်းသကဲ့သို့ 'ကိုမိုး' သူငယ်ချင်းနှစ်ယောက်လဲ မျက်နှာပျက်အားနာနေကြသည်။ 'ကိုမိုး' ကတော့ ဇွတ်တရွတ်ပင်ဆက်ပြောသည်။

" 'ကိုကြီး' မရှိးပါနဲ့ဗျာ... အစ်ကိုကြီးဖြစ်ပြီး ကိုယ့်ညီနဲ့ပတ်သက်တဲ့ပြဿနာကိုယ်တောင် မဖြေရှင်းပေးနိုင်ဘူးလားဗျာ"

"ဘာဆိုင်လဲကွ... ငါ့မှာမှမရှိတာ..."

"မရှိရင် 'ဘလူး' ဆီကတောင်းပေးပေါ့... 'ကိုကြီး' ပြောရင်တစ်ချက်ပဲဟာ"

"ဟော့ကောင်... မင်းပါးစပ်ပိတ်တော့ လုပ်ငန်းကိစ္စအတွက် ငွေတောင်း,တောင်းနေရတာတောင် ငါ့မှာရှက်လှပြီ... ကိုယ်ရေးကိုယ်တာဆိုတာမျိုး ထည့်ကိုမပြောနဲ့"

"အဲပိုတွေ ကျွန်တော့်သူငယ်ချင်းတွေရှေ့မှာ ကျွန်တော့်ကိုသိက္ခာချတာ... သက်သက်အကျင့်ယုတ်တာ"

"ဘာကွ..."

ဒေါသတကြီးထိုင်နေရာမှ သူ ဆောင့်ထရပ်လိုက်မိသည်။ 'ကိုမိုး' သူငယ်ချင်းနှစ်ယောက်လည်း အခြေအနေမဟန်မှန်းသိသဖြင့် ပြန်ဖို့ပြင်ကြလေသည်။

"ငါတို့ပြန်တော့မယ်ကွာ... တခြားနေရာကပဲ ကြည့်ကျက်လုပ်လိုက်တော့မယ်... 'ကိုမိုး' သွားပြီ"

သူငယ်ချင်းနှစ်ယောက်ထွက်သွားမှ 'ကိုမိုး' ကပိုသောင်းကျန်းလာသည်။ လေသံတွေက အော်ကြီးဟစ်ကျယ် ရှိလွန်းလှသည်။ ဘယ်တုန်းကသည်လို လေသံမျိုးနဲ့ ဒီကောင်ပြန်ပြောဖူးခဲ့လို့လဲ။

"ရှက်တယ်ဗျာ... လုံးဝကိုမမိုက်ဘူး... ညီအစ်ကိုအဖြစ်နေနဲ့တောင်စာနာမှုမရှိဘူး... တကယ့်တကိုယ်ကောင်းသမားပဲ"



www.burmeseclassic.com

www.burmeseclassic.com

" 'ကိုမိုး' မင်းလွန်ပြီနော်... မင်းကိုအသုံးမကျတဲ့ကောင် မျိုးက ငါ့ကိုပြန်ပြောစရာမလိုဘူး.. ဒီနေ့ထက်ထိ မင်းတို့ကို ငါ ရှာကျွေးလာတာ"

"ကျွေးရုံထက်ဘာများပိုလုပ်ပေးနေလို့လဲ... တစ်ခုခုပြော လိုက်ရင် ငါရှာကျွေးတာ... ရှာကျွေးတာဆိုပြီး မာန်တက်တဲ့ စကားတွေနဲ့ ဆုံးမနေတာနဲ့ ပဲပြီးနေတာ"

"အေး... မင်းလိုကောင်ကို စကားနဲ့မဆုံးမတော့ဘူး— လက်နဲ့ပဲဆုံးမမှ မှတ်မယ်"

'သတိုး' သည် ခံစားရတဲ့ဝေဒနာကို ထိန်းချုပ်ဖို့မစဉ်းစား တော့ဘဲ 'ကိုမိုး' ရဲ့မျက်ခွက်တည့်တည့်ဆီ လက်သီးတစ်ချက်ပစ် သွင်းပစ်လိုက်သည်။ 'ဂုတ်' ကနဲမြည်သံနဲ့အတူ သူ့လက်လည်း နာကျင်သွားရပါသည်။ စိတ်ထဲမှာတော့ ထိုးမိပြီးမှ မှားသွားပြီ ဆိုတဲ့ အတွေးနဲ့စိတ်မကောင်းဖြစ်သွားမိ၏။

'ကိုမိုး' ပြန်မလုပ်ခင်... သူတို့နှစ်ယောက်ကြားသို့ အမေ ပြေးဝင်လာလေသည်။

"နင်တို့ဘယ်လိုဖြစ်နေကြတာလဲ မရှက်ကြတော့ဘူးလား 'သတိုး' နော် 'သတိုး' မင်းတော်တော်တရားလွန်နေပြီ... အကြီး စိတ်မမွေးဘဲ အငယ်တွေကို အနိုင်ကျင့်ချင်နေတယ်... ခုချိန်က စပြီး မင်းရှာကျွေးခဲ့တယ်ဆိုတဲ့ စကားကို မပြောနဲ့တော့— ရှာကျွေးပြီး မိဘကိုစိတ်ဆင်းရဲအောင်လုပ်တာက ပိုပြီးဆိုးတယ် ဆိုတာ မှတ်ထား... 'ဘလူး' နဲ့ကိစ္စကို မင်းလက်ခံရင်ခံ မခံရင် မင်းငါ့ကို အမေလို့လာမခေါ်နဲ့...ဒါငါ့ရဲ့နောက်ဆုံးစကားပဲ"

ပြတ်သားလှသော အမေ့စကားကို နားထောင်ပြီး သူငိုင် တွေသွားရပါတော့သည်။ သူ့ မှာကိုယ်ပိုင်စိတ်ကူး ကိုယ်ပိုင်အ



တွေးတွေ မရှိရတော့ဘူးလား။ သူ့ရဲ့မိသားစုအပေါ် အနစ်နာခံ ခဲ့မှုတွေကိုလည်း အမေ မစာနာနိုင်ပေးတော့ဘူးလား။ အစစအရာ ရာ သူ့ဖက်ကလိုက်လျှောဆုံးရှုံးမှုတွေနဲ့ကြီးပဲ ဘဝတလျှောက်လုံး အဆုံးသပ်သွားရတော့မှာလား အမေရယ်...။

www.burmeseclassic.com

## အခန်း [၇]

" 'မမကြီး' သွားချင်တယ်ဆိုရင် 'ဖြူပြာ' တို့လည်း လိုက်ခဲ့ပေးမယ်လေ... 'ကျော်စွာ' လည်း အားနေတာပဲဟာ"

"အို... ငါ့ကိစ္စငါ့ဖါသာ လွတ်လွတ်လပ်လပ်သွားပါရစေ နင်တို့ပါရင်ရှုပ်ကိုရှုပ်တယ်... နင်လည်းကာမေးပွဲက ဖင်နားကပ်နေပြီ 'ဖြူပြာ' တစ်စက်ကလေးမှ စာကိုစိတ်မဝင်စားဘူး... ငါ့ကိစ္စပဲ နေရာတကာလိုက်ပါနေတာပဲ... စာမေးပွဲမှာ ငှါ့အကြောင်းတွေထည့်ဖြေလို့ရတာမဟုတ်ဘူး"

"ဒါကတော့ 'မမကြီး' ကိုစိတ်ပူလို့လိုက်ရတာပါ... ဟိုငကြောင်ကြီးလက်ထဲ ပါသွားမှာကြောက်တယ်... သူနဲ့ရရင် 'မမကြီး' ဘဝဆင်းရဲမှာ 'ဖြူပြာ' တို့တစ်တွေလည်း ဒုံရင်းကဒုံရင်းပဲ... တိုးတက်ဖို့ရှိလာမှာကို မဟုတ်ဘူး"

ရင်ထဲမှာ နားလည်ပြီးသားအကြောင်းအရာကို 'ဖြူပြာ' ထဲ ဆရာကြီးအသွင်နဲ့ ရှင်းပြနေသဖြင့် ပိုတင်းသွားရသည်။ သူမ



ဒီလောက်နားလည်သိတတ်နေလို့လည်း 'သတိုး' နောက်မလိုက်ဘဲ 'သန်းလွင်' နဲ့စေ့စပ်တာကို လက်ခံခဲ့တာပဲပေါ့။ မချစ်ဆေးသော့ မေမေ့မျက်နှာကို ထောက်ပြီး အောင့်ကာနမ်းဖို့ ဆုံးဖြတ်မိသည်။

ရင်ထဲမှာတော့ 'သန်းလွင်' နဲ့ပတ်သက်လို့ ခံစားချက်ကဗလာသက်သက်တည်း။

'သတိုး' ဘက်မှာလည်း သူမ အတိုင်းပဲ ငွေညာစရာတွေ တစ်ပုံတစ်ပင်နဲ့မို့ အပြစ်ပြောစရာမရှိပါဘူး။ သူမ တို့ချစ်သူနှစ်ယောက်ရဲ့ဘဝက စိတ်ဆင်းရဲစရာ လှိုင်းတံပိုးတွေနဲ့ ပြည့်နှက်လှသည်။ သို့ပေမယ့် ဒီသောကလှိုင်းတံပိုးတွေကို 'သတိုး' ရော သူမရော အရှုံးပေးလိုက်ဖို့ စိတ်ကူးမရှိချေ။

တတ်နိုင်သမျှတော့ သူမ တို့နှစ်ယောက်အတွက် စိတ်ချမ်းသာမှုကို မရမကကြိုးစားရှာဖွေအုံးမှာပင်။ သည်နေ့လည်း 'သတိုး' နဲ့တွေ့ဖို့ချိန်းထားပါသည်။

ဆယ်ရက်နေမှ တစ်ခါတွေ့ကြရတာမို့ သည်ချိန်းတဲ့ရက်မှာ မပျက်မကွက် အရောက်လာကြဖို့ကို နှစ်ယောက်စလုံးကအားဘက်သရောစိတ်ဆန္ဒရှိလှပေသည်။ မလွယ်ကူ မလွတ်လပ်တဲ့ကြားထဲကပင် လွတ်လမ်းကို ရှာဖွေကာ ထွက်ကြရ၏။

"ကိုယ့်စာသာ ကိုယ်ရအောင်ကျက်စမ်းပါ... ငါ့နောက်လိုက်လို့ ဘာမှထူးမှာမဟုတ်ဘူး... စာတိုက်ကြီးသွားပြီး စာထည့်ရုံပဲ... ပြီးတာနဲ့ ချက်ချင်းအိမ်ပြန်လာမှာ"

"ခဏကလေးနဲ့တော့... စာကျက်လည်း ဘာမှထူးမှာမဟုတ်တာ... 'ဖြူပြာ' လိုက်ခဲ့မှာပဲ... 'ကျော်စွာ' တစ်ယောက်ဆိုရင် 'မမကြီး' တစ်လှည့်စာပဲရှိတယ်"

'သတိုး' ဆီသွားတဲ့အခါတိုင်း သူမဘက်က တစ်နည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တစ်နည်း လှည့်ပတ်ဖျားယောင်းကာ လစ်ပြေးနေကြမို့ 'ဖြူပြာ' စိတ်ပူတာလည်း မဆန်း။ မေမေ့ရဲ့ အဆူအပူ အရိုက်အမောင်းတွေကို ခဏခဏခံနေရပေမယ့်လည်း သူမက သူနဲ့တွေ့ရဖို့အတွက်ဆို အားလုံးကိုသည်းခံခွင့်လွှတ်ပေးနိုင်ခဲ့သည်။

'သတိုး' ကို သူမ သိပ်ချစ်ပါသည်။ သိပ်ချစ်မိတဲ့အတွက် သူမ ရင်ကွဲသလို ခံစားရ၏။ 'သန်းလွင်' နဲ့လက်မထပ်ခင် အချိန်အထိကို 'သတိုး' နဲ့အတူတူ သစ္စာမပျက်တမ်း လက်တွဲစွာရှိနေဖို့ ဆုံးဖြတ်ထားပါသည်။

"ညည်းတော်တော် လမ်းပေါက်ရှာတာပဲ 'ရူပါ' ရယ်... စာထည့်တာများ 'ကျော့်စွာ' ထည့်နိုင်းလည်းရတဲ့ဟာ... ကဲကိုကဲတယ်... ညည်းတစ်ခါအပြင်ထွက်တိုင်း ဟိုကောင်နဲ့ ချိန်းထားတာချည်းပဲ... ဒီနေ့လည်း ဘာအချိန်းအချက်ရှိပြန်ပြီလည်း မသိဘူး"

ဟု မေမေ့စကားကိုကြားတော့ သူမ မျက်နှာကို မှင်သေသေထားလိုက်ရသည်။

"'ဖြူပြာ' တို့ပါနေတာပဲမေမေရယ်... သမီးမဟုတ်တာလုပ်လို့မရပါဘူး... သူတို့နှစ်ယောက်က တစ်ချိန်လုံး အနားမှာတောက်တဲ့ကပ်နေသလို ကပ်နေကြတာ... လွတ်လပ်ခွင့်ဆိုတာမရှိဘူး"

"ဒါကတော့ သူတို့က ညည်းကိုစိတ်ပူတာကို... အားလုံးစီစဉ်ပြီးနေတဲ့ မင်္ဂလာပွဲပျက်မှာကို ကြောက်တာကိုဟဲ့"

"ပျက်ချင်ရင် အစောကြီးကတည်းက ဖျက်ပစ်လိုက်လို့ ရပါတယ်... မေမေတို့ကို ငဲ့နေရလို့ ဒီအခြေအနေထိ ဖြစ်လာရတာ"

"ကျေးဇူးကြီးလှပါတဲ့ မယ်မင်းကြီးမရယ်... ခုချိန်မှတော့ ဖျက်လို့လည်း မရတော့ပါဘူး.. သူတို့ဘက်ကတင်တောင်းထားတဲ့ ရွှေငွေပစ္စည်းတွေကို လက်ခံပြီးနေမှပဲဟာ"

မေမေ့ ခန္ဓာကိုယ်ပေါ်မှာ 'သန်းလွင်' တို့ဘက်က ဆင်ထားသည့် နားကပ်တို့ လက်စွပ်တို့ ရှိနေပါသည်။ 'ဖြူပြာ' ဆိုရင်လည်း ရွှေဆွဲကြိုးအသစ်နဲ့ ဟမ်းချိန်းတဝင့်ဝင့်နဲ့ ဟန်ရေးပြလို့ဆုံးတာမဟုတ်။

'ကျော့်စွာ' သည်လည်းပဲ ထိုနည်းလည်းကောင်း ဘာထူးလို့လဲ။ ကာယကံရှင်ဖြစ်တဲ့ 'ရူပါ' တစ်ယောက်ပဲ နဂိုရှိရင်းဆွဲငါးမူးသားရွှေဆွဲကြိုးတစ်ကုံးတည်းပဲ မပြောင်းမလွဲရှိနေခဲ့တာပါ။

"ဆွဲကြိုးတွေ... လက်ကောက်တွေ ဝတ်သွားလေသမီးရဲ့ ဒါမှ လူအထင်ကြီးမှာပေါ့"

"မဝတ်ချင်ပါဘူး... အဲဒီပစ္စည်းတွေကြောင့် 'ရူပါ့' ဘဝ စိတ်ဆင်းရဲရတာ... ဘာပစ္စည်းမှ 'ရူပါ' မမက်ဘူး"

ဘယ်သူ့ကိုမှ မခေါ်ဘဲ 'ရူပါ' တစ်ယောက်ထဲ ထွက်ခဲ့ပါသည်။ 'ဖြူပြာ' နဲ့ 'ကျော့်စွာ' အမောတကောပြေးလိုက်လာတာသိပေမယ့် စောင့်မခေါ်ဖြစ်။ သူတို့ဒုက္ခခံချင်လို့ လိုက်လာတာ သူတို့ထိုက်နဲ့ သူတို့ကံပဲရှိပစေလေ။

ချိန်းထားတာက 'ယုဇနပလာဇာ' မှာဖြစ်သည်။ ပြောတော့သာ စာတိုက်ကြီး သွားနေတာက 'ယုဇနပလာဇာ' မို့သူတို့နှစ်ယောက် ပွစိစိဖြစ်လာကြသည်။

"တွေ့လား... 'မမကြီး' တို့ဗွေဖေါက်လာပြီ... ပြောတဲ့နေရာကတခြား ရောက်လာတာကတခြား"

"ရှည်မနေစမ်းနဲ့ဟယ်... ငါဝယ်စရာရှိလို့ ဒီကိုအရင်ဝင်လိုက်တာ... နင်တို့မလိုက်ချင်ရင် နေခဲ့ကြ ငါတစ်ယောက်ထဲပဲ

www.burmeseclassic.com

သွားမယ်"

"မနေပါဘူး လိုက်မှာပေါ့..."

မလွှတ်မလပ်ဘဝနဲ့ပင် 'သတိုး' အားတွေ့အောင် ရှာနေမိပါသည်။ တွေ့တဲ့အခါကျမှ စီးစဉ်ကြည့်ကရမည်။ 'ဖြူပြာ' တို့ကို မြင်ရင် 'သတိုး' လည်းသဘောပေါက်မှာပင်။

"'မမကြီး' ဈေးမဝယ်ဘဲနဲ့ ဘယ်သူ့ကိုရှာနေတာလဲ... မျက်လုံးက ဆော်လီဘောဝှက်သလို ဟိုရောက်ဒီရောက်နဲ့"

ဟု ပြောလိုက်သော 'ကျော်စွာ' စကားကို ပြုံးမိသွားရသေးသည်။

"လူတစ်ယောက်ကို ရှာနေတာပေါ့ ရှာနေတာ သိရဲ့လား... ငါ 'သတိုး' နဲ့ချိန်းထားတယ်"

'ဖြူပြာ' သည် သူမရဲ့လက်တစ်ဖက်အား ပိုင်ပိုင်နိုင်နိုင်ကြီး ဆုပ်ကိုင်ထားလိုက်လေသည်။ ရှောင်ပြေးလို့မရအောင် ဖြစ်သည်။

"ငါ့ကို အတင်းအကြပ်မလုပ်နဲ့နော်... ငါတို့နှစ်ယောက် အေးအေးဆေးဆေးစကားပြောပြီးတာနဲ့ ပြန်မှာ... နင်တို့သားထောင့်ကြည့်နေကြ"

"မရပါဘူး... အဲဒီလူနဲ့ သဘောမတူလို့ 'မမကြီး' ကို ကျွန်တော်တို့ အပင်ပန်းခံလိုက်စောင့်နေတာလေ... ပေးတွေ့လိုက်လို့ဘယ်ဖြစ်မှာလဲ..."

"ဟုတ်တယ်... အိမ်ပြန်တာပဲကောင်းတယ်... ဖော်ကြေ 'ကိုသန်းလွင်' တို့ဘက်က တစ်ယောက်ယောက်မြင်သွားရင် မကောင်းဘူး... ရှင်းမရတဲ့ ပြဿနာတွေဖြစ်လာလိမ့်မယ်... 'မမကြီး' ကိုလည်း ဂျွေမလို့ ထင်မှာ"

"ထင်...ထင် ဂရုမစိုက်သေးဘူး... ငါ့မှာလည်း ကိုယ်ပိုင်



လွတ်လပ်ခွင့်ဆိုတာ ရှိသေးတာပဲ... ဈေးစပ်ထားရုံနဲ့တော့ အကုန်လုံးကို လိုက်ကြောက်မနေနိုင်ဘူး"

'ရူပါ' သွားနေတဲ့လမ်းကြောင်းကို သွေဖီကာ 'ကျော်စွာ' နဲ့ 'ဖြူပြာ' က ထွက်ပေါက်ဆီ ပြန်ဆွဲခေါ်နေပါသည်။ အရေးထဲ 'သတိုး' ကိုလည်း ရှာလို့မတွေ့နိုင်အောင် ဖြစ်နေရသည်။ ချိန်းထားတဲ့နေရာမှာလည်း ရှိမနေပြန်။ 'ရူပါ' ငိုချင်လာမိသည်။

ဒီအချိန်မှာပဲ 'ရူပါ' လို့ လှမ်းအော်ခေါ်လိုက်တဲ့အသံကို ကြားလိုက်ရလေသည်။ ခေါ်သံဆီလှည့်ကြည့်မိပေမယ့် 'သတိုး' ကို မတွေ့ရပေ။ 'ဖြူပြာ' တို့လည်း မျက်လုံးတွေအစွမ်းကုန်ဖြူကာ လိုက်ရှာနေကြပါသည်။ သူမ ရင်ထဲမှာ 'သတိုး' ရောက်နေတာသေချာသွားပြီမို့ စိတ်အေးသွားမိသည်။

"ဘယ်ကခေါ်တာလည်း မသိဘူး 'ကျော်စွာ' ... မြန်မြန်တွေ့အောင်ရှာစမ်း"

ဟုရတက်မအေးနိုင်သလို 'ဖြူပြာ' အပြောကို 'ကျော်စွာ' က ခေါင်းတညိမ့်ညိမ့်ဖြင့်ထောက်ခံစွာ နေရာအနှံ့လျှောက်ကြည့်ရှုစမ်းနေပါသည်။ 'ရူပါ' လည်း မတွေ့တွေ့အောင် လျှောက်ရှာနေမိသည်။

ဟောတွေ့ပါပြီ... အရုပ်ဆိုင်တစ်ဆိုင်မှ ခြေတံရှည်ရှည် အရုပ်ပိန်မက လက်လှမ်းပြနေသည်။ 'သတိုး' အချက်ပေးတာပဲနေမှာ။

"သွားမယ်လေဟာ... ဘာတွေရှာနေတာလဲ... နင်တို့ကြည့်ရတာ အရူးနှစ်ယောက်နဲ့တူတယ်... ဟိုကိုကြည့်စမ်း... ဒီကို ပြုံးကြည့်လိုက်နဲ့"

"'မမကြီး' လူကို ရှာနေတာလေ... သူဒီနားမှာပဲ ရှိရမှာ

www.burmeseclassic.com

ဘယ်... ခေါ်ပြီး ပုန်းနေတယ်"

"မဖြစ်နိုင်တာ... ကဲ...ကဲ ငါအပေါ်သွားချင်သေးတယ်... နင်တို့လိုက်ခဲ့ချင်လိုက်ခဲ့ကြ"

အိမ်သာပေါက်ရောက်တော့ 'ကျော်စွာ' လိုက်လို့မရသဖြင့် ကျန်နေခဲ့ပါသည်။ 'ဖြူပြာ' ကတော့ မယုံသင်္ကာမျက်လုံးမျိုးနဲ့ သူမကို အကဲခတ်ကာ အတူပါလာခဲ့သည်။

"ငါက ကြာမှာနော်... မိုက်ပါနာလာပြီ... ကိစ္စတွေရှင်းပြီးမှ သွားမှာ"

" 'မမကြီး' ကလည်းအမျိုးမျိုးပဲ ... အပြင်ခဏလေးထွက်တာတောင် အီးပါနေရသေးတယ်လို့"

"ဟဲ့... ဒီကိစ္စကအောင့်ထားလို့ ရတဲ့အရာမှ မဟုတ်တာ... အမြန်ရှင်းပစ်မှကောင်းမှာ... နင်ငါ့ကို ပူမနေနဲ့ 'ကျော်စွာ' တစ်ယောက်လုံး အပြင်မှာရှိတယ်... ဒီအခန်းထဲကတော့ ဘယ်လိုမှ လစ်ပြေးလို့ မရဘူးဆိုတာ နင်နားလည်မှာပါ"

ခပ်တည်တည်တံခါးဆွဲဖွင့်ပြီး ဝင်ခဲ့လိုက်သည်။ သိပ်မကြာခင်မှာဘဲ သူမနဲ့ဘေးချင်းကပ်လျက်အခန်းသို့ 'ဖြူပြာ' ဝင်လာမှန်းသိနေရပါသည်။ သူလည်း ရတဲ့အခိုက် အပေါ့အပါးသွားချင် သွားထားမှာပေါ့လေ။

'ရူပါ' သွားမယ့် လမ်းကြောင်းတွေကများရင် သူ့ အတွက် မတော်တဆ အခက်ကြုံလာရင် မခက်ပေဘူးလား။

" 'မမကြီး' ပြီးပြီလား... ဘာသံမှလည်း မကြားရဘူးနော်"

အသံပေးလိုက်ခြင်းက 'ဖြူပြာ' ရဲ့အမှားတည်း။ သူရဲ့စိတ်မချမှုက သူမအတွက် လွတ်မြောက်ခွင့် ဖန်တီးရမှုဖြစ်လေသည်။ တံခါးဂျက်ကို အမြန်ဖွင့်ကာ အပြင်ထွက်ရင်း 'ဖြူပြာ' တံခါးအား



အပြင်မှ ဂျက်ထိုးပစ်လိုက်သည်။

"ငါသွားပြီ 'ဖြူပြာ' ရေ... နင်တို့က ကောင်းကောင်းပြောလို့မှ မရဘဲ... ငါအပြင်က ဂျက်ထိုးထားခဲ့တယ်... နောက် လူလာမှ နင့်ဖာသာအကူအညီတောင်းပေးတော့"

" 'မမကြီး' မလုပ်နဲ့ ပြန်ဖွင့်ပေး... 'ဖြူပြာ' ကြောက်တယ်"

'ဖြူပြာ' အသံက ချက်ချင်းငိုသံပါလာသည်။ နောက်လူရောက်လာရင် ဖွင့်ပေးမှာ သေချာနေသဖြင့် 'ဖြူပြာ' အားဒီအတိုင်း ပဲထားခဲ့မိပါသည်။ အပြင်ရောက်တော့ 'ကျော်စွာ' က သူမကို ကျောခိုင်းကာ ခပ်လှမ်းလှမ်းမှာ ရပ်နေလေသည်။ ခြေသံကို ဖွဖွနင်းရင်း အသာကလေးအပြေးလစ်ရပါသည်။

'သတိုး' ရှိနေတဲ့ အရပ်ဆိုင် မရောက်မီပင် 'သတိုး'အား တွေ့ရလေသည်။

"သွားမယ်...သွားမယ်... ဒီမှာနေလို့ မဖြစ်တော့ဘူး... အမြန်လစ်လေကောင်းလေပဲ"

'သတိုး' လက်ကိုဆွဲကာ စက်လှေခါးကို ပြေးဆင်းခဲ့ကြသည်။ တချို့သောလူတွေကို တွန်းတိုက်မိပေမယ့် တောင်းပန်ဖို့ အချိန်မရပေ။ ဤနေရာနဲ့ အဝေးဆုံးရောက်ဖို့က အဓိကအရေးကြီးဆုံး ဖြစ်နေပါသည်။

လှေကား အောက်ဆုံးထစ်အရောက်မှာ 'သတိုး'က သူမလက်ကို ပြန်ဆွဲခေါ်ရင်း အပေါ်ပြန်တက်ဖို့ပြင်သည်။ စက်လှေခါးထစ်တွေကို ဗရုတ်သုတ်ခ ပြောင်းပြန်ပြေးတက်ရဖြင့်သည့် ဘာဖြစ်မှန်းတော့ သူမ မသိပေ။

" 'ကိုကြီး' ခုချက်ချင်းပြန်လာခဲ့... မပြေးနဲ့ [illegible]ဒေါသ ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com

လို့အော်ခေါ်တဲ့အသံကိုတော့ ကြားလိုက်ရပါသည်။

"ကျွတ်... မေမေတို့နဲ့ လာတိုးနေရတယ်ကွာ.. ပြဿနာ က တစ်ရစ်ပြီးတစ်ရစ် တက်နေတာပဲ"

"အပေါ်မှာလည်း 'ကျော်စွာ' တို့ရှိနေတယ်လေ 'သတိုး' ရယ် ဘယ်လိုလုပ်မှာလဲ..."

ပြောနေဆဲပင် 'ဖြူပြာ' နဲ့ 'ကျော်စွာ' အပြေးအလွှား လာနေတာကို တွေ့လိုက်ရသည်။ အောက်ဖက်မှလည်း 'ပိုး' နဲ့ မေမေက ဒေါသတကြီးတက်လာနေကြပါသည်။ သူတို့အတွက် ပြေးစရာလမ်းပေါက် အတော်ရှားပါးသွားသလိုပင်။

"ဟိုအထည်ဆိုင်ထဲက ဖြတ်ပြေးရင် လွတ်မယ်နဲ့တူတယ်... လာကွာ... သွားမယ်"

နှစ်ယောက်ပူးကြီးမို့ ပုန်းစရာခိုစရာ ရှာလို့သိပ်မတွေ့နိုင်ဖြစ်နေကြ၏။ 'ကျော်စွာ' ကလည်း လူငယ်ပီပီ သွက်လက်မြန်ဆန်စွာ သူတို့နောက်ကိုအမှီလိုက်လာခဲ့သည်။ ခဏတဖြုတ်တွေ့ရမယ့် အချိန်ကလေးမှာတောင် အနှောင့်အယှက်တွေကြုံနေရတဲ့ သူတို့နှစ်ယောက်ရဲ့ ကုသိုလ်ကံက ဆိုးဝါးလှသည်ပင်။

'ရှုပါ' စကားသံက ငိုချင်သလို တုန်တုန်ရီရီထွက်လာခဲ့သည်။

"ပြေးလို့ မလွတ်တော့ဘူး 'သတိုး' ရဲ့... ဘယ်လိုလုပ်မှာလဲ."

" 'ရှုပါ'... သူတို့နဲ့ ပြန်လိုက်သွားချင်သလား"

" မလိုက်ချင်ဘူး... ဒါပေမယ့် 'သတိုး' ဘက်ကလည်း 'သတိုး' ကို အတင်းပြန်ခေါ်နေပြီပဲဟာ"

"ကိုယ်တို့အစွမ်းရှိသလောက် ပြေးကြသေးတာပေါ့ကွာ



အကျီစင်တွေထဲ ဝင်ပုန်းနေမယ်ကွာ... ဆိုင်ရှင်ကို သနားအောင် ကြည့်ပြောရမှာပေါ့"

သူတို့မပုန်းခင် 'ကျော်စွာ' က 'ရှုပါ' လက်တစ်ဖက်အား အနောက်မှ အရင်ဆွဲမိသွားပါတော့သည်။

"ငါ့ကိုလွှတ်စမ်း 'ကျော်စွာ'... ဒီလောက်ထိ ငါ့ကိုလိုက်ပိတ်ပင်ပို့ မကောင်းဘူး... သူ့ကိုတွေ့ပြီး စကားပြောပြီးတာနဲ့ ပြန်မှာ... သူ့နောက်ကို ခိုးရာလိုက်သွားတာမှ မဟုတ်ဘဲ... နင်တို့ သိပ်အကဲမပိုကြနဲ့"

"ဒါတွေနားမလည်ဘူး... နအိမ်ပြန်မယ်... ကျွန်တော်တို့ နဲ့ ပြန်လိုက်ခဲ့... 'မမကြီး' လုပ်ရပ်က သိပ်တရားလွန်နေပြီဆို တာ အောင်းမေ့ထား"

'ရှုပါ' လက်ကို တအားဆွဲကာ ဆိုင်ပြင်သို့ ခေါ်ထုတ်နေလေသည်။ သူများဆိုင်ထဲမှာ ဖြစ်နေတာကြောင့် အလိုက်သင့်ပဲ သူတို့နှစ်ယောက်သား ဆိုင်အပြင်ဘက်သို့ ပါလာကြသည်။ 'ဖြူပြာ' လည်း အပြေးရောက်လာသည်။

"ရှင်တော်တော်အောက်တန်းကျတဲ့လူ... ကျွန်မအစ်မတော ကောင်းစားမှာကို မနာလိုဖြစ်ပြီး အတင်းကာရော လိုက်တပ်နေ တယ်... ယောကျ်ားဖြစ်ပြီး သိက္ခာမရှိ... မာနမရှိတဲ့လူ"

ဟု သူ့အား 'ဖြူပြာ' ကမညှာမတာစွပ်စွဲသည်။ ယော ကျ်ားသားဖြစ်နေတဲ့သူ့မှာ ကက်ကက်လန်ပြန်ဖြေရှင်းနေရို အချိန် အရေးမရှိပေ။ 'ရှုပါ' က ကာကွယ်ကာပြောပေးရှာသည်။

"နင် 'သတိုး' ကို ဘာမှဝေဖန်စရာမလိုဘူး 'ဖြူပြာ'... သုကင့်ါချစ်သူ... သူ့ရဲ့ကောင်းခြင်း ဆိုးခြင်းက ငါနဲ့ပဲဆိုင်တာပါ"

"အို... စေ့စပ်ပြီးတဲ့မိန်းမတစ်ယောက်ကို ခေါင်းခြင်း ထိတ်

www.burmeseclassic.com



တိတ်ပုန်း ဆက်သွယ်နေတယ်ဆိုကတည်းကသူ့စိတ်ဓါတ် ကဟိုးအောက်ခြေကို ရောက်နေပြီဆိုတာ လူတိုင်းသိတယ်... မရက်တတ်တဲ့လူ"

အော်ကြီးဟစ်ကျယ်စကားတွေကြောင့် ပတ်ဝန်းကျင်ကရှုးစမ်းကာ အကဲခတ်နေကြလေသည်။ 'သတိုး' လည်းရှက်စိတ်နဲ့သည်နေရာမှ အမြန်ဆုံးထွက်သွားဖို့ ဆုံးဖြတ်မိသည်။ ပြဿနာမကြီးထွားအောင် ရှောင်ပြေးတော့ပါမယ်ဆိုမှ ပွဲကပိုကြမ်းဖို့ ဖြစ်လာခဲ့ရ၏။

'ပိုး' တစ်ယောက် ဘာမပြောညာမပြောနဲ့ အပြေးအလွှားပင် 'ဖြူပြာ' ပါးအား ဘယ်ပြန်ညာပြန် ရိုက်ထည့်လိုက်လေသည်။ ထင်မှတ်မထားတာမို့ ဆွဲမယ့်သူမရှိဖြစ်သွားခဲ့ရသည်။

"နင်က ဘာကောင်မမို့ ငါ့အစ်ကိုကို စော်ကားရတာလဲ... မရက်တတ်တာက နင့်အစ်မ... မိန်းမဖြစ်ပြီး ကမြင်းကြောထချင်တယ်... လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာဟဲ့"

"ဟိတ်...ခင်ဗျားဘယ်သူလဲ... ကျုပ်အစ်မကို ဘာကိစ္စပါးရိုက်ရတာလဲ"

'ကျော်စွာ' သည် 'ပိုး' ပခုံးကို အရှိန်ဖြင့် ဆတ်ကနဲဆောင့်တွန်းထည့်ကာ ခုပဲထိုးတော့မည့်သဏ္ဍာန် စိုက်ကြည့်နေ၏။ 'ပိုး' တစ်ယောက် လန်ကျမလို အနောက်သို့ သုံးလေးလှမ်းမက ယိုင်ဆုတ်သွားရသည်။ 'ရူပါ' က 'ကျော်စွာ'အား ဆွဲထားသလို မေမေနဲ့သူက 'ပိုး' ရှေ့မှာ အကာအကွယ်သဘောမျိုးနဲ့ ဝင်ရပ်ပေးခဲ့သည်။

"တော်ပြီ... တော်ပြီ... အားလုံးကိုယ့်လမ်းကိုယ့်သွားကြတော့... အော်ဟစ်နေတာ တကယ်ရှက်ဖို့ကောင်းတယ်..."

"ရှက်တတ်ရင် ခင်ဗျားကျုပ်အစ်မနဲ့ မဆက်သွယ်ဘဲနေပေါ့ဗျ... ဒီလိုဖြစ်ရတာ ခင်ဗျားကြောင့်ပဲ"

"အမယ်လေး... မဆိုင်လိုက်တာ... ငါ့သားမှာက မင်းအစ်မထက် အပုံကြီး အပုံကြီးသာတဲ့ မိန်းမက အဆင်သင့်ရှိပြီးသားမင်းအစ်မကို ဒုတိယနေရာတောင် မသတ်မှတ်ဘူးဟဲ့... သနားလို့လာတွေ့ပေးနေတာကို လူပါးဝလို့"

မေမေ့စကားတွေကြောင့် 'ရူပါ' ကိုအားနာ သနားမိသွားရသည်။မျက်နှာငယ်နဲ့ လှမ်းကြည့်နေသောသူမ မျက်လုံးတွေဟာ တကယ် ဟုတ်သလားဆိုတဲ့ မေးခွန်းမျိုးပါနေခဲ့သည်။ မျက်ရည်တွေလည်း စီးကျလို့။

"အဒေါ်ကြီးကလည်း လေထွားလိုက်တာ... ဘာအပုံကြီးသည်း ချီးပုံကြီးလား... လက်တွေ့မပြနိုင်သေးဘဲ... လေမထွားပါနဲ့... ကျွန်တော့်အစ်မကမှ မျိုးကောင်းရိုးကောင်းသူဌေးသားနဲ့ အရားဝင်စေ့စပ်ထားပြီးသားဗျ"

"ကောင်းပါလေ့တော်... ကျုပ်သားနဲ့မပတ်သက်ရင်ဘဲ ကျေးဇူးတင်လှပါပြီ... နောက်တစ်ခါမျှား ငါ့သားနဲ့တွဲပြီး တွေ့ရိုကတော့ ငါတို့က ညှာမှာမဟုတ်ဘူး... ပါးရှစ်စိတ်ကွဲအောင် ရိုက်ပစ်မှာ"

စကားလည်းဆုံး သူ့လက်ကို ဆောင့်ဆွဲခေါ်ကာ 'ရူပါ' တို့အား ကျောခိုင်းကာ ထွက်ခဲ့ကြသည်။ သူမလိုက်ဘဲနေလိုက်ရင် ပြဿနာကမပြီးနိုင် မစီးနိုင် ဖြစ်နေတော့မှာမို့ မေမေခေါ်တဲ့နောက်သို့ အသာတကြည်ပဲ လိုက်ခဲ့လိုက်ပါသည်။ 'ရူပါ' အား ယောဇဉ်မပြတ်သလို လှည့်ကြည့်မိသေးသည်။

'ရူပါ' မှာလည်း 'ကျော်စွာ' တို့ဆွဲခေါ်ရာနောက်သို့ လိုက်

www.burmeseclassic.com

www.burmeseclassic.com

ပါရင်း 'သတိုး' အား သံယောဇဉ်မပြတ်သလို လည်ပြန် ကာ ကြည့်ရင်းနဲ့ ပါလာရပါသည်။

ရင်ထဲမှာတော့ 'သတိုး' အပေါ်ကို နည်းနည်းကလေးမှ အပြစ်မမြင်မိပေ။ 'သတိုး' လည်း သူမရင်ထဲကဆန္ဒအတိုင်းပဲ ဖြစ်လိမ့်မယ်ဆိုတာကို ယုံကြည်မိပါသည်။





အပြင်ထွက်ခွင့်မရတဲ့ဘဝကို သူမစိတ်အနာကြီးနာမိသည်။ ပိတ်လှောင်ခံထားရတဲ့ဘဝဟာ တိရိစ္ဆာန်တစ်ကောင်နဲ့တူမနေဘူးလား။ သူမဟာ အသိဉာဏ်ကင်းမဲ့တဲ့ တိရိစ္ဆာန်မှမဟုတ်ဘဲ။ 'သတိုး' နောက်ကိုခိုးရာလိုက်မသွားဘူးလို့ပြောထားပြီးနေမှတော့ ဘာကို မေမေတို့ စိတ်ပူနေကြတာလဲ။

လူချင်းမပေါင်းရပေမယ့် မိတ်ဆွေဆိုတဲ့ဘဝမျိုးနဲ့တော့ သူမတစ်သက်လုံးနေသွားချင်ပါသည်။ မေမေတို့က အကဲပိုစွာ လုံးဝပေတ်သက်ဘဲ ခပ်ကင်းကင်းနေပြဖို့ တားမြစ်တာကတော့ မေမေတို့ရဲ့အလွန်ပဲဖြစ်သည်။ အိမ်တွင်းအောင်းကာနေ နေရပေမယ့် 'ရှုပ်' စိတ်တွေက အပြင်သို့ပျံ့လွင့်နေတတ်သည်။ တဲလွှန်းတယ်ပဲပြောပြော လစ်တာနဲ့ 'သတိုး' ဆီအရောက်သွားဖို့ စိတ်ဆုံးဖြတ်ထားခဲ့သည်။

ထိန်းချုပ်ခံရတာများသဖြင့် သူမ မှာအရွဲ့တိုက်ချင်စိတ်တွေများနေတယ်နဲ့တူပါသည်။ 'ဖြူပြာ' ရဲ့စာအော်ထားတဲ့သံက အခန်းတွင်းထိ ပျံ့လွင့်လို့လာသည်။ အခန်းတွင်းမှထွက်ကာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်အခြေအနေကို တိတ်တဆိတ်အကဲခတ်နေမိသည်။ 'ကျော်စွာ' ကိုလည်း မတွေ့ရ။ တစ်နေ့တစ်နေ့ သူမကို စောင့်ကြည့်နေရတာနဲ့ သူ့ခင်မျာလည်း အပြင်မထွက်ဘဲနေရတာမို့ လစ်တဲ့အချိန်ခဏ တဖြုတ် ထွက်သွားတာပဲ ဖြစ်ရမည်။

ရေချိုးခန်းတွင်းက ရေသံကြားသဖြင့်မေမေရေချိုးနေတာ ဖြစ်ရမည်။ ဒါ သူမအတွက် လစ်လို့အကောင်းဆုံးအချိန်ပဲ။ ဆယ်ငါးရက်ခန့်ပိတ်လှောင်နေတဲ့ သူမဘဝအား ထွက်ပေါက်ပေးတဲ့အနေနဲ့ နေရာအနှံ့လျှောက်သွားပစ်ဖို့ ဆုံးဖြတ်ထားသည်။ အိမ်တံခါးသော့ကလည်း ချိတ်ထားတဲ့နေရာမှာ ဒီအတိုင်းရှိနေ၏။

ခြေသံကိုဖွဖွနင်းလျှက် ကျောခိုင်းစာကျက်နေသော 'ဖြူပြာ' မသိအောင် တိတ်တိတ်ကလေးလစ်ရပါသည်။ အိမ်တံခါးက ထွက်တာနဲ့ သူမ ရင်ထဲလွတ်လပ်ပေါ့ပါးသွားရသည်။ 'သတိုး' နဲ့တွေ့ချင်သည်၊ သူ ဘယ်မှာရှိနေမှာပါလိမ့်..။ နေ့ခင်းပိုင်းမို့ စက်ရုံမှာပဲရှိနေနိုင်သည်။ ပိုက်ဆံတစ်ပြားမှမပါပေမယ့် Taxi တစ်စီးငှားကာ 'သတိုး' ရှိတဲ့နေရာဆီ ရဲရဲဝံ့ဝံ့လာမိ၏။

စက်ရုံမှာ 'သတိုး' တစ်ယောက် ခပ်ငူငူထိုင်နေတာကို တွေ့လိုက်ရလေသည်။ သူ့ပုံစံက ဗိုသီဗတ်သီဖြစ်ကာ အလိုမပြည့်ဝတဲ့ပုံစံမှန်း သိသာနေရ၏။ သူမကို တွေ့တာနဲ့ဝမ်းသာအားရပြေးလာပါသည်။

"ပိုက်ဆံအရင်ထုတ်ရှင်းပါအုံး 'သတိုး' ရယ်.. ပိုက်ဆံ မပါဘဲကားငှားစီးလာတာ"

ဟု သူမ ပြောတော့ သူက ပြုံးရီကာ ကားခထုတ်ပေးလေသည်။ သူ့မျက်လုံးအကြည့်တွေက အံ့သြရိပ်တွေရှိနေရ၏။ သူမ ရောက်လာလိမ့်မယ်လို့ သူ ဘယ်တွေးထင်ထားပါမလဲလေ။



"နောက်ကြောင်းအေးရဲ့လား..တော်ကြာအနောက်အယှက်တွေလိုက်လာရင် ဒုက္ခတွေများကုန်အုံးမယ်..စက်ရုံမှာကိုယ်အရှက်ကွဲလို့ မဖြစ်ဘူး.. တစ်နေရာရာ လစ်မလား"

"ဒီတစ်ခါမပူရတော့ဘူး 'သတိုး' ရဲ့.. 'ရူပါ' ထွက်လာတာဘယ်သူမှ မသိလိုက်ကြဘူး.. ပျောက်လို့လိုက်ရှာမယ်ဆိုရင်တောင်မှ 'သတိုး' စက်ရုံနေရာကို သူတို့မသိကြဘူး... အားလုံးအေးဆေးပဲ"

သူ့ လက်ကိုအားကိုးတကြီး ခပ်တင်းတင်းဆုပ်ကိုင်ကာ စက်ရုံထဲဝင်ခဲ့ကြသည်။ အလုပ်သမားတချို့ရဲ့ စူးစူးစမ်းစမ်းအကဲခတ်အကြည့်ကြောင့် သူမ အနေခက်သလိုဖြစ်ရသေးသည်။

"လုပ်ငန်းကတော်တော်ပြီးနေပြီနော်..'ရူပါ' ကဒီလောက်မြန်မြန်ပြီးမယ်လို့ကို မထင်ဘူး"

"စက်ရုံကအဆင်သင့်ဆောက်ထားပြီးသားဆိုတော့ စက်တွေဆင်ပြီးတာနဲ့ တန်းလုပ်လို့ရနေပြီလေ... ကြော်ငြာထည့်ပြီးတာနဲ့ဖြန့်တော့မှာ"

သူ့လုပ်ငန်းအကြောင်းကို ပြောပြရင်း သီးသန့်ရုံးခန်းတွင်းသို့ သူမ အားခေါ်လာခဲ့သည်။ နှစ်ယောက်ထိုင်ဆိုဖာမှာ နှစ်ယောက်သား ပူးပူးကပ်ကပ်ထိုင်လိုက်ရင်း သူမ ပခုံးအား 'သတိုး' ကခပ်တင်းတင်းဖက်ထားလေသည်။

" 'သန်းလွင်' ဆိုတဲ့ကောင် ဘယ်တော့ပြန်လာမှာလဲ"

"နှစ်လလောက်ကြာအုံးမယ် ပြောတာပဲ... သူလာတာနဲ့ တန်းလက်ထပ်ရမှာ... 'ရူပါ' တော့သေချင်တာပဲ... အဲဒီလိုမြန်မြန်သေသွားလည်းအေးတာပဲ... မေမေတို့ကြောင့်သာ ထွက်ခွာစိတ်ထဲမှာတော့ လုံးဝပဲ"

www.burmeseclassic.com

"ကိုယ်တို့ဘဝတွေက လုပ်ချင်တာလုပ်ခွင့်ရှိကြတဲ့ဘဝ တွေမှမဟုတ်ကြတာပဲ.. .အနစ်နာခံနေရတာက ဆိုးတာ"

"ဟုတ်တယ်.. 'သန်းလွင်' တို့ဖက်ကပေးထားတဲ့ ရွှေငွေ ပစ္စည်းတွေကို မေမေတို့က မက်ပြီး 'ရှုပါ' ကိုအတင်းအကြပ် စီစဉ်တာ... တစ်ခါတစ်ခါစဉ်းစားတယ် အစောကြီးကတည်းက လွတ်ရာလွတ်ကြောင်းထွက်ပြေးလိုက်ရင် ကောင်းသားလို့... ခု ကြမှတော့ 'ရှုပါ' ကိုယ်လွတ်ရုန်းလို့ မဖြစ်တော့ဘူး.. 'ရှုပါ' ထွက် ပြေးသွားရင် 'သန်းလွင်' တို့ပစ္စည်းတွေအတွက် မေမေတို့ဝန်ပိမှာ ဘယ်လိုမှ ပြန်ဆပ်နိုင်မှာ မဟုတ်ဘူး... သူတို့ပြန်မဆပ်နိုင်တာနဲ့ 'ရှုပါ' ဘဝကို ဟိုလူ့လက်ထဲထိုးဆပ်ရတာ"

သူ့ပခုံးမှာမျက်နှာအပ်ရင်း သူမ မျက်ရည်ကျနေမိသည်။ 'သတိုး' လည်းဘာတတ်နိုင်မှာလဲ။ 'ရှုပါ' ဝန်ပိနေတဲ့ပစ္စည်းတန် ဖိုး သူ့လက်ထဲမှာမှ မရှိဘဲ။ ရှိခဲ့ရင်လည်း သူမ မိဘတွေက သူနဲ့ သဘောတူနိုင်မယ် မထင်ပေ။ သူ့ဘက်ကလည်း 'ဘလူး' ကလွဲ ပြီး ကျန်တဲ့သူဆို ခါးခါးသီးသီးငြင်းဆန် ကန့်ထုတ်ကြမှာ ကြို မြင်ယောင်နေမိသည်။

" 'ရှုပါ' ဘာဖြစ်ချင်သလဲ"

"ဟင့်အင်း... ဘာမှမဖြစ်ချင်ဘူး... ဖြစ်ချင်တာလည်း ဖြစ် ခွင့်မှမရှိဘဲ 'သတိုး' ရယ်... 'ရှုပါ' တို့ကုသိုလ်ကံကိုက ဆိုးပါ တယ်"

"ကိုယ်တို့ထီပေါက်ရင် ကောင်းမယ်နော်... ကိုယ်ပိုင်ငွေနဲ့ စိတ်ချမ်းသာသလို ဖန်တီးခွင့်ရမယ်"

" 'မိုးပြာပြာ' နဲ့ ကိစ္စကရော"

"မသိပါဘူး.. မေမေတို့ကတော့ ဇွတ်စီစဉ်နေတာပဲ...ကိုယ်





နဲ့ 'မိုးပြာပြာ' ကသာ မလှုပ်ကြသေးတာ"

" 'သတိုး' က 'မိုးပြာပြာ' ကို ယူမှာလား"

"မယူချင်ဘူး..."

"တကယ်လို့ ယူရရင်ကော..."

" 'ရှုပါ' လိုပဲပေါ့ကွာ... ငြင်းဆန်လို့မှ မရတာ"

"ဒီလိုဆို 'ရှုပါ' လက်ထပ်ပြီးသိပ်မကြာခင် 'သတိုး'လည်း 'မိုးပြာပြာ' နဲ့ အမြန်လက်ထပ်နော်... ဒါမှ 'ရှုပါ' မွေးတဲ့ကလေး နဲ့ 'သတိုး' မွေးတဲ့ကလေးနဲ့ ပြန်ပေးစားလို့ရမှာ"

"ပေါက်ကရတွေ မပြောပါနဲ့ကွာ... ကိုယ်ကိစ္စက မသေ ချာပါဘူး...'မိုးပြာပြာ' ယောက်ျားက ရှိနေသေးတယ်... သူ့ကလေး ကလည်း ကိုယ့်ကိုမကြည့်ဖြူဘူးဆိုတာ 'ရှုပါ' ကို ပြောပြထား သားပဲ... ကိုယ့်ဖက်ကတော့ တတ်နိုင်သလောက်ငြင်းမှာဘဲ"

ပြောတဲ့အတိုင်း 'ဘလူး' နဲ့လက်ထပ်ဖို့အတွက် သူငြင်း ဆန်နေတာပါပဲ။ 'ဘလူး' နဲ့တွေ့ပြီး ညှိနှိုင်းဖို့ပဲကျန်တော့သည်။ 'ဘလူး' ဖက်ကလည်း သူ့အမေဆန္ဒတစ်ခုထဲကိုကြည့်ပြီး သူနဲ့ ကိစ္စအား အလွယ်တကူခေါင်းညိမ့်လိုက်လိမ့်မယ် မထင်ချေ။သူမ မှာလည်း စဉ်းစားစရာတွေ ရှိနေပါသေးသည်။

" 'ရှုပါ' တို့မိဘတွေ ငွေမမက်ရင်ကောင်းမယ်နော်...ဒါမှ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်ကြမှာ"

"ခုလည်း ပြောလို့တော့မရသေးပါဘူး'ရှုပါ' ရယ်... ကုသိုလ်ကံဆိုတာ မြင်ရတာမှ မဟုတ်ဘဲ...ဖူးစာပါရင်ပေါင်းရ မယ်လို့ ကိုယ်ကတော့ ယုံကြည်တယ်"

"အင်း... ဟုတ်တယ်... စိတ်ညစ်နေလို့တော့ ဘာမှထူးမှာ မဟုတ်ဘူး... လာမယ့်ဘေးပြေးတွေတာပဲ ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com

ညစ်နေတဲ့အတွေးတွေကို ပယ်ဖျောက်လိုက်ရင်း နှစ်ယောက်သားအားပေးသလို ခပ်ပြုံးပြုံးစိုက်ကြည့်နေမိကြသည်။ ပြုံးရတဲ့အချိန်သိပ်မကြာလိုက်ချေ အခန်းတံခါးခေါက်သံနဲ့ အတူ လူတစ်ယောက်ဝင်လာပါသည်။

" 'ကိုသတိုး' ... 'မမိုးပြာ' နဲ့ 'ပိုး' တို့လာနေကြတယ်.."

ဟု ပြောလိုက်သဖြင့် သူမ ဘာလုပ်ရမှန်းမသိတော့ချေ။ ဒုက္ခ...ဒုက္ခ။ သူမကို တွေ့သွားလို့မဖြစ်ပါဘူး။ 'ပိုး' ဆိုတဲ့ဟာမလေးက လက်မြန်မှမြန်။ မကြောက်ပေမယ့် မတရားစွပ်စွဲမှာကို တော့လန့်သည်။

"လာနေပြီတဲ့ 'သတိုး' ရဲ့... ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုလုပ်ချင်သလဲ... ဒီအတိုင်းပဲရင်ဆိုင်ကြမလား"

"အို... မဖြစ်ပါဘူး အော်ကြီးဟစ်ကျယ်တွေဖြစ်ရင် ရက်စရာကြီး... အလုပ်သမားတွေလည်းရှိနေတဲ့ဟာ... 'သတိုး' ပဲ အရှက်ကွဲလိမ့်မယ်"

ခုချိန်မှ အခန်းထဲက ထွက်ပြေးရှောင်ရှားလို့လည်းလွတ်မှာမဟုတ်တော့ချေ။ ပုန်းခိုစရာတစ်ခုစီစဉ်ပေးမှပဲ ဖြစ်ပါမည်။

"ဟို... ဗီရိုကြီးဘေးမှာ ခဏသွားရပ်နေလိုက်... ကိုယ်သူတို့ကိုယ် အပြင်ခေါ်ထုတ်သွားလိုက်မယ်"

အခန်းထောင့်မှာ ကပ်ထားသော စာအုပ်စာတမ်းတွေထည့်သည့် ဗီရိုကို သူ လက်ညှိုးထိုးပြလိုက်သည်။ ဗီရိုဟိုဘက်နံဘေးမှာ လူတစ်ယောက်ဝင်စရာနေရာလွတ် ရှိနေသေးတယ်ဆိုတာ သူသိသည်။ ချက်ချင်းကြီးတော့ ဘယ်သူမှ သတိထားကြည့်မိနိုင်မှာမဟုတ်ပေ။ 'ရူပါ' က အမြန်အဆန်ပင် ဗီရိုဘေးကာ ဝင်ပုန်းလိုက်သည်။



သူနဲ့ 'ရူပါ' ဘဝကလည်း တစ်ခါမျှ ငြိမ်ချမ်းအေးဆေးတယ်ဆိုတာ မရှိခဲ့။ အမြဲတန်းပြေးလွှားပုန်းအောင်းနေရတဲ့ ဘဝမျိုးနဲ့ပဲ ရင်ဆိုင်နေရလေသည်။ ငြိမ်းချမ်းပျော်ရွှင်ရသော ဘဝမျိုးအား အမြန်ဆုံးပိုင်ဆိုင်ချင်နေပါပြီ။

"ကြော်ငြာကိစ္စအတွက် လာတာ 'သတိုး'ရေ... ကုန်ပစ္စည်းမဖြန့်ခင် ကြော်ငြာအရင်ထည့်ထားမှ ကောင်းမှာမဟုတ်လား"

'ဘလူး' နောက်မှာ 'ပိုး' က ဟိုကြည့်ဒီကြည့်နဲ့ အကဲခတ်လျက်ရှိသည်။ သူနဲ့ 'ပိုး' နဲ့ စကားမပြောဖြစ်တာကြာပြီပဲ။ အငယ်ဖြစ်ပြီး နေရာတကာဆရာလုပ် အမိန့်ပေးမှုကို မကြိုက်၍ သူစကားမပြောဖြစ်တာဖြစ်သည်။ ရေပေါ်ဆီလို သာသာကလေးနေတတ်မှု၊အချောင်ခိုမှုတွေကိုလည်း အမြတ်ကတ်မိတာပါသည်။ သူ့ဘဝအနေချောင်၊ အစားချောင်တာကိုကြည့်ပြီး မေမေ့ကိုတောင်မပြုစုဘဲ သူများအိမ်မှာ သွားနေတာ သမီးလိမ္မာတစ်ယောက်ရဲ့ အလုပ်လား။

'သတိုး' ပြောပြန်ရင်လည်း ကိုယ့်ကိစ္စမပြေလည်လို့ တမင်ဗွတိုက်ကာ လိုက်ပြောတယ်ဖြစ်ပြန်အုံးမှာမို့ ဘာဆိုဘာမှ မပြောတော့ဘဲ ခပ်တန်းတန်းပဲနေမိပါတော့သည်။

" 'မမိုးပြာ' သဘောပါ...ကျွန်တော်က 'မမိုးပြာ' ကောင်းတယ်လို့ပြောရင် အကုန်လိုက်လုပ်ပေးမှာပဲ"

"ဟယ်... အဲဒီလိုတော့မပြောပါနဲ့... ဒီအလုပ်က မင်းခေါင်းဆောင်ပြီးလုပ်နေရတဲ့ မင်းရဲ့ကိုယ်ပိုင်အလုပ်ပဲလေ...မင်းဆုံးဖြတ်ချက်က အဓိကအရေးကြီးဆုံးပါ... တို့ပြောတယ်ဆိုတာက တို့ဆီက ငွေတောင်းရတာ ဝန်လေးအားနာနေမှာစိုးလို့ သတိပေးတာ တို့ပြောတာရင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ကြော်ငြာကိစ္စလုပ်လိုက်တော့မယ်နော်… ပြီးမှ ကုန်ကျစရိတ်ကို စာရင်းပြန်ပြပေးမယ်"

သူအခန်းပြင်ထွက်ဖို့ ခြေလှမ်းစလိုက်သည်။ 'ရုပါ' တစ်ယောက်စိတ်ရှုပ် မွန်းကြပ်မှာစိုးတာကြောင့် 'ဘလူး' တိုအား ပြန့်စေချင်နေပါပြီ။ 'ပိုး' က တစ်စခန်းထလာသည်။

"ကြော်ငြာရိုက်ရင် 'ပိုး' လည်း မင်းသမီးမင်းသားနဲ့ တွဲ ရိုက်တဲ့အထဲမှာပါချင်တယ်… ဒါရိုက်တာကို 'ကိုကြီး' ပြောပေး ပါ"

"ဟာ… ရှုပ်ရှုပ်ယှက်ယှက် နင်နဲ့ဘာဆိုင်လို့လဲ ကိုယ်နဲ့ မဆိုင်တာ ဝင်ဝင်မပါနဲ့ ငါမကြိုက်ဘူး… ဒါစီးပွားရေးလုပ်နေ တာ… အပျော်မဟုတ်ဘူး"

"ဒီကလည်း အတည်အတံ့ဝင် သရုပ်ဆောင်ပေးမှာပါနော်"

"သွားစမ်းပါ… နင့်ရုပ်မြင်မှ ငါ့စီးပွားရေးလည်းပျက်မှာ"

"အမယ်လေး… ကြီးကျယ်နေလိုက်တာ အစ်ကိုဖြစ်ပြီး သိပ် အတ္တကြီးတာပဲ"

သူ့ မျက်လုံးမှာ ဒေါသတွေ အပြုံလိုက်ကပ်ပါနေပြီမို့ 'ဘလူး' ကဝင်တားသည်။

" 'ပိုး' ကလည်းကွယ် 'သတိုး' ပြောတာဟုတ်သားပဲ… ဒါ သူ့အလုပ်ကိစ္စလေ အပျော်သဘောမျိုးဘယ်ဖြစ်စေချင်ပါ့မလဲ ကြော်ငြာပိုင်းက သူနဲ့မဆိုင်ဘူး…ဒါရိုက်တာနဲ့ပဲဆိုင်တာ— 'သတိုး' ကလည်း မဖြစ်နိုင်ဘူးဆိုတာ 'ပိုး' နားလည်အောင် ရှင်း ပြမှပေါ့"

"ရှင်းပြရအောင် သူကဘယ်လောက်အရေးပါနေတဲ့သူ မို့လို့လဲ 'မမိုးပြာ' ရဲ… နေရာတကာလိုက်ရှုပ်နေတာ"

"လိုက်ရှုပ်နေတယ်လို့ ပြောမှာပေါ့… 'ကိုကြီး' လုပ်ချင်တာ လုပ်လို့မရ… ရှုပ်ချင်တာရှုပ်လို့မရတော့ 'ပိုး' တို့ကို ဘယ်ကျေ နပ်မလဲ… ဒီကလည်း အလွတ်မပေးပါဘူးနော်… တွေ့တာနဲ့အ ပြတ်ကျဲမှာ"

'ပိုး' ရဲ့ စကားသံနဲ့အမူအရာ မျက်နှာပေးက နာရင်းတီးချင် စရာကောင်းလှပါသည်။ ကိုယ့်အသိစိတ်နဲ့ကိုယ် အားလုံး အပေါ် စေတနာထားကာ စိတ်ချမ်းသာအောင် နေပေးနေတဲ့ 'သတိုး' ရဲ့စိတ်ကို မကြွ ကြွအောင်မြှောက်ပေးနေတဲ့အတိုင်းပင်။ 'သတိုး' သာ တစ်ကိုယ်ကောင်းဆန်စိတ်မွေးလိုက်ရင် ဘယ်သူတွေအရင် ထိခိုက်မလဲ။ သူတို့ပဲ ဒုံရင်းဘဝပြန်ရောက်ကြရမှာ… ဒါကိုမတွေး ဘဲ အစ်ကိုဖြစ်သူအား စိမ်ခေါ်သလို အပြောမျိုးတွေ ပြောနေ တာသည် သူ့ဘဝအား သူ့ဖာသာ ချောက်ထဲပြန်ခုန်ချ နေသ လိုပင်။

"နှစ်ယောက်တွဲတွေ့တော့… နင်ဘာလုပ်ချင်သလဲပြော"

ဟု ခပ်တည်တည်ပဲ သူမေးကြည့်လိုက်သည်။ သူ့မှာ ရည်းစားရှိတယ်ဆိုတာကို 'ဘလူး' လည်း ရိပ်မိမှာပင်။ ဘယ်သူ ဘယ်ဝါဖြစ်မယ်ဆိုတာသာ သေချာမသိသေးတာ။ 'ဘလူး' က ချက်ခုံးနှစ်ခုကို စုရုံ့ကာ စိတ်ရှုပ်သလို ရပ်ကြည့်နေခဲ့သည်။

"အို… တွေ့တဲ့အခါကျမှ 'ပိုး' အကြောင်းသိမှာပေါ့— 'ပိုး' သက်သံပြောင်တယ်ဆိုတာကို သူကောင်းကောင်းသိတယ်— သူ သတ္တိရှိတယ်ဆိုရင် 'ကိုကြီး' နဲ့တွဲကြည့်လိုက်လေ"

"နင့်ရှေ့မှာ တွဲပြမယ်ဆိုရင်ကော…"

" 'ကိုကြီး' ကောင်မ သတ္တိရှိတယ်ဆိုရင် 'ပိုး'

သလို ပြောပြီးပြီပဲ… ဘာဖြစ်လာမလဲ ဆိုတာ





www.burmeseclassic.com

www.burmeseclassic.com

မေးမနေနဲ့… ‘ကိုကြီး’ ကို ‘မမိုးပြာ’ နဲ့ပဲသဘောတူတယ်… ကွယ်ရာမှာ မပြောဘူး… ‘မမိုးပြာ’ ရှေ့မှာပဲပြောတယ်… ‘ပိုး’ ရဲ့ ယောင်းမသည် ‘မမိုးပြာ’ ပဲဖြစ်ရမယ်… ကျန်တဲ့အနုပ်စုတ် ဂုတ်စုတ်တွေ စာရင်းထဲမထည့်ဘူး”

‘ပိုး’ စကားကိုကြားပြီး ‘ရှုပါ’ အသားတွေ တဆတ်ဆတ် တုန်လာရသည်။ သည်းခံချင်စိတ်နဲ့ မတွေ့ချင်လို့ ရှောင်ပုန်းနေမိပေမယ့် ကိုယ့်အကြောင်း ကိုယ့်သိက္ခာကိုနှိမ့်ချစော်ကားမော်ကား ပြောနေတာကိုတော့ နည်းနည်းကလေးမှ အလျှော့ပေးသည်းခံလိုစိတ်မရှိချေ။ ‘ရှုပါ’ သူမှာလည်း သိက္ခာနဲ့မာနနဲ့ပါ အချစ်တစ်ခုကို ရှေ့တန်းတင်နေလို့ ဟိုလူ့ကြောက်ရ ဒီလူ့ရှောင် ပုန်းရလုပ်နေရပေမယ့် ‘ရှုပါ’ မှာလည်း ဒေါသနဲ့ပါးစပ်ကြီးနဲ့ပါပဲ။

သူမက ဘာဖြစ်နေလို့လဲ။ မချမ်းသာတာတစ်ခုကလွဲပြီး ကျန်တဲ့ချို့ယွင်းချက် သူမမှာ ဘာဆိုဘာမှမရှိခဲ့။ ကိုယ့်အထာနဲ့ ကိုယ်ပါပဲ။ ကိုယ့်ထက်ငယ်ရွယ်တဲ့သူတစ်ယောက်ရဲ့ လေလုံးထွားခြိမ်းခြောက်စကားကို ကြောက်ရမယ်တဲ့လား။ တွေးရင်း စဉ်းစားရင်း ဒေါသတွေ ပိုအုံကြွပေါက်ကွဲထွက်လာရလေသည်။

ဘာဖြစ်လဲ ရဲရဲရင့်ရင့် ရင်ဆိုင်တွေ့ပစ်လိုက်မှာပေါ့… သူကလေနီကြမ်းတိုက်ရင် ကိုယ်ကမုန်တိုင်းတိုက်ပစ်လိုက်မည်။ သူက မိုးခြိမ်းသလို ကြုံးဝါးရင် ကိုယ်က မိုးကြိုးပါပစ်ထည့်လိုက်မည်။ တွေ့ကြသေးတာပေါ့လေ။

‘ဒုန်း’ ကနဲ အသံထွက်အောင် ဗီရိုနံရံကို လက်သီးနဲ့ ခပ်ပြင်းပြင်းထုရိုက်ရင်း အတည်တင်းဆုံးရပ်နဲ့ ‘ရှုပါ’ ထွက်ခဲ့လိုက်ပါသည်။ သူမကို တွေ့တာနဲ့ အားလုံးအံ့အားတသင့် ဖြစ်သွားကြသည်။





“ ‘ရှုပါ’ ”

လို့ ‘သတိုး’ ရဲ့ တောင်းပန်ခယသောအသံကိုလည်း ဂရုမပြုမိတော့ချေ။ သူမ ရင်ထဲမှာ ဖြစ်နေတာတွေကို ‘ပိုး’ သိအောင် ဖွင့်ပြောပြဖို့က အဓိကအရေးကြီးနေလေသည်။ ‘သတိုး’ ကို တွန်းဖယ်ကာ ‘ပိုး’ ရှေ့တည့်တည့်မှာပဲ မျက်နှာချင်းဆိုင် ဝင်ရပ်ပစ်လိုက်သည်။

“ကဲ… တို့ မင်းရှေ့မှာရပ်နေပြီလေ… မင်းဘာလုပ်မလဲ ဘာပြောမလဲပြော… ကွယ်ရာမှာ လေထွားတဲ့စကားတွေနဲ့ မင်းဟစ်ကြွေးမနေနဲ့ မင်းလိုအရွယ်လောက်က စော်ကားမော်ကားပြောနေတာကို ငြိမ်ခံနေရအောင် တို့မှာပါးစပ်မပါတာမဟုတ်ဘူး… တို့သိက္ခာ၊ တို့မာန၊ တို့အရည်အချင်းကို မင်းနည်းနည်းကလေး တောင်မစော်ကားပါနဲ့… ‘ရှုပါ’ ဆိုတဲ့မိန်းမက မင်းပြောတဲ့ အနုပ်စုတ် ဂုတ်စုတ်အတန်းအစား မဟုတ်ဘူးဆိုတာ မင်းသိထား”

‘ပိုး’ တစ်ယောက် ရုတ်တရက်မို့ ကြက်သေသေကာ ‘ရှုပါ’ အား ငြိမ်ပြီးရပ်ကြည့်နေခဲ့သည်။ ‘ရှုပါ’ ကလည်း ရင်ထဲရှိတာမှန်သမျှ မပြောလိုက်မဖြစ်ရလေအောင် ဆက်တိုက်ဆက် ပြောနေသည်။

“မင်းအစ်ကိုနဲ့ တို့နဲ့သဘောမတူရအောင် မင်းတို့အခြေအနေအဆင့်အတန်းက ဘယ်လောက်တောင်မြင့်မားနေလို့လဲ— ‘သတိုး’ ကို အချစ်တစ်ခုထဲနဲ့ပဲ တို့ရွေးချယ်ခဲ့တာ… မင်းတို့လို ငွေမက်တဲ့စိတ်ရှိရင် အိမ်ကသဘောတူတဲ့သူကို ယူလိုက်တာ ကြာပြီ… မင်းဦးနှောက်ထဲ မြဲမြဲမှတ်ထား… ငါနဲ့ ‘သတိုး’ နှစ်ယောက် ကိုယ့်အတ္တကိုယ်ပြန်မကြည့်ကြလို့ မင်းတို့ဒီလိုလေသံ… နိုင် တာ… တကယ်တမ်းတို့နှစ်ယောက် သဘောအတိုင်းလုပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်ရင် မင်းတို့ပဲ မြောင်းထဲရောက်ကြမှာ… ကိုယ့်ခြေထောက်ပေါ် ကိုယ်ပြန်ရပ်မတည်နိုင်သေးဘဲနဲ့ တို့ကိုမင်းလာမကြောချင်နဲ့… ကောင်းကောင်းနောင်တရသွားမယ်အောင်းမေ့”

‘သတိုး’အားနှုတ်ဆက်သလို သူမ လှည့်ကြည့်လာသည်။ ပြောချင်တာ ပြောလိုက်ရတာမို့ သူမရင်ထဲ ပေါ့ပါးသွားရပါသည်။ ဘာမှမဆိုင်တဲ့ ‘မိုးပြာပြာ’ ကိုလည်း ယဉ်ကျေးမှုအရ ပြုံးပြမိသေး၏။

“‘ရုပ်ပါ’ ပြန်တော့မယ်… ‘သတိုး’ တွေ့ချင်တယ်ဆို ‘ကေသီ’ နဲ့ချိန်းလိုက်နော်”

“ကိုယ်ပြန်လိုက်ပို့ပေးမယ်လေ… ‘ရုပ်ပါ’ မှာ ပိုက်ဆံမပါဘူးမှလား…”

“ရတယ်… အိမ်ရောက်မှတောင်းပေးလိုက်မယ်”

‘သတိုး’ က သူမ နောက်မှ အတူတူကပ်လိုက်ပါလာသည်။ ‘ပိုး’ ရဲ့ အော်ဟစ်သံက သူမ ပြန်မယ်ဆိုမှ ခပ်ကျယ်ကျယ်လေး ထွက်လာပါသည်။

“အရှက်မရှိတဲ့မိန်းမ… ဘယ်လောက်ပြောပြော မနာတတ်တဲ့မိန်းမ… လုံး၀ ငါ့အစ်ကိုနဲ့ သဘောမတူဘူးအောင်းမေ့ထား”

‘ရုပ်ပါ’ ခြေလှမ်းက အရှေ့သို့လှမ်းနေရာကနေ ချက်ချင်းနောက်ကြောင်းပြန်လှည့်သွားရသည်။ လှမ်းဆွဲထားတဲ့ ‘သတိုး’ လက်ထဲမှ ရုန်းကန်နေဖြစ်သည်။

“လွှတ်စမ်းပါ… အာကျယ်နေတဲ့ပါးစပ် တစ်ခါထဲ ပိတ်သွားအောင် လုပ်လိုက်မယ်…အရင်တစ်ခါသည်းခံလိုက်တာကို အဟုတ်မှတ်နေတယ်… ပါးစပ်ကို ဖြဲပြီး သွားတွေကို ရိုက်ချိုးပစ်မှမှတ်မယ်”

‘ရုပ်ပါ’ ရဲ့ဒေါသပုံစံကို ‘ပိုး’ လန့်ပုံရပါသည်။ ‘မိုးပြာပြာ’ အနားသို့ အလိုလို တိုးကပ်သွားလေသည်။

“တို့ပဲ ကြားထဲကတောင်းပန်ပါတယ်ကွယ်… ‘ပိုး’ က အပြောဆိုးတာပါ… ကဲ ‘သတိုး’… ‘ရုပ်ပါ’ ကို ပြန်လိုက်ပို့ပေးလိုက်ပါ… သူတစ်ယောက်ထဲ ကားငှားလို့လွှယ်မှာ မဟုတ်ဘူး… တို့ ဒီမှာစောင့်နေခဲ့ပေးမယ်”

‘ရုပ်ပါ’ လက်မောင်းအား ‘သတိုး’ က ခပ်တင်းတင်းဆွဲကိုင်ခေါ်ကာ အခန်းပြင်ထွက်လာပါသည်။ အခန်းပြင်ရောက်လာတော့ ‘ရုပ်ပါ’ မှာလည်း တခြားလူစိမ်းတွေအများကြီးရှေ့မှာ ရပ်ဖျက်ဆင်းပျက် အရှက်မကွဲချင်တာကြောင့် ကျန်နေသေးတဲ့ ဒေါသတွေကို မနည်းမြိုသိပ်ချရင်း အိမ်ပြန်လာခဲ့ရပါသည်။

လမ်းတလျှောက်လုံး‘သတိုး’ရဲ့ ချော့မော့ဖျောင်းဖျစကားတွေကြားမှာ သူမ စိတ်တည်ငြိမ်ပျော့ပျောင်းလာခဲ့ရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၈]

"ပြောစရာလေးရှိလို့ တမင်ခေါ်နိုင်းလိုက်တာ 'ရူပါ' 'ရူပါ' ကလည်း အန်တီတို့အိမ်ကို လာဖို့ခဲယဉ်းသား ဆိုတော့ ဒီလိုခေါ်နိုင်းမှပဲရမှာ"

'သန်းလွင်' ရဲ့အမေ 'ဒေါ်စောမြ' ရဲ့ မျက်နှာက မကျေမနပ်ဖြစ်နေတဲ့ သဏ္ဌာန်မို့ 'ရူပါ' စိတ်ထဲကစ်မျိုးကြီး ဖြစ်သွားရပါသည်။ အကြောင်းမရှိဘဲနဲ့ 'ရူပါ' ကရော သူတို့အိမ်ဘာကိစ္စလာရမည်နည်း။ နဂိုကတည်းက သူတို့မိသားစုနဲ့ 'ရူပါ' က ခင်မင်ပတ်သက်ခဲ့တဲ့သူမှ မဟုတ်ဘဲ။

အခုလာတယ်ဆိုတာတောင် သူတို့ကလာခဲ့ဖို့ ခေါ်လို့ စိတ်မပါဘဲ ရောက်လာခဲ့ရတာဖြစ်သည်။

'ဖြူပြာ' က 'ဒေါ်စောမြ' ကိုကြည့်ပြီး ကြောက်လန့်သလိုသူမ အား လက်ကုတ်ပါသည်။ 'ဖြူပြာ' စာမေးပွဲဖြေနေတဲ့ ရက်အတွင်းမှာကတည်းက 'ဒေါ်စောမြ' မျက်မှာမကြည်လင်ဘူးဆိုတာကို အိမ်မှာပြန်ပြောပြဖူးသည်။ ကိုယ်နဲ့မဆိုင်တာမို့ 'ရူပါ' ခေါင်းထဲပင်မထည့်ဘဲနေခဲ့၏။ အခုအခြေအနေက 'ရူပါ' နဲ့ပတ်သက်တဲ့ သဘောမျိုးမှာ ရှိနေပါသည်။



"အန်တီ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ်... 'ရူပါ'ကလည်း ဒီကို မရောက်ဖြစ်တော့ ခုလိုတွေ့တုန်း မှ ပြောရမှာ"

"ပြောချင်လို့ကို ခေါ်ထားပြီးမှတော့ ပြောရမှာပေါ့ကွယ်"

စကားကိုမဆက်သေးဘဲ 'ဒေါ်စောမြ' က မေးကလေးကို ပင့်ကာ မျက်စောင်းထိုးပြီး ကြည့်နေသေးသည်။ 'ဒေါ်စောမြ' နဲ့ မျက်လုံးအကြည့်က စားပွဲမှာ အလှထိုးထားသည့် ရွက်စိမ်းပင်တွေနဲ့ အပြိုင်စိမ်းကားလို့နေခဲ့သည်။ အခြေအနေမကောင်းနိုင်တော့ဘူးဆိုတာကို 'ရူပါ' ရိပ်မိလိုက်ပါသည်။

"သားမရှိတဲ့အခိုက်အတန့်ခဏလေးမှာ 'ရူပါ' အနေအထိုင်ဆင်ခြင်သင့်တယ်လို့ အန်တီပြောချင်တယ်... မြင်တွေ့ရ ကြားရတဲ့သတင်းတွေက အန်တီတို့ကို သိက္ခာကျစေတယ်ကွယ်... အန်တီတို့အသိုင်းအဝိုင်းမှာလည်း သားဒီတစ်ခေါက်ပြန်ရောက်ရင် လက်ထပ်မှာကို အကုန်လုံးသိနေပြီဆိုတော့ ငြင်း[illegible] ဖြေရှင်းရပြုရတာနဲ့ မကောင်းဘူးပေါ့"

" 'ရူပါ' အနေနဲ့ အန်တီတို့သိက္ခာကျအောင် မလုပ်ဘူးလို့ထင်တာပဲ... လူကြီးတွေ သဘောကျ 'ကိုသန်းလွင်' နဲ့ လက်ထပ်ဖို့ကိစ္စခေါင်းညိမ့်ပြီးကတည်းက 'ရူပါ' တာဝန်[illegible] ပြီ... ကျန်တဲ့အပိုင်း 'ရူပါ' နဲ့မဆိုင်ဘူး... [illegible] လက်ထပ်တာမဟုတ်ပါဘူးအန်တီ... အဲဒီအတွက် လက်[illegible] 'ရူပါ' ဘဝ 'ရူပါ' ပိုင်ပါတယ်... 'ရူပါ' စိတ်ချမ်းသာ[illegible] ပိုင်ခွင့်ရှိပါတယ်... 'ကိုသန်းလွင်' လည်း အဆော[illegible]မှာ

www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်နေသလဲဆိုတာ 'ရူပါ' မြင်နိုင်တာမှ မဟုတ်ဘဲ..."

"အို... အန်တီ့သားက အကျင့်စာရိတ္တပိုင်းနဲ့ ပတ်သက်လို့ အမည်းစက်တစ်စက်ကလေးတောင် စွန်းထင်းဘူးတာမဟုတ်ဘူး... သူ့ရိုးသား သစ္စာရှိတယ်ဆိုတာ အန်တီယုံတယ်"

" 'ရူပါ' ကိုရော ရိုးသားသစ္စာရှိတယ်ဆိုပြီး အန်တီ စိတ်ထဲမှာ မယုံထားဘူးလား"

"ယုံချင်ပေမယ့်... မယုံရဲတော့ဘူး... ခုချိန်ထိ ရည်းစားဟောင်းနဲ့ ချိန်းတွေ့ပြီး ကမြင်းနေတာကို လက်တွေ့သိနေရပြီလေ... ဟိုဖက်ဒီဖက် အော်ကြီးဟစ်ကျယ်အရက်မရှိ ရန်ဖြစ်ကြတယ်ဆိုတာကိုလည်း ကြားတယ်... လူမြင်ကွင်းမှာ လက်ချင်းတွဲပြေးလွှားနေတာကိုလည်း မြင်တယ်... စေ့စပ်ပြီးမှပဲ အန်တီတို့ လူရွေးတာမှားသွားတယ်ဆိုတာကို သိရတော့တယ်"

"မှားသွားရင် ပြန်ပြင်လို့ရပါတယ်... 'ရူပါ' ဖက်ကို ထည့်တွက်ဖို့ မလိုဘူး..."

" 'မမကြီး' "

'ဖြူပြာ' ရဲ့ အလန့်တကြား တားမြစ်တဲ့အသံကို သူမ အသာခေါင်းခါပြလိုက်သည်။ ရည်းစားဟောင်းနဲ့ တွဲသွားတဲ့လာရှိတာကို သူတို့ဖက်က သေမတတ်ဖြစ်နေကြတယ်ဆိုရင်လည်း သေလိုက်လို့သာ ပြောရုံပဲရှိတော့သည်။ သူ့သားနဲ့လက်မထပ်ခင်စပ်ကြား သူမ စိတ်ချမ်းသာတာမှန်သမျှ လုပ်ပိုင်ခွင့်ရှိသည်ဟု ထင်သည်။ ကိုယ်ကျင့်သိက္ခာမဖောက်ပြန်တဲ့အတွက် 'ရူပါ' မှာ အပြစ်မရှိပါဘူး။

စေ့စပ်ထားပြီးရဲ့နဲ့ လူမြင်မတင့်တယ်ဘူးလို့ စွပ်စွဲရင်တော့ သူမ ပြုံးပြုံးလေး ခေါင်းငုံ့ခံဖို့ပဲရှိလေသည်။သူမမှ 'သတိုး' နဲ့

မတွေ့ဘဲ မနေနိုင်ဘဲလေ။

"ပြန်ပြင်တဲ့နေရာမှာ ပါးစပ်နဲ့လွယ်လွယ် ယတိပြတ်ပြတ်ပြီလို့ ပြောလို့ဖြစ်တာမှ မဟုတ်ဘဲ... ငါတို့ဘက်မှာ ဆုံးရှုံးနစ်နာတာတွေ အများကြီးရှိသေးတယ်... ဒီလူကို မကျေနပ်လို့ မာနဲ့ဖြတ်လိုက်ရင် မာနထားတဲ့သူပဲရှုံးမှာ... ကုန်ဆုံးသွားတဲ့ ကိစ္စတွေကို ဘယ်သူက ရော့...အင့်...ဆိုပြီး ပြန်လာဖြေရှင်းပေးမှာလဲ"

"အန်တီတို့ပေးထားတဲ့ ရွှေငွေပစ္စည်းတွေ 'ရူပါ'အကုန်လုံး ပြန်ပေးနိုင်ပါတယ်... ဆုံးရှုံးမှာကိုတော့ မပူပါနဲ့"

"ရွှေပစ္စည်းက လက်ရှိဝတ်ထားသေးတော့ ပြန်ပေးရင်ပေးနိုင်မှာပေါ့လေ... ငွေကျတော့ ဘယ်လိုလုပ်မလဲ... ငါတို့ပေးကမ်းထားတာမှန်သမျှတွေ အကုန်လုံးပြန်ပေးနိုင်ဖို့ လွယ်မယ်မထင်ဘူး"

'ဒေါ်စောမြ'ရဲ့ စကားလုံးတွေက တင်စီးလွန်းလှသည်။ ပေးကမ်းတယ်ပြောရအောင် 'ရူပါ' တို့ဘက်က ပေးပါ၊ ပေးပါလို့ တောင်းခံခဲ့ဘူးလို့လား။ သူတို့ဟာ သူတို့မျက်နှာလို မျက်နှာရလာဖားပြီးပေးတာမဟုတ်လား... ကြည်ဖြူလှူချင်တစ်မျိုး မကြည်ဖြူတဲ့အခါကျတော့... စာနာစိတ်မထားဘဲ နိုင်လိုမင်းထက် ပြုမှတဲ့ သူမျိုးတွေပါလား။

'သန်းလွင်' ရဲ့ မိဘအသိုင်းအဝိုင်းစိတ်ဓါတ်ကို ဆောဆော စီးစီးသိလိုက်ရတဲ့အတွက် သူမ ကုသိုလ်ကံကောင်းသွားပါသည်။ ဘုရားမတယ်လို့ပဲ ပြောရမည်ထင်သည်။

"အန်တီပြောတာ သိပ်တစ်ဖက်သပ်ဆန်လွန်းပြီထင်တယ် ပေးကမ်းတယ်ပြောရအောင် 'ရူပါ' တို့က ဘာတော ညာတေး

www.burmeseclassic.com

ပါဆိုပြီး တောင်းဖူးလို့လား အန်တီ့သားကိုယ်တိုင် ဖားပြီး အရက်မရှိမျက်နှာနဲ့ အိမ်တိုင်ရာရောက်လာပေးသွားတာလေ… ပြီးတော့ အန်တီတို့ကိုယ်တိုင်ပဲ ဟိုဟာလုပ်ပေးအုံးမှာ ဒီဟာလုပ်ပေးအုံးမှာနဲ့ ဘေးလူကြားကောင်းအောင် လောကွတ်တွေချော် နေခဲ့တာကိုရော ထည့်မပြောတော့ဘူးလား"

"ဒါကတော့… ညည်းစိတ်ဓါတ်ကို မသိခင်တုန်းက အခြေ အနေလေ…. ခုသိသွားမှတော့ အရင်လိုမျိုး ပုံစံဖြစ်မှာကို မဟုတ် တော့ဘူး"

"ဒါဆိုအန်တီတို့ဖက်က အခုဘယ်လိုဖြစ်စေချင်တာလဲ"

"ငါတို့သဘောအတိုင်းဆို မင်္ဂလာကိစ္စကို ဖျက်ပစ်ချင်တာ ပေါ့အေ… ဒါပေမယ့် ကာယကံရှင်ဖြစ်တဲ့ ငါ့သား သဘောဆန္ဒ ရှိသေးတယ်… သူဘယ်လိုစီစဉ်မယ်ဆိုတာ မသိသေးဘူး"

"သူ့သဘောကို မသိရသေးပေမယ့်… 'ရူပါ' သဘောကို တော့ အန်တီတို့သိအောင် ပြောပြခဲ့မယ်…အန်တီသားနဲ့လက်ထပ် ဖို့ကိစ္စကို 'ရူပါ' ဖက်က ဝမ်းသာအားရ ဖျက်ပစ်လိုက်ပြီဆိုတာ ပါပဲ"

'ဖြူပြာ' လက်ကိုဆွဲကာ ပြန်ဖို့ထရပ်လိုက်မိသည်။ စကား ကုန်သွားပြီမို့ သူမအတွက်က ပြန်တာသည်အကောင်းဆုံး လမ်း ဖြစ်သည်။ 'ဒေါ်စောမြ' လည်း ပြူးပြူးပြာပြာထိုင်နေရာမှ ထ ရပ်လေသည်။

"မင်္ဂလာကိစ္စကုန်ကျစရိတ်အတွက် ညည်းတို့အမေနဲ့ ငါ လာဆွေးနွေးအုံးမှာပါ… ပစ္စည်းလက်ထဲရောက်ပြီဆိုပြီး အပိုင်ကြံ မယ်မစဉ်းစားနဲ့ ကောင်းကောင်းအရှက်ခွဲပစ်မယ်အောင်းမေ့"

"အရှက်ခွဲတာများ ကောင်းကောင်းတွေ ဘာတွေလုပ်မနေ





ပါနဲ့.. ဆိုးဆိုးလို့သာပြော 'ရူပါ' တို့အိမ်ကို အချိန်မရွေးအန်တီ လာခဲ့လို့ရပါတယ်…အန်တီတစ်ခုသိထားဖို့က လူတိုင်းမှာ ဒေါသ ရှိတယ် ပြန်ပြောတတ်တဲ့ ပါးစပ်ရှိတယ်ဆိုတာ သိထားရင်ပြီး တာပဲ"

အခံရှက်ခက်စွာဖြင့် သူမနဲ့ 'ဖြူပြာ' အိမ်ပြန်ရောက်လာ ကြသည်။ အရှက်ခွဲခံလိုက်ရသလိုမျိုးမို့ သူမရင်ထဲ ဒေါသထွက် ကာလှိုင်းထန်နေရ၏။ 'ဖြူပြာ' က ဘာကိုခံစားရသည်မသိဘဲ တဟီးဟီးနဲ့ အသံအကျယ်ကြီးထွက်အောင် ငိုနေလေသည်။ အကြောင်းစုံကိုကြားပြီး မေမေ့မျက်နှာလည်း ချက်ချင်းအိုစာ သွားတော့၏။

"ညည်းကို ငါ့မပြောဘူးလား 'ရူပါ'… ခု ဘယ်လိုလုပ်ကြ မလဲ… ဟိုဖက်က ခါးခါးသီးသီးဖြစ်နေမှာတော့ မင်္ဂလာပွဲပျက် ရုံပဲရှိတော့မယ် မိန်းကလေးဖြစ်ပြီး အနေအထိုင်မတတ်လို့ ခုလို အပြောအဆိုခံခဲ့ရတာ… ငါကိုယ်တိုင် သူတို့ကျေနပ်တဲ့အထိ ဖြေ ရှင်းပြ တောင်းပန်မှပဲဖြစ်တော့မယ်နဲ့တူတယ်… မင်္ဂလာပွဲတော့ ပျက်လို့မဖြစ်ပါဘူး"

"အို… မေမေလုပ်ပုံက မဟုတ်သေးပါဘူး… အရှက်ခွဲ လိုက်တာ… မိန်းကလေးရှင်ဖက်ကဖြစ်ပြီး… စတောင်းပန်ရမယ့် အလုပ်တိုမဟုတ်ဘူး… 'သန့်းလွင်' က ရှာထွက်နေတဲ့သူမို့ထို လား… သူတို့တင်တောင်းထားတဲ့ ရွှေငွေပစ္စည်းတွေ ပြန်ပေး လိုက်ရင်ပြီးပြီ"

"ပေးရအောင်ဘယ်မှာရှိတော့လို့လဲ… ဘယ်မှာထည့်ထား ငွေလည်း ခဏခဏယူသုံးနေတာ ကုန်သလောက်ရှိနေပြီလေ… အိမ်အတွက် ဟိုဟာဝယ်ဖြည့် ဒီဟာဝယ်ဖြည့်နဲ့ ကျသွားအောင်



www.burmeseclassic.com

www.burmeseclassic.com

တန်ဆာတွေလည်း ဝယ်တယ်ဆိုတော့ ကုန်ပြီပေါ့.. ပြန်ပေးချင်ရင် အိမ်ကိုရောင်းလို့ရတဲ့ငွေနဲ့မှ ဖြစ်တော့မယ်... ဒါတောင် ပြည့်ချင်မှပြည့်မှာ”

မေမေ့စကားကိုကြားရတာနဲ့ပင် သူမ ရှုးချင်သွားရတော့သည်။ လက်ထဲမှာ ငွေရှိတာနဲ့ မေမေ့မှာ ဟိုဟာဝယ် ဒီဟာဝယ်အပြင် အငယ်နှစ်ယောက်မြှောက်ပေးသမျှကိုလည်း စိတ်တူသဘောတူလိုက်လုပ်ပေးတတ်သေးသည်။ အိမ်ခန်းနဲ့မလိုက်အောင် တန်ဖိုးကြီးဆိုဖာကြီးကြီးတွေ ဝယ်လို့ဝယ်... အဲကွန်းတပ်ဘာတပ်နဲ့ အပိုဆာဒါးတွေ ချဲ့ထွင်ပြီး ငွေကိုလွယ်လွယ်ကူကူဖြုန်းသုန်းပစ်ကြသည်။

သူမမှာက ကိုယ့်စိတ်ဆင်းရဲမှုနဲ့ကိုယ်မို့ မေမေတို့လုပ်သမျှတွေကို စိတ်ပျက်မှုနဲ့ သည်အတိုင်းကြည့်နေမိခဲ့တာသာရှိသည်။ တစ်ခွန်းတစ်လေတောင် မဟန့်တားမိတာက သူမ အပြစ်ဖြစ်မှန်း ခုမှပဲသိပါတော့သည်။ မာနကို ရှေ့တန်းတင်ပြီး 'သန်းလွင်' တို့ပေးထားတာတွေကို သူမဘယ်လိုပြန်အမ်း ပစ်ရမလဲ... လေထွားခဲ့တဲ့ သူမ အပြစ်က ရက်စရာကောင်းနေလိုက်ရတာ။

“ဒါဆို... သူတို့ငွေတွေ မေမေဘယ်လိုပြန်ပေးမလဲ”

ဟု သူမ မေးတော့ မေမေကခေါင်းခါပြသည်။

“ပြန်မပေးဘူးလေ... 'ဒေါ်စောမြ' ကျေနပ်တဲ့စကားတွေနဲ့ပဲ တောင်းပန်ရတော့မှာပေါ့... လူ့အောက်ကျို့လို့မသေးပါဘူး ကိုယ့်ဘဝရှေ့ရေးကောင်းစားဖို့ပဲ ကြည့်ရမယ်”

“ဟာ... ဟိုက ဒီလောက်ခါးခါးသီးသီး သဘောမတူတော့ပါဘူးပြောနေတာကို မေမေက ဘယ်လိုမျက်နှာမျိုးနဲ့





တောင်းပန်မှာလဲ... တောင်းပန်လို့မရဘူး...သူတို့ငွေတွေ ပြန်ဆားနိုင်ဖို့ပဲလိုတယ်”

“ပြန်မှမပေးနိုင်ဘဲ... မပေးနိုင်တာကို ဘယ်လိုအဆင်ပြေအောင် သွားပြောမလဲ”

“မပေးနိုင်ရင် ပေးနိုင်အောင် လုပ်ယူရမှာပေါ့မေမေ... အိမ်ကပစ္စည်းတွေကို ပြန်ရောင်းထုတ်ပစ်မယ်... ငွေမပြည့်ရင် ပြည့်အောင် 'ရှုပါ' ကြိုးစားရှာမယ်”

“မဖြစ်ပါဘူး... ပတ်ဝန်းကျင်ကို ငါဘယ်လိုမျက်နှာပြရမလဲ... ခုမှ လူအထင်ကြီးကာစပဲရှိသေးတဲ့ဟာကို အိမ်ကပစ္စည်းတွေကို ပြန်ရောင်းထုတ်လို့မဖြစ်ဘူး”

“ဟုတ်တယ် 'မမကြီး' ...'ကိုသန်းလွင်' တို့ဘက်နဲ့ အဆင်ပြေအောင် ပြန်ညှိပစ်မှပဲဖြစ်မှာ... 'ဖြူပြာ' တို့တတွေလည်း ပတ်ဝန်းကျင်မှာ ရပ်ပျက်ဆင်းပျက်မဖြစ်ချင်ဘူး... ခုဖြစ်နေတဲ့ အခြေအနေမျိုးနဲ့ပဲ တစ်သက်လုံးနေချင်တယ်... အဲဒါကြောင့် 'မမကြီး' ပဲ စိတ်လျှော့ပြီး တောင်းပန်လိုက်ပါနော်”

သူမ ဖက်မှာ ကယ်တင်မယ့်သူ အားပေးကူညီမယ့်သူ မဲ့နေရလေပြီ။ အပြောခံ၊ အဆိုခံဘဝနဲ့ပဲ 'ဒေါ်စောမြ' ကို သူမ အောက်ကျခံတောင်းပန်ရတော့မှာပါပဲ။

မတောင်းပန်ချင်ပါဘူး... ခေါင်းကို ခပ်ကြမ်းကြမ်းရမ်း ခါကာ သူမ လှည့်ထွက်လာခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတလော 'သတိုး' ကိုမြင်လိုက်တိုင်း မှုန်ကုပ်ကုပ်ဖြစ်နေတတ်ပါသည်။ 'ဘလူး' ကိုယ်တိုင်ကလည်း ခုမှပဲ 'သတိုး' ဆီ လုပ်ငန်းကိစ္စတွေနဲ့ အလာစိပ်နေရတာမို့ အကဲခတ်မိခြင်းဖြစ်လေသည်။ တစ်ခုသတိထားမိတာက စက်ရုံမှာ 'ကိုမိုး' ပါ အတူရောက်နေတာဖြစ်သည်။ 'ကိုမိုး' မရှိတဲ့အခါဆို 'ပိုး' က မျက်နှာထားပုတ်ပုတ်နဲ့ ရောက်နေတတ်၏။

'ဘလူး' စိတ်အထင် 'သတိုး' အား ချက်ကင်လိုက်နေတာပဲဖြစ်ပါမည်။ အခြေအနေမှန်သိရအောင် 'သတိုး' အား မေးကြည့်ဖို့ဆုံးဖြတ်လိုက်သည်။ ကိုယ့်အတွက်နဲ့တော့ 'သတိုး' စိတ်ကျဉ်းကြပ်မှု မဖြစ်စေချင်ပါဘူးလေ။ 'ဘလူး' မှာလည်း ရေရာသေချာတဲ့ဆုံးဖြတ်ချက်တစ်ခုချပြီးနေပြီပဲ ဥစ္စာ။

"တို့ မင်းကိုမေးစရာရှိလို့"

ဟုပြောလိုက်တော့ 'သတိုး' ခေါင်းညိမ့်ပြသည်။ 'ကိုမိုး' က အလိုက်တသိပင် အခန်းပြင်ထွက်သွားပေးပါသည်။

"ပွင့်ပွင့်လင်းလင်းပဲမေးမယ်နော် 'သတိုး' ... မင်းအိမ်နဲ့ပြဿနာတက်နေတယ် မဟုတ်လား"

'သတိုး' က လိမ်ညာပြီး မပြောပါ။

"ဟုတ်တယ်... ကျွန်တော့်ကို အိမ်ပေါ်ကတောင်နှင်မချရုံတမယ်ပဲ... ဒါကလည်း ကိစ္စအားလုံးက ကျွန်တော်မပါရင်မပြီးလို့ နှင်မချတာပါ... မေမေက ကျွန်တော့်ကို စကားမပြောတော့ဘူး... 'ရူပါ' ရုံးခန်းကို လာတဲ့နေ့က ကျွန်တော်ပါးတောင်အရိုက်ခံရတယ်... 'ရူပါ' တို့ဘက်ကိုလည်း အော်ဟစ်ဆဲဆိုမယ်လုပ်နေလို့ လုံးဝဇာတ်လမ်းဖြတ်ပါမယ်ဆိုပြီး ကတိပေးထားရတယ်လေ... ကျွန်တော်ဦးနှောက်တွေ ခြောက်ပြီး ရူးချင်နေရပြီ"

"ကြည့်ရတာ တို့ရှေ့မှာဖြစ်သွားလို့ အားနာပြီး မင်းကိုပိုအပြစ်ပုံချတာပဲဖြစ်ရမယ်..."

"သေချာတာပေါ့... 'မမိုးပြာ' က ကျွန်တော်နဲ့စီစဉ်ထားတဲ့ကိစ္စကို ငြင်းပစ်လိုက်မှာ အတော်စိုးရိမ်နေပုံရတယ်"

စိတ်ညစ်နေတဲ့ 'သတိုး' ရဲ့ပုံသဏ္ဍာန်က တကယ်သနားစရာကောင်းနေရပါသည်။ ခေါင်းကဆံပင်တွေ စုတ်ဖွားဖြစ်နေသလို အဝတ်အစားကလည်း ဘိုသီဘတ်သီနဲ့ ပြီးစလွယ်ပုံပေါက်နေရ၏။ 'ဘလူး' ရှေ့မှာ သူ့အနေအထားပျက်ယွင်းနေတာကို ရှက်ရမှန်းလည်း တွေးမိပုံမရချေ။ သူ 'ဘလူး' အပေါ် နည်းနည်းတော့စိတ်မဝင်းစားတာသေချာနေပါသည်။

"မင်းနဲ့တို့နဲ့ ကိစ္စကို တို့ငြင်းထားတာကြာနေပြီပဲ 'သတိုး'ရယ် ... မင်းဘာစိတ်ညစ်စရာရှိသလဲ"

"ဗျာ... 'မမိုးပြာ' တကယ်ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com

"တို့လိမ်မပြောတတ်ဘူး... တို့မေမေကို မင်းနဲ့ကိစ္စမဖြစ်နိုင်ဘူးလို့ ငြင်းထားတာ တကယ်ကြာနေပြီ... မေမေပြောရမှာအားနာနေလို့ အချိန်ဆွဲနေတာပဲဖြစ်ရမယ်... တို့ကိုယ်တိုင်လိုက်ပြောပေးရမလား"

"ပြောပေးရင်တော့ ကျွန်တော့်အတွက် ပိုကောင်းတာပေါ့ 'မမိုးပြာ' ရာ... ဒါပေမယ့် မေမေတို့ ကျွန်တော့်ကိုပဲ အပြစ်ပြောကြအုံးမှာ... ကျွန်တော်စရိုက်ကြောင့်ပဲ 'မမိုးပြာ' စိတ်ပျက်ပြီးနောက်ဆုတ်သွားတယ်လို့ထင်မှာ 'မမိုးပြာ' ကရော ကျွန်တော်နဲ့ကိစ္စကို တကယ်ပဲ စိတ်မပါလို့ငြင်းပစ်လိုက်တာလား... ဒါမှမဟုတ် ကျွန်တော်နဲ့ 'ရူပါ' နဲ့ ဇာတ်လမ်းကြောင့် ရှေ့ဆက်မတိုးချင်တော့တာလား"

ငြင်းတယ်ဆိုတဲ့ စကားလေးတစ်ခွန်းထဲနဲ့တင် သူဝမ်းသာလုပါသည်။ ဝမ်းသာတဲ့ နောက်ဆက်တွဲနောက်မှာ မျှော်လင့်ချက်တွေ ပိုပြင်းထန်လာသလိုလဲရှိသည်။ 'ရူပါ' ကို သူ့ဖက်ကလွတ်လွတ်လပ်လပ်ကြီး ကြိုးစားပိုင်ခွင့်ရှိပြီ မဟုတ်လား။

"မင်းကိုငဲ့နေလို့ မင်းနဲ့ကိစ္စကို တို့ငြင်းတာမဟုတ်ဘူး— တို့မှာလည်း အကြောင်းကိစ္စတွေရှိသေးတယ်လေ 'ကစ်(စ်)' ကို တို့ငဲ့ရမယ်...အဲဒီ့အတွက် မိဘတွေဖြစ်တဲ့ တို့နဲ့သူပြန်ညှိရတယ်လေ... အဖြေက တို့စိတ်ချမ်းသာဖို့ ဖြစ်လာပါတယ်... သူ တို့နဲ့အတူဒီမှာလာနေပေးမယ်တဲ့ မိသားစုဘဝကို မဆုံးရှုံးစေချင်ဘူးတဲ့လေ... ဒါကြောင့် မင်းနဲ့ကိစ္စကို ငြင်းလိုက်ရတာ"

"ဒါဆို... ကျွန်တော်ခုလုပ်နေတဲ့ လုပ်ငန်းကို 'မမိုးပြာ' အမျိုးသား လာဦးစီးတော့မှာပေါ့နော်"

"မပူပါနဲ့ 'သတိုး' ရယ်... ဒီလုပ်ငန်းက မင်းနဲ့တို့နဲ့





ရှယ်ယာတစ်ယောက်တစ်ဝက်ပိုင်တယ်လို့ မင်းခေါင်းထဲမှာ အမြဲမှတ်ထား... ရတဲ့အကျိုးအမြတ်လည်း တစ်ယောက်တစ်ဝက်ပဲ ကုန်ကျစရိတ်တွေကို အကုန်မှတ်ထားတာပဲဟာ... နောက်မှ မင်းပြန်ဖွဲ့ဆပ်လို့ရတယ်လေ... အမြတ်မရှိတဲ့ လုပ်ငန်းမှ မဟုတ်တာ"

'ဘလူး' အား သူကျေးဇူးတင်စွာ ကြည့်လိုက်မိသည်။ 'ဘလူး' ဖက်က ငြင်းမှတော့ မေမေတို့လည်း ဘာမှတတ်နိုင်မယ်မထင်တော့။ သူအပြစ်လုံးလုံးလွတ်ပါသည်။ခုမှပဲ ရင်ထဲမှာ သောကတွေ အလုံးစုံကွယ်ပျောက်သွားရတော့သည်။ 'ပိုး'နဲ့'ကိုမိုး' လည်း ဘာထပ်ပြောလို့ရနိုင်ပါအုံးတော့မလဲ... သူများမိသားစုခုပေါင်းစည်းမယ့်ဥစ္စာ။ သူနဲ့ကိစ္စအား တစ်ကိုယ်ကောင်းဆန်ဆန်နှုတ်တိုးပြောရဲမယ်မထင်။ အဓိက ကာယကံရှင်တွေရဲ့ဆန္ဒပဲဆိုတာ သူတို့တတွေ ခုမှပဲ သဘောပေါက်နားလည်ကြလိမ့်မည်။

"ကဲ... ပြဿနာတစ်ခုကို တစ်ခါထဲ ရှင်းလိုက်တာအကောင်းဆုံးပဲ... မင်းတို့အိမ်သွားရအောင်... 'ကိုမိုး' ကို ဒီမှာဆောင့်နေခိုင်းလိုက်"

'ဘလူး'နဲ့သူ အိမ်သို့လာခဲ့ကြသည်။ စုံတွဲရောက်လာသော သူတို့ကိုအတွေ့ မေမေမျက်နှာက ရွှင်ပြုံးသွားပါသည်။ 'ပိုး' ကလည်း ပျာပျာသလဲဆီးကြိုပါသည်။ သူ့ အားစောင့်ကြည့်အကဲခတ်ရန် 'ဘလူး'တို့အိမ်ကနေ 'ပိုး' တစ်ယောက် အိမ်ပြန်ပြောင်းနေတာကြာနေပြီပဲ။

"အန်တီနေကောင်းတယ်နော်... အလုပ်တွေများနေလို့ 'ဘလူး' က မရောက်ဖြစ်ဘူး ဖြစ်နေတယ်... မေမေတို့ 'သတိုး'

ဆီကပဲ အန်တီ့သတင်းကို မေးရတယ်..."



www.burmeseclassic.com

www.burmeseclassic.com

မေမေက ဘာမှမပြောဘဲ 'ဘလူး' ကိုသာ ပြုံးကြည့်နေသည်။

"အန်တီကို တကူးတကလာဖိတ်တာ...'ဘလူး'တို့မိသားစု ပြန်ပေါင်းကြတဲ့ပွဲလေ... ကြီးကြီးကျယ်ကျယ်ကြီးတော့ မဟုတ်ပါဘူး... အိမ်မှာပဲ စားသောက်ပွဲလေးလုပ်တာ... အန်တီလာခဲ့ပေးပါနော်"

"ဘာရယ်..."

မေမေနားလည်ပုံမရချေ။ 'ပိုး' တစ်ယောက်ကတော့ မျက်နှာတွေ ပျက်ယွင်းနေလေသည်။

" 'ဘလူး' ယောကျ်ားနဲ့ 'ဘလူး' ပြန်ပေါင်းတော့မလို့ အန်တီ... သမီးလေးကိုငဲ့ရတာနဲ့ ဒီအခြေအနေထိ ပြန်ဖြစ်သွားရတာ လူကြီးဖြစ်တဲ့ အန်တီကိုတော့ အားနာပါတယ်... ဘာလို့လဲဆိုတော့... 'သတိုး' နဲ့ စီစဉ်ထားတဲ့ကိစ္စ ပျက်သွားလို့လေ စကတည်းကလည်း မဖြစ်နိုင်ဘူးဆိုတာ 'ဘလူး' သိပါတယ်... မေမေက ဇွတ်ကိုစီစဉ်နေလို့သာ မပြောဘဲကြည့်နေခဲ့တာ ခုတော့လည်း အခြေအနေအားလုံးကို မေမေသဘောပေါက်သွားပါပြီ"

"စဉ်စားပါအုံး သမီးရယ်... သမီးဘဝမငြိမ်းချမ်းမှာကိုစိုးရိမ်တာ"

" 'ဘလူး' သေချာစဉ်စားပြီးမှ ဆုံးဖြတ်လိုက်တာပါ အန်တီ... 'သတိုး' ကိုလည်း အားနာတယ်... မဖြစ်နိုင်တဲ့ ကိစ္စကို ဒီအတိုင်းဇာတ်မြောကြီး ဖြစ်မနေစေချင်ဘူးလေ"

" 'သတိုး' ရဲ့ တိုက်တွန်းမှုများပါနေသလားကွယ်..."

" 'သတိုး' နဲ့မဆိုင်ပါဘူးအန်တီ... ဒါ 'ဘလူး' ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပါ"





မေမေငိုင်သွားတာကိုကြည့်ပြီး သဘောပေါက်သလို 'ဘလူး' ကဆက်ပြောသည်။ မိခင်တစ်ယောက်ရဲ့ ရင်တွင်းက မျှော်လင့်ချက်ကို 'ဘလူး' နားလည်ပေးတဲ့အတွက် သူ့အထူးပဲ ကျေးဇူးတင်ရသည်။

" 'ဘလူး' နဲ့ 'သတိုး' ကိစ္စမဖြစ်ပေမယ့်... အန်တီတို့မိသားစုက 'ဘလူး' ရဲ့မိသားစုလို ဆွေမျိုးလိုဖြစ်နေပါပြီ... ဘာဆိုဘာမှ အနေခက်စိတ်ရှုပ်သွားစရာမလိုပါဘူး...'ပိုး' လည်း အရင်ကအတိုင်း အိမ်မှာလာနေလို့ရတယ်... 'ကိုမိုး' ကိုလည်း 'သတိုး' လက်အောက်မှာပဲ စက်ရုံကိစ္စတွေမှာ အုပ်ချုပ်ခိုင်းရမယ် အားလုံးပျော်ပျော်ရွှင်ရွှင် ဖြစ်ဖို့က လိုရင်းပါပဲ အန်တီရယ်"

မေမေက သူမျှော်လင့်သလို မဖြစ်မလာမှန်းသေချာသွားပြီမို့ မချိပြုံးသာ ပြုံးနိုင်တော့သည်။ 'ပိုး' မျက်နှာလည်း မေမေ့နည်းတူပါပဲ။

"အန်တီ့ကို 'ဘလူး' တစ်ခုတောင်းဆိုစရာရှိပါတယ်... 'သတိုး' ကိစ္စပါ... 'သတိုး' ရဲ့နှလုံးသားကိစ္စကို သူ့စိတ်တိုင်းကျ လွတ်လွတ်လပ်လပ်ရွေးချယ်ခွင့် ပေးစေချင်ပါတယ်... အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ ခိုင်မြဲဖို့ သိပ်မလွယ်လို့ပါပဲ... 'သတိုး' ဟာလည်း သူ့အလုပ်နဲ့ သူရှိလာပြီဆိုတော့ စိတ်ဆင်းရဲမှုမရှိစေချင်ဘူးလေ"

"သူက အခုစိတ်ဆင်းရဲနေတယ်တဲ့လား..."

မေမေ့မျက်စောင်းက သူ့ဆီဒိုင်းကနဲ ရောက်လာသည်။

"သူကဘာမှ မပြောပါဘူး... 'ဘလူး' က တွေ့နေရတဲ့ သူ့မျက်နှာကို ရှေ့နေလိုက်ပေးကြည့်တာပါ"

" 'ကိုကြီး' ရည်းစားကဖြင့် နက်ဖြန်သဘက်ခါ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

တော့မယ်ဟာကို သူဘယ်လိုလုပ်ပြီး မျှော်လင်ချက်ထားလို့ ရ တော့မှာလဲ”

‘ပိုး’ ရဲ့ စကားက သူ့နှလုံးသားကို နာကျင်စေပါသည်။ သူ့ဘက်က လွတ်လပ်မှုရှိသွားပေမယ့်... ‘ရုပ’ ဘက်က လွတ် လပ်ဖို့ဆိုတာ လွယ်ကူတဲ့အရာမှ မဟုတ်ဘဲ... သူဘယ်လိုအတ္တ မျိုးနဲ့ ‘ရုပါ’ သူ့ဘက်ပါလာအောင် ဆွဲဆောင်သိမ်းသွင်းရမလဲ မသိ... ‘ရုပ’ ရဲ့ အနစ်နာခံတတ်သော စိတ်ဓါတ်ကိုလည်း သူ သိနေရသည်။

“ဒါက သူတို့အပိုင်းလေ ‘ပိုး’ ရယ်... ‘ပိုး’ တို့ဘက်က ကိုယ့်အစ်ကိုစိတ်ချမ်းသာအောင် သဘောထားကြီးဖို့ပဲလိုတာပါ ကျန်တာတွေကို ထည့်တွေးမနေပါနဲ့ကွယ်”

“အန်တီလည်း စိတ်ရှုပ်လာပြီ... ကိုယ်မျှော်လင့်ထားသလို လည်း မဖြစ်မှတော့ ဘာကိုမှလည်း ထပ်မမျှော်လင့်ပါဘူး... ခုချိန်ကစပြီး သူ့မင်္ဂလာကိစ္စ သူ့သဘောအတိုင်း လုပ်ပစေတော့ ကြာရင် ရင်မောပြီးသေလိမ့်မယ်”

မေမေရဲ့ စိတ်ရှုပ်သလို အလျော့ပေးစကားသံကြားမှာ သူ့ဘဝလွတ်မြောက်သွားခဲ့ရပြီဖြစ်သည်။ဒါ ‘ဘလူး’ ရဲ့ ကျေးဇူး ကြောင့်ပါပဲ...။



## အခန်း [၉]

‘ရုပါ’ တို့အိမ်မှာ ‘သန်းလွင်’ နဲ့သူ့အမေ ‘ဒေါ်စောမြ’ ရောက်နေပါသည်။ မေမေဘယ်လောက်ပဲ အောက်ကျို့ခံသော ‘ဒေါ်စောမြ’ ဆီသွားတောင်းပန် တောင်းပန် ‘ဒေါ်စောမြ’ [illegible] လက်မခံခဲ့ချေ။ သူတို့ထုတ်ပေးထာတဲ့ ငွေကြေးပမာဏကိုသာ တကဲကဲပြန်တောင်းနေလေသည်။

စေ့စပ်ပွဲပျက်သွားရင် တင်တောင်းထားတဲ့ ပစ္စည်း[illegible] သည်း အဆုံးပဲဟု သူမ ဖက်က ပြန်ပြောလိုက်ချင်ပေမယ့် [illegible] သက်လုံးအပြောခံ အဆိုခံအစွပ်စွဲခံနေရမည့် ဘဝမျိုး[illegible] [illegible]န့်သည်။ မာနနဲ့သူတို့ပေးထားတဲ့ တန်ဖိုးအတိုင်း [illegible] [illegible]ဖြတ်ထားပါသည်။

မျက်နှာငယ်ခံကာ ‘ဒေါ်စောမြ’ ဆီသွားသွား[illegible] [illegible]ပြော’ ကို သူမ ပြောမနိုင်၍ လွှတ်ထားရပေမယ့် [illegible]

www.burmeseclassic.com

www.burmeseclassic.com

မေမေတို့လုပ်ရပ်အတွက် ရှက်လှသည်။

ခုမထင်မှတ်ပဲ 'သန်းလွင်' ပါရောက်လာသည့်အတွက် 'ရှုပါ' ဦးနှောက်တွေ ပိုခြောက်ခန်းသွားရပါတော့သည်။ ကာယကံရှင် 'သန်းလွင်' ရဲ့ဆုံးဖြတ်ချက်က ဘယ်လိုများပါလိမ့်။ ဗြုန်းစားကြီးပြန်ရောက်လာသော 'သန်းလွင်' ရဲ့အပြုအမူကိုလည်း နားလည်လို့မရနိုင်ပါ။

"သား... ဘယ့်တုန်းကပြန်ရောက်တာလဲ... အန်တီတို့တောင် ဟိုတစ်နေ့ သားတို့အိမ်ကို ရောက်သေးတယ်...'မစောမြ' ကဘာမှ မပြောလိုက်လို့ လာမကြိုရတာ..."

ဟုပြောလိုက်တဲ့ မေမေ့ရဲ့လောကွတ်ချော်စကားကို 'ဒေါ်စောမြ' က မဲ့ပြုံးပြုံးလေသည်။ သူ မပြောချင်လို့ မပြောလိုက်တာဟဲ့ဆိုတဲ့ သဏ္ဍာန်က 'ဒေါ်စောမြ' မျက်နှာမှာ အထင်းသားပေါ်လွင်နေရ၏။

"လာရင်းကိစ္စကိုအရင်မေးပါ မေမေ... လူမှုရေးစကားတွေ သူတို့စိတ်ဝင်စားမယ်မထင်ဘူး"

"ဟဲ့..စကားကို ဘယ်လိုပြောလိုက်တာလဲ 'ရှုပါ'... မေမေ ဆုံးမထားပြီးသားနော်"

"သူပြောချင်သလိုသာ ပြောပါစေအန်တီ... ရပါတယ်... ကျွန်တော်တို့ကလည်း လာရင်းကိစ္စကို ပြောချင်နေပါပြီ... 'ရှုပါ' နဲ့ ကျွန်တော်ရဲ့မင်္ဂလာပွဲကို ဒီတစ်ပတ်အတွင်းပဲ စီစဉ်ချင်တယ် အဲဒါ...အန်တီလက်ခံမလား... မခံဘူးလား သိချင်ပါတယ်... 'ရှုပါ' သဘောကို ကျွန်တော်မမေးဘူး... အန်တီ့သဘောထားကို သိချင်တာ"

မေမေက 'ရှုပါ' ကိုတစ်ချက်ကြည့်ကာ လှမ်းအကဲခတ်



သည်။ 'ရှုပါ' ရဲ့ ပျက်ယွင်းပုပ်ပွနေသော မျက်နှာထားကိုမြင်တာနဲ့ ဘယ်လိုသဘောထားရှိတယ်ဆိုတာ မေမေရိပ်မိမှာပါ။

"မေးနေစရာတောင် မလိုပါဘူးသားရယ်... သားတို့မိသားစုကို အန်တီတို့က မျက်နှာပူနေရတာပါ"

"ဖြစ်ပြီးတာတွေ ပြန်ပြောနေလို့ မထူးပါဘူး အန်တီရာ... ကျွန်တော်ခွင့်လွှတ်ရင် ပြီးတာပါပဲ"

မေမေ့မှာ ခေါင်းတညိမ့်ညိမ့်ဖြင့် ဝမ်းသာအားရ တုန်ရီလိုက်လှဲနေ၏။ 'ဒေါ်စောမြ' တို့ မကြည်ဖြူပေမယ့် 'သန်းလွင်' ကြည်ဖြူရင် ပြီးတာပဲလို့ သဘောထားလိုက်ပုံရသည်။

"ကျွန်မပြောစရာရှိသေးတယ်... သားကိုမလွန်ဆန်နိုင်လို့ ဒီမင်္ဂလာပွဲကို လက်ခံလိုက်ရပေမယ့် ကျွန်မတို့ဘက်က ဘာဆိုဘာမှ ထပ်ပေးမှာ မဟုတ်တော့ဘူး... ရှင်တို့မျှော်လင့်နေလဲ အပိုပဲဖြစ်မှာပဲ"

"အို... မမျှော်လင့်ပါဘူးရှင်... သမီးဘဝကောင်းစားရင်ပြီးတာပါပဲ"

လေသံပျော့ပျော့နဲ့ ပြောနေသော မေမေ့ကိုကြည့်ပြီးသူမ ဒေါသထွက်လာရသည်။ မိန်းကလေးရှင်ဖြစ်တဲ့ သူမ တို့ဘက်က ဒီလောက်အောက်ကျနောက်ကျ ဖြစ်စရာလိုနေလို့လား။ 'သန်းလွင်' ရဲ့ ဂုဏ်အရှိန်အဝါကရော ဘယ်လောက်တောင် မြင့်မားပုံ[illegible] နေလို့လဲ။

မိုးထိမြင့်နေတာလဲမဟုတ်။ သာမန်ထက် နည်းနည်း[illegible] လေးပိုရှိတာများ မေမေမို့လို အလျော့ပေးနေ၏။ ခံချင်[illegible] သူမ စကားသံ ရှတတထွက်သွားရတော့၏။

"သူနဲ့ယူရင် 'ရှုပါ'ဘဝဘယ်လောက်တောင် ကောင်းစား

www.burmeseclassic.com



မှာမို့လို့လဲမေမေ... အပြောပေးတယ်ဆိုတာ အတိုင်းအတာတစ်ခုထိပဲ ကောင်းပါတယ်... မိန်းကလေးရှင်ဖြစ်ပြီး ပြန်အောက်ကျခံနေရတဲ့ ပုံစံမျိုးကတော့ အလုပ်မဟုတ်ဘူး"

"ဟဲ့... ညည်းအပြစ်ရှိလို့ ညည်းအမေအောက်ကျခံပြီး လေသံပျော့နေရတာပေါ့... မိန်းကလေးရှင်တွေ ဘာတွေနားမလည်ဘူး"

"'ရူပါ'အပြစ်က ဘယ်လောက်တောင် ကြီးမားနေပါသလဲ အန်တီ... ရည်စားနဲ့လူမြင်ကွင်းမှာ ချိန်းတွေ့တာ သေလောက်တဲ့အပြစ်ကြီးလား... 'ရူပါ'ကအိမ်ထောင်ရှင်လည်း မဟုတ်သေးဘူး... 'ရူပါ' ဘဝ 'ရူပါ' ပိုင်သေးတယ်"

"အိမ်ထောင်ရှင်မဟုတ်ပေမယ့် ဒါဖေါက်ပြန်တာပဲပေါ့ မိန်းမတန်မဲ့ သိက္ခာမရှိတဲ့ လုပ်ရပ်ကိုလုပ်တာ"

'ဒေါ်စောမြ' ရဲ့အသံက ကျယ်ကျယ်လောင်လောင် ပစ်ပစ်နှစ်နှစ်ရှိလှသည်။ ဘေးပတ်ဝန်းကျင်ကြားရင် ကြားပါစေဆိုပြီး အရှက်မကွဲ ကွဲအောင် ခွဲမည့်သဏ္ဍာန်ပင်။

'ရူပါ' လို မိန်းမမျိုးကလည်း ကိုယ်မှန်တယ်ထင်ရင် ရင်ကွဲအောင် အပြိုင်အော်ဟစ်ကျဲမယ့်သူဆိုတာ သူမသိလေရော့သလား။

"သိက္ခာမရှိတဲ့လုပ်ရပ်လို့ပြောရအောင် ရှင့်သားကိုလည်း ကြိုးထမ်းခိုင်းနေလို့လား"

"အမယ်လေး... အဲဒီအဆင့်များ ရောက်လို့ကတော့ ညည်းကို နုတ်နုတ်စင်းပစ်မယ်သာအောင်းမေ့"

မေမေတို့နှစ်ယောက်ရဲ့ ပြဿနာကြား 'သန်းလွင်' [illegible] ဝင်ထိန်းပေးရလေသည်။ မထင်မှတ်ဘဲ ပွဲကမြန်မြန်ကြမ်း[illegible]

ခဲ့တာ။

"တော်ပါတော့ မေမေရာ... မင်္ဂလာကိစ္စလာပြောတာ... အော်ကြီးဟစ်ကျယ် လာရန်ဖြစ်နေရတယ်လို့... လူကြီးဖြစ်ပြီး ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ဘူးလား"

"မထိန်းနိုင်ဘူး... ဒီကောင်မနဲ့မင်းကို သဘောမတူနိုင်ဘူး"

မေမေကလည်း 'ရူပါ' ပခုံးစွန်းကို တဖြန်းဖြန်းရိုက်ရင်း...

"ရိုင်းလိုက်တာ 'ရူပါ' ရယ်... လူကြီးကို ဒီလိုပြန်အော်ပြောစရာလား... ခုချက်ချင်း ထိုင်ကန်တော့လိုက်"

"ဟင့်အင်း..မကန်တော့ချင်ဘူး ပစ္စည်းလေးနှစ်ပြားတစ်ပဲပေးပြီး တစ်မိသားစုလုံးကို စော်ကားနေတာ ... မေမေ့မို့ သည်းခံနိုင်တယ်"

"ဟဲ့... သည်းမခံချင်ရင် ငါတို့ပေးထားတဲ့ပစ္စည်းတွေ... ငွေတွေ ပြန်ပေးလေ... မပေးနိုင်ဘဲနဲ့ လူပါးဝစကားမပြောနဲ့... ငွေတော့ငမ်းလိုက်တာ သူတို့အပြင်မရှိဘူး... မာနကလည်း[illegible] ချင်သေးတယ်"

"မပြောပါနဲ့တော့ မေမေရာ... 'ရူပါ' ကို ကျွန်တော်[illegible] ထပ်မယ်လို့ ပြောပြီးနေပြီပဲဟာ... ယောက္ခမပဲဖြစ်တော့[illegible] သဘောထားကြီးစမ်းပါ"

"မကြီးနိုင်ဘူး... ဒီလောက်ကက်ကက်လန်နေတဲ့ [illegible] အိမ်ရောက်မှ ကျွန်လိုကို ခိုင်းစားပစ်မယ်"

'သန်းလွင်' က သူ့အမေလက်ကိုဆွဲကာ [illegible] ပြန်ဖို့ပြင်လေသည်။ 'ရူပါ' က ထိုင်ကျန်နေခဲ့[illegible] [illegible]သဖြင့် သူ့ထက်အရင်ဦးအောင် အခန်းထဲဝင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

မေမေရဲ့ တတွတ်တွတ်တောင်းပန်သံကိုတော့ဖြင့် နားကလော စွာ ကြားလိုက်ရပါသေးသည်။

သိပ်မကြာပါ 'ရူပါ' အခန်းထဲ မေမေလိုက်ဝင်လာသည်။

"ညည်းနဲ့တော့ ခက်ပါတယ်... ကိစ္စအားလုံး အဆင်ပြေပြေ ပြီးမှများ ရန်ပွဲတွေဖြစ်အောင် ဖန်တီးရတယ်လို့ ပတ်ဝန်းကျင်ကို မရှက်တော့ဘူးလား... မေမေတို့ဘဝကောင်းစားမှာကိုရော ထည့်မတွက်ပေးတော့ဘူးလား... ညည်းလုပ်ချင်တာတွေလည်း စိတ်တိုင်းကျ လုပ်ခဲ့ပြီးပြီပဲအေ... ငါတို့ဘက် ပြန်ငဲ့ပါအုံး"

မေမေအသံက ဒေါသစွက်နေသလို ငိုချင်သံလည်း စွက် နေပါသည်။ သူမလည်း မေမေ့အတိုင်းပါပဲ... ငိုမိတာကအသည်း နှလုံးကို စွန့်လွှတ်ရတဲ့ သံယောဇဉ်နာကျင်မှုပဲ။ ဒီခံစားချက်က ဖြေသိမ့်နိုင်ဖို့ အတော်ခက်ခဲလှမှန်း ကိုယ်တိုင်ခံစားဖူးမှပဲ သိပါ လိမ့်မည်။

" 'ရူပါ' ကိုချည်း အပြစ်မတင်နဲ့မေမေ... 'ဒေါ်စောမြ' ကြီး စော်ကားတာတွေရော ထည့်မပြောတော့ဘူးလား...မင်္ဂလာဆောင် ပြီးမှ ဘာမှမပေးဘူးဆိုတာ ဘာစကားလဲ 'ရူပါ' ငွေမက်လို့ပြော တာမဟုတ်ဘူး.. လူကို ဟင်းရွက်ကန်စွန်းရွက်လောက်တောင် တန်ဖိုးမထားလို့ ပြောနေရတာ... မေမေမို့ သည်းခံနိုင်တယ်... ကိုယ့်သမီးတစ်ယောက်လုံးကို ကျွန်လိုခိုင်းစားမယ်လို့ ပြောတာကို လည်းမနာဘူး... ပြန်တဲ့အထိ လိုက်တောင်းပန်တယ်... မိဘ မေတ္တာဆိုတာဘာလဲ... 'ရူပါ' သိပ်ဝမ်းနည်းတယ် အီး...ဟီး... ဟီး..."

'ရူပါ' သည် စိတ်ထဲမွန်းကြပ်လွန်းတာကြောင့် စိတ်ရှိ လက်ရှိ အကျယ်ကြီး အော်ငိုပစ်လိုက်၏။ ကိုယ့်ကို မကြည်ဖြူတဲ့





မိသားစုအသိုင်းအဝိုင်းထဲကို ဘယ်လိုမျက်နှာမျိုးနဲ့ 'ရူပါ' ဝင်ရ မလဲ... တစ်ကောင်ကြွက်ဘဝမျိုးနဲ့ သူတို့အနိုင်ကျင့်စော်ကားတာ ကိုပဲ သည်းခံနေရမယ့်ပုံ။

"စိတ်ရှုပ်တယ် 'ရူပါ' ရယ်... 'မောင်သန်းလွင်' က သူ့ အမေမသိအောင် တိုးတိုးပြောသွားသေးတယ်... နောက်မှ ငွေ လာပို့ပေးပါမယ်တဲ့... မင်္ဂလာပွဲကိုတော့ စီစဉ်ချိန်မရလိုက်လို့ ဘုန်းကြီးကျောင်းမှာပဲ ဆွမ်းကျွေးလုပ်လိုက်မယ်တဲ့... ပွဲကိုတော့ မပျက်စေရပါဘူးတဲ့... 'ရူပါ' ကျေနပ်အောင် အန်တီချော့မော့ ဖျောင်းဖျပေးပါတဲ့လေ"

"မေမေအဲဒီငွေကိုမက်လို့ သေလောက်အောင် အပြောခံ ထိတာ... မေမေအခုလာတာ 'ရူပါ' စိတ်ပြေမလားဆိုပြီး ချော့ မော့ဖျောင်းဖျမလို့ပေါ့ ဟုတ်လား... မပြေဘူး.... မပြေဘူး... တစ်သက်လုံးပြေမှာကို မဟုတ်တော့ဘူး... 'ရူပါ' ကို 'ရူပါ' ငွေပြန်မဆပ်နိုင်လို့ လူပါအသိမ်းခံလိုက်ရတဲ့ ချစ်တီးမယားလို့ပဲ သတ်မှတ်တယ်"

"ဟဲ့... ပတ်ဝန်းကျင်ကရှိသေးတယ်လေ... ခုနင်နေရတဲ့ အဆင့်အတန်းကနေ ပိုနိမ့်တဲ့အဆင့်ပြောင်းပေးလိုက်ရမှာလား... ညည်းပဲဆုံးဖြတ်တော့ အိမ်မှာဝယ်ထားသမျှပစ္စည်းတွေအပြင် ဆက်ဝတ်လက်စားတွေချွတ်ပြီး ပြန်ရောင်းတာတောင် သူ့ငွေ ပြည့်မှာ မဟုတ်ဘူး... နေတဲ့တိုက်ခန်းကိုပါ ရောင်းမှပြစ်မှာ... ညည်းသဘောပဲလေ... အချိန်တစ်ပတ်ရှိသေးတာပဲ... ငါ့သာဆို တိုက်တွန်းတော့ဘူး... တိုက်ခန်းရောင်းပြီး ငါတို့နေစရာမရှိ ဘူးဖြစ်တော့လည်း ကုသိုလ်ကံပဲပေါ့"

မျက်ရည်ကိုသုတ်ကာ မေမေထွက်သွားခဲ့သည်။ 'ရူပါ' မှာ

www.burmeseclassic.com


ရွေးချယ်စရာလမ်း ပျောက်ဆုံးနေရပါတော့သည်။ စိတ်ထိခိုက်လွန်းသဖြင့် မျက်လုံးတွေပေါက်ထွက်မတတ် ငိုယိုမိပါသည်။ မွေ့ယာခင်းတွေကို ဆွဲဖြဲပစ်သည်။ ခေါင်းအုံးတို့ ဖက်လုံးတို့ကိုပါ အရူးတစ်ယောက်လို ကိုက်ဖြတ်ဖေါက်ကွဲပစ်၏။

'ရုပါ' တစ်ကယ်ပဲ ရူးသွားလိုက်ချင်ပါသည်။

✍ ✍ ✍

"ကျွန်တော့်ဘက်က အဆင်ပြေသွားပြီဆိုတာ 'ရုပါ' သိစေချင်လို့... 'ကေသီ' ကို ကျွန်တော်လာရှင်းပြတာ"

"ရှင် ရှင်းပြနေပေမယ့် နောက်ကျသွားပြီ 'သတိုး' ရဲ့ — သဘက်ခါပဲ 'ရုပါ' လက်ထပ်တော့မှာ... 'ရုပါ' သနားပါတယ် 'သတိုး' ရယ် တစ်ချိန်လုံးငိုနေတာပဲ... 'သန်းလွင်' ဆိုတဲ့လူရဲ့ အမျိုးတွေကလည်း တင်စီးသလားမမေးနဲ့... သူတို့ပိုက်ဆံနဲ့ဆိုတော့ သူတို့ပြောသမျှ နာခံနေရတာချည်းပဲပေါ့"

'သတိုး' ရင်ထဲ ပူပြင်းလောင်မြိုက်သွားရှာသည်။

'ရုပါ' စိတ်ချမ်းသာအောင် တတ်နိုင်သရွေ့ သူစွမ်းဆောင်ပေးချင် ပါသည်။

"ကျွန်တော် ဘာများအကူအညီပေးရမလဲ 'ကေသီ' ရယ် —



www.burmeseclassic.com

www.burmeseclassic.com

တတ်နိုင်သရွေ့ 'ရူပါ' စိတ်ချမ်းသာအောင် ကျွန်တော်လုပ်ပေးချင်ပါတယ်"

"'ရူပါ့' ဆန္ဒက 'သန်းလွင်'တို့ပေးကမ်းထားတဲ့ပိုက်ဆံတွေ ပြန်ပေးလိုက်ချင်တာပဲ... မတတ်သာလွန်းလို့ 'သန်းလွင်' ကို သူမျက်စိစုံမှိတ်ပြီး လက်ထပ်ရတာတဲ့... ဖြစ်နိုင်ရင် သူတို့ ပိုက်ဆံတွေပြန်ပေးပြီး မင်္ဂလာကိစ္စကို ဖျက်ပစ်ချင်တာတဲ့...ဒါပေမယ့် ပြန်အမ်းဖို့မလွယ်တော့ပါဘူးတဲ့လေ"

"ပိုက်ဆံက... ဘယ်လောက်တောင် များနေလို့လဲ"

"သိန်းသုံးဆယ်လောက်ရှိတယ်တဲ့..."

သူရင်မောစွာ သက်ပြင်းချဖြစ်သွားရသည်။ ဒီလောက်များပြားလှတဲ့ ငွေပမာဏကို သူကိုယ်ပိုင်အစွမ်းအစနဲ့ ဘယ်ရှာလို့ရနိုင်ပါ့မလဲလေ...

'ဘလှူး' ကိုပြောပြီး အကူအညီတောင်းရင်တော့ ဖြစ်နိုင်ချေရှိပါသည်။ ဒါပေမယ့် 'ရူပါ့' ရဲ့ဆန္ဒက ဘယ်လို ရှိမယ်မှန်းမှ မသိတာ။

"ရှင်လည်း လုပ်ငန်းကြီးလုပ်နေတာပဲ 'သတိုး' ရယ်... နည်းနည်းပါပါး ရှာကြံဖန်တီးကြည့်ပါလား... ရသလောက်တော့ ကြိုးစားကြည့်သင့်တယ်... ကျွန်မတို့ သူငယ်ချင်းတွေ အနေနဲ့လည်း တတ်နိုင်သရွေ့တော့ ကူညီပေးပါ့မယ်"

"ကျွန်တော့်ဘက်က ကြိုးစားပြီး သူက ကျွန်တော့်နောက် လိုက်မလာရင် ဘယ်လိုလုပ်မလဲဗျာ"

"ရှင်မှာက ခိုးရဲတဲ့သတ္တိရှိတယ်ပေါ့..."

"ဘာလို့မရှိရမှာလဲဗျာ... 'ရူပါ့' ကို ကျွန်တော်ချစ်တာပဲဟာ ကျွန်တော့်ချစ်သူနဲ့ ကျွန်တော်ပေါင်းချင်တာပေါ့... သူသတ္တိရှိရင်



အိုကေနိုင်တယ်..."

'ကေသီ' သည် ဝမ်းသာအားရ 'ဖြောင်း' ကနဲမြည်အောင် လုပ်နုပ်ထတီးလိုက်လေသည်။

"ကြိုက်တယ်... ရှင်တို့ကိစ္စအဆင်ပြေဖို့ 'အုန်းခင်' တို့ 'ကျော်ကို' တို့ကိုလည်း အကူအညီတောင်းရမယ်... အားလုံးအဆင်ပြေမှာပါ... ခု'သတိုး' က ငွေရဖို့သွားဖန်တီးတော့... မနက်ဖြန်နေ့ခင်းပိုင်း ရုံးကိုပဲ ဖုန်းဆက်လိုက်... အစီအစဉ်တွေ ကျွန်မ ပြောပြမယ်..."

"သေချာပါတယ်နော် 'ကေသီ'... ကျွန်တော်ဝမ်းသာအားရ ကြိုးစားဖန်တီးတော့မှာ"

'သတိုး' အသံက ပျော်ရွှင်စိတ်နဲ့ လှိုက်လှဲတုန်ရီနေရ၏။

'သေချာပါတယ်... အဓိကအရေးကြီးဆုံးက ငွေရဖို့ပဲ— ငွေရရင် ရှင်တို့နှစ်ယောက်ဘဝ ငြိမ်းချမ်းပြီပဲ"

'သတိုးပြန်သွားပြီးတာနဲ့ ရုံးပြန်ဖို့အချိန်မရနိုင်တာကြောင့် 'ကေသီ' သည် ရုံးကို ဖုန်းဆက်ပြီး ခွင့်တိုင်လိုက်ရသည်။ [illegible] ဆေးမေးမြန်းနေတဲ့ 'အုန်းခင်' ကိုလည်း အကျိုးအကြောင်း အကျဉ်းရုံးရှင်းပြရသေးသည်။

'ရူပါ' တို့အိမ် 'ကေသီ' ရောက် တော့ 'သန်းလွင်' နဲ့ [illegible] ပါသည်။ 'ကေသီ' အား မနှစ်မြို့သလိုကြည့်လိုက်သော 'သန်းလွင်' ရဲ့မျက်လုံးကို အတော်မုန်းတီး သွားမိသည်။

'ရူပါ' ကတော့ မရွှင်မလန်းမျက်နှာနဲ့ ပင် စိတ်[illegible]

"လာလေ... 'ကေသီ' နင်ရုံးမတက်ဘူးလား"

"ကိစ္စလေးရှိလို့ ခွင့်တိုင်လိုက်တယ်ဟယ်... [illegible] [illegible]ကူအညီလိုအုံးမလဲဆိုပြီး လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ပြောတာက 'ရူပါ' ကိုဖြစ်ပေမယ့် မဆိုင်ဘဲ 'သန်းလွင်'က ဝင်ရှည်နေသည်။

"ဘာအကူအညီမှ မလိုပါဘူး... ခင်ဗျားလာမှ ပြဿနာ ပိုရှုပ်မှာ... တတ်နိုင်ရင် 'ရူပါ' နဲ့ ခပ်ကင်းကင်းနေလိုက်တာ အကောင်းဆုံးပဲ"

"ဟင်... ရှင့်ကိုဘယ်သူက အဖက်လုပ်လို့ ကျွန်မစကား ထဲဝင်ပါနေရတာလဲ... ကျွန်မလာတာ 'ရူပါ' က မကြိုက်ဘူးလို့ ပြောရင် ခုချက်ချင်းထပြန်သွားပေးမယ်...မဆိုင်ဘဲ ရှင်ကဘာ့ကိစ္စ ဝင်ပြောနေရတာလဲ... ယောကျ်ားတန်မဲ့ နေရာတကာ ပါ ပါနိုင် လွန်းတယ်"

"ပါတယ်ဗျ... 'ရူပါ' က ကျွန်တော့်မိန်းမပဲ ... ကျွန်တော် ထိုင်ဆိုထိုင် ထဆိုထ သူ့ကိုဩဇာပေးလို့ရတယ်... သူ့ကိုတင်မက ဘူး... သူ့တစ်မိသားစုလုံးကို ဩဇာပေးနိုင်တယ်ဆိုတာ ခင်ဗျား မှတ်ထားလိုက်"

"သွားသေစမ်းပါ..."

'ရူပါ' သည် 'ကေသီ' အပေါ် အလွန်အမင်းအားနာမိသွား ရသည်။ အပြောရဲတင်းလှသော 'သန်းလွင်' ကိုလည်း ပိုမုန်းမိ ပါသည်။ နဂိုကတည်းကလည်း မုန်းတီးနေတာပါ... ငွေနဲ့ပေါက် ပြီး 'ရူပါ' အပေါ်ကို သူစော်ကားချင်တိုင်း စော်ကားနေတာပဲ။

"ရှင်စကားပြောတာ အရမ်းရိုင်းတာပဲ.... ရှင်နဲ့လက်မထပ် ရသေးဘဲနဲ့ ဘာမိန်းမလဲ... ကျွန်မဆီလာတဲ့ ဧည့်သည်ကို မောင်း ထုတ်ဖို့ ရှင့်မှာ အခွင့်အရေးမရှိဘူး..."

ဟု 'ရူပါ' ပြောလိုက်တော့ 'သန်းလွင်' က မခိုးမခန့် ရယ် လေသည်။ ပြီးတော့မှ ....

"မင်းလေသံကလည်း မာလှချည်လား 'ရူပါ' ရဲ့... ခင်း ... ကျေနပ်လို့ ဘာလုပ်ချင်သလဲပြော.... မင်္ဂလာပွဲကို ဖျက်ချင်တာ လား..."

"ဖျက်ချင်တာပေါ့... ဒါပေမယ့် ကျွန်မကြောင့် ကျွန်မ မိ သားစုဒုက္ခရောက်မှာ ကြောက်တယ်"

"ကြောက်ရင်လည်း ပါးစပ်ပိတ်ပြီး ခပ်ကုတ်ကုတ်[illegible] လေကွာ... အပိုစကားတွေ မပြောနဲ့"

'ကေသီ' က 'ရူပါ' လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ဆွဲ[illegible] 'သန်းလွင်' ရှေ့မှနေ၍ ဝရံတာသို့ ဆွဲခေါ်လာပါသည်။ အချိန် ဆွဲနေလို့ မဖြစ်ပါ။ 'ရူပါ' အား အမြန်ဆုံးစိတ်ချမ်းသာစေချင် သည်။

"အရေးကြီးတယ် 'ရူပါ' ... 'သတိုး' နင့်ဘဝလွတ်မြောက် ဖို့အတွက် ငွေအမြန်ဆုံးသွားရှာနေတယ်... 'မိုးပြာပြာ' နဲ့ကိစ္စ လည်း လုံးဝကင်းရှင်းသွားပြီ... နင်ဘာမှစိတ်မပူနဲ့တော့... နင့် မင်္ဂလာပွဲမတိုင်ခင် ငါတို့အားလုံးစီစဉ်တိုင်ပင်ပြီးလာခဲ့မယ်"

ဝမ်းသာအံ့ဩမှုကြောင့် 'ရူပါ' မှာ ရှော့ခ်ရသလို တုန် တုန်လှုပ်လှုပ်ကြီး ဖြစ်နေလေသည်။

"ငါ အဆင်သင့် ဘာလုပ်ထားပေးရမလဲ"

"ငါတို့ ဝင်ပေါက်အနေနဲ့... မိတ်ကပ်ပြင်သမားကို နင့် ဟာနင်ခေါ်ထားတယ်လို့ပြောဟာ... ဒါကလည်း နောက်ဆုံးအချိန် နဲ့ တွက်ပြီးမှန်းပြောတာ... ဒီကြားထဲ အဆင်ပြေတော့လည်း ချက်ချင်းငါလာခေါ်မှာပေါ့ဟာ... ငါသွားတော့မယ်"

'ကေသီ' စကားတွေကို နားထောင်ပြီး 'ရူပါ' စိတ်ထဲ [illegible]ရဲရဲဖြစ်ကျန်နေခဲ့ပါသည်။

www.burmeseclassic.com

တကယ်ဟုတ်မဟုတ် ဆိုတာကတော့ ကံကြမ္မာကပဲ အဆုံးအဖြတ်ပေးပါလိမ့်မည်။

❧ ❧ ❧



"ဘိုကင်လုပ်ထားပြီးသား မိတ်ကပ်သမားကို ဖျက်ပြီး ညည်းကဘာထပ်ရှည်နေရတာလဲ... မိတ်ကပ်ဖိုး စရံငွေတော့ ဆုံးပြီ... နောက်တစ်ယောက်အတွက် ငါတို့ဖက်က ထပ်ထုတ် မပေးနိုင်တော့ဘူး"

'ဒေါ်စောမြ' စကားသံက စိမ်းကားမာကြောသလို [illegible] ထားကလည်း တည်တင်းနေပါသည်။ ရုံးတက် လက်မှတ်ထိုး ဖို့အတွက် အချိန်နီးကပ်နေပြီဖြစ်သဖြင့် 'ဒေါ်စောမြ' ပူပန်စိတ် တိုနေရခြင်းလည်း ဖြစ်သည်။ မနက်ပိုင်းလက်မှတ်ထိုးပြီး [illegible] နေ့ခင်းပိုင်း ဘုန်းကြီးကျောင်းမှာ မင်္ဂလာဧည့်ခံပွဲလုပ်မှာ [illegible] သည်။

'ကေသီ' စကားကိုယုံပြီး မျှော်လင့်တကြီး [illegible] 'ရုပ်' မှာလည်း အချိန်ကုန်လာသည်နှင့်အမျှ [illegible]

www.burmeseclassic.com

ကာ မျက်ရည်ကျချင်လာရသည်။ ရင်ထဲကသောကအပူကိုဖုံးပြီး ဟန်မပျက်စကားပြန်ပြောရသည်။

"လာမှာပါ... မိတ်ကပ်ဖိုးတွက် 'ရူပါ' ငွေရှင်းထားပြီးသားပါ... အချိန်ရှိပါသေးတယ်အန်တီရယ်"

"ဘယ်မှာအချိန်ရှိတော့လို့လည်း... တစ်နာရီတောင် မလိုတော့ဘူး... ရှေ့နေလူကြီးဆီသွားတာ... တစ်မိနစ်တောင် နောက်ကျလို့ ကောင်းတာမဟုတ်ဘူး... မျက်နှာပျက်စရာတွေတော့ ဖြစ်တော့မှာပဲ"

'ဒေါ်စောမြ' ရဲ့ပွစိပွစိ ရေရွတ်သံအဆုံးမှာပဲ 'ကေသီ' တို့ရောက်ချလာလေသည်။ 'ကေသီ' နောက်မှာ ပြုံးဖြဲဖြဲရီပြနေကြသော အခြောက်မနှစ်ယောက်... ကြည့်စမ်း... 'အုန်းခင်' နဲ့ 'ကျော်ကို'။ 'ရူပါ' ရင်တွေတဒိတ်ဒိတ်နဲ့ တုန်ရီလှုပ်ရှားလာရတော့သည်။ သူတို့အကွက်ချစီစဉ်ပြီးလာကြတာ...

"ဟယ်... 'ကေသီ' ရယ် နောက်ကျလိုက်တာ... ရှေ့နေဆီသွားဖို့ အချိန်ကနီးနေပြီဟဲ့... နင်ခေါ်လာတဲ့သူတွေက ငါ့ကို မြန်မြန်ပြီးအောင်ပြင်နိုင်ပါ့မလား"

'ကေသီ' က 'အုန်းခင်' ကို မျက်စလှမ်းပစ်ပြသည်။

'အုန်းခင်' ရဲ့ ညှုတုတုချွဲတဲတဲ အော်ဂလီဆန်ဆန် အသံကြီးက အကျယ်ကြီးထွက်လာပါတော့သည်။

"တို့ကို အထင်သေးလိုက်တာဟယ်... ဆယ်မိနစ် ဆယ့်ငါးမိနစ်နဲ့ လူအယောက်နှစ်ဆယ်လောက်ကို သီချင်းလေးဆိုပြီး ပြင်နိုင်ပါတယ်ဟဲ့... မယုံရင် ဒီအိမ်က လူတွေအကုန်လုံးကို ပြင်ပေးမယ်..."

"အမယ်လေး... နေပါစေ သတို့သမီးကိုပဲ အရင်အမြန်ခုံး ပြီးအောင်ပြင်စမ်းပါ... အချိန်မရှိတော့ဘူး"

'ဒေါ်စောမြ' က 'အုန်းခင်' ရဲ့အမူအရာတွေကိုကြည့်ပြီး ကိုယ်ကိုရွံ့ကာ ခပ်ဝေးဝေးရွှေ့သွားသည်။

"ကဲပါဗျာ... စကားပြောတာကြာနေမယ်... အလုပ်စလုပ်ကြတော့ မေမေတို့ လူကြီးတွေက ရှေ့နေအန်ကယ်ကြီးဆီမှာပဲ သွားစောင့်နေကြပေါ့... ကျွန်တော် 'ရူပါ' ကိုစောင့်ခေါ်ခဲ့မယ်"

ဟုပြောကာ 'သန်းလွင်' က ဆရာကြီးလုပ်

'ရူပါ' အခန်းထဲထိ 'သန်းလွင်' က အတူတူလိုက်ရ

"အို... သူများတို့နောက် ဘာလိုက်လုပ်မလို့လဲ... အလုပြင်တာ ကြည့်လို့မရဘူး... ယူကြည့်ချင်ရင် ပြီးမှတို့တို့ အပြည့်နော်..."

"ဘာလဲဗျ... အလှပြင်တာကြည့်တာဘာဖြစ်သလဲ"

"ဘာမှ မဖြစ်ပေမယ့် တို့ကမကြိုက်ဘူး... ဒါတို့ရဲ့ညီးကမ်း တို့ချယ်မှုန်းပေးလိုက်တဲ့သူကို အားလုံးပြင်ဆင်ပြီးမှပဲ ရှုတွေမြင်စေချင်တာ... ရှင်အပြင်မှာပဲနေနော်"

'သန်းလွင်' ရဲ့မကျေမနပ်ပုံစံကို ကြည့်ပြီးကြားထဲက 'ရူပါ' ကပဲ နှစ်သိမ့်ရသည်။

"အလှပြင်တာ သိပ်မကြာပါဘူး... အခန်းပြင်မှာပဲနေပါ... ကျွန်မ အဝတ်အစားလဲမှာတွေ ဘာတွေလည်း ရှိသေးတယ်"

'ရူပါ' တို့အားလုံးအခန်းထဲရောက်တာနဲ့ 'ကေသီ' ... သံ ခပ်တိုးတိုးထွက်လာပါသည်။

" 'သတိုး' အောက်မှာစောင့်နေတယ်... ... ဒါ... မှတ်... နင့်အမေလက်ထဲကို ထည့်မလား... 'သန်းလွင်' ... ကို ထည့်မလား... နင့်သဘောပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်... သူဘယ်လိုရှာလာသလဲ"

" 'မိုးပြာပြာ' ထုတ်ချေးတာလို့ပြောတာပဲ... ဒါတွေနောက်မှပြော... အိမ်ထဲက နင်အရင်ထွက်သွားနိုင်ဖို့ပဲလိုတယ်... ငါတို့ကျန်နေတာတောင် ဘာမှမဖြစ်ဘူး"

"ဒီလက်မှတ် မေမေကိုပဲ... နင်တို့သွားပေးကြဟာ... 'သန်းလွင်' လက်ထဲ ဒီအတိုင်းပေးလိုက်လို့တော့ မဖြစ်ဘူး... အဲ့ဒီကိစ္စတွေ မေမေပဲသိတာ"

'ရူပါ' သည် ချင်ချင်း 'သတိုး' ဆီပြေးသွားလိုက်ချင်တာပဲသိသည်။ 'သန်းလွင်' ဆိုတဲ့သူကို ဘယ်လိုကျော်ဖြတ်သွားရမလဲမသိ။

"ငါဘယ်လိုအောက်ဆင်းရမလဲ..."

"ဒီပုံအတိုင်းထွက်သွားလို့တော့ ဖြစ်မှာမဟုတ်ဘူးဟာ... နင်အလှပြင်လိုက်... အားလုံးဝတ်စားပြင်ဆင်ပြီးတော့မှပဲ ကြည့်ကျက်လုပ်ရမှာပဲ"

'သန်းလွင်' ယုံကြည်ဖို့အတွက် အလှဆုံးဖြစ်အောင် 'ရူပါ' ပြင်ဆင်ရသည်။ 'သတိုး' နဲ့ 'ရူပါ' လည်း ဒီနေ့ပဲ ရုံးတက်လက်မှတ်ထိုးကြမှာဆိုတော့ 'ရူပါ' ဖက်က သတို့သမီးပီသအောင်လုပနေဖို့လိုပါသည်။

"ဟဲ့... နင့်တို့နှစ်ယောက် အပြင်ထွက်ကြတော့... 'ရူပါ' အဝတ်အစားလဲတော့မယ်..."

"ဘာဖြစ်လဲ... ငါတို့ရှေ့မှာချွတ်လဲလည်း... ဖြစ်တာပဲဟာတို့ကို မယုံဘူးလား"

"သွားစမ်းပါ 'အုန်းခင်' ရယ်... အချိန်မရှိရတဲ့ကြားထဲနောက်မနေနဲ့"



'ရူပါ' အဝတ်အစားလဲပြီး... အပြင်ထွက်လာသောအခါမှာတော့... 'သန်းလွင်' ကပုဆိုးန်ထုပ်မျက်လုံးနဲ့ အငမ်းထူနေလေသည်။ ပန်းနုရောင့်တက်တင်းဇာဝမ်းဆက်နဲ့ 'ရူပါ' အလှအကြွကြွရွရွငေးကြည့်နေချင်စရာကို ဖြစ်နေပါသည်။

"ကားက ဘယ်မှာရပ်ထားတာလဲ... 'ရူပါ' ဆင်းနှင့်မော်ရှင် အိမ်တံခါးသေချာသော့ခတ်ခဲ့နော်"

"ရှေ့နားလေးမှာပဲ... အတူတူဆင်းမယ်လေ"

"ရတယ်... သွားနှင့်မယ်"

မပြေးရုံတမယ်ခြေလှမ်းတွေဖြင့် 'ရူပါ' တို့တတွေ ခပ်သွက်သွက်ဆင်းခဲ့ကြသည်။အိမ်တံခါးသော့ခတ်နေတဲ့'သန်းလွင်'က နောက်ကျကျန်နေရစ်ပါသည်။

"ဟိုဘက်ကိုကွေ့... 'သတိုး' ကဟိုမှာ"

'အုန်းခင်' ပြောတဲ့အတိုင်း 'သတိုး' ရှိရာဘက်ဆီ အပြေးလှမ်းသွားရင်း အဆင်သင့်စောင့်နေတဲ့ 'သတိုး' ရဲ့ကား[illegible]ကိုအမြန်တက်မိကြသည်။ ကားတံခါးတွေ မပိတ်ရခင်ကို 'သတိုး' က စိတ်လောကြီးစွာ ကားကိုခပ်ကြမ်းကြမ်းမောင်းထွက်[illegible]သည်။

"ဘယ်ကိုအရင်သွားမှာလဲဆိုတာပြော..."

"မင်းအမေကို အရင်သွားကန်တော့လေကွာ... ပြီးမှ ငါတို့ဖာသာ 'ရူပါ' အမေဆီစာနဲ့ လက်မှတ်သွား[illegible]..."

'သတိုး' ရဲ့အိမ်မှာ လူစုံနေပါသည်။ 'မိုးပြာပြာ' [illegible] လည်း ရောက်နေကြသည်။

'အုန်းခင်' နဲ့ 'ကျော်ကို' က ဆံ့ဝင်တ[illegible] [illegible]ပြင်ထားတဲ့... နှုတ်ခမ်းနီနဲ့ မိတ်ကပ်[illegible] [illegible] 'ရူပါ'

www.burmeseclassic.com

www.burmeseclassic.com

အမေဆီ ထွက်သွားကြပါသည်။

အနောက်အယှက်တွေ ကင်းဝေးပြီမို့ 'ရူပါ' နဲ့ 'သတိုး' သည် တစ်ယောက်လက်ကို ကျန်တစ်ယောက်က ခပ်တင်းတင်း ဆုပ်ကိုင်ဆွဲကာ ကြည်နူးရွှင်ပျသော မျက်နှာတွေဖြင့် ပျော်မြူးနေလေသည်။

သူတို့နှစ်ယောက်ရဲ့ ရင်ထဲက အမောတွေ သောကတွေ ဒုက္ခတွေ ကင်းဝေးခဲ့ပါပြီ...။

ရွှင်လန်းချမ်းမြေ့ပါစေ

ဓာထင်ကာရ

BURMESE CLASSIC

www.burmeseclassic.com